www.burmeseclassic.com

# မမသဒ္ဒါမောင်

## တကယ်ဆို ဒ တစ်ခုတည်း လိုပါတယ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၇၂၀၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၈၁၁၁၀

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၁၊ ဧပြီ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ်၃၁/၃၃၊ ၅၃လမ်း
ပိုလ်တထောင်မြို့နယ်၊

မျက်နှာဖုံးသရုပ်ဆောင် - လှယမင်းဖြူ

မျက်နှာဖုံးခတ်ပုံနှင့်ဒီဇိုင်း - ယုဝ

ဖြန့်ချေး - ၁၆၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

မမသဒ္ဒါမောင် ၈၉၅.၈၃

တကယ်ဆိုတစ်ခုပဲလိုပါတယ် /မမသဒ္ဒါမောင် ။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၀ ။

၃၀၅ စာ၊ ၁၂.၃ x ၁၈ စင်တီ ။

(၁) တကယ်ဆိုတစ်ခုပဲလိုပါတယ်


BURMESE CLASSIC .com

အစ...

www.burmeseclassic.com

www.burmeseclassic.com



Only love can be divided endlessly and still not diminish.

( Annemorrow Lindberg)

အတောမသတ် ခွဲဝေပေးနေတဲ့ကြားက လျော့ပါးမသွားသည့်အရာဆို၍ 'ချစ်ခြင်း'တစ်ခုတည်းသာရှိလေ၏။

(အဲန်မောရိုးလင်းဘာ့ဂ်)



BURMESE CLASSIC .com

## အခန်း (၁)

သန့်ဖင်နှင့်သက်နောင်တို့ တစ်ဖက်တစ်ချက်တွဲခေါ်လာရာမှ ခြေလှမ်းတို့ကို ရပ်လိုက်ပါ၏။ လိုက်ကာအပြာလေးတပ်ထားသည့် ဆေးခန်းလေးအဝမှဆိုင်းဘုတ်ကို မော့ကြည့်ဖတ်လိုက်မိသည်။

ဒေါက်တာဖြူဖြူလေး
M.B.B.S (Ygn)

"ဒီဆေးခန်း သေချာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း, ဝင်ကြစို့"

သုံးယောက်ပြုံးကြီးဝင်လာတာမို့ ခုံမှာထိုင်၍ မှတ်တမ်းရေးနေသည့် ဆရာဝန်မလေး၏အကြည့်တို့က ဖျတ်ခနဲရောက်လာလေ၏။ အား ပါးပါး. . . လှလိုက်တဲ့မျက်လုံးလေးတွေပါလားနော်။ အမြဲတမ်း လို ချင်စိတ်များသည့်သူ့ရင်ထဲမှာ လောဘစိတ်တစ်ခု ထပ်မံတိုးချေပြီပဲ။

"ခုတင်ပေါ် တက်ထိုင်ပါ။ ဘာဖြစ်လာတာလဲ"

"ဘောလုံးကန်ရင်း ခြေထောက်နာသွားလို့ပါ ဒေါက်တာ"

အသံချိုချိုလေးက နားစည်ထဲစိမ့်ဝင်သွားရပါ၏။ ဂျူတီကုတ် ကိုဝတ်မထားဘဲ ချိတ်မှာချိတ်ထားတာမို့ သူ့စိတ်ထဲမရိုးမရွဖြစ်စေလေ သည်။ ဂျူတီကုတ်နဲ့ဆို သူမပို၍လှချေမည်လေ။

ခုံမှထလာကာ သူ့အနီးသို့လျှောက်လာတာမို့ လက်ဖျားတွေ အေးစက်လာရလေ၏။ ဒါ သူနဲ့သဘောတူထားတယ်ဆိုတဲ့ ဆရာဝန် ပေါက်စမလေးတဲ့လေ။

"ဘယ်လား. . . ညာလား"

"ညာဘက်ပါ ဒေါက်တာ"

"ခြေထောက်တင်လိုက်နော်"

လူနာက ဘာတစ်ခွန်းမှမပြောဘဲ ဘေးမှကောင်လေးနှစ်ယောက်





ကသာ တစ်လှည့်စီဖြေနေတာမို့ ထူးဆန်းနေရပါ၏။ ဤကောင်လေး စကားရော ပြောတတ်ပါရဲ့လား။ အနီးသို့ရောက်လာချိန်ထိ မျက်နှာထက် မှာ အပြုံးယဲ့ယဲ့နှင့်အတူ အမည်မဖော်တတ်သည့်အကြည့်နွေးတို့က သူ့ ထံမှ ဖြာထွက်လာလေသည်။

အို! ဘယ်လိုကြည့်လိုက်တာပါလိမ့်။ 'လေး'နဲ့ တစ်ခါမှမသိ မမြင် မရင်းနှီးဖူးပါဘဲ သူ့အကြည့်တွေက နွေးထွေးနေတာလေ။

ဖြူဖွေးနေသည့်ခြေထောက်မှခြေဖျားကို သူမအသာဆုပ်ကိုင် လိုက်မိ၏။ ဖနောင့်အောက်ခြေမှာ ညိုမဲ၍ သွေးခြေဥနေသည်ပဲ။ အသား ကျေသွားသည့်လက္ခဏာမို့ ဤကောင်လေးတော့ နာတော့မှာပဲဟု တွေး မိပြီး စိတ်မသက်မသာဖြစ်သွားရလေ၏။

"အနာက ခွဲရမှာ"

"အား. . . မခွဲချင်ဘူး၊ နာမှာပေါ့ဗျ"

ဟော! အသံက စူးခနဲထွက်လာတာပါလား။ ခန္ဓာကိုယ်တောင့် တင်းပါလျက်နှင့် ကလေးဆန်လွန်းသည့် ဂျစ်ကန်ကန်လေသံကြောင့် ပြုံးလိုက်မိ၏။ မင်းတော့ 'ဖြူဖြူလေး'ငယ်ငယ်ကစိတ်နဲ့ဆို ပိုနာမှာအသေ အချာလေ။

"မခွဲလို့မရဘူးချာတိတ်ရဲ့။ မင်း, ဒီတိုင်းထားရင်လည်း [illegible]နေ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ၊ အထဲမှာ ကျေသွားပြီး သွေးတွေခဲနေတာ၊ ကြာရင် ပြည်တွေပုပ်ပြီး မင်းခြေထောက် ဖြတ်ထုတ်ရကိန်းမြင်နေတယ်။ အဲဒါကို နားလည်ရဲ့လား''

''အာ, မမက အဲဒီလောက်ထိတော့ မရက်စက်ပါနဲ့ဗျာ၊ နည်းနည်းပါးပါးစိတ်ချမ်းသာအောင် ပြောဖို့မစဉ်းစားဘူး၊ တစ်ခါတည်းသေနိုင်းလိုက်တာပဲ၊ ဘယ်လိုဒေါက်တာလဲ''

ဘုရားရေ! မမတဲ့၊ ခေါ်ပြန်ပြီ တရင်းတနှီးကြီး၊ မဟုတ်သေးပါဘူး၊ ဒီကောင်လေးမှာ အကြောင်းတစ်ခုခုတော့ရှိမှာသေချာပါရဲ့။

''ကျွန်မပြောတာကိုမကျေနပ်ရင် ရှင် တခြားဆေးခန်းမှာ သွားပြလေ။ ဒီလိုပဲပြောမှာအသေအချာပဲ၊ ကဲ, ပြန်ထွက်ချင်ထွက်၊ ရှင့်သဘောပဲ''

ကဲ, စိတ်မရှည်ဘဲ မာဆတ်ဆတ်ပြောမိပြီ၊ အဲဒါကြောင့် ကိုကို အမြဲသတိပေးခဲ့တာ၊ စိတ်ရှည်ပါ၊ သည်းခံပါ၊ စေတနာထားပါ၊ မျက်နှာချိုပါတဲ့လေ။

ကဲ, ဘယ်မှာလဲ 'လေး'ရဲ့အရည်အချင်းကောင်းတွေ၊ ဟုတ်တယ်လေ၊ တစ်ခါတစ်ခါလာပြတဲ့လူနာတွေထဲမှာ ခေါင်းကိုက်လို့ ပါရာ on လာတယ်၊ အဆုတ်ပွတာ Amoxy သောက်ထားလို့ဖြစ်တယ်မဟုတ်





လား၊ နာမွန်တာလောက်တော့ cetzy သောက်လို့အဆင်ပြေမှာပါနော်၊ ဆိုပြီး ဆရာဝန်ထက်ပိုသိပိုတတ်နေတာတွေ မကြာခဏတွေ့ရတာလေ။

အဲဒီလိုအစစနားလည်တတ်ကျွမ်းနေရင်လည်း ဆေးခန်းလာပြမနေနဲ့ပေါ့။ အများအားဖြင့် အမျိုးသားလူနာတွေက အမျိုးသမီးလူနာတွေထက် အရေအတွက်ပိုများနေတာအမှန်ပင်။

ရောဂါလာပြတာထက် ဆရာဝန်မလှလှလေးကိုလာကြည့်တာလို့ သူမရဲ့ Nurse လေး သဲမွန်ကပြန်ပြောတော့ စိတ်ဆိုးရအခက်၊ ဒေါသဖြစ်ရလည်းအခက်ပါပဲ၊ အခုလည်းကြည့်၊ ဤကောင်လေး ခြေထောက်ကိုအကြောင်းပြပြီး 'ရမယ်' လာရှာနေတာလေ။

''ဟာ, ဆရာဝန်ဖြစ်ပြီး ဒီလောက်လေးတောင် စိတ်မရှည်ဘူးလားဗျ။ ဒီမှာပဲပြချင်လို့ တမင်လာခဲ့တဲ့ဟာကို။ နည်းနည်းပါးပါး မနာမကျင်မခွဲမစိတ်ရတဲ့နည်းလမ်းမျိုးနဲ့ ကုပေးဖို့မစဉ်းစားဘူး။ ဒီလိုပြောပုံနဲ့ မမဆေးခန်း လူ(၁၀)ယောက်ပြည့်အောင် ဝင်ပါ့မလား''

ပြောပြန်ပြီ ကိုတတ်ပဲ့။ 'လေး'ရဲ့ဆေးခန်း လူနာဘယ်လောက်ဝင်ဝင် သူ့အပူပါသလား၊ စကားကိုမဆင်မခြင်ပြောတတ်တာကလည်း သူမအတိုင်းပါပဲလားလေ။

''အဲဒါ ရှင်နဲ့မဆိုင်ပါဘူး''



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မမထက် သုံးနှစ်ငယ်တဲ့သူပါ။ တရှင်ရှင်နဲ့ မပြောပါနဲ့။ နားထဲကန့်လန့်ကြီးဝင်တယ်ဗျ"

အလို!'လေး'ထက် သုံးနှစ်ငယ်တယ်တဲ့၊ သူ့အသက်ကို ဘယ်လိုများ သိနေတာပါလိမ့်။ ထူးဆန်းလေစွ။ ဤကောင်လေးဟာ သူ့မဦးနှောက်ခြောက်လာအောင် တစ်ခုပြီးတစ်ခုပြောနေတာလေ။

"Sorry မမ၊ 'နှင်းဆီရိပ်'မှာ လူနာအရမ်းကျနေလို့ 'သဲ' နောက်ကျသွားတယ်"

"ရပါတယ်"

လိုက်ကာကိုဖွင့်ဝင်လာသည့် Nurse မလေးက သူတို့နားရောက်လာပါ၏။ လူနာနားရပ်နေပြီး ဘာမှလုပ်မပေးသေးသည့် ဆရာဝန်မလေး၏မျက်နှာကို နားမလည်ဟန်ဖြင့် ကြည့်လိုက်လေသည်။

"ဘာ case လဲဟင် မမ"

"Heel festing (ဖနောင့်ကျေခြင်း)"

"ခွဲရမှာလား"

"သူက မခွဲချင်ဘူးလေ"

"ခဏလေး စမ်းကြည့်ပေးမယ်နော်"

ခြေထောက်ဆီလှမ်းလာသည့်လက်ကို ရှောင်ချင်၍ ဖျတ်ခနဲ





ခြေကိုရုတ်လိုက်မိ၏။ ဟင်အင်း. . . သူက မမနဲ့လာကုတာလေ။ သူနာပြုနဲ့လာကုတာမှမဟုတ်ဘဲ။

"ဘာလို့လဲ"

"ကျွန်တော်က မမနဲ့လာကုတာဗျ. . . သူနာပြုကိုလာပြတာမဟုတ်ဘူး"

"ခြေဘ်, ဒီလိုပြောလို့ဘယ်ရမလဲရှင့်။ ဆရာဝန်က လူနာကို စမ်းသပ်ပေးပြီး လိုတဲ့ဆေးပေးရုံပဲလုပ်ပေးတာ။ ဆေးထိုးတာ ခွဲစိတ်တာကို သူနာပြုပဲလုပ်ပေးရတာလေ"

"မရဘူး ခွဲရမှာသေချာရင်တောင် မမကိုယ်တိုင်ခွဲပေးတာပဲလိုချင်တယ်"

"ဟောတော်! ရှင်ဘယ်လိုလူလဲ"

သေချာပါပြီ၊ ဒါ သူမကိုသက်သက်လာနှောင့်ယှက်ချင်တဲ့ တစ်ယောက်ပဲဖြစ်မှာပါလေ။

ကိုကို, 'လေး'ကိုလာကြည့်ပါဦး။ ဆရာဝန်ဖြစ်နေပေမယ့် အနှောင့်အယှက်တွေက ခုချိန်ထိ များနေတုန်းပဲလေ။ 'စိတ်မချဘူး'ဆို၊ တခြားလူတွေမကြည့်အောင် 'လေး'ကို ရင်ခွင်ထဲ ထည့်ဝှက်သိမ်းထားပေးချင်တယ်ဆို။ ခုတော့ 'လေး'ရဲ့အနီးမှာ ကိုကိုရှိမနေဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးလူးပြီး Plasta သာ ကပ်ပေးလိုက်ပါ သဲမွှန်။ အဲဒါမရမှ ခွဲမယ်။ သူကမှ အပ်နဲ့အထွင်းမခံချင်တာ၊ ပုဆိန်နဲ့ပေါက်ရုံပေါ့"

"ဘာဗျ! "

"ဟိုးထား. . . အဲဒီဆေးက ပြည်တည်နာကို ယင်းအောင်လုပ်ပြီး အလိုလိုပေါက်သွားစေတာရှင့်။ မြဲပြီး သူ့အလိုလိုမပေါက်မှသာ ခွဲရမှာ"

"ဒါဆိုလည်း မမပဲ လူးပေးပေါ့ဗျ"

"ရှင့်တော့လေ"

သဲမွှန်က တီးတိုးညည်း၍ သူ့မကိုလှည့်ကြည့်လိုက်ပါ၏။ ဆေးဗီရိုထဲမှ ဘူးအနီလေးကိုယူလိုက်ပြီး Plasta နှင့် အရက်ပျံရော၊ ဂွမ်းထုပ်ပါယူကာ ခုတင်အနီးသို့ ပြန်လျှောက်လာခဲ့သည်။

"နည်းနည်းတော့နာမယ်၊ အောင့်ခံပါ"

မျက်နှာတည်ထားလျက် ခြေဖဝါးကို အရက်ပျံဖြင့်သုတ်ပြီး အရင်ဆုံးသန့်စင်စေလိုက်ပါ၏။ ကျေနေသည့်ခြေဖနောင့်အခြေကို ဆေးနာနာပွတ်တော့ သူ့အော်သံက စူးခနဲ. . .

"အား. . . နာတယ်နာတယ်၊ ဖြည်းဖြည်းလုပ်ပါဗျ။ ပညာမပြပါနဲ့"





"ရှင်တိုးတိုးအော်လေ၊ တော်ကြာ အပြင်မှာစောင့်နေတဲ့လူနာတွေ လန့်ပြေးကုန်တော့မှာပဲ"

သဲမွှန်က သူ့ခြေထောက်ကိုကိုင်ထားလျက် တိုးတိုးပြောလေ၏။ သူမ မဲ့ပြုံး့ပြုံးလိုက်မိပြီး Plasta ကို ဖိကပ်လိုက်ပါသည်။

"အ! နာပါတယ်ဆိုမှ အငြိုးနဲ့ကိုလုပ်နေလား, မှတ်တယ်"

"သောက်ဆေးယူသွား။ မနက်ဖြန်ပြန်လာခဲ့"

"ဒီအချိန်ပဲလား"

"ဒီဆေးခန်းက ညနေပဲဖွင့်တာပဲဟာ"

"မနက်ဖြန် ဘယ်မှာဂျူတီဆင်းလဲဟင်"

သေချင်ပြီထင်တယ်နော်။ ဒင်းတော့ နောက်နေ့ ခွဲစိတ်ခားနဲ့နှစ်ပါးသွားကရမှာတောင် အကြောက်အလန့်မရှိတာပါလား။ 'လေး'က ဗဟိုအမျိုးသမီးဆေးရုံမှာ တာဝန်ယူထားတာပါ။

အန်တီလေးက ပုဂ္ဂလိကဆေးရုံမှာလုပ်ပြီး ဒီဆေးခန်းလေးမှာ 'လေး'တစ်လှည့်၊ အန်တီလေးတစ်လှည့် ထိုင်တာပင်။ ဆေးရုံမှာ အမျိုးသမီးနှင့်ကလေးတွေသာ ကုသရပြီး ဆေးခန်းမှာတော့ အမျိုးသားတွေကို ပုံနေအောင် ကုပေးရတာမဟုတ်လား။

အခုလည်း ဒီ (၂၁)နှစ်အရွယ်ချာတိတ်ကို ဘယ်လိုပညာပေး



www.burmeseclassic.com

www.burmeseclassic.com



ရမလဲဆိုတာကို စဉ်းစားရတော့မှာအသေအချာပါပဲ။

ငယ်စဉ်ကတည်းက ရင်းနှီးပတ်သက်ခဲ့ဖူးသည့်ချစ်ဦးသူတစ်ယောက်ကိုသာ ရင်ခုန်ချစ်မြတ်နိုးခဲ့သူမို့ ကိုကိုကလွဲပြီး ဘယ်သူ့ကိုမှ ထပ်မချစ်နိုင်တာ 'လေး'အသိဆုံးပါလေ။

ဘေးနားဝဲနေသည့်ရွှေစွန်ညိုတွေကို အရောင်မည်မျှပင်လှလှ ကိုကို့မျက်နှာတစ်ခုကိုသာ မျက်စိမှိတ်တိုင်း မြင်နေကျပါပဲ၊ ကိုကို ဘယ်တော့များမှ ပြန်လာပါ့မလဲလေ။

"လူနာက လူနာစကားပြောမှပေါ့။ ဆေးသုံးခွက်စာ ပေးလိုက်တယ်၊ ညရောက်လို့ကိုက်ရင် အောင့်သာခံ၊ သွေးဟာသွေး ပေါက်ထွက်ထွက် မထွက်ထွက် ဒီကိုပြန်လာပါ။ ဆေးထည့်ပြီး Dressing လုပ်ပေးမယ်။ အညှော်လုံးဝမမိပါစေနဲ့။ သွားလို့ရပြီ"

သူနာ့ခေါင်းရှုံ့လိုက်မိ၏။ Courtesy (ဖော်ရွေမှု)မှာ Zero ပါပဲလား၊ သူမကိုယ်သူမ ဆရာဝန်ဆိုတဲ့ဂုဏ်နဲ့များ မောက်မာပြချင်တာမျိုးလားလည်း မသိပါလေ။

တော်သေးတာပေါ့၊ မေမေတို့ပြောတုန်းက Yes or No လို့ သူတိတိပပမပြောဖြစ်သေးဘဲ အရင်ဆုံးလေ့လာဦးမည်ဟု မယုတ်မလွန် ပြောခဲ့တာ ကံကောင်းသွားရတာပင်။





'ဖြူဖြူလေး'တဲ့. . .

နာမည်နဲ့လိုက်ဖက်အောင် အသားလေးဖြူသလို စိတ်ထားလေးပါ ဖြူစင်အောင် ကျွန်တော်သင်ပေးဖို့လိုနေပြီထင်ပါရဲ့။

ဪ, မမေါက်တာရယ်. . .

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ဒီနေ့ . . ဆေးခန်းကို လူနာတစ်ယောက် ရောက်လာတယ် မေမေရဲ့"

ထမင်းပွဲဝိုင်းပြင်ရင်း စကားစတော့ မေမေက အသံပြန်မပေးဘဲ ဟင်းချိုခပ်လက်စကို ဆက်ခပ်ရင်း ခေါင်းညိတ်ပြလေ၏။ နဂိုက စကားနည်းသူမို့ အိမ်မှာမေမေ့အသံကို သိပ်မကြားရပါချေ။

'လေး'က ဖေဖေနှင့်တူပြီး စိတ်ကြီးတတ်တာ၊ မျက်နှာတည်တာကအစ အကုန်တူနေတာပင်။ အန်တီလေးက ဖေဖေ့ညီမဖြစ်ပေမယ့် အသွက်စားလေးဖြစ်ပြီး 'လေး'ထက် ဆယ်နှစ်ခန့်သာ အငယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးလေ၏။

"အဲဒီတော့ . . ."

"အင်း၊ 'လေး' စကားက တစ်မျိုးဖြစ်နေပြီထင်တယ်။ လူနာအများကြီးထဲက ထူးထူးခြားခြားလူနာကိုပြောမလို့ပါ"

"အင်း"

"ကောင်လေးက ဘော်လုံးကန်ရင်း ခြေဖနောင့်အသားကျေသွားလို့ ရောက်လာတာမေမေရဲ့။ ဂျစ်ကန်ကန် မှုံတေတေနဲ့ အတော်ပိုလ်ကျမယ့်ရုပ်လေ။ သူ့အိမ်မှာ အားလုံးက အလိုပိုင်းလိုက်ထားပုံလည်းရသေးတယ်"

"သမီးရော ဘာထူးလို့တုန်း"

"ဟင်! မေမေကလည်း 'လေး' က လိမ္မာပါတယ်နော်"

တို့စရာပွဲပြင်ရင်း ပြန်ချေပလိုက်မိပါ၏။ 'လေး' လည်း ဒီအိမ်မှာ တစ်ဦးတည်းသောသမီးမို့ ဆိုးသင့်သလောက်တော့ ဆိုးခဲ့မိပါတယ်လေ။ အဲဒီတုန်းက 'လေး' အသက်က (၁၈)နှစ်ဝန်းကျင်ရှယ်ပါ။ ဆယ်တန်းဖြေတုန်းက ကိုကို့အကူအညီနဲ့ စာကိုကြိုးစားပြီး ဆေးမှတ်ဝင်အောင်လုပ်နိုင်ခဲ့တာ။ First Year ကျောင်းသူလေးရဲ့ တက်ကြွတဲ့ နေ့သစ်တိုင်းမှာ ကိုကို့ရဲ့ချစ်ခြင်းတို့နှင့် ပြီးပြည့်စုံခဲ့ရတာပါလေ။





ကံကြမ္မာဆိုတာ တမင်လုပ်ယူလို့ရတဲ့အရာမဟုတ်မှန်း ထိုစဉ်က လေးရော ကိုကိုပါ လုံးဝမသိခဲ့တာအမှန်ပါပဲ။ နှလုံးသားချင်း ကူးယှက်ဖလှယ်ထားပါလျက် လေးတို့နှစ်ဦးကို အဝေးဆုံးသို့ တွန်းပို့ခွဲထုတ်ရက်ခဲ့မယ်လို့ ထင်မထားခဲ့မိတာအမှန်ပါလေ။

ကိုကို အခုဘာတွေလုပ်နေမလဲဟင်၊ ကိုကို့ချစ်သူလေး အခုဆိုဆရာဝန်မလေးဖြစ်နေပြီဆိုတာကိုရော သိပါရဲ့လား။ Duty Coat လေး ဝတ်ပြီး နားကျပ်လေးကိုင်ထားတဲ့ လေးရဲ့ဓာတ်ပုံလေး အမှတ်တရသိမ်းထားချင်တယ်ဆို။ ခုချိန်ထိ အဲဒီလိုပုံမျိုး တစ်ပုံမှ လေး့မရိုက်ဖြစ်သေးတာအမှန်ပါလေ။

"ဟဲ့ ရှောက်ရွက်တွေ ရေထဲ ကသီတော့မှာပဲ ဒေါ်ဖြူဖြူလေးရေ၊ ရှင့်ဆိတ်တွေ ဘယ်မြက်ခင်းရောက်နေလဲ"

နောက်နားမှာ ကပ်ပေါ်လာသည့် အန်တီလေးအသံကြောင့် အလန့်တကြားဖြစ်သွားရပြီး ရယ်ချလိုက်မိ၏။ အန်တီလေးတောင် ရေချိုးပြီး ဆင်းလာပါရောလား။ ဒါဆို ဖေဖေပါ သိပ်မကြာမီ ထမင်းစားခန်းထဲ ဝင်လာတော့မှာလေ။

"ဒီနေ့ Operation Case ဘယ်နှခုရှင်းခဲ့ရလဲ အန်တီ့လေး"



www.burmeseclassic.com

www.burmeseclassic.com



“အများကြီးပေါ့ သမီးရဲ့။ အန်တီကတော့ သုံးယောက်ပဲ ခွဲပေးရတာပါ။ သဇင်လေးပါပါကတောင် ပြောနေသေးတယ်။ သမီးမလာသေးဘူးလားတဲ့”

“လေးက အတွေ့အကြုံ အများကြီးလိုချင်သေးလို့ပါ အန်တီလေးရဲ့။ ပြီးတော့ စာမေးပွဲလည်း ဆက်ဖြေချင်သေးတာ”

“ဖြေရင်လည်း အလကားဖြစ်သွားမှာပဲသမီးရဲ့။ ကိုကိုက သူ့သမီးကို ဘယ်မှလွှတ်မှာမှမဟုတ်ဘဲ။ ညီမဖြစ်သူ ပါရဂူဘွဲ့ရရုံနဲ့ ကျေနပ်ပါပြီလို့ အမြဲပြောနေတာလေ”

“အင်း၊ ဟုတ်ပါတယ်”

ပန်းကန်ပြားပက်လက်လေးထဲသို့ ပြုတ်ထားသည့်ဒညင်းသီးနှင့် ခရမ်းသီးလေးတွေ အရင်ပုံထည့်လိုက်ပါ၏။ နောက်တစ်ချပ်ထဲမှာ ဖန်ခါးသီး၊ သခွားသီးစိပ်နှင့် ရှောက်ရွက်တို့ကို သေသေသပ်သပ်လေးစီထည့်ရင်း အလုပ်ကိုအပြီးသတ်လိုက်ရသည်။

ဘာဖြစ်လို့လဲဖေဖေ။ ဘွဲ့လွန်ထပ်ယူရင် ‘လေး’နဲ့ကိုကို ပြန်ဆုံမှာကို စိုးရိမ်လို့လား။ အတိတ်ဆိုတာ ပစ္စုပ္ပန်ရဲ့အရိပ်တွေမှန်း ကြိုသိခဲ့ရင် ဒီဇာတ်လမ်းကို ‘လေး’မစတင်ခဲ့ပါဘူး။

သို့သော် ငယ်ရွယ်သူတို့အတွက် အချစ်ဆိုတာ ကိုးကွယ်ရာလို့





သတ်မှတ်ထားခဲ့မိတာအမှန်ပါပဲလေ။

“သမီးဖေဖေကို သွားခေါ်ချည်”

“ဟုတ်”

ထမင်းစားခန်းထဲမှထွက်လာခဲ့စဉ် အန်တီလေးရေရွတ်သံတိုးသဲ့သဲ့ကိုကြားလိုက်ရပါ၏။ လှေကားထစ်တက်ရန် ခြေလှမ်းတို့က တုံ့ခနဲရပ်သွားရလေသည်။

“သူ့ ‘ကြည်လင်’ကိုမမေ့သေးဘူးထင်ပါရဲ့ မမရယ်”

“ရှူး! တိုးတိုး၊ သူ့အဖေသိရင် ဒေါသူပုန်ထနေဦးမယ် နီနီ”

ထို့နောက် သက်ပြင်းချသံသဲ့သဲ့ . . .

သူမ လှေကားထစ်တို့ကိုဆက်တက်လာခဲ့ပါ၏။ ‘လေး’အတွက် ကိုကိုက လှေကားထစ်လေးတွေလို အနစ်နာခံပေးနိုင်ပါတယ်’ဆို. . . တကယ်လည်း ‘လေး’အပေါ် ကိုကိုဘယ်လောက်ထိချစ်ခဲ့သလဲဆိုတာကို ‘လေး’အသိဆုံးပါပဲ။ ‘သကြားလုံးလေးလို ငုံထားချင်လိုက်တာ’တဲ့။

အတွေးဖြင့်ပြုံးလိုက်မိပါ၏။

‘လေး’အတွက် အတွေးတွေနဲ့ အိပ်မက်တွေသာ ကျန်ရစ်ခဲ့ရတာပါကွယ်။ အနာဂတ်ကိုဆက်လျှောက်ဖို့အတွက် အတိတ်ရဲ့အရိပ်တွေကသာ ‘လေး’ကို ခွန်အားတွေအဖြစ် တွန်းပို့ပေးနေတာပါ။ လွမ်းမော



www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ရာအတိတ်ထဲမှာ စိတ်ကူးနဲ့သာပျော်မွေ့နေခဲ့ရတာ ကာလတွေရှည်ကြာခဲ့ပါပြီလေ။

"ဒေါက်! ဒေါက်! "

"ဖေဖေ, ထမင်းစားဖို့အဆင်သင့်ဖြစ်ပါပြီ"

တံခါးက ကျီခနဲပွင့်လာလေ၏။ စာကြည့်မျက်မှန်ကိုချွတ်ကာ ရိုးရိုးမျက်မှန်နှင့်ပြောင်းတပ်လိုက်ပြီး ဖေဖေပြုံးပြလေသည်။ ဒီအပြုံးက ရှားပါးလွန်းတာ အမှန်ပါလေ။ လွန်ခဲ့သည့်(၆)နှစ်ကပင် ဒီအပြုံးတွေ ဖေဖေ့မျက်နှာထက်မှာ ပျောက်ကွယ်ခဲ့သည်ပဲ။

"ဒီနေ့ Main food က ဘာလဲသမီး"

"အင်း, ကြက်သားကိုပြုတ်ပြီး ပါးပါးလှီးကြော်ရယ်၊ ငါးဆုပ်ဟင်းရယ်၊ ဝက်သားနဲ့ ကြံမဆိုင်ရယ်ပါ ဖေဖေ"

"Side ကရော"

"မှျစ်နဲ့ပဲပြုတ်ရောကြော်ရယ်၊ ဖလံတောင်မွှေးကြော်ရယ်၊ ပဲနီလေးနဲ့ ကြာဆံဟင်းချိုရယ်၊ ငါးပိချက်နဲ့တို့စရာပါ"

" Good ! သိပ်အရသာရှိမယ့်ထမင်းပွဲပဲ။ ဒါနဲ့ ဖေဖေ့သမီးရဲ့လက်ရာက ဘာဟင်းတုန်းကွယ်"

"တို့စရာပါ ဖေဖေ"





"ကောင်းရော"

သားအဖနှစ်ဦးသား ရယ်မောလိုက်ကြပါ၏။ ဖေဖေက သူ့မပန်းကိုအသာပွေ့ဖက်ထားလျက် လှေကားမှဆင်းလာခဲ့လေသည်။

"ဒီနေ့ ဖေဖေ့သမီး ဆေးရုံမှာ baby လေး ဘယ်နှယောက်မွေးပေးခဲ့ရသေးလဲ"

"သုံးယောက်ပါဖေဖေ။ အရင်ဆုံးစမွေးပေးရတာ Twins ပါ။ ဝဝကစ်ကစ်နဲ့ ကောင်လေးနှစ်ယောက်ပေါ့။ တစ်ယောက်ကို (၆)ပေါင်စီရှိပြီး အရမ်းသန်လို့ ဆုပေးဖို့အစီအစဉ်ရှိတယ်တဲ့။ ညနေဘက်မွေးပေးရတဲ့ သမီးလေးက ပေါင်မပြည့်လို့ ဖန်ပေါင်းချောင်ထဲထည့်ထားပေးရတယ်။ သနားစရာလေး"

"တော်တယ်၊ ဖေဖေ့သမီး ကုသိုလ်တွေ အများကြီးရပြီးမှာ"

"No No... ဖေဖေ။ ဒီညနေခင်းကုပေးရတဲ့ဆေးခန်းက လူနာတစ်ယောက်ကြောင့် တစ်နေ့လုံး ကြည်နေတဲ့စိတ်လေး ပျောက်ကွယ်သွားရတာဖေဖေရဲ့"

"လူနာနာမည်က. . ."

"သားချိုတဲ့ အသက်က (၂၁)နှစ် case က heel festing"

"သားချို? ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်, သူပြောလို့ အဲဒီအတိုင်းပဲ 'လေး'မှတ်ထားလိုက်တာလေ"

"အင်း, ခွန်ပန်မှိုင်းရဲ့သားလေးပဲထင်ပါရဲ့"

"ဘယ်သူလဲဖေဖေ"

"ဖေဖေ့မိတ်ဆွေလေ သမီးရဲ့။ ရှမ်းမျိုးနွယ်စပ်တယ်လို့ဆိုရမှာပေါ့။ အခုဆောက်နေတဲ့ Tower ကြီးရဲ့ပိုင်ရှင်လေ"

"ဩော်, Globe Tower (ကမ္ဘာလုံးမျှော်စင်)ကြီးကိုပြောတာလား ဖေဖေ"

"မှန်တယ်၊ အဲဒါကြီးပြီးရင် ဆေးရုံကြီးဖွင့်မှာလေ၊ လစာလည်း သိန်းချီရမှာမို့ အဲဒီကိုပြောင်းလာချင်တဲ့သူတွေများမှာ။ သူကတော့ ဖေဖေ့သမီးကို တစ်နေရာလျာပေးထားလေရဲ့"

"ဟင်! 'လေး'နဲ့လည်းမသိဘဲနဲ့"

"သိတယ် သမီးရဲ့။ သမီးကို ဓာတ်ပုံထဲမှာမြင်ဖူးတာ၊ ဖေဖေတို့မိသားစုပုံထဲမှာပေါ့။ ဟုတ်လိမ့်မယ်၊ ဒါကြောင့် သူ့သားလေး, သမီးကို လာလေ့လာတာပဲဖြစ်မှာ"

သူမနှာခေါင်းရှုံ့လျက် ခေါင်းခါလိုက်မိပါ၏။ သွားပါပြီ၊ အလုပ်ခန့်ပေးချင်လို့ စုံစမ်းခိုင်းလိုက်တဲ့လူကိုမှ မချေမငံဆက်ဆံမိလိုက်တာလေ။





ဘယ်တတ်နိုင်ပါ့မလဲ၊ 'လေး'ကိုယ်တိုင်ကိုက သူများတွေကို ချိုချိုသာသာနဲ့မပြောမှမပြောတတ်တာကိုး။ ဒါတောင်မှ 'လေး'နဲ့ကုချင်တဲ့လူနာတွေက များနေသေးတာလေ။

ထမင်းစားခန်းထဲ ဝင်ထိုင်ကြတော့ ဖေဖေနှင့်မေမေက တစ်ဖက်၊ လေးနှင့်အန်တီလေးက တစ်ဖက်မှာ ထိုင်ဖြစ်ကြလေ၏။ ဖေဖေက အန်တီလေးမျက်နှာကို အကဲခတ်သလိုကြည့်လိုက်ပါသည်။

"နီနီ ဘယ်လိုစဉ်းစားထားသလဲ"

"ဒီအတိုင်းပဲ ကောင်းပါတယ်ကိုကို"

အဲဒါပဲ၊ ဖေဖေ ဘယ်အချိန်ကောက်မေးမေး အန်တီလေးက သတိမလွတ်ဘဲ ဒေါက်ခနဲအဖြေပေးနိုင်တာလေ၊ 'လေး'နဲ့မေမေက ဘာမှန်းရုတ်တရက်စဉ်းစား၍မရမီ ဖေဖေတို့မောင်နှမပြောတာက ပြီးနေပြီ၊

"(၃၄)ဆိုတာ သိပ်ပြီးမကြီးလှသေးပါဘူး နီလာ။ ညီမလေးအတွက် သင့်တော်မယ့်အိမ်ထောင်ဖက်နဲ့တော့ တွေ့စေချင်တာ ကိုကို့ဆန္ဒပါ"

"တော်ပါပြီ ကိုကို။ ဒီဇာတာပါလာလို့ ဒီလိုဇာတ်သိမ်းခဲ့ရတာပဲ၊ နီနီ ကံမစမ်းချင်တော့ဘူး။ ကိုကိုတို့မိသားစုနဲ့ နေသားကျပျော်ရွှင်နေပါပြီ၊ နီနီ ကျေနပ်ပါတယ်ကိုကို။ သမီးအတွက်သာ စဉ်းစားပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမ အံ့ဩသွားရပါ၏။ လက်စသတ်တော့ အန်တီလေးကို အိမ်ထောင်ပြုဖို့ ဖေဖေပြောနေတာပဲကိုး။

'လေး'ဘက်ကို မြားဦးတည်ပေးလိုက်သည့် အန်တီလေးကို 'လေး'မျက်စောင်းလှမ်းခဲလိုက်မိ၏။

"ညည်းလေးလည်း မငယ်တော့ဘူးရှင့်"

"အန်တီလေးနော်"

"သမီးအတွက် စဉ်းစားထားပါတယ်"

"ဘာတဲ့လဲ အစ်ကို"

"Globle Tower ပိုင်ရှင်ရဲ့သားနဲ့လေ"

"ဖေဖေ"

"ခွန်ပန်နိုင်းက ကိုယ့်ကို စကားစပြီးကမ်းလာတာ။ ကိုယ့်သမီးက ဆရာဝန်မို့ စိတ်ဝင်စားတာတဲ့လေ။ အတော်လေး ချမ်းသာတော့ ထည့်စဉ်းစားရမှာပဲ"

"ဖေဖေပြောတော့ 'လေး'ရဲ့အလုပ်အတွက်ဆို"

"မှန်တယ်လေ၊ တစ်ချက်ခုတ်နှစ်ချက်ပြတ်ပေါ့"

"မဖြစ်နိုင်ပါဘူး။ သူက 'လေး'ထက် သုံးနှစ်တောင်မှငယ်တဲ့ဟာကို။ မှန်းစရာလေး"





လူကြီးသုံးယောက် ပြုံးလိုက်ကြတာကို သူမ မမြင်လိုက်မိပေ။ ပန်းကန်ထဲမှသခွားသီးအချောင်းလေးကို အသံမြည်အောင် ခပ်နာနာ ဖိကိုက်လိုက်မိ၏။

မနက်ဖြန်တွေ့ကြသေးတာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

“အား!ကိုက်လိုက်တာ. . . ကျွတ်!ကျွတ်! ကျွတ်! ဘယ်သူမှ ထုပ်မပေးနိုင်ကြဘူးလား”

အိပ်ရာထက်လူးလိမ့်အော်ဟစ်ရင်း မျက်ရည်ပါဝဲလာရပါ၏။ ဘယ်သူမပြု မိမိမှု’တဲ့လေ။ ကိုယ့်ဟာကိုယ်ခြေရှည်ပြီး သူငယ်ချင်းတွေ ဘောလုံးကန်ပြီးဖြစ်ရတာ၊ ဒီနှစ်ကောင်ကျ ဘာမှမဖြစ်ဘဲ သူ့ကျမှ သွားကျေရတယ်လို့။

“သားရယ်၊ မေမေတို့က ဆရာဝန်မှမဟုတ်တဲ့ဟာကို၊ ဘယ် သုပ်တတ်မှာတုန်း”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ဆရာဝန်ခေါ်ပေးပါ မေမေရဲ့ ဒီမှာ နာလွန်းလို့ သေတော့မယ်"

"သားပဲ မမဒေါက်တာနဲ့ပဲပြမှာဆို။ ခုချိန် သူ့ဆေးရုံမှာ Duty ဆင်းနေမှာပေါ့လို့"

"ဘယ်ဆေးရုံလဲမေမေရဲ့။ Phone ဆက်ခေါ်ပေးပါတော့လား။ ဒါမှမဟုတ်လည်း ကျွန်တော့်ကို ဆေးရုံထိခေါ်သွားပေးပေါ့လို့"

"ဟဲ့!သူက (C.W.H) [Central Woman Hospital] မှာ လုပ်နေတာလေ။ သားသွားချင်ရင် လိုက်ပို့ပေးမယ်"

"အား. . . ဘာလို့သွားရမှာလဲ"

သေစမ်း! အမျိုးသမီးဆေးရုံမှာမှ လုပ်နေရတယ်လို့၊ ဘယ်လို ဆေးတွေထည့်ပေးလိုက်မှန်းမသိ။ ခွဲရင်တောင် တစ်ခါပဲ နာနာကြည် ကြည်းနာကျင်ရမှာလေ။ ခုတော့ အတွင်းမှ တစစ်စစ်နှင့်ကိုက်သည့် ဝေဒနာကို ကျိတ်မှိတ်ခံစားနေရတာမဟုတ်လား။

အချစ်ဆိုတာကရော ဒီလိုခံရခက်တဲ့အရာမျိုးပဲလားမမရယ် အာရုံထဲပေါ်လာသည်က မျက်နှာနုနု ပခုံးထောက်ရုံသာထားပြီး ဝက် ရုပ်သိုးမွေးကွင်းလေးနှင့်စုစည်းထားတဲ့ ဆံနွယ်စင်းစင်းနက်မှောင်မှော် လေးများ၊ နှာတံစင်းစင်းလေးနှင့် နှုတ်ခမ်းဖူးဖူး၊ လက်ခနဲတောက်ပသွာ





သည့် မျက်ဆံနက်နက်လေးတွေ၊ သွယ်လျလျလက်ချောင်းလေးတွေရဲ့ ခပ်နွေးနွေးအထိအတွေ့၊ (၅)ပေ (၆)လက်မထိမြင့်တဲ့အရပ်အမောင်းက တော်ရုံမိန်းကလေးတွေထက် ခေါင်းတစ်လုံးစာမြင့်နေတာမဟုတ်သား။

"အရယ်အပြုံးကင်းသည့် မျက်နှာလေးမှာ ဘာအဖုအထစ်၊ အစက်အပြောက်မှမရှိဘဲ ချောမွတ်နူးညံ့နေတာ ထိရက်စရာပင်မရှိ။ အား. . . နာလိုက်တာနော်။ မမမျက်နှာလေး မြင်ယောင်နေတာတောင် အနာကြောင့် Feeling မရှိပါလား။

"အခု ဘယ်နှနာရီရှိပြီလဲလို့"

"နေ့ခင်း (၂)နာရီလေ"

"ညနေထိ ဒီတိုင်းလှိမ့်ခံနေရမှာလားမေမေ။ ဒီမှာ သေတော့ မယ်"

"ဘယ့်နှယ့်လုပ်မလဲသားရဲ့။ မေမေသာ လဲယူလို့ရရင် ယူပေး လိုက်ပါတယ်။ plasta ကြီးပိတ်ထားတာ ဘာမှမမြင်ရဘူး"

အခန်းဝမှ နန်းစိန်နှင့်နန်းမွှံတို့ထံမှ ရယ်သံတိုးတိုးထွက်လာ ပါ၏။ သူ့ကျိုကျနေတာကို မေမေပဲ ဒိုင်ခံဖြေရှင်းနေရတာကို။

"ဘာရယ်ကြတာလဲ"

"ဟဲ့၊ ဘြော်၊ ကလေးတွေကို လှည့်ရမ်းနေပါပြီ၊ ကဲကဲ၊ သား



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေဆီ မေမေ phone ဆက်ပြီး မေးပေးမယ်''

''ဘာမေးမှာလဲ မေမေရ''

''ဒေါက်တာဖြူဖြူလေးကို အိမ်ပင့်ခေါ်ဖို့လေ''

သူငြိမ်လိုက်ရပါ၏။

မေမေက သူ့ Hand Phone ဖြင့် ကုမ္ပဏီကို phone ခေါ်နေဖချိန်။ အခန်းဝမှန့်စ်ကောင်ကို လက်သီးဆုပ်ပြီး ထောင်ပြတော့ ချာတိတ်မတွေက မကြောက်သည့်အပြင် ကျိတ်ရယ်လို့ပါလေ။ အဲဒါပဲ 'ခွန်ချိုသာ' ဟာ တစ်ဦးတည်းသောသူဌေးသားဖြစ်ပေမယ့် မာနမရှိဘဲ လူချစ်လူခင်ပေါလွန်းတာပဲကိုး။

အိမ်ကအလုပ်သမားတွေကအစ သူ့ကို ကလေးဆိုးကြီးလိုပဲ မြင်ကြကာ သူ့ဘယ်လောက်ရန်စောင်စောင် စိတ်မဆိုးကြချေ။ အင်း မမကတော့ သူ့ကိုလူကြီးလိုမြင်ဖို့လိုအပ်သည်ပဲ။ မမအားကိုးရာ တံတိုင်းကြီးတစ်ခုလို သန်မာတဲ့အမျိုးသားလေးတော့ ဖြစ်နေရမှာမဟုတ်လား။

အတွေးဖြင့် ကျိတ်ပြုံးလိုက်မိ၏။ ဆစ်ခနဲနာသွားပြန်သည့်ခြေထောက်ကြောင့် မျက်နှာက ချက်ချင်းရှုံ့တွသွားရပါသည်။ ကယ်ပါဦး မမရယ်. . .





''ဒေါက်တာဖြူဖြူလေး phone လာနေပါတယ်ရှင်''

Nurse မလေး လာပြောတာမို့ Round လှည့်ပြန်လာရာမှ နားနေခန်းထဲသို့ ဝင်ခဲ့ရပါ၏။ သူမ Hand phone က ပိတ်ထားတာမို့ ဆေးရုံကိုဆက်တာပဲကိုး။ ဖေဖေပဲဖြစ်မည်ထင်ပါရဲ့။

''ဟယ်လို ဖေဖေလားဟင်''

''မဟုတ်ဘူးသမီး။ အန်ကယ်ခွန်ပန်းမှိုင်းပါ''

''ရှင်! ''

''သမီး duty ဘယ်အချိန်ဆင်းမှာလဲကွယ်''

''ဟို, သုံးနာရီပါ အန်ကယ်''

တအံ့တသြဖြင့် အမြန်ဖြေလိုက်ရပါ၏။ မနေ့ကပဲ ဒီနာမည်ကို ကြားဖူးခဲ့ရတာ၊ ဒီနေ့ သူမကို phone တောင် ဆက်လာပါရောလား။

''ဆေးခန်းကိုတန်းသွားမှာလား သမီး''

''ဟင့်အင်း အန်ကယ်။ ဆေးခန်းက (၅)နာရီမှဖွင့်တာမို့ အိမ်ပြန် ရေချိုးဦးမှာပါ''

''ဒါဖြင့် အန်ကယ်တို့အိမ်ကို ခဏလောက်ကြွပေးလို့ရမလား''

ကြွရမလားတဲ့၊ သမားတော်တွေကိုပင့်မှ သုံးသည့်စကားလုံးမျိုး တလေးတစားသုံးလာသည်မို့ ပြုံးလိုက်မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"လေး' လာဆိုလာ့လို့ရပါတယ်အန်ကယ်၊ ဘာအကြောင်းများ ရှိလို့ပါလဲ"

"အန်ကယ့်သားလေး ခြေထောက်တော်တော်ကိုက်နေလို့ပါ သမီး"

"ဩော်, ဟုတ်ကဲ့၊ 'လေး' ဆေးရုံကဆင်းတာနဲ့ ဝင်ကြည့်ပေး ပါ့မယ် အန်ကယ်"

"ဒါဆိုရင် သမီးကိုကြိုဖို့ ကားလွှတ်ပေးလိုက်မယ်နော်၊ ကျေး ဇူးပါပဲသမီးရယ်"

"ဟုတ်ကဲ့၊ ရပါတယ်အန်ကယ်"

phone ကိုချလိုက်စဉ် အခန်းထဲဝင်လာသည့် နှင်းသဇင်က မေးဆတ်ပြလိုက်လေ၏။

"ဘယ်က phone လဲ"

သူမ ပခုံးတွန့်ပြရင်း ခေါင်းခါပြလိုက်ပါ၏။ သဇင်ရော သူမပါ ဒီမှာ House လာဆင်းကတည်းက ရောက်နေတာမို့ သဇင့်ပါပါ ဆေး ရုံကို မပြောင်းဖြစ်ကြသေး၊ အန်တီလေးကတော့ အဲဒီမှာ နှစ်အတော် ကြာလုပ်နေပြီလေ။

"ငါ့ကို ပါပါပြောတယ်"

"ဘာလဲ"

"ဟို Tower ကြီးပြီးရင် အဲဒီကိုအလုပ်ပြောင်းရမှာတဲ့၊ ပါပါ က အဲဒီမှာ ဆေးရုံအုပ်လုပ်ဖို့ မဲပေါက်ပြီးပြီ"

"ဟင်! "

"ဆရာဝန်တိုင်း ပြောင်းချင်သလိုပြောင်းလို့မရဘူးတဲ့၊ သူတို့ စိတ်ကြိုက်သဘောကျတဲ့သမားတော်တွေကိုပဲ ရွေးခေါ်တာ၊ ရိုးရိုးဆရာ ဝန်တွေတောင်မှ အနည်းဆုံး Experience (အတွေ့အကြုံ) (၅)နှစ်ရှိ မှ ခန့်တာတဲ့၊ လစာကလည်း မနည်းဘူးကိုး"

"နင့်ပါပါက မခေါ်ဘူးလား သဇင်"

"ခေါ်ပါတယ် ပါပို့မျက်နှာနဲ့ Interview ဝင်စရာမလိုဘဲ ပါပါရမှာ"

"ကောင်းတာပေါ့"

သူမခေါင်းညိတ်ထောက်ခံလိုက်ရင်း ငြိမ်မိသွားပါ၏။ သဇင် ကတော့ သူ့ဖေဖေမျက်နှာနဲ့ အလိုလိုဝင်ခွင့်ရသွားတာ၊ ဒါဖြင့် သူမက ရော၊ ဟင့်အင်း, လူကြီးတွေသဘာတူထားတဲ့ကိစ္စနဲ့ ပြောင်းရမှာမို့ ရုက် ရောပါလား၊ တင်းထားသည့်မာနလေးကိုတော့ မလျှော့ပါရစေနဲ့။

ကိုယ့်ကိုယ်ပိုင်အရည်အချင်းနဲ့မှမဟုတ်ရင် ဒီလိုဆေးရုံကြီးကို







www.burmeseclassic.com

www.burmeseclassic.com



ပြောင်းဖို့မှမသင့်တာလေ။ ဟုတ်တယ်၊ 'လေး' မသွားပါဘူး။ လစာကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ 'လေး'အတွက် အကြောင်းမဟုတ်ပါ။ 'လေး' မှာ အစစအရာရာပြည့်စုံနေသည်ပဲ။

"ခုတင်နံပါတ်(၂၉)က အဒေါ်ကြီးသနားပါတယ်ဟယ်၊ အသက်(၄၀)မှ ကလေးမွေးရတာ၊ အရမ်းဆင်းရဲလွန်းတာ သိသာတယ်၊ ကလေးကိုတောင် အနှီးပိတ်ဝယ်မပေးနိုင်လို့ သူ့ယောကျ်ားရဲ့ပုဆိုးပိုင်းနဲ့ပတ်ထားရတာ၊ သူ့ကလေးလေးက ချစ်စရာလေးဟယ်၊ ကော်ပတ်ရုပ်လေးအတိုင်း ဖြူဖြူဖွေးဖွေးလေး၊ ဒေါက်တာနှင်းအိနိုင်က မွေးပေးပြီး ပြီးချင်းမွေးစားဖို့တောင်းတော့ ငိုရောတဲ့"

"အေးပေါ့၊ အသက်ကြီးမှ ကလေးလေးရတာကိုး"

"သူ့ယောကျ်ားက အသက် (၅၀)လောက်ရှိနေပြီ၊ ဆိုက်ကားနင်းရတာတဲ့။ သူက ကုန်စိမ်းရောင်းရတာလေ"

ဒေါက်တာသီတာအေးတို့အုပ်စုမှအသံတွေကြောင့် သဇင်က သူမကိုလှမ်းကြည့်လိုက်လေ၏။ နှစ်ယောက်သားအတွေးတူရင်း ပြုံးလိုက်မိကြသည်။ ပြန်ရန်ပြင်နေသည့်အိတ်ကိုချထားလိုက်ပြီး အပေါ်ထပ်ကိုနှစ်ဦးသား တက်လာခဲ့လေ၏။

"နင့်မှာ ဘယ်လောက်ပါလာလဲ"





"အင်း, နှစ်ခုလောက်ပဲပါမယ်ထင်ပါရဲ့"

"ဒါဆို ရောထည့်ပေးလိုက်မယ်လေ။ 'လေး'မှာ စာအိတ်ပါတယ်"

Corridor ထောင့်နားမှာရပ်ရင်း စာအိတ်ကိုဖွင့်လိုက်ပါ၏။ 'လေး'ထည့်ထားသည့် ငွေသုံးသောင်းထဲသို့ သဇင်က နှစ်သောင်းထပ်ထည့်ကာ စာအိတ်ကိုပိတ်လိုက်လေသည်။ နှစ်ယောက်သား လက်ချင်းချိတ်လျက် Hall ခန်းထဲသို့ ဝင်လာခဲ့ကြပါ၏။

"မနက်ဖြန် ဆေးရုံကဆင်းကြမှာဆို, ဒေါ်အေးမိုး"

"ဟုတ်ပါတယ် ဆရာမလေးတို့ရယ်"

"သားလေးက ချောလိုက်တာနော်။ ကြီးလာရင် ရုပ်ရှင်မင်းသားလုပ်နိုင်၏။ သိလား"

"ဟုတ်ကဲ့"

"ဟိုလေ, ဘယ်လိုမှသဘောမထားပါနဲ့။ သားလေးအတွက်လိုအပ်တာလေးတွေ ဝယ်ပေးဖို့နဲ့ အဒေါ်အတွက် ဓာတ်စာဝယ်စားဖို့ 'လေး'တို့ကုသိုလ်ပြုတာလေး လက်ခံပေးပါနော်"

"အို! မဟုတ်တာရှင်"

"ယူလိုက်ပါ အဒေါ်။ ကလေးကို အနှီးသီးသန့်လေး ဝယ်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ။ ကလေးကျန်းမာမှ အဒေါ်တို့ အလုပ်ကောင်းကောင်းလုပ်နိုင်မှာလေ။ သိပ်အများကြီးမဟုတ်ပါဘူး။ သဇင်တို့ဒါနမြောက်အောင် လက်ခံပေးပါ''

''ကျေးဇူးပါပဲ ဆရာမလေးတို့ရယ်''

''ရပါတယ်ရှင်''

အိမ်ပြန်ရောက်ရင် ပြောပြစရာကောင်းမှုလေးတစ်ခုရသွားပြီပဲ။ ရုံးခန်းထဲမှာအိတ်ဝင်ယူ၍ ဆေးသေတ္တာပါကိုင်လျက် ဆင်းခဲ့ပါသည်။ သဇင်က ကားကို ကိုယ်တိုင်မောင်းတာမို့ ကား Garrage ရှိရာဆီ လျှောက်သွားလေ၏။

သူမက အမြဲ Taxi စီးသူမို့ လမ်းမဘက်လျှောက်ရန် ဆင်ဝင်အောက်ရပ်လိုက်စဉ် မာစီးဒီးကားတစ်စီးက သူမရှေ့သို့ ရှောခနဲလာရပ်လေ၏။ အို! ကားအကောင်းစားကြီးပါလား။ အတွေးမဆုံးခင် ကားပေါ်မှ Driver ဆင်းလာပြီး သူမကိုဦးညွှတ်ပြလိုက်လေသည်။

''ဒေါက်တာဖြူဖြူလေးပါလားခင်ဗျာ''

''ဟုတ်ပါတယ်''

''ဦးခွန်ပန်မှိုင်းအိမ်က ကားအကြိုလွှတ်လိုက်လို့။ တက်ပါခင်ဗျ''





သူမ မျက်လုံးပင့်သွားရပါ၏။ အဆင့်မြင့်လှချည်လား။ လက်ထဲမှဆေးသေတ္တာကို လက်ကမ်းယူနေပြီမို့ ထည့်ပေးလိုက်ရပြီး ဖွင့်ထားပေးသည့် ကားနောက်ခန်းပေါ် တက်ထိုင်လိုက်ရလေ၏။ သက်ပြင်းငွေ့ငွေ့ကိုထုတ်လိုက်မိချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ကားက ခြံဝင်းကျယ်ကြီးထဲသို့ ကွေ့ပတ်ဝင်ခဲ့လေ၏။ နန်းတော်ကြီးတမျှ ခမ်းနားလွန်းသည့် တိုက်အိမ်ကြီး၏ လသာဆောင်အောက်မှာ ရပ်တန့်သွားပါသည်။ အဆင်သင့်ဖွင့်ပေးသည့်ကားပေါ်မှ ဆင်းလိုက်စဉ် အိမ်ကြီး၏အဝမှာ မတ်တတ်ရပ်၍ကြိုနေသည့် အန်တီချောချောကြီးကို မြင်လိုက်ရ၏။ ဒါ သူဌေးကြီးရဲ့ကတော်ပဲထင်ပါရဲ့။

"ကြွပါ ဒေါက်တာ။ သားလေးက အပေါ်ထပ်က အခန်းထဲမှာ အော်ဟစ်နေလေရဲ့။ ခုန မေ့ဆေးနဲ့အိပ်ပျော်တုန်းပဲ အသံဗလာတိတ်သွားရှာတာ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အနာ ပြည်ပေါက်သွားတာပဲဖြစ်မှာပါ အန်တီ။ ဒါဆိုရင် ခွဲဖို့မလိုတော့ပါဘူး။ 'လေး'ကို ရေနွေးလေး သန့်သန့်လုပ်ပေးပါနော်။ အနာကို Dressing လုပ်ပေးရမှာမို့ပါ"

"ဟုတ်ကဲ့ပါ၊ မနန်းစိန် ဓာတ်ဘူးနဲ့ဇလုံယူလာပေးပါ။ နန်းမှုံ က ဒေါက်တာ့ဆေးအိတ် သယ်လာပေးလေ"

"ဟုတ်ကဲ့ပါ မေမေကြီး"

"အပေါ်ထပ်ကိုကြွပါ ဒေါက်တာ"

"ကျေးဇူးပြုပြီး 'လေး'ကို နာမည်ပဲခေါ်ပါလား အန်တီ။ ဒီလို တရိုတသေကြီးခေါ်ဖို့မလိုပါဘူး။ အန်ကယ် phone ဆက်တုန်းကတောင် သမီးလို့ တရင်းတနှီးသုံးပါတယ်"

"ဪ, ဟုတ်လား"

ကျွန်းလှေကားကြီးကို တစ်ထစ်ချင်းတက်ခဲ့၏။ လှေကားထိပ် အခန်းတံခါးကိုတွန်းဖွင့်လိုက်စဉ် အခန်းထဲမှအသံက စူးခနဲထွက်လာ လေသည်။ ဒါ ဟိုကျစ်လေးရဲ့အသံပဲ၊ သေချာတာပေါ့။

"မေမေ ဘယ်ရောက်သွားတာလဲ"

"လာပါပြီသားရယ်။ ဒီမှာ ဒေါက်တာရောက်ပါပြီ"

"ဟင်! "





မှောက်ခုံလှဲနေရာမှ ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်မိ၏။ အဟုတ်ပဲ မမရောက်လာတာကို။

"ဒီမှာ ကိုက်လို့သေတော့မယ်ဗျ"

"ခြေထောက်နဲ့အသက် အဝေးကြီးပါကွ။ မင်းမနေတတ်လို့ ထက်ရာရတဲ့ဟာ သူများတွေကို အော်ဟစ်နေစရာလား"

"ဘာဖြစ်လဲဗျ၊ နာလို့အော်တဲ့ဟာပဲ"

"ယောက်ျားပဲ နာရင်အောင့်ခံမှပေါ့။ ကျေးဇူးပြု၍ plastic လေး, ခင်းပေးပါအန်တီ။ မွေ့ရာစွန်းသွားမှာစိုးလို့ပါ"

"ဟုတ်ကဲ့"

"ကဲ, မှောက်နေပါ။ နာရင်သိပ်မအော်နဲ့နော်။ တို့က ဘယ်လူ နာကိုမှ မညှာတတ်ဘူး၊ အထဲမှာပြည်ပုပ်ကျန်နေရင် လိုက်စားသွားမှာ မို့ အကုန်ညှစ်ထုတ်ပစ်မှာ။ အန်တီ သူ့ခြေထောက်ကို ဖိပေးထားပါနော်။ ရုန်းမှာစိုးလို့ပါ"

"သားလေး တောင့်ထားနော်"

ခုတင်ပေါ်ထိုင်လျက် ခြေထောက်ကိုင်ပေးထားရင်း ပြောလိုက် သည့်အန်တီ့ကို ပြုံးလိုက်မိ၏။ သားကိုအတော်ချစ်ရှာတဲ့ မိခင်ပါလား။ မေမေတောင် လေးကို ဤမျှထိ သည်းသည်းလှုပ် မချစ်ပြတာလေ။



www.burmeseclassic.com

www.burmeseclassic.com



လက်ကို ရေချိုးခန်းထဲဝင်ဆေးပြီး သုတ်ကာ အသားကပ်လက်အိတ်စွပ်လိုက်ပါ၏။ ဆေးသေတ္တာထဲမှ ကတ်ကြေး၊ ပတ်တီး၊ ဂွမ်း၊ ဆေးဘူးတို့ကို ထုတ်ပြီး အရက်ပျံဖြင့် ခြေဖဝါးကို အရင်ပွတ်ဆေးလိုက်ရသည်။ ပိတ်ထားသည့် plastic ကို ဆတ်ခနဲဆွဲခွာလိုက်စဉ် သူ့အော်သံက စထွက်လာလေ၏။

"အား. . ."

ထင်ထားသည့်အတိုင်းပါပဲ။ အနာက ပြည်တင်း၍ အုံနေသည်ကို၊ ခွဲခန်းကတ်ကြေးချွန်ဖြင့် ဆတ်ခနဲထိုးဖောက်လိုက်ရာ ပြည်ပုပ်တွေ ပန်းထွက်လာလေ၏။

"မကြည့်ပါနဲ့ အန်တီ။ သူ့ကိုပဲ ဂရုစိုက်ပါ။ အန်တီက သားကို သနားပြီး ကြည့်နေရင် 'လေး'လက်က ရဲမှာမဟုတ်ဘူး၊ ညှစ်မယ်. ချာတိတ်ရေ"

"အား. . . ဟားဟား. . . နာတယ်မေမေရဲ့"

"ခဏလေး. . . ခဏလေး, ပြီးတော့မှာပါ သားရယ်"

"အဲဒီမမက သူ့အသားမဟုတ်တဲ့အတိုင်း နင်းကန်လုပ်နေတာ မမြင်ဘူးလားမေမေရဲ့. . . အား. . ."

ပြည်တွေကို အံကြိတ်၍ ညှစ်နေရင်းမှ ရယ်ချင်လာရ၏။ တော်





သော်သည်းတဲ့ကောင်လေးပါပဲလားနော်။ ရေနွေးဖြင့် ဖန်ရည်ဆေး၊ ဆေးနှင့် goss စထည့်ကာ ပတ်တီးစည်းပေးလိုက်ပြီး ကုသခြင်းပြီးလေသည်။

"ဆေးတစ်လုံးလောက် ထိုးပေးခဲ့ပါ့မယ်အန်တီ။ အညှော်မမိပါစေနဲ့။ အနာမြန်မြန်ပိတ်ပြီး အသားတက်လာအောင် ကြက်သားကျွေးပါ။ ညဘက် အနာရှိန်ကြောင့် အဖျားတက်တတ်ပါတယ်။ သိပ်မစိုးရိမ်ပါနဲ့။ အနာမရင်းအောင် 'လေး' ဆေးပေးခဲ့ပါမယ်"

လက်ကိုသေချာပြန်ဆေးပြီး ဆေးထိုးဖို့ပြင်တော့ ကောင်လေးက ခေါင်းအုံးထက် မျက်နှာကိုအပ်ထားလေသည်။ ဒါ သူမကိုရှက်နေတာများလား။ နားရွက်တွေကအစ ရဲရဲနီနေတာကိုး. . .

"ဆေးမထိုးလို့မရဘူးလား"

"ဟယ်! သားကလည်း"

"မရဘူး၊ မင်းအနာမရင်းဖို့ လုပ်ပေးမှာ။ ကြောက်တတ်ရင် ဘာလို့အနာရအောင် ရှာသေးလဲ"

"မမ, မဆူနဲ့ဗျ"

"မှန်တာပြောတာပဲဟာ၊ ဆေးထိုးတာ ဘာမှနာတာမဟုတ်ဘူး၊ ပုရွက်ဆိတ်ကိုက်သလောက်လေး ရှိတာကို"

ပုရွက်ဆိတ်ကိုက်သလောက်လေး နာမှန်းတော့ သူလည်းသိ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ ဒါပေမဲ့ မမကိုယ်တိုင် ဆေးထိုးပေးတာကို ရှက်ရတာလေ။

အား. . . သွားပါပြီ ဖဲ့အမျိုးသမီးလေးနဲ့ ဖေဖေတို့သဘောတူတယ်ဆိုမှ အရှက်ကွဲစရာတွေချည်းဖြစ်နေရတာကို။ မျက်နှာပူလိုက်တာနော်၊ တင်ပါးဆီမှ အရက်ပျံသုတ်လိုက်သဖြင့် အေးခနဲဖြစ်သွားမှုနှင့်အတူ စစ်ခနဲအောင့်သွားရလေ၏။

ကျွန်တော်မှတ်ထားတယ်နော်၊ ကျွန်တော့်ကိုနာအောင်လုပ်တဲ့ မမကို လက်စားပြန်ချေမှာပဲ။ အခုလို သွေးထွက်သံယိုနဲ့ နာကျင်အောင်မဟုတ်တဲ့ တန်ပြန်နည်းမျိုးနဲ့ပေါ့လေ။ အတွေးဖြင့် ကျိတ်ပြုံးလိုက်မိလေသည်။

"ပြီးပြီ"

"ဟိုကောင်သန့်ဇင်တို့ကျ ဘာမှမဖြစ်ဘဲ ကျွန်တော်မှလာဖြစ်ရတယ်လို့။ ကျောင်းတော့ပျက်ရတော့မှာပဲ"

"ဟင်! ကျောင်းမပြီးသေးဘူးလား"

"ဒီနှစ်ပြီး နောက်ဆုံးနှစ်ကျန်သေးတယ် ဒေါက်တာရဲ့။ သားက Y.I.T တက်နေတာပါ"

"သြော်"

ဆေးသေတ္တာပိတ်ရင်းမှ အာမေဍိတ်သံထွက်သွားပါ၏။





Final တန်းတက်ရမည့်သူက ခုထိ ကလေးစိတ်မှမပျောက်သေးတာကို။ အင်းပေါ့လေ, အိမ်မှာ ကလေးလိုပဲ အလိုလိုက်ခံနေရမှတော့ ကလေးဆန်တာ အကြောင်းမှမဟုတ်တာလေ။

"မနက်ဖြန်လာဦးမှာလား"

"လာမှာပေါ့၊ အနာမကျက်မချင်း နေ့တိုင်းလာရဦးမှာ၊ ဘာလဲ, သန့်နေပြီလား။ အနာကိုညှာနေရင် မင်းခြေထောက်ဖြတ်ရလိမ့်မယ်လို့ ဆိုပြောထားတယ်လေ"

"လာပြန်ပြီ, လူကိုလန့်အောင်ခြောက်ပြောတဲ့ဆရာဝန်ဆိုလို့ မမတစ်ယောက်ပဲရှိလိမ့်မယ်၊ သိလား"

"ဒါကတော့ ကိုယ့်ထိုက်နဲ့ကိုယ့်ကံပဲကို။ 'လေး'ပြန်လိုက်ပါဦးမယ် အန်တီ။ နောက်နေ့ ကားလာမကြိုနိုင်းပါနဲ့။ 'လေး' Taxi နဲ့ပဲလာပါ့မယ်။ Duty ဆင်းချိန်မမှန်လို့ပါ"

"ကောင်းပါပြီသမီးရယ်၊ ကျေးဇူးတင်လိုက်တာ။ ညနေစာ သုံးဆောင်သွားပါဦးလား"

"နေပါစေအန်တီ၊ 'လေး'ရေမချိုးရသေးဘဲ ညနေစာ စားလေ့မရှိလို့ပါ"

"ဒါဖြင့် ကော်ဖီဖြစ်ဖြစ် တစ်ခုခုရော"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်းမဖြစ်ဘူး အန်တီ၊ အဲဒါတွေစားမိရင် ညနေစာစားဝင်တော့မှာမဟုတ်ဘူး။ 'လေး'က အစားနည်းလို့ ထမင်းမဝင်ရင် ဖေဖေဆူတတ်လို့ပါ။ နောက်များမှပေါ့ အန်တီ"

"ဟိုလေ, ဆေးကုသခန့်"

"နေပါစေ အန်တီ. . . ဖေဖေမိတ်ဆွေရဲ့အိမ်မို့ 'လေး'မယူပါရစေနဲ့။ တောင်းပန်ပါတယ်နော်"

"အားနာလိုက်တာကွယ်"

"ရပါတယ်"

ဟင်! ခုကျတော့လည်း သူမမျက်နှာမှာ အပြုံးတို့ဝေနေတာပါလား။ အမြဲတမ်း မျက်နှာတည်တဲ့ကောင်မလေးဆိုပြီး ဆေးကျောင်းမှာ နာမည်ကြီးခဲ့တာလို့ ဖေဖေပြောတုန်းက မြင်ယောင်ခဲ့တာလေ။ လူနာကို ခပ်မာမာဆက်ဆံပြီး မေမေ့ကိုကျ ခပ်ပြုံးပြုံးပြောဆိုနေတာကို၊ မျက်နှာလိုက်လိုက်တာနော်။

"သားရဲ့အဖေနဲ့ ဆုံပေးချင်လိုက်တာကွယ်"

သူမ ဘာမှမပြောဘဲ ခုံမှထရပ်လိုက်ပါသည်။ အစိမ်းနုရောင်ပါတိတ်ဝမ်းဆက်ဝတ်ထားတာမို့ သိပ်ကြီးရင့်မနေပါချေ။ duty cote ကို လက်မှာကိုင်ထားဟန်က တစ်မျိုးလေးကြည့်ကောင်းသည်ပဲ။





မမကို coat ဝတ်ပြီး သူ မတွေ့ရသေးပါလား။

"သမီးဖေဖေက ကားမဝယ်ပေးဘူးလား"

"ရှင်! "

သူမ တုံ့ခနဲခြေလှမ်းရပ်သွားရပါ၏။ အဲဒီကားကြောင့် အန်တီလေးရဲ့ခင်ပွန်းဆုံးခဲ့ရတာမို့ အိမ်မှာ မည်သူမျှ ကားကိုယ်တိုင်မမောင်းရှိတော့တာပါ။ ဖေဖေက Driver နဲ့မို့ ကိစ္စမရှိ၊ သူမက နဂိုကတည်းက ကားမောင်းဖို့မရဲတာလေ။

"အိမ်မှာ နှစ်စီးတော့ရှိပါတယ် အန်တီ၊ တစ်စီးက ဖေဖေ့ကားပါ၊ နောက်တစ်စီးကိုတော့ လိုတဲ့သူယူသုံးဖို့ driver နဲ့ ထားပေးထားပါတယ်။ များသောအားဖြင့် မေမေဈေးသွားချိန်နဲ့ အန်တီလေးကို ဆေးရုံကိုပို့လုပ်ပေးတာပါပဲ။ 'လေး'က လူငယ်မို့ Taxi နဲ့ပဲ သွားတာများတယ်။ ဘာဖြစ်လို့ပါလဲ အန်တီ"

"ဪ. . . သမီးအတွက် နေ့တိုင်းTaxi နဲ့ အလုပ်ဆင်းရတော့ ပင်ပန်းမှာကိုတွေးမိလို့ပါ။ ဘာရယ်လို့မဟုတ်ရပါဘူး"

သူမ ပြုံးလိုက်မိပြီး လှေကားကို တစ်ထစ်ချင်းဆင်းခဲ့ပါ၏။ ဘေးမှာလိုက်ပါလာသည့်အန်တီက 'လေး'ကိုအကဲခတ်နေမှန်း စိတ်ထဲအလိုလိုသိနေလေသည်။ ဘာတွေများစဉ်းစားနေမလဲ။ 'လေး'က



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်တစ်ယောက်ပါ။ လူနာကိုလာကြည့်ပေးရုံထက် မပိုပါဘူး။

တဆိတ် ကျေးဇူးပြု၍ 'လေး'နဲ့သဘောတူတယ်ဆိုတဲ့ ကောင်လေးရဲ့အခြေအနေကိုလာကြည့်တယ်လို့ မယူဆလိုက်ပါနဲ့။

'လေး'တို့အိမ်မှာ ကားနဲ့ပတ်သက်ပြီး. . . ရင်နာစရာအဖြစ်အပျက်တစ်ခုရှိခဲ့ဖူးပါတယ်အန်တီ။ ကြာတော့ကြာခဲ့ပါပြီ။ အဲဒီကတည်းက 'လေး'တို့မိသားစု ကားကိုကိုယ်တိုင်မမောင်းတော့တာပါ။ 'လေး'ကတော့ ဘာသင်တန်းမှမတက်ဖြစ်ဘဲ ကားကိုမမောင်းတတ်တာပါ"

"ဪ"

"ပြန်လိုက်ပါဦးမယ်အန်တီ။ အခုလို တကူးတကကြီး 'လေး'အတွက်ကြိုပို့လုပ်ပေးလို့ ကျေးဇူးတင်ပါတယ်။ ခွင့်ပြုပါ"

"အန်တီကလည်း ကျေးဇူးတင်တာပါသမီးရယ်"

ခေါင်းကိုအသာညိတ်ပြလိုက်ပြီး အသင့်ဖွင့်ထားပေးသည့်ကားပေါ်သို့ တက်လိုက်ပါ၏။ သုံးရက်လောက်ပါပဲ။ ပြီးရင် ဒီအိမ်ကိုလာစရာအကြောင်းမရှိတော့ပါဘူး။ အရမ်းငွေကြေးချမ်းသာတဲ့အသိုင်းအဝိုင်းတွေနဲ့ 'လေး' မပတ်သက်ချင်တာအမှန်ပါ ဖေဖေ။ 'လေး'ကို ဒီမိသားစုထဲကို ထည့်မပေးချင်ပါနဲ့လား။



## အခန်း (၅)

"ဘယ်လိုလဲ သမီး. . . ဒေါ်ထိပ်ထားခင်နဲ့တွေ့တော့ ဘယ်လိုသဘောရသလဲ"

"ဘာကိုဆိုလိုတာလဲ ဖေဖေ"

"ကောင်လေးမိဘတွေရဲ့သဘောထားကို သမီး မှန်းဆနိုင်ပြီလားလို့ မေးတာလေ"

"'လေး'က ဘာပြောရမှာလဲ ဖေဖေရဲ့။ 'လေး'သွားတာ နှစ်ဖက်မိသားစု မိတ်ဆုံစားပွဲမှမဟုတ်တာပဲ။ 'လေး'ရဲ့လူနာကို သွားကုပေးပြီး ပြန်လာတယ်။ ရိုးရိုးလေးပါဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



အန်တီလေးက ကော်ဖီသောက်နေရင်း ရယ်လိုက်လေ၏။ မေမေက 'လေး'အတွက် ပူတင်းဖုတ်ပြီးသားကို ပန်းကန်ပြားလေးဖြင့် ထည့်ပေးပါသည်။ ပြီးမှ ဖေဖေ့ဘေးမှာ ဝင်ထိုင်လိုက်လေ၏။

"ကြားလား, သင်း"

"ဘာကိုလဲ အစ်ကို"

"မင်းရဲ့သမီး ဖြေလိုက်တာကိုလေ"

"သမီးက ကလေးမှမဟုတ်တော့တာပဲ အစ်ကိုရယ်"

"သမီးကို ဖေဖေနဲ့နီနီ့လို စိတ်ဓာတ်မာကျောစေချင်တာပါ။ သင်းလိုစိတ်မပျော့စေချင်ဘူး"

"အခုရော 'လေး'က စိတ်ပျော့နေလို့လားဖေဖေ"

"သမီးက ဟန်ဆောင်နေတာပါ ဖြူဖြူလေးရယ်။ ဘယ်လိုပဲ သမီးစိတ်တင်းပြီး မျက်နှာတည်နေပါစေ သမီးရင်ထဲမှာ ဘာတွေရှိနေလဲဆိုတာကို ဖေဖေမြင်နေရတာပဲ။ ဘဝကို စိတ်ကူးနဲ့မရွေးချင်နဲ့သမီး ဦးနှောက်နဲ့ရွေးတတ်အောင် ကျင့်စမ်းပါ"

အန်တီလေးက သူမခြေထောက်ကို အောက်မှာ အသာတို့ရင်း သတိပေးလေ၏။ အစ်ကိုဖြစ်သူရဲ့စိတ်ကို ညီမဖြစ်သူက နားအလည်ဆုံးနဲ့ အသိဆုံးမဟုတ်လား။ 'လေး'ကတော့ ဖေဖေ့စိတ်ကို မေမေနဲ့အန်တီ





လေးလောက် သိပ်ပြီးမဖတ်တတ်ပါချေ။

"ဒီနေ့ထိ ဘယ်လိုအမှားမျိုးမှ 'လေး'မလုပ်ခဲ့ဖူးပါဘူး ဖေဖေ။ 'လေး'ဆင်ခြင်တတ်ပါတယ်"

"အင်းလေ၊ အဲဒီလိုအမှားမျိုးလုပ်မိမှာစိုးလို့ သမီးကို ဖေဖေတို့ မျက်စိဒေါက်ထောက်ပြီး ကြည့်နေရတာပေါ့။ အတိတ်ဆိုတာကို ဖေဖေတို့အားလုံး တမင်မေ့ထားကြတာကို သမီးလည်းသိတာပါပဲ။ အဲဒီလိုပဲ သမီးကိုလည်း ပြန်သတိရမနေစေချင်ဘူး။ အဲဒါ ဖေဖေ့ဆန္ဒပဲ"

အတိတ်ကိုမေ့ထားရမယ်တဲ့လား။ မျှတနိုင်ပါ့မလား ဖေဖေ။ 'လေး'က အတိတ်မှာပဲ ပျော်ချင်ခဲ့တဲ့သူပါ။ ကလေးတစ်ယောက်လိုဖြူစင်တဲ့အပြုံးတွေ၊ ကြည်လင်တဲ့ခံစားမှုတွေ၊ ပျော်ရွှင်စွာရင်ခုန်ခဲ့ရတဲ့နှလုံးသားရဲ့ခံစားချက်တွေကို တမင်တကာမေ့ပစ်လိုက်ရတော့မှာလား။

မဖြစ်နိုင်တာ။ 'လေး'က အမှားကိုပြုလုပ်တဲ့သူမှမဟုတ်တာဘဲဖေဖေ။ မထင်မှတ်ဘဲဖြစ်ပျက်ခဲ့ရတဲ့ ကြေကွဲဖွယ်ဖြစ်ရပ်တစ်ခုကြောင့် 'လေး'နဲ့ကိုကိုတို့ရဲ့ချစ်သူသက်တမ်းလေး တိုတောင်းစွာနဲ့ ပြတ်တောက်ခဲ့ရတာကို ဒီနေ့အထိ 'လေး'မမေ့သေးပါဘူး။

ဘယ်လိုလုပ်ရမှာလဲဖေဖေ။ ကိုကို့ကို ရင်ထဲမှာရှိသမျှချစ်ခြင်းတွေအားလုံးနဲ့ ချစ်ခဲ့မိတာပါ။ ကိုကိုပြောသလို (၂၀၂၈)မေတ္တာတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခဲ့ကြတာပါလေ။

“အတိတ်ဆိုတာ တမ်းတကောင်းတဲ့အရာမျိုးမဟုတ်ဘူး။ ဖေဖေ့သမီးကို လက်တွေ့ဆန်တဲ့ဘဝထဲမှာပဲ ရှိစေချင်တယ်။ ညတုန်းကပဲ ခွန်ပန်မှိုင်းဆီက ဖေဖေ အဖြေတစ်ခုရထားတယ်သမီး”

“ဟင်!”

“ခွန်ချိုသာက ခေါင်းညိတ်လိုက်ပြီတဲ့”

“ဘာရယ်”

“ပထမ လူကြီးတွေစီမံတာကိုမသေမချာဘဲ လက်ခံထားတာ။ သမီးကိုတွေ့ပြီးမှ လိုလိုချင်ချင်နဲ့ အတိအကျလက်ခံလိုက်တာပါ။ နောက်နှစ်ကျောင်းပြီးတာနဲ့ သမီးတို့ကိုလက်ထပ်ပေးဖို့ ဖေဖေကတိပြုလိုက်ပြီ။ အသက် (၂၅)နှစ်ဆိုတာ မိန်းကလေးတစ်ယောက်အတွက် အိမ်ထောင်ပြုဖို့ နောက်ဆုံးအချိန်ပဲ။ ဒီ့ထက်နောက်ကျသွားရင် မကောင်းတော့ဘူးသမီး။ ဒီတော့ ခွန်ချိုသာကို လက်ခံခေါင်းညိတ်ဖို့တစ်ခုကိုပဲ သမီးခေါင်းထဲထည့်ထားပါ။ ဖေဖေ ဒါပဲပြောချင်တယ်”

ပြောပြီးသည်နှင့် Breakfast ဝိုင်းမှ ဖေဖေ ထထွက်သွားတော့၏။ ကုမ္ပဏီသွားတော့မှာမို့ မေမေက လိုက်ပို့ရန်လိုက်သွားပါ၏။ အန်တီလေးနှင့်အတူ သူမပါ သက်ပြင်းရှိုက်လိုက်မိကြသည်။





‘လေး’မှာ ရွေးချယ်စရာမရှိတော့ဘူးပေါ့။ ဟုတ်လား ဖေဖေ။ ဒီတစ်ယောက်ကလွဲပြီး ‘လေး’အတွက် ဘယ်သူမှမရှိရတော့ဘူးပေါ့လေ။ ရင်ထဲမှာ ဘယ်သူရှိနေမှန်းသိသိကြီးနဲ့ ဖေဖေ ခုလိုအမိန့်ပေးလိုက်တာကတော့ ‘လေး’အပေါ် ရက်စက်လွန်းရာရောက်ပါတယ်။

“အန်တီလေး စိတ်မကောင်းပါဘူးသမီးရယ်”

“အန်တီလေးနဲ့မဆိုင်ပါဘူး”

“ဘာပဲဖြစ်ဖြစ် အန်တီလေးနဲ့တော့ သက်ဆိုင်ခဲ့တာပဲမဟုတ်လား။ ကိုလေးသာ. . .”

“အန်တီလေး”

မျက်ရည်ဝဲလျက်ငြိမ်သွားသည့် အန်တီလေး၏အေးစက်စက်လက်ကလေးကို သူမ ဖျတ်ခနဲဆုပ်ကိုင်လိုက်မိသည်။ မျက်ရည်မကျပေမယ့် အန်တီလေးရင်ထဲ မည်မျှကြေကွဲနေမည်ဆိုတာကို ‘လေး’သိနေပါတယ်လေ။

သုံးရက်တဲ့၊ အန်တီလေးရဲ့အိမ်ထောင်သက်တမ်းက သုံးရက်တည်းရယ်ပါ။ အဲဒီသုံးရက်မြောက်မှာ သတို့သားပူပူနွေးနွေးလေးရဲ့အဖြစ်ဆိုးကြီးကို ဘယ်သူက ခန့်မှန်းကြိုတင်သိနိုင်မှာတဲ့လဲ။ ကံကြမ္မာရဲ့ရက်စက်မှုကို ကြုံခဲ့ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



'လေး'လည်း မမေ့သေးပါဘူး။ အပြုံးချိုချိုလေးနဲ့ 'လေး'လက်ထဲကို မုန့်ဖိုးတွေတောင်ပေးခဲ့သေးတာ။ 'လေး'ခေါင်းလေးကိုအသာပုတ်ပြီး စတောင်မှစခဲ့သေးတာ။ "လေးလေးကိုဆေးကုပေးဖို့ ဆရာဝန်မကြီး လုပ်ချင်တာပေါ့လေ။ လေးလေးက လှဲလှဲကုပေးတာကို မခံချင်ဘူး။ သမီးကုပေးတာကိုပဲခံမှာ"လို့ပြောတော့ အန်တီလေးက လေးလေးရဲ့ လက်မောင်းကိုအသာထုလိုက်တာ 'လေး'တို့အတွက် နောက်ဆုံးမြင်ကွင်းလေးပါလေ။

"သမီးကို တကယ်ပဲပျော်ရွှင်စေချင်တာပါကွယ်"

ယုံပါတယ်၊ 'လေး'ယုံပါတယ် အန်တီလေးရယ်။ 'လေး'ကြေကွဲရတယ်ဆိုတာ အန်တီလေးကိုတော့ မီမယ်မထင်ပါဘူး။ 'လေး'က ချစ်ခြင်းတွေကို စွန့်လွှတ်ပစ်ခဲ့ရတာပါ။ အန်တီလေးက ချစ်ခြင်းရဲ့နှလုံးသားနဲ့ ဘဝတစ်ခုပါ ပျောက်ကွယ်ဆုံးရှုံးသွားခဲ့ရတာမဟုတ်လား။

"'လေး' လူချမ်းသာတွေနဲ့ မပတ်သက်ချင်တော့ဘူး အန်တီလေးရဲ့"

"မဟုတ်တာ. . . လူဆိုတာ လူချင်းတူပေမယ့် အသက်ရှူခြင်းတော့ ကွဲပြားကြပါသေးတယ်။ ဒါကိုသိရင် သမီး, သားချိုကိုလက်ခံဖို့ လုံလောက်မှာပါ"





အန်တီလေးက သူမလက်ဖမိုးလေးကိုနှစ်ချက်ပုတ်ကာ ထမင်းစားခန်းထဲမှ ထွက်သွားတော့၏။ 'သားချို'တဲ့လား။ နာမည်နဲ့မှမလိုက်ဖက်တာနော်၊ မျက်နှာမချိုဘဲ မှုန်ကုပ်ကုပ်ကျစ်ကန်ကန်ရုပ်လေးကို 'လေး'ရဲ့အိမ်ထောင်ဖက်အဖြစ် ဘယ်လိုရွေးချယ်လို့ရပါ့မလဲ။

ဟင်း. . . ဒီနေ့လည်း သူ့ကိုသွားကုပေးရဦးမှာလေ။ အတွေးကိုဖြတ်၍ ရေချိုးရန်အပေါ်ကိုတက်လာခဲ့၏။ ရေချိုးပြီး သနပ်ခါးရေကျဲလေး,လူးကာ ဆံပင်တွေကို ဖြန့်ဖြီးလိုက်ပါသည်။

ဒီဆံပင်တွေကိုဖွဖွကိုင်ခွင့်ရခဲ့တာ ကိုကိုတစ်ယောက်ပဲရှိခဲ့တာပါလေ။ မျက်[illegible]ထက်က ပါးပြင်မှာ ကိုကိုပဲ တစ်ခဏနားခွင့်ရှိခဲ့တာပါ။ ဒီလို[illegible]ပို့လက်မောင်းနွေးနွေးကို 'လေး'တစ်ယောက်ပဲ မှီခိုခွင့်ရှိခဲ့တာမဟုတ်လား။ ကိုကို့ရင်ခွင်မှာမှီထိုင်ရင်း မေးဖျားကိုလှမ်းကိုင်ဆော့ရတဲ့အခွင့်အရေးမျိုးကို 'လေး'သာ ရခဲ့တာပါလေ။

'ကလေး'တဲ့ ဘယ်သူမှမခေါ်ဖူးတဲ့ သညာလေးတစ်ခုနဲ့ 'လေး' ပျော်ဝင်ခဲ့မိတာအမှန်ပါ ကိုကိုရယ်။ ရင်ထဲမှာ မနေ့တစ်နေ့ကလို နွေးထွေးနေဆဲပါပဲ။ ဘယ်လောက်ပဲ နှစ်တွေရှည်ကြာအောင် ဝေးကွာနေပါစေ။ နှလုံးသားတွေက နီးကပ်ပြီး နွေးနေဆဲဆိုတာကို 'လေး'နဲ့ထပ်တူ ကိုကိုလည်း သိနေမှာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



လမ်းထိပ်ကို မှန်မှန်လျှောက်လာခဲ့၏။ Taxi တစ်စီးကို လှမ်းတား၍တက်ခဲ့ပါသည်။ ခပ်ဖွဲဖွဲရွာလာသည့် မိုးမှုန်တွေကို ကားမှန်ထဲမှ တစ်ဆင့် ငေးလာခဲ့မိ၏။ ထီးမဆောင်းမိတိုင်း စိတ်ဆိုးတယ်တဲ့လား။ ကိုကို ထီးဆောင်းပေးတာကို လိုချင်လို့ဆိုတော့ နဖူးကို လက်သီးဆုပ်ကြီးနဲ့ ထုချလိုက်တာလေ 'လေး'ရဲ့ထီးကလေးနဲ့ မလုံတလုံပူးပူးကပ်ကပ်ဆောင်းခွင့်ရခဲ့တာ အိပ်မက်မှမဟုတ်ခဲ့ဘဲ။

အခုရော 'လေး'ကို ဘယ်သူထီးဆောင်းပေးမှာလဲ၊ ဒါကို ကိုကို တွေးမိပါရဲ့လား။ ထီးဆောင်းဖို့ပျင်းတဲ့ ဆေးကျောင်းသူလေးရဲ့အလွမ်းတွေကို မှန်းဆမိပါရဲ့လားကိုကိုရယ်။ ချစ်တယ်ဆိုတာကို လွယ်လွယ်နဲ့ ပြန်ဖြေခဲ့တာမဟုတ်ရပါဘူး။ နှစ်ရှည်လများ တွယ်တာလာခဲ့တဲ့သံယောဇဉ် ထုထည်ရဲ့တွန်းအားနဲ့ ပြောဖြစ်ခဲ့တာပါ။

အဲဒီချစ်ခြင်းရဲ့နောက်ကွယ်မှာ အလွမ်းတွေရှိနေမှာကို 'လေး' မသိခဲ့ပါဘူး။ ပူဆွေးမှုသောကတွေ၊ အလွမ်းမီးတွေ၊ ကြေကွဲရက်စက်မှုတွေ များစွာများစွာကို တင်ကြိုမတွေးတတ်ခဲ့တာမို့ ကံကြမ္မာရဲ့ ရုတ်တရက်ထိုးနှက်မှုကို 'လေး'တို့ ခံလိုက်ရတာပါပဲ။

လက်ဖျားအေးအေးလေးကို နွေးလာအောင် ကိုကိုဆုပ်ကိုင်မပေးတော့ဘူးလား။ ကိုကို့လက်ဝါးထဲမှာ ပျောက်သွားရတဲ့ 'လေး'ရဲ့





သက်သေးသေးလေးတွေကို အသည်းယားလို့ ကိုက်စားချင်တယ်ဆို။ ီလက်ကလေးကို သူများတွေလုယူသွားမှာ အရမ်းစိုးရိမ်ခဲ့တာတဲ့လေ။

ခုတော့ 'လေး'ရဲ့လက်ကလေးကို ဘာမှမရင်းနှီးသေးတဲ့ကောင်သေးတစ်ယောက်ရဲ့လက်ထဲကို မျက်စိမှိတ်ပြီး ထည့်ပေးရတော့မှာလေ။ ကိုကိုသိပါရဲ့လား။ နှလုံးသားပျောက်ခဲ့တဲ့ကောင်မလေးရဲ့ ရှုံးနိမ့်ခြင်းတွေကိုလေ။

ကိုကိုနဲ့အတူ ခွဲစိတ်ခန်းဝင်ခဲ့ချင်တာပါ။ နှစ်ယောက်အတူတူ လူသားတွေရဲ့ကျန်းမာရေးကို ကုစားပေးချင်ခဲ့တာလေ။ ဘုရားအတူတက်တိုင်း၊ အလှူငွေအတူထည့်တိုင်း၊ အမြဲအတူတူဆုတောင်းခဲ့တာတွေက မေ့စရာမှမဟုတ်တာဘဲ။

"ဒေါက်တာကြည်လင်ထူးရဲ့နှလုံးသား"တဲ့လား။ ကိုကို့မွေးနေ့ပြောတုန်းက ရှက်ပြီးရယ်ခဲ့မိတာလေ မွေးနေ့လက်ဆောင်ဘယ်မှာလဲလို့မေးတော့ ကိုကို့ရှပ်အဖြူကော်လံမှာ လက်သီးဆုပ်နဲ့အသာဖိပြီး တံဆိပ်နှိပ်ပေးခဲ့တာပါ။ လက်မှာသုတ်လာတဲ့ ပန်းဆီရောင်ဆိုးဆေးတွေက ရှပ်အဖြူထက်မှာ နှုတ်ခမ်းပုံစံလေးစွန်းထင်သွားတာကို တအံ့တသြနဲ့ ငုံ့ကြည့်ပြီး သက်ဝင်တောက်ပတဲ့ ကိုကို့ရဲ့ကြည်လဲ့လဲ့မျက်ဝန်းတွေကို ဒီနေ့အထိ သတိရနေလျက်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



ခါးသိမ်သိမ်လေးကို ဇွဲ့ခနဲပင့်မြှောက်လိုက်တုန်းက လှုပ်ခနဲ အေးသွားရတဲ့ ရင်ခုန်လှိုက်မောခြင်းတွေ၊ ရယ်မောလိုက်တဲ့ ကိုကို့သွား တန်းဖြူဖြူတွေ၊ အဲဒီနောက် နဖူးထက်ရှိ ဆံနွယ်နုနုကို သပ်တင် ဖယ် ရှားပြီး ငုံ့မွှေးလိုက်တဲ့ နူးညံ့မှု၊ ထွေးဖက်ခြင်းခံလိုက်ရတဲ့ ရင်ခွင်ကျယ် ကြီးရဲ့နွေးထွေးမှုတွေ။ အားလုံးဟာ လတ်ဆတ်နေဆဲပါ။

"မဖြစ်နိုင်တော့ဘူးပေါ့နော်။ ကိုယ်တို့အတွက် အနာဂတ်ဆို တာ မရှိနိုင်တော့ဘူးလား။ ကိုယ်တို့အိပ်မက်တွေကို ကံကြမ္မာက ရိုက်ချိုး ခဲ့တာပေါ့၊ ဟုတ်လား။ ကိုယ့်နှလုံးသားတွေ အစိပ်စိပ်အမြွှာမြွှာ ကွဲအက် ကြေမွကုန်တာ 'ကလေး'မြင်ရဲ့လား။ ဒီလက်ကလေးကို ဆုပ်ကိုင်ခွင့်မရှိ တော့တာလောက် ဆုံးရှုံးမှုမျိုး ကိုယ့်ဘဝမှာ နောက်ထပ်မရှိတော့ပါဘူး။ 'ကလေး'ကို ကိုယ့်ရဲ့နောက်ဆုံးထွက်သက်အထိ ချစ်သွားမှာကို ယုံပေးပါ။ ကိုယ်နှုတ်ဆက်ခဲ့ပါတယ်"

ပွဲတင်ကြားယောင်လိုက်တဲ့ စကားသံနောက်မှာ ပါးပြင်ထက် မျက်ရည်တို့က စီးကျသွားရပါ၏။ 'လေး'စိတ်တွေ မတည်ငြိမ်သေးတာ အမှန်ပါလေ။ ဒီမျက်ရည်တွေကို ခုချိန်ထိ 'လေး' မက်မောခုံမင်နေဆဲ ဆိုတာကို သိပါလေစ,ကိုကိုရယ်။



## အခန်း (၆)

"ဘာကယ်ပြောလိုက်တာလား"

ခေါင်းကိုသာ ညိတ်ပြလိုက်၏။ duty coat ကို ချိတ်မှာချိတ် လိုက်ပြီး ခုံမှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်မိသည်။ နဖူးမှချွေးစတို့ကို လက်ကိုင်ပဝါဖြင့် အသာတို့သုတ်လျက် သက်မောတစ်ရှိုက်ကို ချမိလေ ၏။

"နင်တို့နှစ်ယောက် မြင်ဖူးပြီပေါ့လေ"

"မြင်ဖူးတယ်လေ၊ ခြေထောက်အနာခွဲရမယ့်လူနာလေးအဖြစ် [illegible]"



www.burmeseclassic.com

www.burmeseclassic.com



"ပြောတော့မယ် ကန့်လန့်"

နှင်းသဇင်က သူမရှေ့ခုံမှာ ဝင်ထိုင်လိုက်ပြီး လက်ကိုလှမ်းပုတ်လိုက်လေ၏။ ကျောင်းအတူပြီးခဲ့သည့်သူငယ်ချင်းမို့ သူမအကြောင်းတွေကို အကုန်သိထားတာမဟုတ်လား။ ကိုကိုနဲ့ကလေးတို့ ချစ်ခြင်းတွေ၊ လွမ်းမောမှုတွေကို သဇင်သာ မျှဝေခံစားပေးခဲ့တာပါလေ။

"ကောင်လေးက ဘယ်လောက်များငယ်လို့လဲ"

"သုံးနှစ်တောင်မှ"

"သိပ်မကွာလှပါဘူး ဖြူရဲ့။ နင်က နုတာပဲဟာ"

"ကျွတ်! မဖြစ်နိုင်ပါဘူး သဇင်ရယ်။ အိမ်ထောင်ဖက်ဆိုတာ ကိုယ်အားကိုးအားထားပြုလို့ရတဲ့အရွယ်မျိုးပဲ ကောင်းတာမဟုတ်လား။ တော်ကြာ စိတ်ကောက်နေတဲ့ယောကျ်ားကို ဒေါက်တာဖြူဖြူလေး လိုက်ချော့နေရတဲ့အဖြစ်တွေ ဖြစ်လာရင် သွားရောပဲ"

"ဘယ်သွားတာလဲ"

"သိက္ခာတွေကျကုန်မှာကို ပြောတာလေ"

သဇင်က သဘောကျစွာဖြင့် ရယ်မောလိုက်လေ၏။ ဟုတ်တယ်လေ။ 'လေး'အဖြစ်က အဲဒီလိုကြီးဖြစ်လာနိုင်တာမဟုတ်လား။ ဒီကောင်လေးကို စမြင်လိုက်ကတည်းက စိတ်ထဲထင့်သွားရတာ၊ အိမ်မှာ ဘယ်





လောက်တောင်မှ စိတ်ဆိုးစိတ်ကောက် ဂျစ်တိုက်လိုက်မလဲဆိုတာ မြင်ရံနဲ့ ခန့်မှန်းလို့ရနေတာလေ။

"ချောလား"

"နင် သွားကိုင်ကြည့်ပေါ့"

မျက်စောင်းလှမ်းခဲပြီး ပြောလိုက်တာကို သဇင်က စိတ်မဆိုးဘဲ ရယ်လိုက်ပြန်လေ၏။ အဲဒါပဲ၊ နှင်းသဇင်ဆိုတာ မျက်နှာချိုပြီး အမြဲရယ်ပြုံးနေသူပါ။ သူမလိုခပ်တည်တည်နှင့် မျက်နှာတင်းမာနေသူမဟုတ်တာမို့ သဇင်နဲ့ 'လေး'ဟာ ဆန့်ကျင်ဘက်လူနှစ်ယောက်လို တွဲဖက်ဖြစ်နေတာလေ၊ သဇင့်မျက်နှာမှာ အပြုံးကလွဲပြီး စိတ်ညစ်တာမျိုး တစ်ခါမှ မတွေ့ရပါ။ စိတ်ထားဖြူစင်တာကို သဇင့်မျက်နှာကိုမြင်ရုံနဲ့ သိနိုင်စေတာမဟုတ်လား။

ဒါဆို 'လေး'က စိတ်တွေ မည်းညစ်နေလို့လား. . . ဟင့်အင်း၊ မဟုတ်တာ၊ 'လေး'ကိုက မျက်နှာကြည့်ပြီး ခန့်မှန်းလို့မရအောင် 'လေး' က သိုသိပ်ကွယ်ဝှက်ထားတတ်တာမဟုတ်လား။ အဲဒါ ဖေဖေနဲ့တူတဲ့ 'လေး'ရဲ့မျက်နှာထားပါပဲ။

"စကားကိုဘယ်တော့မှအကောင်းမပြောဘူး။ အဲဒါနဲ့များ နင့်ကိုကြိုက်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေသေးတယ်။ ဇင်သာ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



လေးဖြစ်ရင် နှင့်လိုပုံစံကို လုံးဝမရွေးဘူး။ စိတ်ချ"

"ဩော်. 'လေး'က 'လေး'ကို ချစ်ပါကြိုက်ပါလို့ ပြောနေ လားသဇင်ရဲ့"

"မပြောပေမယ့် ဇင်ပြောတာများလို့လား ဖြူရဲ့။ အန်တီလေး ရဲ့ ဆေးခန်းမှာ အန်တီလေးထိုင်တာထက် နင်ထိုင်ချိန်ကနည်းပြီ။ လူ နာဝင်တဲ့ list က သာနေတာလေ။ ဟွန်း! List ထဲမှာ လူနာ (၃၀)ရှိရင် အစိတ်လောက်က ယောကျ်ားလေးတွေဖြစ်နေတာများ မနာလိုစရာကြီး"

"နေမကောင်းလို့ ဆေးခန်းလာပြတဲ့လူနာတွေကိုများ မနာလို ဖြစ်နေသေးတယ်။ မကျေနပ်ရင် နင်လာထိုင်ပေါ့လို့"

"စတာပါဟယ်။ ဇင်စဉ်းစားမိတယ်သိလား။ နှင့်ကို ယောကျ်ား တွေက ဘာကိုကြည့်ပြီးများ ကြိုက်ကြသလဲလို့လေ"

သဇင်က စားပွဲပေါ်လက်ထောက်၍ကြည့်နေတာမို့ သူမ ပြုံး လိုက်မိ၏။ သူမအပေါ် သဇင်ဘယ်လောက်ခင်တွယ်သလဲဆိုတာကို သိ ထားတာမဟုတ်လား။ ဘယ်တော့မှစိတ်ဆိုးဒေါသထွက်လေ့မရှိသည့် ဤသူငယ်ချင်းလေးကို 'လေး'လည်း သိပ်ချစ်ရတာအမှန်ပါလေ။

"ရူးပြီဟယ်"

"ဟုတ်တယ်လေ မျက်နှာကလည်းအမြဲစူပုပ်တည်တင်းနေ





လား။ စကားပြောရင် တိုတိုပြတ်ပြတ်မာမာတောင့်တောင့်နဲ့ အချိုးကမပြေ ပြေသာသာ တစ်စက်လေးမှမရှိ။ အရပ်က ကလန်ကလား။ ကိုယ်ခန္ဓာ က နိုင်ငံခြား Model တွေလို ခပ်ပါးပါးနဲ့ လှလှပပတစ်ချက်မှမရှိတဲ့ နင်းကို"

"ကျန်သေးလား"

"ဘာလဲ"

"လေးရဲ့ပြစ်ချက်တွေလေ၊ များများလေးပြောပြစမ်းပါ သဇင် ရယ်။ ဒါမှသိထားရအောင်လို့"

"တွေ့လား။ တော်ရုံလူဆို ဒီလောက် ဇင်ပြောတာနဲ့ စိတ်ဆိုး ပြီး ထအော်လောက်ပြီ။ တကယ်ပဲ အသည်းက,မာပဲ့။ ဟွန်း"

သူမ တစ်ချက်ရယ်လိုက်၏။ တကယ်မနာလို့ဘဲ ပြောတာမှ မဟုတ်ဘဲ။ သဇင်ပြောတာ အမှန်တွေပဲကို။ လူတွေက အမှန်ကိုပြောရင် နာတတ်ကြသတဲ့လေ။ 'လေး'ကတော့ မနာတာအမှန်ပါပဲ။

အသည်းမာတယ်တဲ့လား။ 'လေး'ရဲ့အသည်းက မာလို့မရ အောင် အက်ကွဲနေတာ မသိလို့ပြောနေတာများလား သဇင်ရယ်။

"နင်ဘယ်လိုသဘောရလဲ"

"ဘာကိုပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''နင့်ရဲ့နတ်သျှင်နောင်လေးကို ပြောနေတာလေ''

''လာပြန်ပြီ၊ 'လေး'က ဓာတုကလျာလောက်အသက်ကြီးနေတာမှမဟုတ်တာ။ မတန်မရာနှိုင်းပြန်ပြီ''

''ကောင်လေးက အတော်ထောတာပဲ၊ ဒါကိုတော့ ထည့်စဉ်းစားရမယ်''

''ဘာလဲ၊ နင့်မျက်စိထဲမှာ Globe Tower ကြီးပေါ်လာပြီလား။ ဒါဆိုရင် စိတ်ကူးမလွဲနဲ့။ နင်ပဲ အဲဒီကောင်လေးကိုယူလိုက်''

သဇင့်ထံမှ အသံတိတ်ကျိန်ဆဲဟန်ပေါ်လာလေ၏။ 'လေး'က သဇင့်အပေါ်ကိုတော့ အရင်ကတည်းက နည်းနည်းနိုင်စားတတ်သည်လေ။ အဲဒါဟာ တမင်တကာကြီးနိုင်တာမျိုးတော့မဟုတ်ဘဲ သဇင်ကိုယ်တိုင်က 'လေး'အပေါ် အလျှော့ပေး အနစ်နာခံတတ်တာမျိုးပါပဲ။

''သူ မယူချင်တာနဲ့ ထိုးပေးနေပြန်ပါပြီ''

''နင်ပဲစဉ်းစားမယ်ဆို''

''နင့်အစား ပြောပေးနေတာဟဲ့၊ ဇင်တို့မိဘတွေ ချမ်းသာတယ်ဆိုတာ အဲဒီမိသားစုကိုတော့ ဘယ်မီပါ့မလဲ၊ ဇင့်ပါပါဆို ဆေးရုံအုပ်လစာပဲရှိတာ၊ မာမာက အိမ်၊ ခြံ၊ မြေ ရောင်းဝယ်တတ်လို့ ဒီလိုနေနိုင်တာလေ။ ဖြူ့ဖေဖေကျ ကုမ္ပဏီပိုင်ရှင်မို့ တော်သေးတယ်။ ဘာပဲဖြစ်ဖြစ်





ဒီကောင်လေးရဲ့ Back Ground ကို ထည့်မစဉ်းစားလို့မှမရဘဲ''

''အဲဒီတော့''

''နင် Yes သာ Yes လိုက်ပါ ဖြူရာ။ Absolutely Yes လိုက်''

''အေး 'လေး'ကို ချောက်ထဲအပြီးသာတွန်းချလိုက်၊ သိလား၊ အကောင်းစဉ်းစားပေးမလား မှတ်တယ်၊ ဒီဘူတာပဲ နောက်ဆုံးဆိုက်တာပဲ၊ တော်ပြီ့. ပြန်တော့မယ်''

''အတူပြန်ကြမယ်လေ''

''နင်နဲ့ကားအတူစီးလို့မဖြစ်ဘူး''

''ဘာဖြစ်လို့လဲ''

''ဒင်းလေးဆီ သွားရဦးမှာဟဲ့''

''OK မဆိုးဘူး။ မြင်ပါများမှ နင့် Heart လေး အိပ်ပျော်နေရာက နိုးလာမှ''

''နင်ပဲ နိုးဟဲ့''

သဇင်က ခပ်လျှောင်လျှောင်ရယ်လိုက်လေ၏။ သူမမျက်စောင်းခဲလိုက်ပြီး သိမ်းစရာရှိတာတွေကိုသိမ်းလိုက်ပြီး ထရပ်လိုက်သည်။ ချိတ်မှာချိတ်ထားသည့် duty coat ကိုဖြုတ်၍ အသာခေါက်၍ လက်မောင်း



www.burmeseclassic.com

www.burmeseclassic.com



ထက် တင်ကိုင်လျက် ဆေးရုံပေါ်မှဆင်းလာခဲ့၏။

ဆေးရုံဝင်းထဲမှ ခပ်မှန်မှန်လျှောက်၍ ထွက်လာခဲ့သည်။

လမ်းမကြီးထက် မောင်းလာသည့် Taxi တစ်စီး လှမ်းတား လိုက်ပါ၏။

သဇင်က yes လိုက်ပါတဲ့။ ဘယ်ဖြစ်ပါ့မလဲ။ 'လေး'ရဲခေါင်း အညိတ်မှာ ဒီလိုပကာသနတွေပါနေရင် အဲဒီဘက်က အဘယ်မှုအထင် အမြင်သေးလိုက်ကြမလဲ။ လေးအရွယ်က ဘဝကို ဦးနောက်နဲ့ရွေးတဲ့ အရွယ်မို့ လွယ်လင့်တကူခေါင်းညိတ်မိတာနဲ့ လေးတို့မိသားစုရဲ့ဂုဏ် သိက္ခာမှန်သမျှ မြေပေါ်ကို ဝေါခနဲကျသွားတော့မှာလေ။

''ဒေါက်တာ လာပါပြီ''

Taxi ပြန်ထွက်သွားသည်နှင့် အိမ်ထဲမှ သတင်းပို့သံထွက်လာ ပါ၏။ အန်တီထွက်မကြိုခင် အိမ်ထဲသို့ 'လေး'ဝင်လိုက်လေသည်။

''ဒီနေ့ သမီးစောသားပဲ''

''ဟုတ်ကဲ့ အန်တီ''

တိုတိုပြတ်ပြတ်ပြောတတ်သတဲ့။ ဟုတ်ပါတယ်. . .'လေး'က စကားကို သိမ်သိမ်မွေ့မွေ့နဲ့ တန်ဆာဆင်ပြီး မပြောတတ်တာအမှန်ပါပဲ။

''သူ ညကဖျားသေးလား။ အနာရော ကိုက်တယ်ပြောလား





အန်တီ''

''ဖျားတော့မဖျားဘူး သမီးရဲ့။ ကိုယ်တော့ နည်းနည်းနွေးနေ တယ်။ အနာကတော့ သိတဲ့အတိုင်း နာတယ်အော်တုန်းပေါ့''

သူမ ခေါင်းကိုသာညိတ်ပြလိုက်ပါ၏။ အခန်းထဲဝင်တော့ ခုတင် ခေါင်းရင်းကိုမှီထိုင်နေသည့် သူမ၏လူနာလေးကို မြင်လိုက်ရလေသည်။ ဆိုးပါဘူး။ ထိုင်နိုင်တယ်ဆိုမှတော့ အတော်လေးသက်သာနေပြီပဲ။

''အနာဆေးပြီး ဆေးထည့်မယ်နော်။ Temperature နဲ့ BP (Blood Pressure) တိုင်းရအောင်''

လျှာအောက်ကို Thermometer ထည့်ဖို့ပြင်တော့ ပါးစပ် ကို သူ အသာဟပေးလိုက်ပါ၏။ သိပ်မလိုအပ်မှန်းသိသော်လည်း ဒီ ဘက်လေး ဂရုစိုက်သွေးပေါင်ချိန်ပေးမှုတော့ လုပ်သင့်သည်ဟုထင် သည်။

''Hundred ဆိုတော့ သိပ်မစိုးရိမ်ရပါဘူး။ (BP)လည်း Normal ပါပဲ အန်တီ''

''ထမင်းကျွေးလို့ဖြစ်ပါတယ်နော် သမီး''

''ဖြစ်ပါတယ် အန်တီ။ 'လေး' ဆေးပေးခဲ့ဦးမှာပါ။ အနာပြည် ည့်စေမယ့်အဆီဟင်းတွေသာ ထည့်မကျွေးမိပါစေနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"အင်းအင်း. . ."

"မှောက်လိုက်နော်"

စကားတစ်ခွန်းမှမပြောဘဲ သူမလုပ်ပေးနေတာကိုလိုက်ကြည့်နေသည့်ချာတိတ်ကြောင့် မျက်နှာကို ပြုံးလိုက်ချင်ပေမယ့် တည်ထားဖြစ်လေ၏။ အနာကိုပတ်တီးဖြည်ကာ GOSS တွေ ကော်ထုတ်တော့ သူ့အံကိုကြိတ်ထားတာကို လက်သီးဆုပ်တွေက သက်သေခံနေလေသည်။ ဟိုနေ့က အော်ဟစ်နေခဲ့တာတွေကို ရှက်နေပြီထင်ပါရဲ့။

ဂလိုင်ပေါက်က တိမ်နေပြီမို့ ဘာမှမသွတ်တော့ဘဲ ဆေးထည့်ဂွမ်းပိတ်ကာ ပတ်တီးပြန်စည်းပေးလိုက်ပါသည်။

"မနက်ဖြန် 'လေး'လာစရာမလိုတော့ဘူးထင်ပါတယ်အန်တီ။ အနာက အညှော်မဝင်လို့ထင်ပါရဲ့၊ အကျက်မြန်တယ်။ အသားလည်းတက်နေပြီ။ အနာပျောက်ပျောက်ခြင်း ရေမစိမ်နဲ့ဦး။ နောက်ကို သတိထားပါ။ မင်းရဲ့အသားက အရမ်းနုတော့ အနာဖြစ်လွယ်တယ်လေ"

လက်ဝင်ဆေးပြီးမှ သောက်ဆေးပြင်ဆင်ပေးရင်း ပြောတော့ သူ မျက်မှောင်ကုတ်နေတာကို သတိထားမိ၏။ သူ့အမေ ဘာပြောထားမှန်းမသိပေမယ့် ဒီနေ့ ကိုမကျဘဲ အတော်လေးလိမ္မာနေတာကို သိလိုက်ရဘာလေ၏။





"ဆေးသုံးခွက်စာကုန်ရင် အပျားလည်းပျောက်မှာပါ။ အအေးမိစေနဲ့"

"မမ့ မလာရင် ဆေးခန်းကို ကျွန်တော်လာရမှာလား"

"မလိုဘူးလေ"

"ကျွန်တော့်ကို. . . မမရဲ့သာမန်လူနာတွေလို မဆက်ဆံပါနဲ့။ ကျွန်တော်မကြိုက်ဘူး"

"ဟဲ့! သားလေး"

သူမ ဆေးသေတ္တာထဲပစ္စည်းတွေထည့်သိမ်းရင်း ဖျတ်ခနဲကြည့်လိုက်မိ၏။ သူမကို ခပ်တည်တည်ပြန်ကြည့်နေသည့်ကောင်လေး၏မျက်လုံးများနှင့် ဆုံသွားလေသည်။ ကြိုက်တယ် ခွန်ချိုသာ။ 'လေး'က အဲဒီလိုမာမာကျောကျောပြောဆိုတာမျိုးကို ပိုသဘောကျပါတယ်။

"မင်းက ဘယ်လိုပြောစေချင်လို့လဲ၊ ဖြူဖြူလေးက လူနာရယ်၊ မိတ်ဆွေရယ်ဆိုပြီး ဘယ်သူတွေကိုမှ ခွဲခြားပြီးမပြောတတ်ဘူး၊ ဒီလေသံမျိုးတစ်သံပဲ အမြဲထွက်တယ်ဆိုတာကို မင်းသိထားပါ။ လောလောဆယ် မင်းက တို့ရဲ့လူနာပဲ ခွန်ချိုသာ။ ဆေးရုံက လူနာ၊ ဆေးခန်းက လူနာ၊ Home လိုက်ကုပေးတဲ့လူနာ အားလုံးအတူတူပါပဲ။ ငွေပိုပေးလို့ဆိုပြီး တို့က ငွေမျက်နှာနဲ့ ဘက်လိုက် မျက်နှာချိုသွေးတတ်တဲ့ ဆရာဝန်မျိုး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးဆိုတာကို မင်းသေချာစုံစမ်းကြည့်လိုက်ပေါ့။ တစ်ခုပါပဲ၊ တို့ လူနာတွေကို စကားများများပြောမိတာ မင်းတစ်ယောက်ပဲရှိသေးတာ ပါ။ ကဲ, ခွင့်ပြုပါဦး''

''ကျွန်တော်ဆိုလိုတာ အဲဒီလိုမှမဟုတ်ဘဲ မမရဲ့''

''ဒီညနေ ဆေးခန်းမှာ လူနာတွေများမှာမို့ စောစောဖွင့်ပေး ရမယ် ခွန်ချိုသာ၊ တို့မှာ မင်းနဲ့စကားပြောဖို့ အချိန်မပိုလို့ sorry ပါ။ 'လေး'ပြန်လိုက်ပါဦးမယ် အန်တီ''

စကားကိုတိခနဲဖြတ်ချ၍ အိမ်ပေါ်မှဆင်းလာခဲ့၏။ အန်တီက ဘာမှမဖြစ်သလို စကားတွေပြောတာကို အလိုက်သင့်ပြန်ပြောလိုက်ရ ပါသည်။

ဘယ်လိုလဲ ခွန်ချိုသာ. . . ဖြူဖြူလေးရဲ့မာကျောခြင်းတွေ ကို မင်းသိလောက်ပြီထင်ပါရဲ့နော်။



## အခန်း (၇)

''သမီးဖေဖေ, စာကြည့်ခန်းထဲမှာစောင့်နေတယ်''

ဆေးခန်းမှ ပြန်ရောက်ရောက်ခြင်း မေမေပြောလိုက်တာမို့ ငိုင်မောသွားရပါ၏။ ဘာတွေပြောဦးမှာလဲ။ ထုံးစံအတိုင်း ခေါင်းညိတ် ပေးရမယ့်ကိစ္စကိုပဲလား။ water cooler ထဲမှရေကို ခွက်ဖြင့်ငှဲ့ထည့် ၍ မော့သောက်လိုက်ပါ၏။ ရေက မအေးဘဲ ပူနေသည့်နှယ်။

စာကြည့်ခန်းတံခါးကို နှစ်ချက်ဆင့်၍ခေါက်လိုက်ပါ၏။

''ဒေါက်! ဒေါက်! ''

''ဝင်ခဲ့''

www.burmeseclassic.com



ကျွန်းတံခါးကို အသာတွန်း၍ဖွင့်လိုက်စဉ် ဖေဖေ့ကို ပြတင်းတကိုမျက်နှာမူလျက် ရပ်နေတာကိုတွေ့လိုက်ရလေသည်။

''ထိုင်''

ခြေသံဖွ၍ဝင်လာခဲ့ပြီး စားပွဲကြီးဘေးရှိ ခုံမှာဝင်ထိုင်လိုက်ပါ၏။ ဒီအခန်းထဲဝင်ပြီးပြောမည့်စကားက မေမေ့ကိုမသိစေချင်တဲ့စကားပေါ့လေ။ မေမေက နှလုံးရောဂါအခံရှိသူမို့ စိတ်ထိခိုက်မှုဖြစ်စေမည့်စကားတို့ကိုအသိမပေးဘဲ အခုလို အခန်းထဲမှာပဲ တိုးတိုးတိတ်တိတ်ပြောဖြစ်ကြတာပါ။

''သားချိုကို သမီးဘယ်လိုမျိုးပြောခဲ့တာလဲ''

ထင်တဲ့အတိုင်းပါပဲလား။ ညတောင် မိုးမချုပ်ခင် ဖေဖေ့ဆီဒီကိစ္စက အနေးနဲ့အမြန်ဆိုသလိုရောက်သွားတာလေ။ ခွန်ချိုသာ, တင်ဆိတ်, မင်း, ကလေးဆန်တဲ့လုပ်ရပ်တွေကို ဆက်မလုပ်ပါနဲ့လား။

''လေး ဘာပြောမိလို့လဲဖေဖေ''

''သမီးကို ဖေဖေဘယ်လိုပြောခဲ့သလဲ''

''. . .''

''သားချိုနဲ့သမီးကိုသဘောတူထားပါတယ်လို့ အသိပေးထားပါလျက်နဲ့ သမီးဘက်က အခုလို သူစိမ်းဆန်ဆန်ပြောတာမျိုး ဖေဖေ





ကြိုက်ဘူး သမီး။ မထိပ်ထားကို ဘယ်လောက်အားနားစရာကောင်းလိုက်သလဲ။ ဖေဖေ့သမီး ရိုင်းပြတာ ရှက်စရာပဲ''

ဒါ ရှက်စရာလား။ လူနာမို့ လူနာလို့ပြောမိတာကို ရှက်ရမှာလားဖေဖေ။ လူကုံထံတွေကြားမှာ ဒီလိုစကားမျိုးက ရှက်စရာလို့ပဲ ဖေဖေ, ယူဆထားတာလားဟင်။

''လေး'ပြောတဲ့စကားထဲမှာ အမှားမပါ,ပါဘူးဖေဖေ''

''မပါဘဲနဲ့ ဖေဖေကပြောမလား သမီးရဲ့။ သားချိုက သမီးအပေါ်လက်ခံတဲ့သဘောနဲ့ အစပျိုးလာတာကို သမီးက အပြီးအပြတ်နဲ့စိတ်ပြောလိုက်တာ ပညာတတ်တွေရဲ့လုပ်ရပ်မျိုးမှမဟုတ်တာ''

လက်ခံတဲ့သဘောတဲ့။ အရုပ်တစ်ရုပ်ကို အရင်လာကြည့်ပြီးနှစ်သက်သဘောကျမှ ငွေချေတာ၊ သက်မဲ့ပစ္စည်းကိုအရောင်းအဝယ်လုပ်တဲ့သဘောမျိုးပါဖေဖေ။ 'လေး'က ရောင်းကုန်မှမဟုတ်ဘဲ။ ပြီးတော့'လေး'ရဲ့နှလုံးသားကိုလည်း. . . သူတို့ဘက်က ဘယ်လောက်နဲ့ပဲ တင်တောင်းနေပါစေ။ 'လေး'လုံးဝမပေးနိုင်ပါဘူး။ ဒါအမှန်ပဲ။

''ဖေဖေ့ခေါင်းထဲမှာ 'လေး'ကို အဲဒီကောင်လေးနဲ့ပဲ သင့်တော်တယ်လို့ မှတ်ထားတာလား''

''ဟုတ်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအသိုင်းအဝိုင်းထဲမှပဲ 'လေး'က ဝင်ဆံ့မှာလား ဖေဖေ။ 'လေး' ဒီဘဝမှာ ဒီအဆင့်လောက်နဲ့ပဲ ကျေနပ်နေထိုင်နိုင်ပါတယ်။ ဒီ့ထက်ပိုပြီးမြင့်တာမျိုးကို မလိုချင်ပါဘူး။ 'လေး'. . .'

"သမီးကိုရွှေးချယ်ခိုင်းနေတာမျိုးမဟုတ်ဘူးနော် ဖြူဖြူလေး။ လက်ခံခိုင်းနေတာ၊ ဘာကိုမှ ဘယ်သူနဲ့မှနှိုင်းယှဉ်ဖို့မလိုဘဲ သူ့ကိုခေါင်းညိတ်ခိုင်းနေတာ။ ဘာကိုတွေဝေနေရတာလဲ"

"လေး'မှ သူ့ကိုမချစ်တာ"

"ဖြူဖြူလေး"

"လေး'ရင်ထဲမှာ ကိုကိုတစ်ယောက်ပဲရှိတယ် ဖေဖေ။ ကိုကို့နေရာမှာ ဘယ်သူ့ကိုမှအစားထိုးမပေးနိုင်ဘူး။ ကိုကိုကလွဲပြီး 'လေး' ဘယ်သူ့ကိုမှနောက်ထပ်မချစ်နိုင်ဘူး"

"တော်စမ်း! "

စားပွဲကို ဝုန်းခနဲရိုက်ချလိုက်တာမို့ သူမ တစ်ချက်တုန်သွားရပါ၏။ 'လေး'ကိုရိုက်ချင်လို့လားဖေဖေ၊ ရိုက်လိုက်ပါ၊ 'လေး' အရိုက်ခံနိုင်ပါတယ်။ မလိမ္မာတဲ့သမီးလေးကို အဖေတစ်ယောက်အနေနဲ့ ဖေဖေ ရိုက်ခွင့်ရှိပါတယ်လေ။

"အရှူးမ, နင်ရူးနေလား၊ ခုထိ အဲဒီနာမည်ကို တောင့်တနေ





တုန်းပဲလား။ နင့်အဒေါ် ငါ့ညီမတစ်ယောက်လုံး ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဘဝ ရောက်ခဲ့ရတာ၊ ဘဝကြီးကံဆိုးမိုးမှောင်ကျခဲ့တာကို နင် မေ့လိုက်ပြီလားဟင်. . . ဖြူဖြူလေးရဲ့"

ပါးပြင်ထက် မျက်ရည်တွေစီးကျလာပါ၏။ မဆိုင်ပါဘူးဖေဖေ။ အန်တီလေးမှာ ဇာတာပါလာလို့ပဲဖြစ်မှာပါ။ လေးလေးမှာလည်း အဲဒီ နေ့မှာ သေနေ့စေ့လို့ဖြစ်မှာပါ။ လေးလေး မတော်တဆကားAccident ဖြစ်ပြီး ဆုံးပါးသွားတာနဲ့ 'လေး'တို့ချစ်သူနှစ်ယောက် ဝေးကွာသွားရ တာ ပတ်သက်စရာတဲ့လား။

"နီနီ့ကိုမရလို့ တမင်လုပ်ကြံလိုက်တဲ့ကောင်ရဲ့ညီကိုမှ, နင်"

"မဟုတ်ဘူး. . . မဟုတ်ပါဘူး"

သူမမျက်နှာကိုလက်ဖါးဖြင့်အုပ်ကာ ရှိုက်ငိုလိုက်မိ၏။ သူငယ် ချင်းတွေပဲ ပွင့်လင်းမှုရှိသင့်တာပေါ့။ တစ်ယောက်ရဲ့ပိုင်ဆိုင်ခွင့်ကို တစ် ယောက်က မနာလိုဝန်တိုစရာလား။ နှစ်ဦးအတူ ကြည်ဖြူစွာ မင်္ဂလာ ဆောင်ခဲ့ကြတာပါ။ ဒါကိုမှမကျေမနပ်နဲ့ ခေါင်းချင်းဆိုင်ပြီး ကားနဲ့တိုက် ကြသတဲ့။

"ကိုကိုကြီးရဲ့ကား brake ပေါက်သွားတာပါ" "ရှေ့တည့်တည့် ဘာ့နိကားကို ကျော်တက်လိုက်တဲ့အရှိန်နဲ့ ဝင်တိုးသွားတာပါ" "အချစ်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသူငယ်ချင်းရဲ့ကားမှန်း မသိခဲ့ပါဘူး''လို့ ဆေးရုံခုတင်ထက်မှာ သေ ငယ်ဖောနဲ့ဝေဒနာခံစားရင်း ပြောပြခဲ့တာ သွေးအလူးလူးလက်နဲ့ ကိုကို့ လက်ကိုကိုင်ပြီး ပြောပြခဲ့ပါလျက် သူမကလွှဲပြီး မည်သူမျှမယုံကြည်ပေး ခဲ့ပါလေ။

''ဘယ်တော့မှမဖြစ်နိုင်ဘူး။ ဖေဖေတို့အတိတ်ကို ဘယ်လိုမှ ဖျောက်ဖျက်လို့မရတာ သမီးသိပါတယ်။ မမိုက်မဲချင်ပါနဲ့သမီးရယ်''

''လေး' တောင်းပန်ပါတယ်ဖေဖေ။ ကိုကို့ကိုမချစ်နဲ့ဆို 'လေး' မချစ်တော့ပါဘူး။ အဆက်ဖြတ်ပါဆိုလို့လည်း ဖြတ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ 'လေး'ကို 'လေး'ကို တခြားတစ်ယောက်နဲ့တော့ လက်မထပ်ခိုင်းပါနဲ့''

''တော်သင့်ပြီပေါ့သမီးရယ်။ သမီးကို ဖေဖေ အချိန်တွေအများ ကြီးပေးထားခဲ့တာပါ။ ဖေဖေ့သမီးရဲ့စိတ်လေး အနည်ထိုင်ပြီး နောက် ထပ်တစ်စုံတစ်ယောက်ကိုလက်သင့်ခံနိုးနဲ့ မျှော်လင့်ပေးခဲ့ကြတာပါ''

''. . .''

''ဒါပေမဲ့ သမီးက ဖေဖေတို့မျှော်လင့်ထားပေးသလို ဖြစ်မလာ ဘူး။ ကမ်းလာသမျှလက်တွေကို အကြောင်းအမျိုးမျိုးပြပြီး ငြင်းဆယ်ခဲ့ ချခဲ့တယ်။ တော်သင့်ပြီ။ အခုသမီးရဲ့အသက် (၂၄)နှစ်ရှိနေပြီလေ။ အဲဒါ ကို သမီးသတိထားမိရဲ့လား''





''လေး' ဒီနှစ်မှ ဆရာဝန်ဖြစ်ရတာပါဖေဖေ''

''အေးလေ. ဒါကြောင့်ပဲ ဖေဖေတို့လက်ပိုက်ကြည့်ခဲ့တာပေါ့။ အရွယ်မလင့်ပါစေနဲ့လားသမီးရယ်''

''လေး' 'လေး' တစ်ယောက်တည်းပဲနေပါရစေ ဖေဖေရယ်''

အခန်းအတွင်း စကားသံတို့တိတ်ဆိတ်သွားရပါ၏။ သူမ၏ရှိုက် သံသဲ့သဲ့သာ တိုးတိုးထွက်နေလေသည်။ ဖေဖေက သူမကိုပြောမရနိုင် သဖြင့် ရှေ့တည့်တည့်ခုံမှာ ဝုန်းခနဲပစ်ထိုင်ချလိုက်လေ၏။

''မိဘဆိုတာ ကိုယ့်သားသမီးကို ဆင်စီးမြင်းရံတာမျိုးပဲလို ချင်တာ။ ဆင်နင်းပြီး မြင်းကန်ခံရသလိုအဖြစ်မျိုး သမီးကို ဖေဖေမမြင် ချင်ဘူး''

''လေး'က 'လေး'က မိုက်မဲတဲ့သမီးမျိုးမဟုတ်ပါဘူး ဖေဖေ။ ကိုကို့ကို 'လေး'ဘယ်တော့မှလက်ထပ်မှာမဟုတ်ပါဘူး။ 'လေး'ပေးထား တဲ့ကတိကို အသက်နဲ့ထပ်တူတည်မှာပါ။ ဒါပေမဲ့''

''ဒီအတိုင်း တစ်ယောက်တည်းနေရုံနဲ့ သမီးဘဝ ပြည့်စုံလုံ ခြုံပြီလို့ မယူဆလိုက်နဲ့သမီး။ လောကမှာ ဘယ်မိန်းမမှ တစ်ယောက် တည်းရပ်တည်လို့ မတင့်တယ်ဘူး''

''လေး'လက်မထပ်ချင်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



လေသံက တိုးဖျော့ဖျော့၊ အားတွေယုတ်လျော့ကုန်ပြီလား ခွန်အားတွေကုန်ဆုံးခဲ့ပြီထင်ပါရဲ့။ အရင် ငယ်စိတ်နဲ့တုန်းကလို အသံ ကုန်အော်ဟစ်ငိုကြွေးချင်လိုက်တာနော်။ အဲဒီတုန်းက ဖေဖေ 'လေး'ကို ရိုက်လိုက်တာ မှတ်မှတ်ရရပါပဲ။ အသားနာရတာထက် ရင်ထဲမှာ ပိုပြီး နာကျင်ခဲ့ရတာပါကိုကိုရယ်။

"သမီးကို ဖေဖေခေါ်ပြီး ဆွေးနွေးတိုင်ပင်တာမဟုတ်ဘူးနော် ဖြူဖြူလေး။ ဖေဖေဖြစ်စေချင်တာကို ပြောပြနေတာ။ သားချိုဟာ သမီး အတွက် မိုးခိုအားထားရာတံတိုင်းတစ်ခုပဲ။ သူ့နောက်က ဂုဏ်ပကာသန တွေကို သမီးခဏမေ့ထားလိုက်ပါ။ သမီးဘဝကို ဒီ့ထက်ပိုပြီး မြင့်မား လာစေမယ့်လှေကားထစ်တွေကို မြင်တတ်စမ်းပါသမီးရယ်၊ အချစ်တွေ မေတ္တာတွေကို ရှေ့တန်းမတင်ဘဲ ဦးနှောက်နဲ့တွေးခေါ်စမ်းပါ။ ဦးနှောက် နဲ့ဆုံးဖြတ်ချက်မှန်သမျှ ဘယ်တုန်းကမှမမှားခဲ့ဘူး။ နောက်ကို ဒီကိစ္စနဲ့ ဖေဖေ ဘာမှမပြောချင်တော့ဘူး။ ဒါနောက်ဆုံးပဲ။ ခွန်ပန်မှိုင်းကိုစေ့စပ် ပေးဖို့ကိစ္စ ဖေဖေလက်ခံကြောင်း ပြောလိုက်တော့မယ်။ သမီးဘက်က အစစအရာရာဆင်ခြင်ပါ။ ဒါပါပဲ၊ သွားလို့ရပြီ"

သူမ စာကြည့်ခန်းထဲမှ ပြေးထွက်လာခဲ့၏။ လှေကားထစ်ကို ပြေးတက်ရင်း ခလုတ်တိုက်မိပေမယ့် မနာကျင်အား။ အခန်းထဲဝင်က





တံခါးကို lock ချလိုက်သည်။ ခုတင်ပေါ် ကန့်လန့်လှဲချလိုက်ပြီး မျက်နှာ ကြက်ဖြူဖြူကို အငေးသားကြည့်နေမိ၏။ မျက်ရည်ပူတို့က နားထင် သားကို အကြောင်းလိုက် စီးကျသွားကြလေသည်။

လက်ထပ်ရတော့မယ်တဲ့၊ ကိုကို့ကို အရူးတစ်ယောက်လိုမျှော် လင့်ချက်မဲ့ စောင့်ဆိုင်းခွင့်မရှိတော့ဘူးပေါ့နော်။ တစ်နေ့နေ့ ကိုကိုလာခေါ် မှာနဲ့ 'လေး'စောင့်စားနေခဲ့တာကြာပါပြီ။ နိုင်ငံခြားမှာ ဘွဲ့လွန်သွားယူ တဲ့ ကိုကိုဘယ်လောက်ကြိုးစားခဲ့သလဲဆိုတာ 'လေး'သိခဲ့တာပဲ။

ဘယ်လိုပဲဝေးကြပါစေ၊ အချိန်တန်ရင် 'လေး'ဆီကို ကိုကိုပြန် လာလိမ့်မယ်လို့ ကလေးတစ်ယောက်ရဲ့မျှော်လင့်ချက်နဲ့ အမျှော်ကြီးမျှော် ခဲ့မိတာအမှန်ပါ။ ခုတော့ 'လေး'ရဲ့မျှော်လင့်ချက်တွေ ရေစုန်မျှောရ တော့မယ်လေ။

ချစ်တတ်ကြပါရဲ့လား။ ချစ်ခြင်းရဲ့သဘောကိုရော နားလည် ကြပါရဲ့လား။ 'လေး'က တကယ်ချစ်ခဲ့မိတာပါ။ ကိုကို့ကို အသက်လိုချစ် ခဲ့တာပါလေ။ မိုးလင်းတာနဲ့ အရင်ဆုံးမြင်ချင်တာ ကိုကို့ရဲ့မျက်နှာတစ် ခုတည်းကိုပါပဲ။

အမိန့်တွေပေးတတ်တဲ့ ကိုကို့အသံသြသြလေးကို ချိုသာတဲ့ စကားတွေပြောတတ်စေခဲ့တဲ့နတ်သမီးလေးလို့ တင်စားခဲ့တာတွေလို



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ဖျက်ပစ်လိုက်ရမှာလား။ ကိုကို့ညီမလေးအဖြစ် သွက်လက်မြူးကြွခဲ့တာအမှန်ပါလေ။ 'လေး'ရဲ့မျက်နှာမှာ အပြုံးပန်းတွေဖြစ်လာအောင် ကိုကိုဖန်ဆင်းပေးခဲ့တာပါ။

ကိုကို့အပြုံး ကိုကို့အပြော၊ ကိုကို့အထိအတွေ့၊ ကိုကို့အယုအယ၊ ကိုကို့ရဲ့နှစ်သိမ့်ခြင်းတွေအားလုံးနဲ့ ဖြူဖြူလေးဆိုတဲ့ကောင်မလေးရဲ့ဘဝပြဇာတ်ဇာတ်ညွှန်းစာအုပ်မှာ 'အချစ်'ဆိုတဲ့ခေါင်းစဉ်ကို ကမ္ဘည်းတင်ခွင့် ရခဲ့တာလေ။

ချစ်ခဲ့မိပါတယ်။ ဘယ်တော့မှ မပြောင်းလဲ မပျောက်ပျက်မယ့် နိုင်မြဲတဲ့ချစ်ခြင်းတို့နဲ့ ကိုကို့အပေါ် မြတ်မြတ်နိုးနိုးနဲ့ 'လေး'ချစ်ခဲ့တာကို ကိုကိုတစ်ယောက်ပဲ သိနိုင်တယ်၊ သိနေမယ်ဆိုတာကို။



# အလယ်

www.burmeseclassic.com

www.burmeseclassic.com



The bad end unhappily, the good unluckily.

That is what Tragedy means.

(Tom Stoppard)

အဆိုးဆိုတာက ပူဆွေးသောကနဲ့ ဇာတ်သိမ်းရပြီး အကောင်းကတော့ ကံဆိုးမိုးမှောင်နဲ့ ဇာတ်သိမ်းရသတဲ့လေ။

အဲဒါကတော့ အလွမ်းဇာတ်ရဲ့အဓိပ္ပာယ်ပါပဲ။

(တော်(မ်)စတော့ပါဒ်)





ချစ်သူ
ဒီရင်ပူငြိမ်းအောင်လို့
တနာနာနားလည်ပေးစေချင်
သူ့ထံပေးပို့ စာတချို့
သူပို့စပ်ပေး ကဗျာလေး
သူ့အတွက်သီဆို သီချင်းချို
သူ့ကြောင့်ခံစား အလွမ်းများနှင့်
သူ့ပြန်စာလေး မျှော်ကာတွေးရင်း
ရင်တွင်းဃိုဗိတ် စေတသိတ်ဖြင့်
ဖွဖွရှယ်ရူး ငယ်ချစ်ဦးကို
အသက်တမျှ ရိုးမြေကျတိုင်
လက်ချင်းဆက်လျက် တွဲခေါ်ချင်



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော (၈)နှစ်ခန့်က. . .

## အခန်း (၈)

"လဲ့လဲ့ အိမ်ပြောင်းလာတယ်ဆိုလို့ ဘယ်နားလဲမှတ်တယ်။ ကောင်းမြတ်တို့ဘေးခြံကိုး"

"ဟင်! ဟုတ်လား။ ကောင်းမြတ်ဆိုတာ နို final တက်နေတုန်း ကိုလေးခေါ်လာတဲ့လူကို ပြောတာလား"

"ဟုတ်ပါ့ဗျာ"

"အမယ်လေး. . . သူနဲ့တော့ နို့ကိုမိတ်ဆက်မပေးပါနဲ့တော့ ကိုလေးရယ်"

"ဘာဖြစ်လို့လဲ လဲ့ရဲ့။ ခြံချင်းကပ်နေပြီကို"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေး မသိပါဘူး။ သူ့ နှီကိုကြည့်ပုံက တစ်မျိုးကြီးရှင့်"

"ဟုတ်လား ကိုယ့်လဲ့လဲ့က ဆေးကျောင်းသူတွေကြားမှာ Star ကိုး။ လဲ့နီလာ့လာပြီဆိုတာနဲ့ ဆေးကျောင်းသားတွေ လမ်းကို ရှဲခနဲဖယ်ပေးကြတာဆိုလား"

"ကြည့်, ပေါက်ကရပြောတော့မယ်။ တော်ကြာ. . . ကိုကိုက အဟုတ်ထင်ပြီး နှီကိုဆေးခန်းပေးမထိုင်ရင် ဘယ့်နှယ့်လုပ်မလဲ"

"အဲဒီတော့လည်း ကိုယ့်အိမ်ရှင်မအလုပ်ကိုပဲ အာရုံစိုက်လုပ်ပေါ့ လဲ့ရာ"

"ကဲ! "

အန်တီလေးက လေးလေးအောင် (အောင်ခန့်ပိုင်)၏ လက်မောင်းကိုဆွဲဆိတ်လိုက်လေ၏။ လေးလေးအောင်က နိုင်ငံခြားသင်္ဘောအင်ဂျင်နီယာမို့ ငါးနှစ်မှတစ်ခါ မြန်မာပြည်ကိုပြန်လာတာပါ။ ဒီနှစ်ကတော့ အန်တီလေးနှင့်မင်္ဂလာဆောင်ဖို့ပြင်ဆင်ပြီးမှ သုံးနှစ်နားမှာတဲ့လေ။

အိမ်ကိုလာတိုင်း 'လေး'အတွက် အမြဲတစ်ခုခုပါလာစမြဲ။ လူကြီးတွေအတွက် လက်ဆောင်တွေထဲမှာ 'လေး'အတွက် သီးသန့်ပစ္စည်းအပြင် 'လေး'ကြိုက်သည့်မုန့်တွေပါ ဝယ်လာပေးတတ်တာလေ။

အခုလည်း လေးလေးဝယ်လာသည့် ချောကလက်တောင့်ကို





ကိုက်ရင်း လက်ထဲမှာ မွေးပွခွေးရုပ်ကိုကိုင်လျက် အိမ်ရှေ့ကိုထွက်လာခဲ့သည်ပါ။ ဒန်းပေါ်ထိုင်ပြီး ကျီစယ်နေကြသည့်အန်တီလေးတို့စုံတွဲကို နှာခေါင်းရှုံ့ပြလိုက်မိ၏။ ရှက်လည်းမရှက်ကြပါလားနော်။ (ထိုစဉ်ကတော့ လေးအမြင်နှင့် ဘာမဆိုမေးငေါ့ချင်ခဲ့တာလေ)

"ဟိုမှာ သမီးထွက်လာပြီ။ အဲဒီလက်ကြီးကိုဖယ်စမ်းပါ"

"ဘာဖြစ်လဲ လဲ့ရာ။ မင်္ဂလာပဲဆောင်ကြတော့မှာကို"

"ပြောပြန်ပြီ။ တော်တော် လျှာအရသာတွေ့နေတဲ့ပုံပဲ"

"ဒါပေါ့"

"သမီး, လာလေ"

"လာပါဘူး 'လေး'မျက်စိနောက်တယ်"

"အံမယ်, ညည်းလေးအဒေါ်ကို ကျူပ်က ဘာလုပ်နေလို့တုန်း"

"အဲဒါ လေးလေးပဲသိမှာပေါ့"

"ဟွဲ့"

အန်တီလေးတို့ကိုမျက်စောင်းခဲလိုက်ပြီး ခြံထဲဆက်လျှောက်ခဲ့၏။ အိမ်ဘေးဘက် စိတန်းစိုက်ထားသည့်ရေတာမာပင်တို့ကြောင့်လေးက အရိပ်ရ၍ အေးနေတာလေးကို 'လေး'သဘောကျပါသည်။ ခုင်ကတော့ လေးလွှာတိုက်ခန်းမှာ ကျဉ်းကျဉ်းကျပ်ကျပ်နေခဲ့ရတာ

www.burmeseclassic.com

www.burmeseclassic.com



ကို။ အဲဒီတုန်းက ဖေဖေက ကုမ္ပဏီအပိုင်မှမရသေးတာမို့လေ။

"သူတစ်ယောက်တည်းပဲ စားတယ် ကြည့်စမ်း! ပါပီလေးကို ကျွ မကျွေးဘူး"

ဟော, တစ်ဖက်ခြံမှပေါ်လာသံကြောင့် အုတ်တစ်ဝက်၊ သံတိုင် တစ်ဝက်ကာထားသည့်ခြံစည်းရိုးမှတစ်ဆင့် လှမ်းကြည့်လိုက်မိ၏။ မြက် ခင်းစိမ်းစိမ်းနှင့်တိုက်ဖြူကြီးမှလွဲ၍ ဘာမှမမြင်ရပါချေ။

"ကြည့်စမ်း! မိန်းကလေးဖြစ်ပြီး သူများခြံထဲချောင်းရလား လူကြီးတွေနဲ့တိုင်ပြောမယ်"

ဪ, ဟိုမှာကိုး၊ ခေါက်လှေကားထောင်၍ အပင်တွေကိုပ ညှပ်ကတ်ကြေးကြီးဖြင့်ညှပ်နေတာပါလား။ အသားဖြူဖြူ မျက်နှုံးကော ကောင်းနှင့်လူက 'လေး'ကိုပြုံးပြလိုက်လေ၏။ ထိုအိမ်က မာလီ များလား မဟုတ်လောက်ဘူးထင်ပါရဲ့။ သူ့ပုံစံက ဖြူနုနေတာလေ။ စွပ်ကျယ်အဖြ ချိုင်းပြတ်လေးဝတ်ထားပေမယ့် ဆင်းဆင်းရဲရဲပုံစံမှမပေါက်တာဘဲကိုး

"ရှင်ကြီးက အရင်စပြောတာလေ။ 'လေး'ကိုများ ချောင်းတ တဲ့သူထင်နေလား"

"ဟာ, နှုတ်ခမ်းကြီးတစ်တောင်လောက် စူထွက်လာတာ pig နဲ့တူသွားတယ်ကွ. . . ဟား ဟား ဟား"





"ရှင်ကြီးနော်၊ ရှင်ကမှ အပင်တက်နေလို့ Monkey နဲ့ပိုတူ တာ။ Monkey တောင်မှ ချွန်ပန်စီမျိုး"

သူက 'လေး' မဟုတ်မခံပြန်ပြောလိုက်တာကို စိတ်မဆိုးဘဲ ဟားဟားရယ်နေလေ၏။ မုန်းစရာကြီးပါလားနော်။ မျက်စောင်းကို အပြီးတကြီးဖြင့် ဒိုင်းခနဲလှမ်းခဲလိုက်ရာ သူက လှေကားမှ မြက်ခင်းပေါ် သို့ ရိုးရိုးမဆင်းဘဲ ဖျတ်ခနဲခုန်ချလိုက်သဖြင့် 'လေး'လန့်သွားရလေ ၏။ အဟုတ်ကို Monkey လို ခုန်ချလိုက်တာပါလား။

"နာမည်ဘယ်လိုခေါ်သလဲ ချာတိတ်"

"အံမာ, ဘာလို့ပြောရမှာလဲ။ ဒါမျိုး 'လေး'တို့က ရိုးနေပြီ။ တခြားရောနည်းမျိုးရှာပြီး ရောပါလား ယောအရာကြီးရယ်"

'လေး'က ခပ်လှောင်လှောင်ပြော၍ပြုံးလိုက်တော့ သူက ပုဆိုး တိုတိုဝတ်ထားတာကို ပြန်ရှည်ချပြင်ဝတ်ကာ ရယ်လိုက်ပြန်လေ၏။ အမယ်လေးနော်. . . ရယ်ရယ်နိုင်လွန်းတဲ့လူပါလား။ ပိုက်ဆံမကုန်တိုင်း အရယ်တွေက ပေါများလွန်းနေတာလေ။

"မင်းက အလာကြီးပါလားကွ. . . ကိုယ်က ချာတိတ်အရွယ် ပေါက်စနေလေးမို့ မေးမိတာပါ။ ပြီးတော့ ဘေးခြံကိုပြောင်းလာတဲ့လူ သစ်တွေမို့ နှုတ်ဆက်မိတ်ဆက်တဲ့သဘောမျိုးနဲ့ ရောမိတာပါကွ၊ ဘာသ.



www.burmeseclassic.com

www.burmeseclassic.com



နာမည်မပြောချင်ဘူးလား။ ရပါတယ်၊ ဒီလောက် တလေးလေးနဲ့ပြောနေမှတော့ ဆရာ တက္ကသိုလ်တပ်မြင့်ရဲ့ဇာတ်လိုက်မင်းသမီး မလေးလေးမြင့်ပဲ ဖြစ်နေမှာပါလေ။ ဟုတ်တယ်မှတ်လား"

"ဘာမှလည်းမဆိုင်ဘူး ရှုပ်"

'လေး'က သဘောတကျရယ်ကာ ဆံပင်တိုတိုကုတ်ဝဲလေးကို ခါယမ်းလိုက်ပါသည်။ သူက မျက်နှာတစ်ဖက်ပင့်၍ အံ့အားသင့်သွားလေ၏။ ကြည့်ပါလား. . . လူကိုစိတ်ဝင်တစားငေးနေတာ အသိသာကြီး။ လုပ်လက်စအလုပ်ကိုတောင် ပစ်ချပြီး 'လေး'ကို လာရောနေတာလေ။

"ဘယ်နှတန်းရောက်ပြီလဲ"

"ရှင်ကြီး အရင်ပြောပေါ့"

"ကိုယ်လား"

"အင်း"

"ပန်းကန်တွေဆေးတဲ့ကျောင်း တက်နေတာလေ"

"ဟုတ်ဘဲနဲ့၊ ခြံခုတ်တဲ့မာလီကိုများ"

သူက ရယ်လိုက်ပြန်လေ၏။ သူ့မျက်နှာကြည့်ရတာတော့ သဘောကောင်းမယ့်ပုံပါ။ သို့သော် ယောကျ်ားဆန်ဆန် ခန့်ထည်ချောမွန်းလွန်းနေတာမို့ မိန်းမတွေနှင့် ရောနှောရှုပ်ပွေမည့်ပုံဟု စိတ်ထဲမှ





အကောင်းနှင့်အဆိုးကို ခွန်တွဲစဉ်းစားလိုက်မိသည်။ 'လေး'ကိုတော့ ကလေးမို့ သူပြိုတီတီမလုပ်တာဘဲဖြစ်မှာပါလေ။

"ဟုတ်ပါတယ်. . . ကိုယ်က Gardener ပဲထားပါတော့၊ မင်းကတော့ ငါးတွေခြစ်ရတဲ့ ရှစ်တန်းလောက်ပဲဖြစ်မယ်ထင်ပါရဲ့"

"ဟာဟ. . . မောင်လေးရဲ့အဖြေ မှားပါတယ်ကွယ်"

"ဒါဖြင့် ဘယ်နှတန်းတုန်း"

"State High School က Final တန်းရှင့်"

"ဩော်. . . ဒါဖြင့် အဆိုတော်ငြိမ်းငြိမ်းအိရဲ့ ဆယ်တန်းပါရှင့် ×××ဆယ်တန်းပါရှင့်×××ကောင်မလေးပေါ့လေ"

"အမယ်! 'လေး'ကိုများ ဆယ်တန်းနှစ်ခါဖြေစေချင်နေလားမရဘူးရှင့်။ 'လေး'က Result စောင့်နေတဲ့ကျောင်းသူပါနော်"

"ဟုတ်လား. . . so sorry! ကိုယ်က မင်းကိုတကယ့်ပိစိလေး ပဲထင်နေတာ"

"ဒီ (၅)ပေ (၇)လက်မအရပ်ကြီးက ကလေးလားရှင့်"

"မဟုတ်ဘူးလား။ ကိုယ်က Giraffe (သစ်ကုလားအုတ်) မှတ်နေတာ"

"ရှင်ကြီးနော်၊ ကဲ"



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်နားမှာရှိနေသည့် ကျောက်စလစ်ခဲလေးဖြင့် လှမ်းပေါက်တော့ သူက ဖျတ်ခနဲရှောင်၍ တဟားဟားရယ်နေပြန်လေ၏။ လူကိုများ ရယ်စရာသတ္တဝါလေးထင်နေလေသလား။

"မရယ်ပါနဲ့"

"ခြော်. ကိုယ့်ဟာကိုယ်ရယ်တာကို မင်းဆီမှာ permmit တောင်းရဦးမှာလား ချာတိတ်ရဲ့။ စာမေးပွဲအောင်ရင် ဘာလို့ချင်တယ်လို့ မိဘတွေကိုပူဆာထားလဲ။ ပြောပါဦး"

"ပူဆာလို့ရပါလိမ့်မယ် အားကြီးကြီး၊ 'လေး'က အလောင်းအစားနဲ့ စာမေးပွဲကြီးကိုဖြေခဲ့ရတာရှင့်"

"ဘယ်လိုအလောင်းအစားနဲ့တုန်း ချာတိတ်ရဲ့"

"'လေး'က အရမ်းအအိပ်မက်တာ။ အဲဒါ ဖေဖေကပြောမရလို့ တက္ကသိုလ်ဆက်မထားတော့ဘူးတဲ့၊ 'လေး'က 'လေး'လိုချင်တဲ့ကျောင်းမီအောင်လုပ်ပြရင် ထားမှာလားဆိုတော့ ဖေဖေက 'အင်း'တဲ့လေ"

"မင်းက ဘာကျောင်းတက်ချင်တာလဲ"

"M C"

သူက ဒီတစ်ခါတော့ သဘောကျစွာဖြင့် လက်ခုပ်ကိုပါ တစ်ချက်တီးလိုက်လေသည်။ မဖြစ်နိုင်ဘူးဆိုပြီး 'လေး'ကိုလှောင်နေတာများ





လား။ သူတို့လို ယောက်ျားလေးတွေရဲ့ဆေးဝင်အမှတ်က 'လေး'တို့ မိန်းကလေးတွေရဲ့အမှတ်ထက် နည်းတာလေ။ 'လေး'မမီမှာကြောက်မန်းသိသိကြီးနဲ့ ရှင်ကြီးမလှောင်ပါနဲ့လား။

"'လေး'ကိုမလှောင်ပါနဲ့"

"လှောင်တာမဟုတ်ပါဘူး ချာတိတ်ရဲ့။ သဘောကျလို့ပါ။ မင်း အရပ်အမောင်းနဲ့ duty coat နဲ့ဆို အတော်ကြည့်ကောင်းမှာ သေချာတယ်"

သူက လက်ပိုက်ကာ 'လေး'ကိုခြေဆုံးခေါင်းဆုံးကြည့်၍ ခေါင်းကို ညိတ်လိုက်လေ၏။ သူကိုယ်သူ Philosophy ထင်နေလားမသိ။ 'လေး'မြင်ဖူးသမျှယောက်ျားတွေထဲမှာတော့ သူက အတော်လေး အရပ်မြင့်လှပါသည်။ အသက်ဘယ်လောက်ရှိပြီမှန်းမသိပေမယ့် လူငယ်တွေထဲမှာတော့ ရုပ်ဖြောင့်သည်ဟုသတ်မှတ်ရမှာမဟုတ်လား။ 'လေး'တို့သူငယ်ချင်းအုပ်စု လုပ်နေကျအတိုင်း လူတစ်ယောက်၏ဆွဲဆောင်မှုအရှိဆုံးအချက်ကိုပြပါဆိုရင် သူ့မှာ 'လေး'သဘောကျသည့်မေးစေ့လေးပင်။ 'လေး'ကြိုက်သည့် နိုင်ငံခြားမင်းသားတွေလို အလယ်မှအချိုင့်ရာလေးဖြင့် မေးနှစ်ခုလိုဖြစ်နေတာလေးက သူ့ကိုပို၍နုနယ်စေလေ၏။

"ဟောဗျာ. . . ပြောနေတာတော့မကြားဘူး၊ လူကို ငေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုပြုံးပြဲကြည့်စရာ့လား ချာတိတ်ရ''

''ဟင်. . . ဘာပြောလိုက်တာလဲ''

''မင်း MC ဝင်ရင် ကိုယ် ဆုပေးမယ်လို့''

''ဘာပေးမှာလဲ''

''သိချင်လား''

''အင်းပေါ့''

''သိချင်ရင် နာမည်အရင်ပြောလေ''

''ရမလား။ 'လေး'ဒီလောက်မအာဘူး''

''ဩော်. တယ်ခက်တဲ့ချာတိတ်ပဲ၊ ကိုယ်က ဘယ်မိန်းကလေး
တစ်ယောက်ကိုမှမပေးရသေးတဲ့အခွင့်အရေးမျိုး ပေးမလို့ဟာကို''

''အမယ်. လူကိုကလေးဆိုပြီး''

''ဟုတ်တယ်လေ၊ ကိုယ့်ကားပေါ်ကို ဘယ်မိန်းကလေးမှ တက်
ခွင့်ရှိတာမဟုတ်ဘူး။ မင်းသာ MCဝင်ရင် ကိုယ့်ကားနဲ့ ကျောင်းကို
အတူတူသွားခွင့်ရမှာ နည်းနည်းနောနောအခွင့်အရေးလား''

''တကယ်ကြီးလားဟင်''

''တကယ်ပေါ့၊ ကဲ. ပြောတော့လေ''

'လေး' က မချိုမချဉ်လေးပြုံးလိုက်ပါ၏။ ဒီလူကြီးကို နည်းနည်း





လောက် ညှဉ်းထားဦးမှပါလေ။ အခုလောလောဆယ် မသိစေရပါဘူး။

''သမီးရေ. ဖြူဖြူလေး ထမင်းစားမယ်''

အိမ်ထဲမှလှမ်းခေါ်လိုက်သည့်မေမေ့အသံကြောင့် သူမ နှုတ်
ခမ်းစူ၍ ခြေဆောင့်လိုက်မိ၏။ သူက 'လေး'နာမည်ကိုသိသွားပြီမို့ အား
ပါးတရရယ်နေချေပြီ။ မုန်းစရာကြီးပါလားနော်. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"'လေး' အောင်တယ်. . . အောင်ပြီ. . . ဖေဖေ့ကတိအတိုင်း ကျောင်းဆက်ထားပေးပေတော့၊ မေမေက 'လေး' အကြိုက် အုန်းနို့ခေါက်ဆွဲ ချက်ကျွေးဖို့ပြင်ပါ"

"ဟဲ့. ခုပဲပြန်ရောက်တယ်။ ဒါက ဘယ်တုန်း"

"ကိုကို့ကို သွားပြေးပြောဦးမယ်လေ မေမေရဲ့"

သူမ ခြံထဲပြန်ပြေးဆင်းလာခဲ့၏။ ခြံစည်းရိုးမှာရပ်၍ တစ်ဖက် ကိုလှမ်းကဲကြည့်ရင်း အပျော်တို့က အတောမသတ်။ ပျော်လိုက်တာ ၊ ကိုကိုနဲ့အတူတူ ကျောင်းဆက်ခွင့်ရပြီမဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရေ့ ကိုကို"

"ဘယ်သူလဲကွ။ စောစောစီးစီးလာအော်နေတာ"

"ကိုကိုကြီးနော်၊ ကိုကိုရောလို့"

"ညည်းကိုကို့ အိပ်တုန်း"

"ဟင်. နေဖင်ထိုးတဲ့အထိ အိပ်ရလား၊ အဲဒီလောက်အိပ်ပုပ် သိုးနေရင် စာမေးပွဲတော့အောင်တော့မှာပဲ"

"အမယ်. ညည်းကပဲ ကျုပ်ညီကိုပြောရသေးတယ်။ ညီည ညတုန်းက စာကျက်ရင်း ညဥ့်နက်သွားလို့ပါ။ ညည်းသာ အပျင်းထု အိပ်ပုပ်သိုးလေး"

"အဲဒီကိုကိုကြီးက သူ့ညီထိရင် နည်းနည်းမှမခံဘူး၊ ကိုကိုကြ °စိတ်ပုပ်ကြီး"

"ဟာ. . . ဘယ်ကာငှက်ဆိုး လာအော်နေတာလဲကွ"

ဝရံတာမှာ ဆံပင်ပွယောင်းလျက်သားဖြင့် ထွက်အော်လိုက သည့်ကိုကို့ကို သူမ လက်ယပ်ခေါ် လိုက်ပါသည်။

"ဘာလဲ"

"လာဦး"

"ဘာလုပ်မလို့လဲ။ ကိုယ် မျက်နှာမသစ်ရသေးဘူးကွ"





"ဒီကိုအရင်လာပါဦး၊ 'လေး' ပြောစရာရှိတယ်၊ ကိုကိုက ချော ပြီးသားပဲဟာ။ လာပါ"

"ဆင်းခဲ့စမ်းပါ ညီညီရာ၊ ဒီကျွဲမကို ပြန်မေးမနေစမ်းပါနဲ့"

"ကိုကိုက အစောကြီးဘယ်သွားမလို့လဲ"

"ဘယ်ကစောတော့မှာလဲ၊ (၈)နာရီပဲခွဲနေပြီ၊ ကိုကိုက Past Post လုပ်ဖို့ ဘော်ဒါတွေနဲ့ချိန်းထားလို့ကွ"

"ဟာ. . . ပြန်ထွက်တော့မလို့လား"

"မထွက်သေးပါဘူး၊ အောင်ခန့်တို့မဂ်လာပွဲပြီး တော်တော် လေးကြာမှ ပြန်ထွက်မှာ။ ဆင်းခဲ့ပါဆို"

သူ အမြန်ဆုံးမျက်နှာသစ်၊ သွားတိုက်၍ အဝတ်လဲပြီးမှ ဆင်း လာခဲ့ပါ၏။ ဘေးခြံမှာ ရပ်စောင့်နေသည့် မလံဘားလေးက နှုတ်ခမ်း တစ်တောင်ခန့်စူနေချေပြီ။

"ချက်ချင်းဆင်းခဲ့ပါဆိုနေမှ အဲဒီကိုကိုဟာ ဘာလုပ်နေမှန်း မသိဘူး"

"(၁၀)မိနစ်လောက်လေး အချိန်ယူတာကို စိတ်ကောက်စရာ လား ချာတိတ်မရဲ့။ ကဲ. ပြော"

"'လေး' စာမေးပွဲအောင်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား. . . D ကရော"

"တစ်လုံးမှပြန်နှုတ်လို့မရအောင် ထွက်တာရှင့်"

"တယ်ဟုတ်ပါလား။ အင်း, ကိုယ့်ကားကို အငြိမ့်စားလိုက်စီးဖို့ Permmit ရသွားပြီပေါ့လေ"

"ဟင်! မစီးချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

သူမက မေးစေ့ကိုလက်ညှိုးလေးထောက်လျက် ခဏမျှစဉ်းစားလိုက်လေ၏။ ပြီးနောက် သံတိုင်ကြားထဲမှ လက်လျှိုလျက် သူ့ကိုလှမ်းဆွဲလိုက်လေသည်။

"ဟာ! ဘာလုပ်တာလဲ"

"ဒီနားကိုလာလေ၊ ပြောစရာရှိတယ်"

"ဩော်, စကားပြောတာပဲ ရိုးရိုးပြောပေါ့။ ဘယ့်နှယ့် လူကိုဆွဲလားရမ်းလားနဲ့၊ အနုကြမ်းစီးနေရလား"

"သူများတွေမကြားအောင် တိုးတိုးပြောမှာပေါ့"

"ဘာတဲ့ရှာန်း"

"ကိုကို့ကားလိုက်စီးရတာထက် ပိုကောင်းတဲ့လက်ဆောင်တောင်းဖို့လေ"





"တယ်ဆိုတဲ့စာပါလား"

သူက ရှေ့တိုးရပ်ပေးရင်း ပြုံးလိုက်ပါ၏။ ဒီချာတိတ်မ သူ့အင်္ကျီရင်ဘတ်စကိုဆွဲထားတာက အကြောင်းမဟုတ်ဘူးလေ။ ရင်ဘတ်ထဲမှာ တဒုတ်ဒုတ်နှင့် ရင်ခုန်သံမြန်ဆန်လာတာက အကြောင်းပါ။ ဘယ်လိုများ ဖါလိမ့်မျိုး၊ မိန်းကလေးတွေအများကြီးနဲ့ သူကြုံခဲ့ဖူးတာပဲ။ သူတို့ Group ထဲမှ ဝါဝါမြင့်တို့၊ သူဇာထွေးတို့၊ ရိုစီထွန်းတို့တွေနှင့်လည်း ရင်းရင်းနှီးနှီးပြောဆိုခဲ့ကြတာပါ။ ဒါပေမဲ့ အခုလို နှလုံးသားထဲ အေးခနဲ လှပ်ခနဲဖြစ်သွားသည်အထိ တစ်ခါမှမခံစားခဲ့ဖူးတာအမှန်ပါလေ။

သွားပြီ. . . သူတော့ အသက် (၂၂)အရွယ်ရောက်မှ ဒီ (၁၅)နှစ်အရွယ်ကောင်မလေးကို ထူးဆန်းတဲ့ခံစားချက်တွေဖြစ်ရတာယ်လို့၊ ကြည်လင်ထူးတော့ အချစ်နတ်ဘုရားရှေ့မှာ ဒူးမထောက်ရသေးခင် မှောက်လျက်လဲကျပြီလား. . .

"နော်. . ."

"ဟင်. ဘာပြောလိုက်တာလဲ"

"ကြည့်. ကျောင်းမှာ ဘယ်ကောင်မလေးနဲ့မှ ကိုကိုမတွဲရဘူးလို့ပြောနေတာလေ"

"ဟာ. ဒါတော့ဘယ်ဖြစ်မှာလဲ၊ ကိုယ်တို့ Group ထဲမှာတောင်



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသုံးယောက်ပါတာ။ ဒီအချက်တော့ မလိုက်လျောနိုင်ဘူး"

"လေး'ပြောတာ သူငယ်ချင်းတွေကိုမှမဟုတ်ဘဲ ကိုကိုရဲ့"

"ဒါဖြင့် ဘာလဲ"

"ရည်းစားမထားရဘူးလို့ပြောနေတာ"

အလိုလေး. . . ငါ့မယ်က ပြောင်းပြန်ပါလား။ First Year တက်မည့်ကျောင်းသူက Final တက်မည့်ကျောင်းသားကို ဆုံးမနေတာ တဲ့လေ။ ကျောင်းမှာ ဤချာတိတ်မ ဘယ်လောက်ထိနာမည်ကြီးဦးမလဲ ဆိုတာ သူကြိုတွေးမိပါရဲ့။ ဒါနဲ့များ သူ့ကို ရည်းစားထားမှာ စိုးရိမ်သတဲ့ လေ။

မင်းနောက်မှာ ကောင်လေးတွေ တကောက်ကောက်လိုက်ကြ မှာကိုကျ မစိုးရိမ်ဘူးတဲ့လား။ Major စုံချာတိတ်တွေနဲ့ သူ ပြဿနာ တက်ရင်တော့ လူကြားမကောင်းတာတွေ ဖြစ်ကုန်တော့မှာလေ။ တကယ် ဆို ကိုယ်ကသာ မင်းကိုစိုးရိမ်စိတ်ပူနေရမှာပါ ကလေးရယ်။

"ရည်းစားဆိုတာ ဘာကိုပြောတာလဲ"

"ချစ်သူကိုပြောတာပေါ့"

"ချစ်သူဆိုတာကရော ဘာကိုပြောတာလဲ"

မျက်စောင်းလှလှလေးတစ်ပွင့် ခုန်ထွက်လာလေ၏။ ခက်တော့





ဘာလဲ ဒီကောင်မလေး ဒီလိုမျက်စောင်းတစ်ခါထိုးလိုက်တိုင်း သူ့ရင်ထဲ 'ဒုတ်'ခနဲမြည်သွားသံက အကျယ်ကြီးပါလေ။ ကြာရင် ကိုယ်တော့ ရူး သွားတော့မယ်ထင်ပါရဲ့ချာတိတ်ရယ်။ မင်းပြူစားချက်အောက်မှာ 'ကြည် လင်ထူး'တော့ ဒူးထောက်အရှုံးပေးရတော့မှာလား။

"ဒါလေးမှမသိရင် ကိုကို ဘာမျောက်လဲ"

သူ ဟက်ခနဲရယ်လိုက်မိ၏။ အဲဒါပဲ ချာတိတ်နဲ့စကားပြောရတဲ့ အချိန်လေးတိုင်းမှာ သူအရမ်းကိုစိတ်ချမ်းသာရတာလေ။ ဘယ်လောက် ပဲစိတ်ညစ်စရာတွေရှိရှိ စာတွေကျက်ရလွန်းလို့ ဘယ်လိုပဲစိတ်တွေရှုပ် ရှုပ် သူမနဲ့စကားပြောလိုက်တာနဲ့ စိတ်တွေကြည်လင်သွားရတာပါ။ 'ဖြူ ဖြူလေး'ဆိုတာ သူ့ရဲ့ခေါင်းကြည်ဆေးလေးတစ်ခွက်ပါပဲ။

"ကိုယ် ဒီနှစ်ပြီးရင် House ဆင်းရတော့မှာ ချာတိတ်ရ။ ဒီအချိန်မှ ချစ်သူမရှာရင် ဘယ်တော့ရှာရမှာလဲ"

"အချိန်တန်တော့ ကိုကို့မိဘတွေ ရှာပေးမှာပေါ့"

"ဩော်. . . ဒက်ဒီတို့ရှာပေးမှတော့ ကိုယ်ချစ်တဲ့မိန်းကလေး ဘယ်ရတော့မှာလဲ။ ကိုယ်ကိုယ်တိုင်ရှာမှ တွေ့မှာပေါ့ချာတိတ်ရဲ့"

သူမနှုတ်ခမ်းလေး စူသွားပြန်လေ၏။ စလို့ကောင်းလိုက်တာ နော်။ ကိုယ်တွဲခေါ်ချင်တာ မင်းရဲ့လက်ကလေးပဲဆိုတာကို သိစေ့တစ်



www.burmeseclassic.com

www.burmeseclassic.com



နေ့ ဘယ်လောက်တောင်များ စိတ်ကောက်လိုက်မလဲမသိပါချေ။

"မသိဘူးကွာ။ ကိုကို ရည်းစားမထားရဘူးဆို့, မထားနဲ့ပေါ့"

"ဒါဆို ကလေးလည်း ချစ်သူမရှာရဘူးလေ။ ဒါမှ မျှမျှတတ ရှိမှာပေါ့"

"လေး'က ကလေးပဲရှိသေးတာကို"

"မရဘူးလေ။ ကျောင်းတက်ရင် လူကြီးလုပ်ရမှာပဲ၊ ကလေး မထားရင် ကိုယ်လည်းမထားဘူး။ ဒါပဲ"

"ပြီးရော, ကတိနော်"

"promise"

"ဘယ်ကောင်မလေးနဲ့မှ လက်မချိတ်ရဘူး၊ 'လေး'နဲ့ အဲဒီလို ကြုံတဲ့နေ့တော့ ကျောင်းမှာပဲဖြစ်ဖြစ်၊ လမ်းမှာပဲဖြစ်ဖြစ် ကိုကိုမလွှယ်ဘူးမှတ်"

"ဟာ, ဘာလုပ်မှာလဲ"

"အသေသတ်ပစ်မှာ"

"ကိုယ့်ကို"

"နှစ်ယောက်စလုံးကိုပေါ့. . . မလုပ်ရဲဘူးမထင်နဲ့။ 'လေး'က စိတ်ရောလက်ပါမြန်တယ်"





သူက ပန်းတွန့်ကာ ပြုံးလိုက်မိပါ၏။ တွေကြည့်သေးတာပေါ့လေ။ ကျောင်းမှာ မင်းနောက်, ကောင်လေးတွေ တကောက်ကောက်လိုက်တဲ့ မြင်ကွင်းမျိုးနဲ့ပဲ တိုးမလား။ ဒါမှမဟုတ် ကိုယ့်ဘေးနား ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေချိန်နဲ့ပဲ ဆုံမလားဆိုတာကိုပေါ့။

"ကောင်းပြီလေ, ဒါဆို ကိုယ်လည်းပြောမယ်။ ကလေးရဲ့ဘေးမှာ ပက်ကျိုလို လိုက်ကပ်နေတဲ့ကောင်တွေ ပါမလာစေနဲ့"

"အမယ်, ဘာလို့ပါရမှာလဲ။ 'လေး'က ကောင်လေးတွေကို အီစီကလီလုပ်မယ့်သူမှမဟုတ်တာ"

"မရဘူးလေ၊ သူတို့ဟာသူတို့ပဲ လိုက်လိုက်၊ ကလေးနား ကပ်ပါလာလို့ကတော့"

"ဘာလုပ်မှာလဲ"

မျက်လုံးလေးပြူး၍ မေးလိုက်သည့် ကောင်မလေး၏နဖူးကို လက်သီးဆုပ်ဖြင့် ခပ်ဖွဖွထိုးလိုက်မိလေ၏။

"လက်သီးပဲ"

"အား. . . 'လေး'ကိုလုပ်မှာလား"

"ဘယ်ကသာ၊ အဲဒီကောင်ကိုလုပ်မှာ"

သူမက သဘောကျစွာဖြင့် ရယ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦး. . . ဒါ First Year MB တက်မယ့်ကောင်မလေးတဲ့လေ။ ပခုံးထိလုနီးနီးရှည်လာတဲ့ ဆံနွယ်နက်စင်းစင်းလေးတွေ၊ မျက်လုံးနက်နက်လေးနဲ့ နှာတံစင်းစင်းလေး၊ ပြီးတော့ နှုတ်ခမ်းဖူးဖူးလေးနှင့် မျက်နှာသွယ်သွယ်၊ မျက်ခုံးလေးက ဆေးကူစရာမလိုအောင်သူ့နေရာနဲ့သူ လှလှပပခုံးခုံးလေးရှိနေကာ ရှည်လျားသည့်အရပ်နှင့်ခန္ဓာကိုယ်သွယ်သွယ်လေးက အင်မတန်လိုက်ဖက်နေတာမဟုတ်လား။

"ဖြူဖြူလေး'တဲ့၊ 'ကြည်လင်ထူး'ရဲ့နှလုံးသားတစ်ခုလုံးကို ဆွဲကိုင်လှုပ်ခါနိုင်စွမ်းရှိတဲ့တန်ခိုးရှင်လေးပါပဲ၊ ရယ်လိုက်တိုင်း မျက်နှာလေးပင့်ပြီး ဆံပင်လေးတွေကိုလှုပ်ခါတတ်လေ့ရှိတဲ့ style လေးကိုလည်းချစ်တယ်။ လက်ကလေးပိုက်ပြီး ထီမထင်ဟန်နဲ့ မိုက်ကြည့်ကြည့်တတ်တဲ့ဟန်လေးကိုလည်း ချစ်မိတာပါပဲ။

သူ့လက်မောင်း ဒါမှမဟုတ် သူ့အကျီစကို မကြာခဏအမှတ်တမဲ့လာကိုင်တတ်လေ့ရှိတဲ့ လက်ချောင်းသွယ်သွယ်လေးတွေကိုလည်းချစ်တယ်။ လမ်းအတူတူတွဲလျှောက်တိုင်း ပခုံးနဲ့မကြာခဏထိပြီး လှိုက်ခနဲရတတ်တဲ့ shampoo နံ့သင်းသင်း ဆံနွယ်လေးတွေကိုလည်း ချစ်တာအမှန်ပါလေ။

ပိုင်ဆိုင်ပါရစေလား။ ဆံစလေးတချို့ ဝဲကျလေ့ရှိတဲ့ နဖူးပြင်လေးကို နမ်းရှိုက်ခွင့်လေးရချင်ပါတယ်။ ဆည်းလည်းသံလို ချိုမြတဲ့အသံရှင်လေးကို ရင်ခွင်ထဲ ပွေ့ပိုက်ထားပြီး ဘယ်သူမှမမြင်တွေ့နိုင်အောင်ဝှက်ထားလိုက်ချင်ပါရဲ့။

ကလေးရေယ်. . . အချစ်ဆိုတာကို ရှာဖွေတွေ့ရှိပြီးတဲ့နောက်မှာအဲဒီရေသောက်မြစ်ကတစ်ဆင့် မေတ္တာပန်းပွင့်လေးတွေ ဖူးလာစေဖို့သံယောဇဉ်ညှိကြည်လေးတစ်ပေါက်တော့ စွန့်ကြဲပေးလှည့်ပါနော်။

ဩော်. . . ကိုယ့်ဘဝရဲ့အလင်းရှင်လေးရယ်။







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

''သမီးရေ ကြည်လင်ရောက်နေပြီဟေ့''

''လာပြီ အန်တီလေးရေ''

''မမ ဆေးခန်းထိုင်နေပြီလား''

''အင်း၊ ထိုင်ပြီကြည်လင်ရဲ့။ ဘာလဲ၊ လိုက်ထိုင်ချင်နေပြီလား''

''ဟာ မဟုတ်ပါဘူးမမရဲ့။ ဒီလိုပဲ ကြုံလို့မေးလိုက်တာပါ''

''မမတူမလေး ကျောင်းမှာ ပျော်ရဲ့လားကြည်လင်။ သမီးက …ားနည်းပြီး ခပ်အေးအေးနေတတ်တော့ သူငယ်ချင်းသိပ်မရှိရာဘူး။ …တယ်မဟုတ်လား။ မျက်နှာတည်လွန်းလို့ မာနကြီးတယ်ထင်ပြီး ပေး



www.burmeseclassic.com

www.burmeseclassic.com



ပေးက ရှောင်ကြတာ များတယ်လေ"

သူ့ ခေါင်းကိုသာ ညိတ်ပြလိုက်ပါ၏။ First Year ကလေးတွေကို Fresher Welcome လုပ်တဲ့နေ့ကတည်းက 'ဖြူဖြူလေး'ရဲ့ နာမည်ဟာ သူတို့နောက်ဆုံးနှစ်အဆောင်ထိ ပျံ့သွားတာလေ။ ဆေးကျောင်းသူစဖြစ်ကတည်းက ဆရာဝန်ရုပ်ပေါက်နေတဲ့ကောင်မလေးဆိုပဲ

တစ်ယောက်တည်း သီးသန့်နေတာပဲတွေ့ရပြီး ဘယ်သူနှင့်လည်း မရောနှော။ အတန်းထဲငြိမ်ငြိမ်ပြီး စာအုပ်ပတ်နေတဲ့ style ကိုက တခြားကျောင်းသူတွေထက် ပိုထူးခြားစေပြီး နာမည်ထွက်လာတာ။

တခြားကျောင်းကချာတိတ်တွေ ကျောင်းဝင်းထဲ တစေ့တစောင်း လာကြည့်ကြတာလည်း သူ့ချာတိတ်မလေးကိုပါပဲ။ 'ဖြူဖြူလေး'ဟာ အများထဲ ထင်းနေအောင် လင်းလက်တောက်ပပြီး လှတာမျိုးမဟုတ်ဘဲ နဲ့ကို ဆွဲဆောင်မှုရှိနေတာပါလေ။ အဲဒီလိုမျက်နှာလေးတည်ပြီး မာန နေတာလေးကိုက သူ့မကိုစိတ်ဝင်စားစေတဲ့အချက်တစ်ခုပါပဲ။

"ကျောင်းစတက်တဲ့နှစ် ကြည်လင်နဲ့အတူသွားရလို့ တော်သေး တယ်။ နို့မို့ ကိုကိုက စိတ်ချတာမဟုတ်ဘူး။ သူ့သမီး ရှားရှားပါးပါးလေး တစ်ယောက်တည်းရှိတာကို။"

"မမတူမက စွာပြီး မဟုတ်မခံဆတ်ဆတ်ကြဲပါ မမရဲ့။ တော်





ရုံချာတိတ်တွေ လိုက်ကပ်လို့မရပါဘူး"

"အေး, အဲဒါတော့ဟုတ်တယ်။ အဖြူလေးက အမြဲတမ်း သူ့ ကိုယ်သူ ထိန်းနိုင်တယ်လေ"

"မေမေ 'လေး'သွားပြီ"

အပေါ်ထပ်မှပြေးဆင်းလာကာ အိမ်အတွင်းဘက်ကိုအသံလှည့် ပေးလိုက်လေ၏။ ရိုးရှင်းသည့်အပြင်အဆင်လေးဖြစ်ပေမယ့် တစ်မျိုး လေးတော့ ကြည့်ကောင်းနေတာမဟုတ်လား။

"တာ့တာ အန်တီလေး"

"တာ့တာပါ သမီး"

ကားတံခါးဖွင့်ပေးထားတာမို့ ခပ်ပြုံးပြုံးမျက်နှာဖြင့် သူ့ကိုတစ် ချက်ကြည့်ကာ တက်လိုက်လေ၏။ နာမည်နှင့်လိုက်အောင် သူမက အဖြူ ရောင်ကိုအနှစ်သက်ဆုံးမို့ ဒီနေ့လည်း blouse အဖြူလေးကို လုံချည် အနက်ခံမှာ အဖြူစင်းလေးပါသည့် Design လေးနှင့် တွဲဝတ်ထားလေ ၏။ ခပ်သင်းသင်းလေးလွင့်လာသည့် သနပ်ခါးရနံ့က သူ့ခေါင်းကို ပို၍ ကြည်သွားစေလေသည်။ ဆံပင်လေးတွေကို သိုးမွေးကွင်းအဖြူခပ်ကြီး ကြီးနှင့် မြင့်မြင့်လေးချည်နှောင်ထားလေ၏။

"ဘာကြည့်တာလဲ ကားကိုတည့်တည့်မောင်းမှပေါ့ကိုကိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖြူဖြူလေးကို တစ်နေ့တစ်နေ့လာကြည့်တဲ့ကောင်လေးတွေ ဘယ်နှယောက်ရှိလဲလို့ စဉ်းစားကြည့်နေတာ"

သူမမျက်နှာလေးထက် ပြုံးစစလေးဖြစ်သွားလေ၏။ လူကြီး ပြောတာကို ရယ်စရာလို့များ ယူဆထားလေသလား။

"ကိုကို သတင်းရလို့လား"

"ရတာပေါ့ နှစ်တိုင်း ကျောင်းသူသစ်တွေရောက်လာကြတာ ပါပဲ၊ ဒါပေမဲ့ ကလေးစတက်တဲ့နှစ်လောက် အုန်းအုန်းကျွက်ကျွက်အသံ မည်ခဲ့ဘူး။ ဖြူဖြူလေးရဲ့သတင်းက ကိုယ်တို့Final တန်းထိ သင်းလို့"

"အဲဒီလောက်ကြီးလား"

"ဒါပေါ့"

"ဟင်! 'လေး'လည်း ဘာမှမလုပ်မိဘဲနဲ့ ဒီလိုကြီး သတင်းကြီး စရာလားလို့"

"ကြီးမှာပေါ့၊ ကလေးက ကိုယ့်စကားကိုမှနားမထောင်ဘဲကိုး"

"'လေး'က ကိုကိုဘာပြောထားတာကို နားမထောင်မိလို့လဲ"

သူက မီးပွိုင့်မှာ ကားကိုခဏရပ်ထားလျက်က သူမကိုလှည့် ကြည့်လိုက်၏။ မျက်လုံးဝိုင်းလေးတွေဖြင့် သူ့ကိုစိတ်ဝင်တစားပြန်ကြည့် နေဟန်က အင်မတန်မှအပြစ်ကင်းစင်လှတာလေ။



"ကလေးတို့အတန်းက 'မိုးထက်ကိုကို'ဆိုတဲ့ကောင်လေးကို မျက်စောင်းခဲလိုက်တယ်ဆို"

မျက်တောင်လေး ပေကလပ်ပေကလပ်ဖြစ်သွားပြီး စဉ်းစား တန်ပြုလိုက်လေ၏။ သိပ်ကြီးစဉ်းစားနေပုံထောက်ရင် သူမ ဂရုမထားမိ တာ သေချာတာမို့ အနည်းငယ်စိတ်အေးသွားရပါ၏။ အမှတ်တမဲ့ လေးပြုလုပ်လိုက်ပေမယ့် ကောင်လေးတွေရဲ့နှလုံးသားကို တုန်လှုပ်သွား စေတာကို ရိပ်မိပုံမရပါလား ချာတိတ်မရယ်။

"ဪ၊ မှတ်မိပြီ၊ အဲဒီနေ့က 'လေး'ရဲ့ဘောပင်ကို အဲဒီကောင် လေး ယူလိုက်လို့လေ။ သူက 'လေး'နဲ့ဆင်တူဘောပင်ကိုင်ပြီး သူ့ဟာ ကြီးယူလို့ ရန်တွေ့လိုက်တာပေါ့။ 'လေး'ကို ဒီလိုမိုလ်လာကျလို့ ရ ယ်ဆင်နေလားမသိ။ ဘယ်ရမှာလဲ. . . 'လေး'က ငြိမ်ခံနေမယ့်သူမှ တွတ်တာ။ မုန်းစရာကြီး"

"အဲဒီလိုပဲ ပြောလိုက်တာလား"

"ပြောတာပေါ့၊ ဖြူဖြူလေးကို ဒီလိုပညာလာမစမ်းနဲ့လို့ 'လေး' က 'လေး'ကိုလာရောမယ့်အန္တရာယ်ကို ကြိုမြင်ထားပြီးသား၊ ပျင်းတောင် ပျင်းသေး"

"အဲဒါနဲ့ မုန်းတယ်လို့မပြောရဘူးလေ"



www.burmeseclassic.com

"ပြောတော့ဘာဖြစ်လဲ"

ခက်လိုက်တာနော်။ 'အမုန်းရဲ့နံရံတခြားဘက်မှာ 'အချစ်'ဆိုတာရှိမှန်း ဤကလေးမ မသိလေလျော့လား။ ဒီကောင်လေးက အဲဒီအချက်ကိုကိုင်ပြီးပြောလိုက်မှ မရှုနိုင်မကယ်နိုင်ဖြစ်သွားဦးမှာလေ။

"ဘာမှတော့မဖြစ်ပါဘူး။ မကောင်းဘူးပေါ့"

"ဘာမကောင်းစရာရှိလဲကိုကိုရဲ့။ 'လေး'က မြှုမထားတတ်တော့ ပွင့်ပွင့်လင်းလင်းနဲ့ပြောချလိုက်တာပဲဟာ"

သူ သက်ပြင်းရှိုက်လျက် ကားကိုဆက်မောင်းခဲ့၏။ ရင်မောရပါလား ကလေးရယ်။ ဒီနှစ်ပြီးသွားရင် ကလေးနားမှာ စောင့်ရှောက်ပေးခွင့် မရတော့ဘူးလေ။ ကိုယ်က ဆေးရုံမှာ House ဆင်းနေရပြီး ကျောင်းကိုရောက်ဖြစ်တော့မှာမှမဟုတ်ဘဲ။ ကလေးနားကိုကပ်လာမယ့်ကောင်လေးတွေရဲ့အန္တရာယ်ကို ဘယ်လိုနည်းမျိုးနဲ့ ကာကွယ်ပေးရမှာတဲ့လဲ။

"ကိုကို"

". . ."

"ကိုကို 'လေး'ခေါ်နေတယ်လေ"

"ဟင်"





"ဘာကိုစိတ်ဆိုးပြီး ငြိမ်သွားရတာလဲ"

"မဆိုးပါဘူး"

"ကိုကိုငြိမ်သွားတာကို 'လေး'သိနေတယ်လေ၊ ဘာဖြစ်လို့လဲ"

"ကိုယ်ပြောရင် ကလေးက နားထောင်မှာမို့လား"

"အင်းပေါ့"

"နောက်ဆို ကောင်လေးတွေကို မျက်စောင်းနဲ့လည်းမထိုးမိစေနဲ့။ ပြီးတော့ မုန်းတယ်လို့လည်းမပြောနဲ့"

"ပြောရင် ဘာဖြစ်မှာမို့လဲ"

ပြောင်စပ်စပ်မျက်နှာပေးဖြင့် မေးလိုက်သည့်ချာတိတ်မကို ဆတ်ခနဲတစ်ချက်ကြည့်ကာ ဘာမှမပြောတော့ဘဲ ခေါင်းကိုသာ ဖျတ်ခနဲ ...ချလိုက်မိသည်။ ကိုယ့်ကိုအသည်းယားလာအောင် မပြုစားချင်နဲ့ ချာတိတ်မရဲ့။

"အား. . . ဟင်းဟင်းဟင်း. . . ကိုကိုက ရယ်ရတယ်"

"ဘာရယ်ရလို့လဲ"

"လေး'ကို အခွတိုက်နေတာလေ"

"မတိုလို့ရမလား။ ဖြူဖြူလေးရဲ့မျက်စောင်းတစ်ချက်နဲ့ သူ့အသည်း ဘုတ်ခနဲကြွေကျသွားတယ်ဆိုပြီးသတင်းတွေ ဟိုးလေးတကြော်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့ကိစ္စကို"

"ဘယ်သူ့အသည်း ကြွေသွားတာလဲ"

"မိုးထက်ကိုကိုလေ၊ သိပ်ကြားချင်နေ၊ သိလား"

သူ ဒေါသသံဖြင့် အံကျိတ်ပြောတော့ သူမက မစိုးရိမ်သည့် အပြင် ရယ်မောလို့ပါလေ။ ခက်တာပဲ။ ငါးနှစ်ကျော်ငယ်တဲ့ကလေးကို မုန့်ပေးကြိုက်နိုင်းရမလိုဖြစ်နေပြီထင်ပါရဲ့။ အရိပ်ပြလို့လည်း အကောင် မမြင်။ လူကောင်ကြီး ရပ်ပြထားတာတောင် သူမရဲ့နှလုံးသားတံခါးကို ဖွင့်ဖို့ အရောင်တောင်မှမမြင်ရပါလားနော်။

"အဲဒါပြဿနာမှမဟုတ်ဘဲ ကိုကိုရဲ့။ 'လေး'က အေးဆေးပဲ"

"အေးပါ၊ နောက်မှ ကိုယ့်ကို ကယ်ပါဆိုပြီး လာမပြောနဲ့"

"ပြောစရာလား၊ အဲဒီကောင်လေးက မေးစေ့က မှဲ့လေးနဲ့ နှာမည်ကြီးနေတဲ့ဟာ။ သူ့လက်ကိုချိတ်ပြီး တွဲလိုက်လို့ကတော့"

"ဖြူဖြူလေး"

"အား. . ."

လက်မောင်းသွယ်သွယ်လေးကို ဆတ်ခနဲဆုပ်ကိုင်ဖိညှစ်လိုက် တာမို့ သူမ အလန့်တကြားအော်လိုက်လေ၏။ နာကျင်သွားလေပြီလား အားဟာ အတော်လေးပါသွားရတာလေ။





'လေး' က စတဲ့ဟာကို"

"နာလိုက်တာ ကိုကိုရာ။ လက်ရာကြီးတောင်ထင်ကုန်ပြီ၊ 'လေး'က စတဲ့ဟာကို"

"စ,စရာလား၊ ဒါ အပြောင်အပျက်ပြောရမယ့်ကိစ္စမဟုတ်ဘူး"

"လူကြီးဖြစ်ပြီး စိတ်ဆိုးရလား"

"ဆိုးစရာရှိဆိုးရမှာပဲ၊ နောက် ဒီလိုဘယ်တော့မှမပြောရဘူး။ ဖြူဖြူလေးချိတ်ရမယ့်လက်က တစ်ယောက်ပဲရှိတယ်"

"ဘယ်သူလဲ"

သူ နှုတ်ဆိတ်လိုက်ပါ၏။ မဖြစ်သေးဘူး၊ အခုမှ ဆေးကျောင်း တက်တဲ့ကောင်မလေးကို စိတ်တွေပိုင်လဲအောင်ပြုမိရင် သူမှာ အပြစ် တွေ ပုံကျကုန်မှာလေ။ ခွဲစိတ်အထူးကုဆရာဝန်ကြီးဖြစ်ချင်တာတဲ့၊ သူနဲ့ အတူတူ တစ်ဆေးရုံတည်း တာဝန်ကျစေချင်တာလို့ပြောထားတဲ့ကလေး ကို စာဘက်မှာ အားနည်းအောင်ပြုမိရင် သူ လူဆိုးကြီးဖြစ်သွားမှာမို့ ပါ။

'ချစ်တယ်'ဆိုတဲ့စကားကို နှုတ်ကဖွင့်မပြောဘဲ ကလေးရဲ့စိတ် ထဲ အလိုလိုသိနေရင် ဘယ်လောက်များကောင်းလိုက်မလဲ။ ဒီရင်ဘတ် ကြီးထဲမှာ အပြည့်အသိပ်ရှိနေတဲ့ချစ်ခြင်းတွေကို မြင်ကြည့်ပေးလည်း



www.burmeseclassic.com

www.burmeseclassic.com



ပါလား။ အခါခါမြည်ဟီးနေတဲ့ရင်ခုန်သံစဉ်တွေကို နှလုံးသားနဲ့ နား ထောင်ပြီး နားလည်ပေးနိုင်ရင် သိပ်ကောင်းမှာပဲနော်။

"ပြောလေ ကိုကိုရဲ့"

"နောက်မှ"

"ဟင်! လုပ်ပြန်ပြီ။ တိုးလိုးတန်းလန်းကြီး ဘယ်လိုလုကြီးမှန်း မသိဘူး"

အဆောင်ရှေ့ ကားရပ်ပေးပြီး ပြုံးပင်ပြုံးမပြဘဲ ကားကိုမောင်း ထွက်ခဲ့မိ၏။ အုံ့သြဟန်လေးဖြင့် ကျန်ရစ်ခဲ့သည့်ကလေးမလေးကို ကား နောက်ကြည့်မှန်ထဲမှ လှမ်းမြင်လိုက်ရလေသည်။

နားမလည်ဘူးမဟုတ်လား ကလေးရယ်။ မင်းလက်ကိုဆုပ်ကိုင် ထားဖို့ထက် လွတ်ထွက်မသွားအောင် လက်မောင်းကြားထဲ ဖိညှပ်ထား ချင်တာတွေကိုမသိဘူးလား။ ကိုယ့်နှလုံးသားရဲ့အနီးဆုံးမှာထားပြီး အပိုင် လိုချင်နေတာတွေကို မင်းမြင်တတ်ရင် သိပ်ကောင်းမှာပဲ။

'ကြည်လင်ထူး'ရဲ့ရင်ထဲက ချစ်စိတ်မွှန်ပြီး ပူလောင်နေတဲ့ သောကတွေကို နှလုံးသားနဲ့ နားလည်ပေးလှည့်ပါလား ကောင်မလေး ရယ်။



## အခန်း (၁၁)

"ဘာဖြစ်လို့ပါလိမ့်"

ဘယ်နှကြိမ်မြောက်မှန်းမသိ ရှေ့တော်သံက ထပ်ထွက်လာပြန် ...ပုံအွဲ့ခဲ့တံက ဖြောက်ခနဲကျိုးသွားရလေသည်။ မဟုတ်သေးဘူး။ ...နေဘာလုပ်လုပ် စိတ်ကိုမပါတော့တာ အသိသာကြီး။ လက်မောင်းမှ ...ချင်သည့်ဒဏ်က ခုထိရှိနေတုန်း။

"ဘာလို့လဲ"

ဟော. လာပြန်ပြီမေးခွန်း။ နေမထိထိုင်မသာဖြစ်ပြီး ခေါင်းကို ...ယမ်းလိုက်မိ၏။ မျက်စောင်းထိုးနံ့မှာ ထိုင်နေသည့်မိုးထက်ကိုကိုက



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲလှမ်းအကြည့်နှင့်ဆုံသွားရစဉ် ရန်လိုသည့်မျက်လုံးတို့ဖြင့် ရှုးခနဲပြန်ကြည့်လိုက်ပြီး စားပွဲပေါ်သို့ စာအုပ်ကို အသံမြည်အောင် 'ဘုတ်' ခနဲပစ်ချလိုက်မိသည်။

မျက်လုံးပြူးပြူလျက် မိုးထက်ကိုကို အကြည့်ပြန်လွှဲသွားလေ၏။ ဒီလိုပဲဖြစ်ရမယ်လေ။ 'လေး'ကို ဒီလိုမျိုးသာကြည့်လို့ရမယ်မထင်နဲ့။

"ဖြူဖြူလေး"

"ဘာလဲ"

"ဟယ်, မနက်က lecture လိုက်ကူးတာမီရင် ခဏငှားချင်လို့ပါ"

ရှေ့ခုံမှကောင်မလေးက မရဲတရဲလေးဖြစ်သွားရပြီး စာအုပ်ငှားတာတောင် တွန့်သွားလေ၏။ ဒါသဖြစ်တာလည်းမဟုတ်ပါဘဲ လူက တစ်မျိုးကြီးဖြစ်နေတာမဟုတ်လား။

"မရှိဘူး"

"ဟင်!"

"'လေး'လိုက်မကူးထားဘူး ဇင်သီရဲ့"

"ဟောတော်"





ကောင်မလေးက နားမလည်ဟန်ဖြင့် ရှေ့ကိုပြန်လှည့်သွားလေ၏။ မျက်မှောင်ကိုကြုတ်လျက် စဉ်းစားပေမယ့် ဦးနှောက်သာခြောက်သာရတာသာ အဖတ်တင်တာလေ။ 'ဖြူဖြူလေးချိတ်ရမယ့်လက်တစ်ဖုံတဲ့။ ဘယ်သူ့လက်များလဲ?...

'လေး'က တစ်ယောက်တည်းနေရတာကိုသာ ပိုသဘောကျပြီး pratical ခန်းဝင်လို့ Group တစ်ခုတည်းကျသည့်လူတွေကိုလည်း သာမန်မျှသာ ပြောဆိုတတ်တာလေ။ ဆယ်တန်းထိ ပေါင်းလာခဲ့ကြသည့် သူငယ်ချင်းတွေလို ရင်းရင်းနှီးနှီးပေါင်းလို့ရမည့်သူမျိုး ဒီကျောင်းမှာမရှိတာအမှန်ပါပဲ။

[ထိုစဉ်က နှင်းသဇင် 'လေး'တို့ကျောင်းမှာ မရှိပါ။ သုံးနှစ်မြောက်မှ 'လေး'နှင့်အတူ (ကျောင်းပြောင်းပြီးရောက်လာပြီးနောက်) တွဲဖြစ်သူဖြစ်လေ၏။]

အခုလည်း တစ်ယောက်တည်းစဉ်းစားရင်း တနုံ့နုံ့ခံစားနေရတာပါ။ ထားပါတော့၊ 'လေး'က ကလေးမို့ ဒီကိစ္စကိုခဏမေ့ထားလို့ရလောက်ပါရဲ့။ ဒါဖြင့် ကိုကိုကရော ကိုကို့လက်ကိုချိတ်တွဲမယ့်မိန်းကလေးက ဘယ်သူများလဲ၊ 'လေး'ကိုသာ ဟိုမလုပ်ရ ဒီမလုပ်ရ အမိန့်တွေထပ်ထပ်ထုတ်နေပြီး ကိုကိုကရော 'လေး'ကိုပြောထားသလိုနေလို့လား။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်. . ‘လေး’တို့ဆီကသတင်းတွေကိုသာ စောင့်နာ
ထောင်ပြီး ကိုကိုကျ ထင်သလိုနေ့နေရင် ဘယ်လိုလုပ်မလဲ။ ‘လေး’
ကိုတော့ အတန်းထဲကကောင်လေးကိုမျက်စောင်းမထိုးနဲ့ဆိုပြီး ပိတ်ပင်
နေတာ။ ကိုကိုက အတန်းထဲကကောင်မလေးတွေနဲ့ ပြုံးပျော် ရောနှော
နေရင် ဘယ်လိုလုပ်မလဲ။ ‘လေး’ကိုကျ ကလေးဆိုပြီး အမိန့်တွေထ
တ လဲလဲပေးပြီး ကိုကိုကျ ထင်သလိုနေလို့ ဘယ်ဖြစ်မလဲနော်။

ခန့်ထည်ချောမောတဲ့ကိုကို့နားမှာ တခြားကောင်မလေးတွေ
မရှိဘူးပြောနိုင်မလား။ ‘လေး’က တစ်ယောက်တည်းရှိနေပြီး ကိုကိုက
မမတွေ ထည်လဲတွဲနေရင် ‘လေး’ဘာလုပ်ရမလဲ။ ကျောင်းမတက်ခင်
က ပေးထားတဲ့ကတိတစ်ခုကို လွယ်လွယ်နဲ့ ကိုကိုဖျက်ရင် ‘လေး’က
တတ်နိုင်မှာမှမဟုတ်တာလေ။

“မဖြစ်ဘူးထင်တယ်”

ရေရွတ်မိပြန်၏။ ဟုတ်တယ်။ ‘လေး’စုံစမ်းဖို့သင့်ပြီထင်တာ
ပဲ။ ‘လေး’က ကိုကိုတို့အဆောင်ဘက် တစ်ခါမှရောက်ဖူးတာမဟုတ်
‘လေး’ ဘယ်နေ့ဘယ်သွားတာ၊ ဘယ်ဆိုင်ထိုင်တယ်ဆိုတာကို လားကြည့်
ပါဘဲ ဘယ်ကလွှတ်ထားတဲ့ Spy တွေဆီက သတင်းရတာလဲ။

‘လေး’လည်း သိသင့်တာပေါ့။ ဒါမှ ကိုကို့ကိုချုပ်ကိုင်လို့ရမှာ





လေ။ ကိုကို့နားမှာ ဘယ်မမမှမရှိရဘူးလို့ပြောထားရဲ့နဲ့ ‘လေး’လာသို့
ရှိနေလို့ကတော့ ‘လေး’အကြောင်း ကောင်းကောင်းကြီးသိစေရမယ်။

ဝေါခနဲရယ်လိုက်မိကြ၏။ pratical ခန်းထဲမှထွက်လာရင်း
duty coat ကို သူချွတ်လိုက်စဉ် ဝါဝါက သူ့ကိုလက်လှမ်းပေးလေ
သည်။

“ဘာလဲ”

“ကြည်လင့် coat စွန်းသွားတယ်မဟုတ်လား။ ဝါ. လျှော်ပေး
မယ်လေ။ ချက်ချင်းမလျှော်ရင် ချွတ်လို့ရမှာမဟုတ်ဘူး”

“ဟာ. အင်္ကျီစိုသွားရင် ကိုယ်ဘာဝတ်ရမှာလဲ။ လက်တွေ့တစ်
ချိန် ရှိသေးတယ်လေ။ အဲဒီဆရာကြီးက စည်းကမ်းကြီးပါဘိသနဲ့”

“ဝါ. ကွက်ပြီးလျှော်ပေးမှာပေါ့ ကြည်လင်ရဲ့။ Use your
brain! ဒီလောက်ကြီးမခက်ဘဲ ခေါင်းစားနေပြန်ပြီ”

“OK! Thank . . . ပါ.ဝါ”

“ကျေးဇူးတင်ရင် ညနေ ကော်ဖီလိုက်တိုက်ပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"တိုက်ပါတယ်။ ကိုယ် ဒီလောက်ကပ်စေးမနည်းပါဘူး။ အား လုံးပဲ ညနေ ကိုယ် one table ရှင်းပေးမယ်ဟေ့"

"ဝေး . ."

"ဘာလဲ၊ မင်းTest လုပ်တဲ့အလောင်းကြီး လက်ပြန်ရိုက် လိုက်တဲ့အထိမ်းအမှတ်နဲ့ ကျွေးတာလား"

"သေဦးမယ်"

သူကြိမ်းတော့ တစ်အုပ်စုလုံး ဝါးခနဲရယ်လိုက်ကြပြန်၏။ ပြုံး လက်စအပြုံးက တစ်ဝက်မှာ တန့်သွားရလေသည်။ ကလေး မင်းဘာ လုပ်နေမလဲ။ အတန်းထဲ lecture လိုက်နေမလား၊ ဒါမှမဟုတ် viva မေးတဲ့ Teacher တွေရဲ့မေးခွန်းတွေကို ချွေးပြန်လုနီးပါး ဖြေပေးနေ ရသလား၊ ဒါမှမဟုတ် Text စာအုပ်ဖွင့်ပြီး မျက်မှောင်ကြုတ် စာဖတ် နေလေမလား။ တစ်ခုခုတော့လုပ်မှာပေါ့နော်။

အချိန်ပြည့်စောင့်ကြည့်နေချင်လိုက်တာ ဘယ်အချိန် Canteen မှာ ထမင်းထွက်စားတယ်၊ အအေးသောက်တယ်ဆိုတာကအစ အသေးစိတ်သိချင်တာအမှန်ပါပဲ၊ မင်းကို ဘယ်သူတွေ စောင့်ကြည့်နေ မလဲဆိုတာကိုလည်း သိချင်နေတာပါပဲ။

ရှားပါးလှတဲ့မင်းမျက်နှာထက်က အပြုံးလေးကို ဘယ်သူတွေ





ဘယ်နှခါမြင်ဖူးနေပြီလဲ။ ကိုယ့်ကိုပဲ ပြုံးပြစေချင်တယ်။ မင်းရဲ့ထောင် ဘန်အပြုံးတွေကို ကိုယ်ပဲအပိုင်သိမ်းထားလိုက်ချင်ပါရဲ့။ မျက်လုံးလေး ဘောင့်ကပ်ကြည့်ပြီး ပြုံးစစပြောဟန်လေးနဲ့ ဘယ်သူ့ကို မင်းပြောနေ ဦးမှာလဲ။

သဝန်တိုတယ်ဆိုတာဟာ ချစ်ခြင်းကြောင့်ဖြစ်ပေါ်လာတဲ့ စေ ဘသိတ်မှန်း မင်းမသိဘူးလားကလေးရယ်။ ကိုယ်ကလွဲလို့ မင်းနားမှာ ဘယ်သူ့ကိုမှ ရှိမနေစေချင်တာ ကိုယ်လောဘတွေများ ကြီးနေပြီလား။ 'ကိုကို' လို့သင်မပေးပါဘဲ ခေါ်တတ်တဲ့အသံချိုချိုလေးကို နှစ်သက်ခုံမင် ခဲ့ရတာလေ။

"ဟေ့ကောင်, ပြောနေတာမကြားဘူး"

"ဘာလဲ"

"ဆရာမလာဘူးတဲ့။ ငါတို့အစောကြီးလစ်လို့ရပြီ၊ သွားစို့"

"အေး"

အတွေးတွေပျံ့သွားတာကိုစုစည်းလိုက်ပြီး အတန်းထဲမှထွက် လာခဲ့ကြ၏။ (၃)နာရီပဲရှိသေးတာမို့ ကလေးတို့အတန်းလည်း ဆင်း လောက်ပြီထင်ပါသည်။ အလာသာ သူနှင့်အတူဖြစ်ပြီး အပြန်ကို Taxi နှင့်ပြန်နေကျမို့ မကြိုဖြစ်ပါချေ။ ဘယ်ကောင်လေးရဲ့ကားနဲ့များ လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြုံလိုက်မိသေးပါလိမ့်။

ဒုက္ခပဲ။ သူတော့ ကောင်းကောင်းကြီးဒုက္ခရောက်ချေပြီ။ စက္ကန့်မလပ်အတွေးထဲ မင်းအကြောင်းတွေပဲ တွေးနေမိတာ မလွန်ဘူးလား ချာတိတ်ရယ်။ အမြဲတမ်းစိုးရိမ်နေတတ်တော့ ခက်ချေပြီလေ။ ကိုယ်ပဲ သက်ဆိုင်ချင်တဲ့ချာတိတ်မလေးကို တစ်ယောက်တည်း မောင်ပိုင်စီးချင်တာကို လောဘကြီးတယ်လို့ပြောလည်း အပြောခံလိုက်ရုံပါပဲ။

"ဘာဖြစ်လို့ ရှေ့ကအုပ်စု ရပ်သွားတာလဲ"

ဣန္ဒာရေရွတ်လိုက်တာမို့ သူ ခြေလှမ်းကိုရပ်လိုက်မိ၏။ ရှဲခနဲ လမ်းဖယ်ပေးလိုက်သည့်အုပ်စုကြားထဲမှာ ရှင်းသွားလေသည်။ သူ့လက်မောင်းကို ဖိဖိမြင့် လာကိုင်လိုက်တာမို့ ငဲ့ကြည့်လိုက်ပါ၏။ လက်ထဲ လာထည့်ပေးလိုက်သည့် သူ့duty cote ကိုယူ၍ ကျေးဇူးတင်ခေါင်း ညိတ်ပြလိုက်စဉ် တရှပ်ရှပ်ခြေသံကို စကြားရလေ၏။

"ဟော!"

သူ ခဏမျှအသက်ရှူရပ်သွားရပါ၏။ တစ်လှမ်းချင်းလှမ်းလာနေသည့်ခြေသံနှင့်အတူ လုံချည်ခတ်လိုက်သံက တိုးသဲ့သဲ့။ သူ့ဆီ တန်းတန်းကြီး လှမ်းလျှောက်လာသည့် အဖြူရောင်ကောင်မလေးကို အုပ်စုအကုန်လုံး မင်သက်ငေးကြည့်နေမိကြလေ၏။





ခပ်တည်တည်မျက်နှာထက်မှာ မည်သည့်အပြုံးမှမရှိပါချေ။ စိုက်ကြည့်နေသည့်မျက်ဝန်းလဲ့လဲ့တို့ကလည်း တည်တည်ငြိမ်ငြိမ်ပင်။ ခြေလှမ်းတို့က သူ့ရှေ့တည့်တည့်မှာရပ်လိုက်တာမို့ အားလုံးလှုပ်လှုပ်ရှားရှားဖြစ်သွားရလေသည်။

"ကိုကို ကတိမတည်ဘူး"

"ဟင်!"

"လေး'ကိုဘာကတိပေးထားသလဲဆိုတာ မှတ်မိရဲ့လား"

"မဟုတ်ဘူး"

သူ အမြန်ခေါင်းခါလိုက်ရင်း သူ့လက်မောင်းကိုကိုင်ထားဆဲဖြစ်နေသည့်ဖိဖိ့လက်ကို ဆွဲဖြုတ်လိုက်၏။ သူမက ခြေတစ်လှမ်းနောက်ဆုတ်လိုက်စဉ် သူ အမြန်လှမ်းဆွဲလိုက်မိသည်။

"ကလေး"

"လေး'ပြန်တော့မယ်"

"နေဦးလေ။ ကိုယ်တို့အတူပြန်မှာပေါ့"

"ဟင့်အင်း, ကိုကို့မှာ သူငယ်ချင်းတွေပါလာတဲ့ဟာ၊ 'လေး' Taxi နဲ့ပြန်နေကျအတိုင်း ပြန်ပါ့မယ်"

"မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ကြည်လင်။ ငါတို့ နောက်နေ့မှလိုက်စားလည်းဖြစ်တယ်"

သူဆွဲထားသည့်လက်ဖျားလေးကိုအတင်းရုန်းနေတာမို့ ဝဏ္ဏက အဆင်ပြေအောင် ဝင်ပြောပေးပါ၏။ အားလုံး၏အကြည့်က သူ့ချာတိတ်မထံမှာပဲ စူးစိုက်ကျနေကြတာလေ။

"ကိုယ့်သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးဦးမယ်လေ။ ဒါ ဝဏ္ဏတဲ့၊ သူက မင်းသု၊ သူက မင်းဟိန်းခန့်၊ သူက ဝါဝါမြင့်၊ သူတို့က သူ့ဇာတွေးနဲ့ ရိုစီထွန်းတဲ့၊ ဒါကတော့.."

သူ့ စကားကိုရပ်လိုက်မိ၏။ ဘယ်လိုပြောပြီး မိတ်ဆက်ပေးရမှာပါလိမ့်၊ ကျောင်းဆောင်အောက်ထပ် Corridor မှာ လက်ဆုပ်ကိုင်ထားပြီး မိတ်ဆက်ပေးနေတာက ခပ်ပိုင်ပိုင်ပုံစံမဟုတ်ပါလား၊ သူမက သူ့ကိုမျက်စောင်းတစ်ချက်ထိုးလိုက်ပြီး အားလုံးကို လှစ်ခနဲပြုံးပြလိုက်လေသည်၊

"'လေး'ရဲ့နာမည်က ဖြူဖြူလေးပါ"

"ဟောဗျာ! First MB က star လေး ဖြစ်နေပါလား"

"ကိုကို့ညီမလေးမို့ ခေါ်သွားခွင့်ပြုပါဦးနော်"

"ဟုတ်ကဲ့ပါဗျာ"





အားလုံးမျက်နှာမှာ ရယ်ချင်ချင်ဖြစ်နေစဉ် သူမက သူ့လက်မောင်းကို ဖျတ်ခနဲချိတ်ကိုင်လိုက်ပြီး ဆွဲခေါ်လိုက်လေ၏။

"'လေး'ချိတ်မယ့်လက်မောင်းကို ဘယ်သူမှကိုင်ခွင့်မရှိဘူးဆိုတာ ကိုကိုသိထားပါ"

ကဲ. သူဘာပြောလို့ရတော့မှာလဲ။ အံကျိတ်ပြောလိုက်သည့်ကောင်မလေး၏လက်သွယ်သွယ်လေးကို လက်မောင်းထဲ ညှပ်ကိုင်ထားရင်း သူရယ်ချလိုက်မိလေ၏။ ကျေးဇူးတင်ပါတယ်။ ကလေးရဲ့ရင်ထဲမှာ သူနဲ့ဆက်နွယ်တဲ့ဝန်တိုမှုတို့ ကိန်းအောင်းနေတဲ့အတွက်ကြောင့်ပါပဲ၊

"ဘာလို့ရယ်နေတာလဲ။ 'လေး'အကောင်းပြောနေတာလေ။ တစ်ရက်ဆိုတစ်ရက်ဆိုသလောက် ကွဲခနဲမိတာပဲ၊ 'လေး'မမြင်ရဘူးဆိုပြီး ဒီလိုပဲ ကိုကို ဘယ်နှကြိမ်လုပ်နေလဲ"

"ဘာကိုလဲ"

"ကိုကိုလက်မောင်းကို ဟိုမချိတ်ထားတာ 'လေး'မျက်စိနဲ့ တပ်အပ်ကြီးမြင်လိုက်ရတာလေ။ အဲဒီလိုပဲလား။ ကြည်လင်ထူးရဲ့လက်မောင်းက မိန်းကလေးတိုင်း လာချိတ်လို့ရတဲ့တိုင်ကလေး ဖြစ်နေတာပေါ့လေ"

"မဟုတ်ရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ရင် ဘာလဲ... ကိုကိုတို့အဆောင်ထိ တစ်ယောက်တည်း 'လေး' ဘယ်လောက်အားအားတင်းလာခဲ့ရတယ်ထင်သလဲ။ အားလုံးဝိုင်းကြည့်နေကြတာကို ခြေလှမ်းမမှားမိအောင် မနည်းလျှောက်လာခဲ့ရတာ။ ဒီလည်းရောက်ရော..."

"ဒီလည်းရောက်ရော ဘာဖြစ်လဲပြောပါဦး"

လက်ကိုဆတ်ခနဲဖြုတ်ကာ နှုတ်ခမ်းစူ ခြေဆောင့်လိုက်လေ၏။ ချစ်လိုက်ရတာနော်။ ဖျတ်ခနဲထွေးဖက်လိုက်ရ (ကျောင်းထဲမှာမကောင်းတတ်လို့ပါလေ။ သူမလက်ကလေးကို ပြန်ဆွဲချိတ်ကာ ဆက်လျှောက်လိုက်ပါ၏။

"ကိုယ့် duty coat စွန်းသွားလို့ ဖါဖါက လျှော်ပေးပြီး ပြန်လာပေးချိန်နဲ့ တိုက်ဆိုင်သွားရတာပါ။ အထင်မလွဲပါနဲ့ကလေးရဲ့။ ကြည်လင်ထူးရဲ့လက်မောင်းကို ချိတ်ကိုင်ခွင့်ဆိုလို့ ဖြူဖြူလေးတစ်ယောက်မှာပဲရှိတာကို ယုံလိုက်ပါ"

တိမ်ညိုဖုံးလွှမ်းထားသည့် 'လ' ကလေးက အခုမှသာလေ၏။ လက်မောင်းကိုဖျတ်ခနဲဆွဲဆိတ်လိုက်ပေမယ့် စိတ်မဆိုးမိဘဲ သူတိတ်တိတ်သာ ရယ်လိုက်ပါတော့သည်။ ခြော်, ကလေးရယ်...



## အခန်း (၁၂)

'ချစ်တယ်' တဲ့။ နှစ်လုံးတည်းပြောခဲ့တဲ့စကားလေးပါ။ စာမေးပွဲနောက်ဆုံးရက် လာကြိုပြီးပြောလိုက်ကတည်းက အရှက်သည်းစွာဖြင့် ရှောင်ရှားနေခဲ့တာကြာပြီပဲ။ သူ House ဆင်းနေပြီမို့ 'လေး' ရဲ့ကျောင်းကိုမလာဖြစ်တော့ပါချေ။ တော်ပါသေးရဲ့။ အရင်လို ကျောင်းအတူသွားရရင် ရှက်လွန်းလို့ သေရချည်ရဲ့နော်။

"ကလေးကို ဟိုး.. စမြင်ဖူးကတည်းက ချစ်နေခဲ့တာကြာပြီ။ ဟောဒီနေ့ရာက ဒုတ်ခနဲမြည်တဲ့အထိ စိတ်လှုပ်ရှားပြီး ချစ်ခဲ့ရတာပါ။ ကြည်လင်ထူးရဲ့နှလုံးသားကို ပုတ်နှိုးနိုင်တဲ့အစွမ်းသတ္တိတွေ ကလေးဆီ



www.burmeseclassic.com

www.burmeseclassic.com



မှာရှိနေတယ်။ ကိုယ့်ကိုပြန်ချစ်ပါ။ အမြဲတမ်း တလက်လက်တောက်ပ
နေတဲ့ အဲဒီမျက်လုံးလေးတွေကို အပိုင်လိုချင်တယ်။ ကိုယ် မကြာခဏ
ဆုပ်ကိုင်ခွင့်ရခဲ့တဲ့ဟောဒီလက်သေးသေးလေးတွေကို ဘဝတစ်သက်တာ
အတွက် ထာဝရတွဲထားချင်တယ်။ မြတ်မြတ်နိုးနိုးချစ်မိတဲ့ ဒီရင်ဘတ်
ကြီးမှာ ကလေးကိုနောက်ဆုံးထွက်သက်အထိ ထွေးပွေ့ ပိုက်ထွေးထား
ခွင့်ပြုပါ 'တဲ့။

ရက်စရာကြီးနော်။ 'ကိုကို' လို့ အားကိုးတကြီးခေါ်ခဲ့မိတာတွေ
ကို ပြန်တွေးမိတိုင်း 'လေး' တွေဝေရစမြဲ။

တည်ငြိမ်တဲ့အရွယ်ကို 'လေး' မရောက်သေးတာ ကိုကိုသိပါရဲ့
လား။ မယုံရဲခဲ့ပါဘူး။ ဖြူစင်ခဲ့တယ်လို့ပဲ 'လေး' ကိုယ် 'လေး' ပြေတွေး
နေပေမယ့် အိပ်ပျက်ညတွေသာ များသည်ထက်များနေခဲ့တာလေ။

ကိုကိုဘာတွေများလုပ်နေမလဲဆိုတာကိုသိချင်နေပေမယ့် အရင်
လို မစပ်စုရဲတော့ဘူးလေ။ ခြံထဲလမ်းဆင်းလျှောက်နေတာကိုတွေ့ရင်
ဟိုအရင်ကပြေးဆင်းသွားပြီး စကားတွေ ရုပ်ပြောခဲ့တာပါပဲ။ အခုတော့
ပြတင်းလိုက်ကာကြားက မရဲတရဲချောင်းကြည့်ပြီး သက်မတွေချခဲ့ရတာ
အကြိမ်ကြိမ်ပါလေ။

ခေါင်းပြန်ညိတ်ပြရမှာလား။ ဟင့်အင်း. . . လူကြီးတွေဆူရင်





ဘယ့်နှယ်လုပ်မလဲ။ မေမေတို့သိသွားမှာစိုးစိတ်နဲ့ ကိုကို့ကိုရှောင်ရှား
နေခဲ့တာ ကြာပြီလေ။ ဒီနေ့တော့ 'လေး' ရှောင်လို့မရတော့ဘူး။ 'လေး'
ဘာလုပ်ရမလဲ။

ဆရာဝန်ပေါက်စဖြစ်နေတဲ့ 'ဒေါက်တာကြည်လင်ထူး' ရဲ့မွေး
နေ့မှာ 'လေး' ဆီက အလိုချင်ဆုံးလက်ဆောင်ကို ပေးရမှာတဲ့လေ။

လူပေါ့အများကြီးရှေ့မှာ 'လေး' ရဲ့လက်ကိုကိုင်ပြီး မေးလိုက်
မှာတဲ့။ 'လေး' က 'အင်း' လို့ခေါင်းညိတ်ဖို့ မရဲဝံ့ပါလေ။ ဘဘတို့ကို
ခွင့်ပြောထားပြီတဲ့။ ကဲ, 'လေး' ဘာလုပ်ရမှာလဲ။ 'လေး' ဘက်က ဘာအဖြူ
အမဲမှသဲသဲကွဲကွဲမပြောရသေးခင် သူခြေလှမ်းတို့က သွက်လွန်းနေတာ
မဟုတ်လား။

'လေး' ယုံကြည်ပါတယ်။ ကိုကို့ရဲ့ချစ်ခြင်းတွေကိုလေ။ 'ဘာလို
ချင်သလဲ' လို့မေးစရာမလိုအောင် 'လေး' ရဲ့လိုအပ်ချက်မှန်သမျှကို မပြော
ဘဲနဲ့ ဖြည့်ဆည်းပေးခဲ့တာ အမြဲလိုလိုပါပဲ။

''ကလေးကိုလာမကြည့်နိုင်ဘူးဆိုပြီး ကွယ်ရာမှာ ထင်ရာစိုင်း
မယ်မကြံနဲ့နော်။ ကြည်လင်ထူးရဲ့ တတိယမျက်လုံးကို ဖြူဖြူလေးရဲ့
နောက်ကျောမှာ အမြဲမပြတ်စောင့်ကြည့်ဖို့ ကပ်ပေးထားတာကို မမေ့
လိုက်နဲ့'' တဲ့။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်မှန်းသိပေမယ့် လိုက်နာယုံကြည်ပေးမိတာပဲမဟုတ်ပါလား။

နာရီမှ (၇)နာရီထိုးသံမြည်သွားတာမို့ လန့်သွားရပါ၏။ တစ်ဖက်ခြံထဲမှာ မီးတွေထိန်ထိန်လင်းနေချေပြီ။ ပွဲစပြီထင်ပါရဲ့။

"ဒေါက်! ဒေါက်!"

"ဘယ်သူလဲ"

"အန်တီလေးပါ သမီးရဲ့"

တံခါးကို ထဖွင့်ပေးလိုက်ပါ၏။ အန်တီလေးက ပြင်ပြီးဆင်ပြီးနေချေပြီ၊ ယခုတိုင် မျက်နှာပြောင်နှင့်ဖြစ်နေသည့်သူမကို တအံ့တဩဖြစ်သွားပါ၏။

"ဟယ်. ခုထိဘာမှမပြင်သေးဘူးလားသမီးရဲ့၊ ဧည့်သည်တွေစုံနေပြီလို့ အန်တီလေးကို ကြည်လင် phone လှမ်းဆက်တယ်"

သူမဘာမှပြန်မဖြေဘဲ ခုတင်ထက် ပြန်ထိုင်ချလိုက်မိ၏။ အန်တီလေး မေးနေပြီ ကိုကို့၊ 'လေး'ဘာလုပ်ရမလဲ။ ကိုကို့ကို Yes or No ပြောရမယ့်ကိစ္စမှာ 'လေး'က ခေါင်းကိုသာ ဆတ်ခနဲညိတ်လိုက်ချင်တာလေ။ အန်တီလေးရှေ့မှာ ဘယ်လိုများ အဖြေပြန်ပေးရမှာပါလဲ။

"သမီးဘာဖြစ်နေတာလဲ"





"အန်တီလေး"

"ပြော"

"ဟိုလေ. လေးလေးကို အဖြေပြန်ပေးတုန်းက အန်တီလေး ဘယ်လိုလုပ်ခဲ့လဲဟင်"

"ကိုလေး, ကို. . ."

"အင်း"

"ကြည်လင့်မွေးနေ့ပွဲကိုသွားမှာနဲ့ ကိုလေးကိုအဖြေပေးတဲ့ကိစ္စက ဘာများဆက်စပ်နေလို့လဲသမီးရဲ့"

သူမ လက်ဖဝါးနှစ်ဖက်ကိုအသာပွတ်ရင်း ငြိမ်နေမိ၏။ မေမေတို့ဖေဖေတို့ထက် သူမက အန်တီလေးနှင့် ပိုပြီးပြောရဲဆိုရဲရှိတာလေ။ အခုလည်း အစောကြီးကတည်းက ပြောပြတိုင်ပင်ဖို့ စဉ်းစားထားပါလျက် အရှက်သည်းလွန်းတာမို့ မပြောဖြစ်ခဲ့တာပါ။ အခုချိန်ပြောတာလည်း နောက်မကျသေးဘူးထင်ပါရဲ့နော်။

"လေး'သိချင်လို့မေးတာပါ"

"ဒါဆိုလည်း နောက်မှပြောကြစို့သမီးရယ်။ အခု မွေးနေ့ပွဲသွားဖို့ပြင်တော့၊ မြန်မြန်လေးလုပ်"

"နောက်မှပြောလို့မရဘူး အန်တီလေးရဲ့၊ 'လေး'က အဖြေ

www.burmeseclassic.com

www.burmeseclassic.com



ရမှာ"

"အခု"

"ဟုတ်"

"ဘယ်သူ့ကိုလဲ"

သူ့မျက်နှာလေး ရဲသွားရပါ၏။ အချစ်ဆိုတာ အရှက်သည်း
စေတာတဲ့လား။ ကိုကို့ရှေ့မှာ မရပ်ရခင်ကတည်းက ဒီလောက်ရှက်နေ
ရရင် 'လေး'တော့ဒုက္ခပဲ။ တော်ကြာ ကိုကို့ရှေ့မတ်မတ်မရပ်နိုင်ဘဲ ယို
လဲကျသွားရင်တော့ ပြဿနာတက်ကုန်မှာအမှန်ပါလေ။

"ဟဲ့! ငိုင်မနေနဲ့လေ။ ဘယ်သူလဲလို့"

"ဟိုလေ အန်တီလေး။ မေမေတို့ကို လောလောဆယ်မပြော
ဦးနော်။ နောက်မှ 'လေး'ဘာသာ 'လေး'မေမေတို့ကိုဖွင့်ပြောပြပါ့မယ်"

"အေးပါ"

"ကိုကို့ကို"

"ဘယ်လို"

"ရှူး တိုးတိုးလေ. အန်တီလေးရဲ့။ ကြားကုန်ကြတော့မှာပဲ"

"ဟဲ့. ဘာပြောလို့ကြားကုန်မှာလဲ။ ကြည်လင်က သမီးကိုဖွင့်
ပြောတယ်"





"အင်း"

"ဘယ်တုန်းကလဲ"

"ကြာပြီ၊ First Year ပြီးတဲ့နေ့ကတည်းက"

"ဟောတော်၊ အဲဒါ အခုအဖြေပြန်ပေးရမယ်၊ ဒီလိုလား"

"အင်း"

ခေါင်းကို မညိတ်ချင်ညိတ်ချင်ဖြင့် ညိတ်ပြလိုက်ရ၏။

အား . . အန်တီလေးကိုတောင် မျက်နှာချင်းမဆိုင်ရဲတော့ပါ
လေ။ မျက်နှာတွေ ပူလိုက်တာနော်။

"သမီးက ဘယ်လိုဖြေဖို့စိတ်ကူးထားလို့လဲ"

"မသိဘူး"

အသံက တိုးသဲ့သဲ့မှသာ ထွက်လာ၏။ ရင်ထဲမှာ ကတုန်ကယင်
နှင့် ငိုချင်ချင်ဖြစ်လာရတာမဟုတ်လား။ ချစ်မိသူတိုင်း အခုလိုဖြစ်လေ့
ကြလားဟင်။ 'လေး'ကတော့ တစ်ခါမှမလုပ်ဖူးတဲ့ ကလေးပီပီလေး
လို ကြောက်ကြောက်ရွံ့ရွံ့လေးဖြစ်နေတာအမှန်ပါလေ။

"ဒြော် Yes or No တစ်ခုခုဖြေလိုက်ပေါ့သမီးရယ်။ ဘာ
ခက်လို့လဲ"

"ဟိုလေ. 'လေး'ကို မေမေတို့ဆူမလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော. ကိုကိုဆူမှာစိုးတယ်ဆိုရင်တော့ Yes ချင်တာပေါ့ လေ ဟုတ်လား။ ဒါများသမီးရေ၊ ကြည်လင့်ကိုလက်ခံလိုက်ပေါ့။ ကိုကို တို့ကို အန်တီလေး ကူပြောပေးပါ့မယ်။ သမီးက စဉ်းစားတတ်တဲ့အရွယ် ရောက်နေပြီပဲဟာ။ ငယ်တော့ငယ်သေးတာအမှန်ပေမယ့် ကြည်လင်က ငြင်းဖို့သင့်တဲ့လူမှမဟုတ်တာ။ Don't worry baby, go on!"

အန်တီလေးကို သူမက အသာတွေးဖက်၍ ပါးပြင်ကိုမွှေးကြူ လိုက်လေ၏။ ရင်ထဲမှာ နည်းနည်းအေးသွားရတာအမှန်ပါပဲ၊ အန်တီလေး ထွက်သွားတော့မှ CD Remode ကိုဖွင့်၍ ရေချိုးခန်းထဲ အပြေးဝင် လိုက်ပါ၏။ အေးစိမ့်စိမ့်ရေတို့က ခေါင်းထက်မှစီးကျလာစဉ် ရေချိုးခန်း ထဲရှိ Song box ထဲမှသီချင်းသံက ငြိမ့်ငြိမ့်လေးထွက်လာလေသည်။

"အသည်းရဲ့ဒိုင်ယာရီ ကိုကိုအချစ်ဦး၊ × × × တအားချစ်ခဲ့၊ ရင် တွေနှန်လာလွန်းလို့ × × × ကိုကိုအချစ်ဦးနဲ့ ထာဝစဉ်အသည်းအသက် နဲ့ဆက်လို့ချစ်ကြမယ် အလွမ်းများ ဝေးပါစေကွယ် × × ×

ရင်ခုန်တာ ကိုကိုပါကွယ် ချစ်လိုက်တာ × × × အို ဘာတွေညာ တွေ မစဉ်းစားခဲ့ဘူး × × × ချစ်ကြမယ် ယုံကြည်ပါတယ် အချစ်တို့ကွယ် × × × ကိုကိုရယ် × × × ကိုဟာ အသည်းဦးပေါ့နော် × × ×

အသည်းရဲ့ဒိုင်ယာရီ ကိုကိုအချစ်ဦး၊ × × × တအားချစ်ခဲ့၊ ရင်





တွေ နှန်လာလွန်းလို့ × × × ကိုကိုအချစ်ဦးနဲ့ ထာဝစဉ် အသည်းအသက် နဲ့ဆက်လို့ချစ်ကြမယ် အလွမ်းများ ဝေးပါစေကွယ် × × ×

လေဆန်ရေဆန် အတူတူလိုက်ခဲ့မယ် × × × ကိုကိုဟာလေ ချွန်မရဲ့ဘဝပဲ × × × လှိုင်းလေကျော်ကာ ကိုကိုရေ လိုက်လာမယ် × × × သုခမြို့မှာ ငြိမ်းချမ်းပါရစေ × × ×

အသည်းရဲ့ဒိုင်ယာရီ ကိုကိုအချစ်ဦး × × × တအားချစ်ခဲ့၊ ရင် တွေနှန်လာလွန်းလို့ × × × ကိုကိုအချစ်ဦးနဲ့ထာဝစဉ် အသည်းအသက် နဲ့ဆက်လို့ချစ်ကြမယ် အလွမ်းများ ဝေးပါစေကွယ် × × ×

ကိုကိုအချစ်ဦးနဲ့ ထာဝစဉ် အသည်းအသက်နဲ့ဆက်လို့ချစ်ကြ မယ် × × × အလွမ်းများဝေးပါစေကွယ် × × ×

အတွေးဖြင့် ပြုံးနေရာမှ ရယ်မောလိုက်မိလေ၏။ ဘဝကိုပျော် ရွှင်စွာဖြတ်သန်းကျော်လွန်ခဲ့တာပါ။ ဒီလိုပဲ အချစ်ကိုလည်း ပျော်ရွှင်ခြင်း နဲ့ပဲ အဆုံးသတ်ရမည်ဟု တစ်ထစ်ချယုံကြည်ထားခဲ့မိတာ အမှန် ပေါ့။

လက်တွေ့မှာတော့ သူမထင်ထားသလို ဘာကြောင့်မဖြစ်ခဲ့တာ လဲ 'လေး'တို့ချစ်သူသက်တမ်း (၆)လတာကာလလေးမှာ အဘယ်မျှ ပျော်ခဲ့ရပါသလဲ။ စာကျက်ချိန်တိုင်းမှာ ကိုကိုနဲ့သာ အလုပ်အတူဆင်း၍



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုတဲ့မျှော်လင့်ခြင်းတွေနဲ့အတူ ဘယ်လောက်ထိ စိတ်ချမ်းသာပျော်ရွှင်ခဲ့ရပါသလဲ။

ညစဉ် မြင်မက်တဲ့အိပ်မက်တွေထဲမှာ ကိုကို့လက်ကိုတွဲနိုပြီး တိမ်တွေကြား ပြေးလွှား ပျော်ခဲ့ရတာအမှန်ပါ။ ဓာတ်ပုံတွဲရိုက်ရင် ခွဲရတတ်လို့ အယူသည်းပြီး ကိုကိုဘွဲ့ယူတာကိုတောင် 'လေး'အတူတွဲပြီး ဓာတ်ပုံမရိုက်ဖြစ်ခဲ့တာလေ။

အဲဒီလောက်ဆင်ခြင်ခဲ့ပါလျက် ကံကြမ္မာရဲ့မထင်မှတ်တဲ့ ထိုးနှက်ချက်ကို 'လေး'တို့လက်ခံခဲ့ရတာလေ။ မင်္ဂလာဆောင်ပြီး သုံးရက်မြောက်မှာ ခရီးထွက်သွားခဲ့တဲ့လေးလေး၊ အဝေးပြေးလမ်းမမှာ ခရီးကပြန်လာခဲ့တဲ့ကိုကိုကြီး၊ ရှေ့မှာပိတ်မောင်းနေတဲ့ကုန်ကားကြောင့် စိတ်မရှည်ဘဲ ကျော်တက်လိုက်တဲ့အလျင်လိုမှု၊ မျက်နှာချင်းဆိုင် ဘွားခနဲတွေ့ပြီး ရှောင်ချိန်မရခဲ့တဲ့ ကံဆိုးမိုးမှောင်ခြင်းတွေ။

အဲဒါတွေအားလုံးရဲ့အဆုံးသတ်မှာ အနိ်တိလေး၏မျက်ရည်တို့နှင့်အတူ တစ်စစီကြေမွအက်ကွဲသွားရတဲ့ အပြစ်မဲ့နှလုံးသားနှစ်ခုပါပဲ။ ဘယ်သူ့ကိုအပြစ်တင်ရမှာလဲ။ 'လေး' တို့ရဲ့မဆုံစည်းဖြစ်တဲ့ရေစက်ကိုလား၊ ရက်စက်တတ်တဲ့ကံကြမ္မာကိုလား၊ သို့တည်းမဟုတ် မှင်ရည်ကဲ့တဲ့ 'လေး' တို့ရဲ့ဖူးစာကိုလား၊ ဒါမှမဟုတ်ရင် မတူညီ မလိုက်ဖက်ဘူးလို့ ယူဆလို့ရမယ့် 'လေး' တို့နှစ်ယောက်ရဲ့ချစ်ခြင်းတွေကိုများလား။

အချစ်ဆိုတာ လှပတဲ့အနာဂတ်ကိုသာ ဖန်ဆင်းပေးတဲ့ စေတမန်ဆို။ ဒါနဲ့များ ဘာကြောင့် 'လေး'အလှည့်မှ ကံဆိုးရတာပါလဲ။ နှစ်ကိုယ်တူမြတ်မြတ်နိုးနိုးချစ်ကြပါလျက် တစ်ယောက်ကိုတစ်ယောက် အသက်တမျှ တန်ဖိုးထားပါလျက် အခုလိုရက်စက်ရတယ်လို့။

လောကမှာ မုန်းတီးနာကြည်းပြီး လမ်းခွဲခဲ့ကြတဲ့ချစ်သူစုံတွဲတွေသာ အများကြီးရှိမှာပါလေ။ မိဘတွေသဘောမတူလို့ အစောကြီး, အစောကြီးကတည်းက အဆက်ဖြတ်ခဲ့ကြရတဲ့သူတွေလည်း ဒုနဲ့ဒေးပါပဲ။ 'လေး'အလှည့်မှာရော။

စုတ်ချက်ကြမ်းကြမ်းနဲ့ပယ်ဖျက်ခြင်းကိုခံခဲ့ရတာလေ။ အသည်းနင့်အောင်ချစ်ခဲ့ပါလျက် စွန့်လွှတ်ပေးခဲ့ရတာ၊ ဆုပ်ကိုင်ထားချင်ပါလျက် အဲဒီလက်တွေကိုဖြုတ်ပစ်ရပြီး ကျောခိုင်းပစ်ခဲ့ရတာပါ။

'ချစ်ခြင်း'ရဲ့နောက်ကွယ်မှာ 'လမ်းခွဲခြင်း'က ကပ်ပါနေလိမ့်မယ်လို့ ဘယ်သူက ထင်ထားမှာလဲ၊ 'လေး'က တကယ်လက်တွေ့ကြုံခဲ့ရတဲ့သူပါ။

'မဖြစ်နိုင်တော့ဘူး'တဲ့၊ ဘယ်လောက်များ ရက်စက်တဲ့စကားလုံးပါလဲ၊ အဲဒီနောက်ဘက်မှာ 'လမ်းခွဲ' 'အဆက်ဖြတ်' 'မေ့ပစ်' ဆိုတဲ့







www.burmeseclassic.com

www.burmeseclassic.com



စကားဆက်တွေကိုတော့ မကြားချင်မှအဆုံးပါပဲ။

''လမ်းခွဲအဆက်ဖြတ်ဖို့ ကိုကို့ကို ခေါင်းညိတ်ခဲ့တာမှမဟုတ်ဘဲ''လို့ ပြန်ပြောမိတော့ 'လေး'အသားနာခဲ့ရတာလေ။ အပြောပေါ်က ဒဏ်ရာက ဆေးနဲ့ကုလို့ပျောက်နိုင်တာကို ဖေဖေမသိဘူးတဲ့လား။ ရင်ထဲကဒဏ်ရာကို ဘယ်သူက လာကုပေးလို့ရနိုင်မှာလဲ။ အဲဒီအချိန်ကစပြီး 'လေး'ရဲ့ပုံစံလေးက အေးတိအေးစက်ကြီးဖြစ်သွားခဲ့ရတာလေ။ နှလုံးသားမရှိတော့တဲ့စက်ရုပ်လေးလို ရှင်သန်ခဲ့ရတာပါ။

ကိုကိုဖြတ်ချခဲ့တဲ့ အေးဆက်စက်လက်ကလေးက ဆုပ်ကိုင်သုံးမဲ့ခဲ့တာအမှန်ပါပဲ။ ကျောခိုင်းချန်ရစ်ခဲ့ရတဲ့နေရာမှာ အသက်ရှူခြင်းတွေမေ့ပြီး ကျောက်ရုပ်တစ်ရုပ်လို ရပ်နေခဲ့တာအကြာကြီးပါပဲ။

ကိုယ်မလုပ်ပါဘဲ ကျွဲနှစ်ကောင်ခတ်ရာမှ မြေဇာပင်လိုဖြစ်ခဲ့ရတာ ဘာကြောင့်လဲ။ မရည်ရွယ်ပါဘဲ မတော်တဆဖြစ်ခဲ့ရတဲ့ Accident တစ်ခုကို ပုံကြီးချဲ့ခဲ့တာကရော ဘာကြောင့်လဲ။ စကားတွေအကြီးအကျယ်များကြပြီး နှစ်မိသားစု သွေးကွဲသွားခဲ့ရတာကရော..

နေခဲ့ပါတယ်။ ကိုကိုထားခဲ့တဲ့ အသည်းကွဲအရုပ်လေးအတိုင်းပါပဲလေ။ မျက်ရည်ဆိုတာတွေက အလွမ်းနဲ့အမြှာပူးမောင်နှမလို 'လေး' ဆီမှာ ခိုအောင်းခဲ့တာကြာပါပြီ။ ကြာတော့ကြာခဲ့ပါပြီလေ။ သို့သော်ငြိမ်ဝဥ်းစားလိုက်မိတဲ့အချိန်တိုင်း 'လေး'ရဲ့နှလုံးသားလေး တစ်စစ်စစ်နဲ့နာကျင်နေတာ ယနေ့ထိတိုင်ပါပဲ။ အစိမ်းသက်သက်ကြီးရခဲ့တဲ့ဒဏ်ရာမို့ မကျက်နိုင်သေးတာအမှန်ပါလေ။





ကြော်. 'လေး' ချစ်ရပါသောကိုကိုရယ်..



www.burmeseclassic.com

www.burmeseclassic.com



အဆုံး...

www.burmeseclassic.com

www.burmeseclassic.com



To love and to be loved is to feel the sun from both sides.

(David Viscott)

အချစ်နဲ့အချစ်ခံရခြင်းဆိုတာဟာ နေရဲ့အပူဒဏ်ကို ဟိုတစ်ဖက်ဒီတစ်ဖက် အလောင်ခံရခြင်းပါပဲ။

(ဒေးဗစ် ဗစ်စကော့တ်)





'အခွင့်'

တစ်ယောက်တည်း တွေး

တစ်ယောက်တည်း ငေး

တစ်ယောက်တည်း ရေး

တစ်ယောက်တည်းပဲ နေချင်တယ်။

ခရီးမှာ တစ်ယောက်တည်း

ငါ့လက်မှာ လိုတာထက်ဘာမှမပိုချင်ဘူး

ဘဝမှာ တစ်ယောက်တည်း

ငါ့ရင်ဘတ်မှာ မလိုအပ်တာတွေ ထည့်မပေးပါနဲ့

အချစ်...

ငါ အဲဒါနဲ့ ရျက်နှာမသစ်ချင်ဘူး

အမုန်း...

ငါ သူ့ကိုမလိုအပ်ဆုံးဘဲ

အလွမ်း...

ငါနဲ့ ခပ်ဝေးဝေးမှာနေပေးပါ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားရဲ့ စာမျက်နှာထက်
အတုအစစ် ခေဖန်ပိုင်းခြားနေချိန်
ငါ ပိုင်ဆိုင်ထားတာစုန်သမျှ
လိုအပ်နေတာတွေထက်
(ဘာကိုမှ)
ငါ ပိုပြီးမလိုချင်ဝါဘူး
ဘယ်သူတွေဘာပြောပြော
ဘယ်လိုပဲအမြင်တွေစိမ်းနေဦးတော့
ကျေးရှူးပြုပြီး
တစ်ယောက်တည်းပဲနေပါရစေ—



BURMESE CLASSIC .com

## အခန်း (၁၃)

ဆေးရုံအသစ်ကြီးသို့ စပြောင်းရပြီမို့ အန်တီလေး၏ဆေးခန်းကို မထိုင်ရတော့ပါချေ။ အန်တီလေးကတော့ 'နှင်းဆီရိပ်'ဆေးရုံမှာ ပြောင်းဘဲ နေရစ်ခဲ့လေ၏။ 'လေး'နှင့် သဇင်တို့သားအဖနှစ်ဦးစလုံး သည့် Globe Tower Hospital ကြီးကိုပြောင်းကြပြီး သဇင့်ပါပါ ဆိုက်တာနေမျိုးက ဆေးရုံအုပ်ရာထူးဖြင့် အုပ်ချုပ်ရမှာပါ။

သဇင်က အဖေအရှိန်ဖြင့် Interview လွတ်သူဖြစ်ပြီး 'လေး' ခွန်ချိုသာကြောင့် pass ပေးခံရတဲ့သူမို့ စိတ်ပျက်နေမိ၏။ မပြောင်းချင်ဘူးပြောပေမယ့် နောက်ဆုံးတော့ ခေါင်းညိတ်လိုက်ရတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



“သမီး မပြီးသေးဘူးလား အောက်မှာ ဖယ်ရီရောက်နေပြီ”

“ဖယ်ရီ?”

“အေး”

တယ်ဟုတ်ပါလား။ ဆေးရုံဖွင့်တာမှ တစ်လသာရှိသေးတာ ဆရာဝန်တွေကို အိမ်အထိ လိုက်ကြိုတဲ့ဖယ်ရီဆိုပါလား။ ‘လေး’တို့သူငယ်ချင်းနှစ်ယောက်က ဒီနေ့မှစဆင်းမှာမို့ ဒီဖယ်ရီကိစ္စကို မသိသေးတာလေ။

ဆံပင်တွေကိုသပ်သပ်ရပ်ရပ်စည်းနှောင်လိုက်ပြီး duty coat ကို လက်မှာအသာခေါက်တင်လျက် လှေကားမှဆင်းလာခဲ့ပါ၏။ break-fast စားပြီးပြီမို့ အလုပ်သွားဖို့ Ready ဖြစ်နေတာလေ။ အန်တီလေး၏နှုတ်ဆက်သံကိုကြားရပြီး ကားမောင်းထွက်သွားပြီမို့ သူမ ဧည့်ခန်းကိုထွက်ခဲ့ပါသည်။

“ဟော, သမီးဆင်းလာပြီ”

“မမကိုလာကြိုတာ”

အမယ်လေးနော်. . . ဖယ်ရီရောက်နေပြီဆိုလို့ အဟုတ်မှတ်တယ်။ လက်စသတ်တော့ ဒင်းကိုး။ အန်တီလေးတော့ စောစောစီး သူမကို စသွားတာမဟုတ်လား။ ဧည့်ခန်းရှိခုံမှာ မေမေနှင့်စကားပြော





နေသည့် ခွန်ချိုသာက သန့်ပြန့်တောက်ပလို့ပါလေ။

“မင်း ကျောင်းတက်ရမှာမဟုတ်လား”

“တက်မှာပေါ့မမရဲ့။ မတက်ခင် ဝင်ပို့ပေးခဲ့မှာပေါ့”

“အားအားလျားလျား အလုပ်ရှုပ်ခံပြီး လာရတယ်လို့။ ‘လေး’ Taxi နဲ့ပဲ သွားမှာပေါ့”

“သမီးကလည်း ကလေးကိုအားနာစရာ”

“မေမေ မသိပါဘူး”

“သိပါတယ် သားလာကြိုတယ်ဆိုတာနဲ့ မျက်နှာက ရှစ်ခေါက်ချိုးဖြစ်နေတဲ့ဟာ”

ပြုံးစိစိလေးဖြစ်နေသည့်သူ့ကို မျက်စောင်းလှမ်းခဲလိုက်သည့် သူမကြောင့် ပြုံးလိုက်မိ၏။ လှလိုက်တာနော်။ မနက်စောစော အမောကို ပြေသွားစေတဲ့ အလှပိုင်ရှင်လေးပေကိုး။ ပါတိတ်ဆင်ဆန်ဆန် အပျော့သား one set ဝတ်ထားပေမယ့် ရင့်ရော်မသွားဘဲ တကယ့် (၁၈)နှစ် ကောင်မလေးလို နုနယ်နေတာလေ။ ဒါလား. . . သူနဲ့မကြာမီစေ့စပ်တော့မယ့် ဆရာဝန်မချောချောလှလှလေးတဲ့လေ။

“‘လေး’မှမကြိုက်တာမေမေရဲ့”

“ဘာမကြိုက်တာရှိလဲ။ သမီးနော်, နှင့်အဖေမရှိတဲ့နောက်ပိုင်း ကို



www.burmeseclassic.com

www.burmeseclassic.com



ကျမယ်မကြံနဲ့။ ကလေးမဟုတ်သူငယ်မဟုတ်နဲ့၊ အလုပ်အသစ်စပြောင်းတဲ့နေ့ စောစောသွားစေချင်လို့ စေတနာနဲ့လိုက်ပို့ပေးမှာကို''

ဘာစေတနာလဲ။ အဲဒီနောက်မှာ 'လေး' ရဲ့ဘေး ပက်ပြုပက်ျနဲ့ နားပူအောင် စကားတွေပြောနေမှာကိုဖြင့် မမြင်ဘူး။ သူ့အဖေဆောက်ထားတဲ့ဆေးရုံမှ သူ တကျောင်းကျောင်းဆင်းထွက်နေမှာကိုကြိုတွေးပြီး ရင်မောနေမိ၏။ သဇင်ကတော့ သူနှင့်လေးကို သဘောတူလွန်းလို့ တစ်ဖက်ကမ်းကိုကျော်နေချေပြီ။

မုန်းလိုက်တာ သူ့ဘက်မှာပဲ အင်အားတွေ တအားများနေပြီး လေးက အင်အားနည်း မှိန်ဖျော့နေရတာမဟုတ်လား။ ဒီနေ့တော့ စောစောရောက်စေချင်လို့ဆိုတာထားတော့၊ နောက်နေ့ ထပ်မရောက်လာဘူးလို့ မေမေ အာမခံနိုင်လို့လား။

''ဒီတစ်ရက်ပဲပို့နော်''

''ဟာ, မမကလည်း ဂျစ်ပြီ''

''မပြောလို့ရမလား ဆရာဝန်အသစ်လေးဖြစ်ပြီး သူဌေးသားရဲ့သား လိုက်ပို့တဲ့ကားနဲ့ နေ့တိုင်း အလုပ်သွားပြန်နေရင် လူပြောစရာဖြစ်ကုန်မှာပေါ့''

''ပြောချင်တဲ့သူပြောပေါ့မမရဲ့။ ကျွန်တော်နဲ့မမကိစ္စကို အား





လုံးသိထားကြပြီးသား. . ဘာမှမထူးဆန်းဘူး''

''ဘာ! ''

''ကဲ, သွားမယ့်ဟာသွားစမ်း မိဖြူရယ်။ စကားများချိန်က ရှိရသေးတယ်လို့။ တော်ကြာ နောက်ကျနေဦးမယ်''

မေမေက သူမကို ကျောမှအသာတွန်းနေပြီမို့ ကားပေါ်သို့ တက်ထိုင်လိုက်ရပါ၏။ မျက်နှာက အရင်လိုတည်ထားရာမှ စူပုပ်နေမှာအသေအချာပါပဲ။ မိုးလင်းတာနဲ့ ခေါင်းရှုပ်စရာကိစ္စက ဖြစ်လာတာကို။

''မမ ဘာစားပြီးပြီလဲ''

''အခုပဲ (၉)နာရီထိုးတော့မယ့်ဟာ။ ဘာမှမစားထားဘဲ နေမလား''

''ကျွန်တော်က မမ ဘာမှမစားရသေးရင် တစ်ခုခုဝယ်ကျွေးချင်လို့ပါ''

''မလိုဘူး''

''နေ့လယ်ဘယ်အချိန် ထမင်းစားနေကျလဲဟင်''

လာပြီ။ အဲဒါတွေကြောင့် ဒင်းနဲ့အတူတူမလိုက်ချင်တာလေ။ စကားများများပြောတာမကြိုက်ပါဘူးဆိုမှ သာလိကာလက်သစ်နဲ့ စတွေ့နေရပါရောလား။ မျက်စောင်းကို ဒိုင်းခနဲလှည့်ထိုးလိုက်တာကို သူက



www.burmeseclassic.com

www.burmeseclassic.com



ရှိန်မသွားဘဲ ပြုံးတုံ့တုံ့လေးလုပ်နေလေ၏။

ပြောမယ့်သာပြောရတာ၊ ဒီကောင်လေးကို အစက ဂျစ်လေး လို့ 'လေး' ထင်ထားတာလေ။ အခုတော့ တော်တော်မျက်နှာချိုနေသည့် ကောင်လေးဖြစ်နေပါရော။ ဘာပဲပြောပြော သူ့မျက်နှာမှာ ကလေးဆန်သည့်အရိပ်အယောင်တွေက ပေါ်လွင်နေတာပါပဲ။

"ဆာတဲ့အချိန် စားတာပေါ့။ ဘာလုပ်မလို့မေးတာလဲ"

"သိချင်လို့ပေါ့။ မမကလည်းကွာ ကျွန်တော့်ကိုစကားကောင်းကိုမပြောဘူး။ တွေ့တာနဲ့ ငေါက်ဖို့ကအရင်"

"ဒီလိုပဲပြောတတ်တယ်"

"ကျွန်တော်သိပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကိုတော့ နည်းနည်းလေး ပိုသာစေချင်တာပေါ့"

အံမာ, လာလာချည်သေး။ သူ့ကိုပိုရအောင် 'လေး'နဲ့ သူက ဘာများဆိုင်သေးလို့လဲ။ မဆိုင်ခင် ဂလိုင်တော့ လာမခေါက်ချင်နဲ့ ခွန်ချသာ။ ဖြူဖြူလေးက လူသာပျော့ပေမယ့် စိတ်က အမာစားကွ။

"မမ"

"ဘာလဲကွာ"

"ကြည့်ပါလား, စိတ်ကိုမရှည်ဘူး။ အဲဒါနဲ့များ ဆရာဝန်လုပ်





နေသေးတယ်"

"တို့ဟာတို့ ဘယ်လိုနေနေ ဘယ်လိုပြောပြော မင်းအပူမပါဘူး ခွန်ချိုသာ။ တို့ကိုမဝေဖန်နဲ့..မကြိုက်ဘူး"

"ဒါလေးပြောတာနဲ့ စိတ်ကောက်ရလား"

"ဘယ်မှာကောက်လို့လဲ"

"ခုန မမမျက်စောင်းထပ်ထိုးလိုက်တာလေ။ ကျွန်တော့်မမက ဘယ်လိုပဲမျက်နှာပုပ်ပုပ်၊ လှကိုလှတာ"

သူ့မျက်နှာကို တစ်ဖက်သို့လွှဲလိုက်ပါ၏။ ပြုံးချင်ချင်ဖြစ်လာသည့်စိတ်ကို ချက်ချင်းချိုးနှိမ်လိုက်ရသည်။ မဖြစ်ဘူးနော်၊ သူ့ရှေ့မှာ 'လေး' ရယ်ရယ်မောမောနေမိရင် သူ့ကိုလိုက်လျောတယ်လို့ ထင်မှတ်နေမှာလေ။

"မမ"

"..."

"ဟိုရောက်ရင် ဆရာဝန်တွေနဲ့သိပ်မရောနဲ့နော်"

"ဆေးရုံပါဆိုနေမှ ဆရာဝန်တွေနဲ့မခေါ်မပြောလို့ဖြစ်မလား"

"ကျွန်တော်ပြောတာက ယောကျ်ားဆရာဝန်တွေကိုပြောနေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရောမှာပဲ၊ ရောတော့ဘာဖြစ်လဲ၊ မင်းအနေသာကြီး"

"မမနေ့ာ် စကားကိုအကောင်းပြော၊ ကျွန်တော် တားနေတာ ကို လုပ်ဝံ့လုပ်ကြည့်လိုက်။ အဲဒီဆရာဝန်တွေကို အကုန်အလုပ်ဖြုတ် ပစ်မယ်"

"ကြည့်စမ်း! မင်း အတော့်ကိုကလေးဆန်လှချည်လား။ အလုပ် တစ်ခုကို စဉ်းစားပြီး လုပ်သင့်မှလုပ်ရတယ်ဆိုတာ နားမလည်ဘူးလား ခွန်ချိုသာ"

သူက ဟက်ခနဲ တစ်ချက်ရယ်လိုက်ကာ ကားကို လမ်းဘေး တစ်နေရာမှာ ဖျတ်ခနဲထိုးရပ်လိုက်လေ၏။ ပြီးနောက် ဘေးမှာရှိနေသည့် သူမအနီးသို့ ကိုယ်ကိုစောင်းချကာ ခေါင်းထိလုနီးပါးကပ်၍ တီးတိုးပြော လိုက်ပါသည်။

"ကျွန်တော်သေချာစဉ်းစားပြီးလုပ်လို့ အခု ကျွန်တော့်ဘေး မှာ မမရောက်နေရတာမဟုတ်လား"

"မင်း..."

"ဘွားဘွားပေးတဲ့အမွေအားလုံးနဲ့ အဲဒီ Tower...ကြီးကို ဆောက်လိုက်တာ ဘာကြောင့်လဲသိလား"

"မသိဘူး။ သိလည်းမသိချင်ဘူး"





"ဖေဖေက ကျွန်တော့်ကို ဆေးကျောင်းသူလေးနဲ့သဘောတူ ဘယ်လို့ပြောကတည်းက ဆောက်ခိုင်းခဲ့တာ။ နောင်တစ်ချိန် အဲဒီ ရုံကြီးကို မမပိုင်ဆိုင်ရဖို့ ကျွန်တော် ကြိုတင်လုပ်ပေးထားတာလေ။ အဲဒါ ကြိုစဉ်းစားပြီးလုပ်ထားတာမဟုတ်လို့ ဘာလဲမမရဲ့"

'လေး'ခေါင်းကိုငုံ့ရှောင်လိုက်ရပါ၏။ အတင့်ရဲလိုက်တာနော်။ ကားပေါ်လိုက်လာတာမို့ ဒီလိုအတင့်ရဲတာပဲလား။ ဒါမှမဟုတ် 'လေး' သူ့သက်ဆိုင်သူလို့ တရားဝင်သတ်မှတ်ထားလို့ပဲ အခုလို အတင်း ပြောနေတာပဲလား သေချာမသိပါ။

"မင်း၊ တို့နဲ့စကားပြောရင် လက်တစ်ကမ်းအကွာက ပြောပါ ချိုသာ။ ဒါမျိုး တို့မကြိုက်ဘူး"

"ပထဲတစ်ကမ်းလက်တစ်လှမ်းခေတ်က ဟိုးအဝေးကြီးမှာ ကျန် ပြီ ဒေါက်တာဖြူဖြူလေးရဲ့။ ကျွန်တော်နဲ့မမကို လူကြီးတွေက မြန်ဘုံးလက်ထပ်ပေးချင်နေကြတာ သိတယ်မဟုတ်လား။ စေ့ပဲစေ့ တော့မယ့်ယောကျ်ားတစ်ယောက်ကို ဒီလိုကြီးမစိမ်းသက်ချင်စမ်းပါ

"နင်နော်"

သူက 'လေး'ပခုံးကိုဖျတ်ခနဲဆွဲလိုက်တာမို့ လူက သူ့ဘက်



www.burmeseclassic.com

www.burmeseclassic.com



ကို ယိုင်ဆင်းသွားရလေ၏။ နားထင်စပ်လေးကို ငုံ့မွှေးလိုက်တာမို့ မျက်နှာလေးရဲသွားရပြီး တစ်ကိုယ်လုံးထူပူသွားရပါသည်။

ကြည့်စမ်း! ဒင်း အတော့်ကိုလွန်ပြီ။

"နင်, နင်. . . ဘာလုပ်တာလဲ"

"ချစ်လို့မွှေးမွှေးပေးတာလေ၊ ဘာလဲ မကျေနပ်ဘူးလား။ မမ မကျေနပ်ရင် ကျွန်တော့်ကိုပြန်ပေးလေ"

သူက မျက်နှာကိုစောင်းပေးလိုက်တာမို့ ဖြန်းခနဲရိုက်ချလိုက်ချင်တာကို သတိထားလိုက်ရပါ၏။ မဖြစ်ဘူး တော်ကြာ သူ့အသား ဖြူဖြူမှာ 'လေး' ရဲ့လက်ဝါးရာ ထင်သွားရင် ပြဿနာတွေက မီးနိုးကြွက် လျှောက် ပါလာကုန်တော့မှာလေ။

မျက်ရည်တွေဝဲတက်လာတာကို အမြန်ခတ်သိမ်းလျက် နှုတ်ခမ်းပါးလေးကို အသာကိုက်ထားလိုက်မိ၏။ တော်ပြီ. . နောက်ကို ဒင်း ကားနဲ့မလိုက်တော့ဘူး။ လုံးဝမလိုက်မိအောင်နေရမှာ ဒင်းဟာ 'လေး' အတွက်တော့ 'မီး'ပဲလေ။

"မမ"

". . ."

"ဒါက စိတ်ကောက်သွားတာလား။ ဒီလောက်လေးတော့ခွင့်





ပြုသင့်တာပေါ့မမရဲ့။ မဟုတ်ဘူးလား"

"တောက်! ကဲ, မောင်းမလား။ မမောင်းဘူးလား။ ဆေးရုံကို နောက်ကျမှရောက်တော့မှာပဲ။ မြန်မြန်မောင်း"

"ဘာဖြစ်လို့လဲ။ မမရဲ့အဆက်ဟောင်းကြီးကိုသတိရသွားလို့ လား"

"ခွန်ချိုသာ"

"ဗျာ! "

"နင်တော်တော်လွန်နေပြီနော်"

"Sorry, sorry. . . မမကို Kiss ပေးတဲ့နေရာများ တူနေ ပြီလားလို့ စိတ်ပူသွားလို့ပြောလိုက်မိတာပါမမရဲ့။ မောင်းပြီနော်"

သက်ပြင်းကို ဆောင့်အောင့်ချလိုက်မိပါ၏။ 'လေး'ကိုနမ်းတဲ့ နေရာတဲ့။ အနာဟောင်းကို လာဆွလိုက်သလိုပါပဲ။ ဖေဖေနဲ့ ပြဿနာ ကြီးအကျယ်တက်ပြီးကတည်းက မေမေ့ပျောက်ပျောက်လေးနေ့ နေ တဲ့ဟာကို သတိရအောင်ပြောလိုက်တာလား ခွန်ချိုသာ။

ကိုကိုက 'လေး'ကို ဒီလိုအကြမ်းပတမ်းနဲ့ ပြုမူဆက်ဆံတာ မျိုး တစ်ခါမှမလုပ်ခဲ့ဖူးပါဘူး။ 'လေး'ရဲ့လက်ဖျားလေးကို တင်းတင်းလေး ဆုပ်ကိုင်ထားတာမျိုး၊ 'လေး'ရဲ့ပခုံးလေးကို ခပ်ဖွဖွထွေးဖက်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



မျိုး 'လေး' ရဲ့နှုတ်ခမ်းလေးကို အသာအယာငုံ့မွှေးလိုက်တာမျိုးကလွဲလို့ပေါ့လေ။

'လေး' ကိုမြတ်နိုးတာထက် တန်ဖိုးထားတာက ပိုသာပါတယ်။ ပြောခဲ့တဲ့စကားတိုင်းမှာ ရင်ခုန်ဖွယ်ရာချစ်စကား၊ ကြိုက်စကားတွေထက် 'လေး' ကိုစာကြိုးစားဖို့ ရည်မှန်းချက်ရောက်အောင်လျှောက်နိုင်ဖို့ လမ်းပြဆုံးမစကားတို့ကသာ ပိုပြီးများပြားခဲ့တာလေ။ လူကြီးတစ်ယောက်က ကလေးတစ်ယောက်ကိုကြင်နာယုယသလိုမျိုး သဘောထားပြီး ပန်းပွင့်လေး ကြွေသွားမှာစိုးစိတ်နဲ့ မထိရက်ခဲ့ဘူးတဲ့။ ဒါတွေကို ဘယ်သူက သိနိုင်မှာတဲ့လဲ။

သေချာတာတစ်ခုကတော့ မင်းက ကိုကိုနဲ့လုံးဝမတူတာဘဲ ခွန်ချိုသာ၊ 'လေး' ကိုတန်ဖိုးထားမြတ်နိုးတဲ့နေရာမှာလည်း ကိုကို့ခြေဖျားကိုတောင် မင်းမီမှာမဟုတ်ပါဘူး၊ ရင်ထဲက ချစ်ဦးသူနေရာမှာ အလစ်ဝင်ထိုင်ဖို့ ဘယ်တော့မှမပြင်ဆင်ပါနဲ့။ ကိုယ့်ရင်ထဲမှာ မင်းအတွက် နေရာလပ်တစ်ခုမှ မကျန်ရစ်တော့တာအမှန်ပါလေ။



## အခန်း (၁၄)

"အပေါ်ထိလိုက်ပို့ပေးမှာ၊ ခဏနေဦး"

"ရတယ်"

တိုတိုပြတ်ပြတ်ပြောကာ ကားပေါ်မှဆင်းလိုက်ပါ၏။ သူက တစ်ဖက်တံခါးမှဆင်းလိုက်ပြီး ရှေ့မှခပ်မြန်မြန်လျှောက်နေသည့် သူမနောက်ကို အပြေးလိုက်ခဲ့လေသည်။

"နေပါဦးလို့ဆိုနေမှ ခြေလှမ်းက ဒီလောက်တောင်မြန်ရလား"

လက်ကိုဆွဲထားတာမို့ သူမက ရုန်း၊ သူက လွှတ်မပေးဘဲ lift ရှိရာဆီ လျှောက်ခဲ့ကြပါ၏။ ဆေးရုံဝင်းထဲမှလူအချို့က ကွက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကွက်ကြည့်ဖြစ်ကုန်ချေပြီ။ မဖြစ်ဘဲနေမလား။ ဒင်းလုပ်ပုံကိုက အချိုးမှ မပြေတာလေ။

"ဘယ်လိုဖြစ်နေတာလဲ။ လွှတ်စမ်း! "

"မမကိုပြောတယ်လေ။ အပေါ်ထိလိုက်ပို့ပေးမယ်ဆို"

"ခွန်ချိုသာ. ငါ ဒီကိုအလုပ်လုပ်ဖို့လာခဲ့တာနော်။ နင်နဲ့စကား များဖို့မဟုတ်ဘူး"

"သိပါတယ်မမရဲ့၊ ကျွန်တော်ကလည်း လုပ်ချင်ပြီဆို ဘယ် သူမှတားမရအောင် ဇွတ်လုပ်တတ်တဲ့အကျင့်ရှိနေလို့ သည်းခံပေးပါ Plase..."

"အဲဒါဆို လက်ကိုလွှတ်"

"No...မမကို ကျွန်တော်ပိုင်ကြောင်း သက်သေပြတဲ့အနေနဲ့ အခုလိုလုပ်တာကို သဘောပေါက်စမ်းပါ။ လာ. . ."

လက်ကောက်ဝတ်ကို မြဲမြဲစွာဆုပ်ကိုင်ထားပြီးမှ ဆွဲခေါ်လာ တာမို့ အပြေးတစ်ပိုင်းပါလာခဲ့ရပါ၏။ Lift ရှေ့မှာ လူအုပ်စုရပ်နေတာ မို့ သူက ထိုလူတွေကြားထဲမှာ အတင်းတိုးဝင်ရပ်လိုက်လေသည်။ Lift နှစ်ခုရှိတာတောင်မှ လူငါးယောက်လောက် လာစုနေတာပါလား။

"အဲဒါ ဒီ Tower ကြီးပိုင်တဲ့ Boss ရဲ့သားလေ"





"ဟုတ်လား"

တိုးသဲ့သဲ့ပြောသံတို့ကြောင့် သူမ လက်ကိုဆောင့်ရုန်းလိုက် မိ၏။ သူက လက်ပြုတ်သွားတာကို ပြန်မဆွဲတော့ဘဲ သူမပခုံးကို ဖျတ် ခနဲဖက်ထားလိုက်လေသည်။ မျက်လုံးအဝိုင်းသားဖြင့် မော့ကြည့်လိုက် မိ၍ သူကတစ်ချက်ပြုံးပြလိုက်ပြီး ရပ်လာသည့် Lift တံခါးပွင့်သွားစဉ် ဝင်လိုက်ပါ၏။

"ဘာလုပ်တာလဲ၊ လွှတ်ဆို"

တိုးတိုးကျိတ်မာန်တာကို မကြားချင်ယောင်ဆောင်၍ ခပ်တည် တည်လုပ်နေသည့်သူ့ကြောင့် သူမစိတ်တိုရချေပြီ။ Lift ထဲအတူပါလာ သည့် Nurse မလေးတွေမျက်နှာမှာ ပြုံးစိစိ။ ဒင်းနဲ့တော့ ခက်တာပဲ နော်။ ဆေးရုံ ဒီနေ့စဆင်းပါတယ်၊ 'လေး'တော့ နာမည်ကြီးဖြစ်ရတော့ မှာပဲ။

"ခွန်ချိုသာ. ပြောနေတာ ကြားတယ်နော်"

"မောင်လို့ခေါ်ရင် လွှတ်ပေးမယ်"

ကဲ. အဲဒီကောင်လေးကတော့ စညစ်ပြီပဲ၊ ပြုံးနေရာမှ ရယ်သံ သဲ့သဲ့ထွက်လာလေ၏။ ဘေးတိုက်မြင်နေရသည့် Nurse မလေးက သူမတို့ကိုဦးညွှတ်ပြလိုက်ပြီး အကြည့်လွှဲသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လူကြားထဲ ပိတ်ထုလိုက်ရကောင်းမလား စဉ်းစားမရခင် ပထ

ထပ်မှာ Lift က ရပ်သွားပါ၏။ Nurse မလေးတွေနှင့်အတူထွက်

ပြင်လိုက်စဉ် သူက သူမပခုံးကိုတင်းတင်းလေးဆွဲထားတာကို ဖြုတ်မ

ပေ။

"ခွန်ချို"

"အပေါ်ဆုံးထိ တက်ပါ့မယ်ဆိုမှ"

တံခါးပြန်မပိတ်မီ မိန်းကလေးတစ်ယောက်က အမြန်ဝင်လို

လေ၏။ နှစ်ယောက်မှုန်းကပ်ကပ်ဖြစ်နေသည့်သူမတို့ကိုထဲကြည့်ပြီး မျ

လုံးအစုံပြူးသွားတော့သည်။

"ဟောတော်! ဘယ်သူများလဲ့လို့ ဖြူကိုး. . ."

"မမတစ်ယောက်တည်းမှမဟုတ်ဘဲ မနှင်းရဲ့။ ကျွန်တော်လည်

ပါတာမမြင်ဘူးလား"

"မြင်ပါ့ရှင် မြင်ပါ့"

"အန်ကယ်မျိုးကိုပြောထားပေးပါ၊ မမ နည်းနည်းနောက်

မယ်လို့"

"ဟင်! ဩော်. အင်းအင်း"

"ဘာတွေလျှောက်ပြောနေတာလဲ၊ သဇင်. 'လေး' ပါလိုက်





"အပေါ်ဆုံးထပ်ထိ သွားပါ့မယ်ဆိုတာကို၊ မမ, မကျစ်နဲ့ကွာ"

နှင်းသဇင်က ရယ်ဟာဟာမျက်နှာဖြင့် ငါးထပ်မြောက်မှာ ထွက်သွားပါ၏။ အထက်(၂၀)ထိ တရိပ်ရိပ်တက်လာသည့် Lift ကြောင့်လား။ သို့တည်းမဟုတ် ပခုံးကိုအတင်းဖိ၍ ဖက်ထားသောကြောင့်များလားမသိ၊ 'လေး' ခေါင်းထဲ မူးနောက်နောက်ဖြစ်လာရလေသည်။ ခေတ်လေ့ခါးက ပဲ လေလုံလို့လား မဟုတ်သေးပါဘူး. . . သဇင့်ရှေ့ ဒီလိုပုံစံမျိုးဖြစ်ရတာကို 'လေး' ရှက်မိတာကြောင့်ပဲဖြစ်ချေမည်။

"ကဲ. ရောက်ပြီ"

သူဆွဲခေါ်ရာ လေဟာပြင်အပေါ်ထပ်သို့ရောက်စဉ် လူက ယိုင်ခနဲဖြစ်သွားရပါ၏။ စိုးရိမ်တကြီးဖြစ်သွားသည့်သူ့လက်ထဲမှာ သူမ ခဏမှုငြိမ်နေလိုက်ရသည်။

"မမ ဘာဖြစ်လဲ"

"မူးလို့"

"မူးတယ်. . . ဘာမှစားမလာဘူးမဟုတ်လား၊ အဲဒါကြောင့် ကျွန်တော်ပြောသားပဲ၊ တစ်ခုခုစားရအောင်လို့"

"တိတ်တိတ်နေစမ်းပါ၊ မူးပါတယ်ဆိုမှတစ်မျှော်"

"စိုးရိမ်လို့ပါမမရဲ့၊ ကျွန်တော့်ကိုမအော်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းတက်ရမှာမဟုတ်လား၊ သွားတော့လေ"

"ကျောင်းက မမလောက်အရေးမကြီးဘူး"

အင်း၊ တစ်ယောက်ယောက်ကြားသွားရင်တော့ လှောင်ရယ်ရယ်တော့မှာပဲ။ ဒုတိယဖြူဖြူလေးဖြစ်နေပြီလား. . . ကိုကို House ဆင့်တော့ တစ်ယောက်တည်းကျောင်းတက်ရမှာကို ကျုံးကျပြီး သူမငိုခဲ့မိတာလေ။

'ကျောင်းက ကိုကို့လောက်အရေးမကြီးဘူး၊ မသွားချင်ဘူး' လို့ ပြောခဲ့တာ ဘယ်သူလဲ။ အခုတော့ အလားတူစကားကို သူမပြန်ကြားရချေပြီပဲ။

"ဒီမှာခဏလေးထိုင်စောင့်နေ၊ ဘယ်မှမသွားနဲ့ဦး၊ ကျွန်တော် အခုပဲပြန်လာခဲ့မယ်"

"ဘာလုပ်ဦးမလို့လဲ"

သူမစကားမဆုံးခင် Lift ထဲရောက်သွားသည့်ခွန်ချိုသာကို မတွေ့ရတော့ချေ။ အမိန့်လာပေးလို့ရမယ်ထင်နေလား၊ 'လေး'က ဖေဖေ့စကားကလွဲပြီး ဘယ်သူ့စကားကိုမှနားထောင်တဲ့သူမဟုတ်ဘဲ၊ လေတဟူးဟူးတိုက်ခတ်နေတဲ့အရသာကို တစ်ခဏမျှခံယူလိုက်ပါ၏။ တော်သင့်ပြီ အချိန်က ကိုးနာရီခွဲနေပြီမို့ အလုပ်ဝင်ဖို့သင့်ပြီပဲ။





Hand Phone ကို duty coat အိတ်ထဲမှနှိုက်ယူလျက်နှိပ်လိုက်ပါ၏။ ရုံးခန်းဘယ်အထပ်မှာလဲဆိုတာမှ 'လေး'မသိသေးတာကိုး။

"ဟယ်လို"

"ဖြူလား. . . ပြောလေ"

"OFFICE က ဘယ်အထပ်မှာလဲ"

"First floor မှာလေ. . ."

သေစမ်း! ဒီအထိအမြင့်ကြီးရောက်လာပြီးမှ ထပ်ဆင်းရရင် …လို့သေရချည်ရဲ့။ 'လေး'က အမြင့်ကိုကြောက်တတ်ပုံနဲ့ ဒီဆေးရုံတော့ တွေ့ကြုံပြီလေ။ သဖင့်ကိုကျေးဇူးဟုပြောကာ တစ်ဖက် Lift ထဲဝင်လိုက်ပါ၏။ အောက်ကိုငြိမ့်ခနဲဆင်းလာသည်မို့ မျက်လုံးကိုစုံမှိတ်ထားလျက် ဘုရားစာကို တီးတိုးရွတ်နေမိသည်။

ပထမထပ်ရောက်တော့ ရုံးခန်းထဲအရင်ဝင်၍ ခဏနားရင်း သဖင်က 'လေး' အနီးသို့ရောက်လာလေသည်။

"ဘယ်လိုဖြစ်လာတာတုန်း ဖြူရဲ့၊ နင့်ကောင်လေး တော်တော်မောကဲ့ရဲ့လား"

"မပြောချင်တော့ပါဘူး သဖင်ရယ်၊ ခေါင်းထဲနည်းနည်းမူးနေလို့ ရှူဆေးဘူးပါလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ပါတယ်ဖြူ ခဏလေး. . . ရော့"

"အန်ကယ်ရောက်ပြီလား"

"ရောက်ပြီ ဖင်နဲ့အတူတူလာတာလေ"

" 'လေး' လက်မှတ်ထိုးရဦးမယ်"

"လာ. . . ဖင်လိုက်ခဲ့မယ်"

ဆေးရုံအုပ်ကြီးရုံးခန်းထဲရောက်စဥ် သူမ Phone ကမြည်လာ

လေ၏။ မဖြစ်သေးဘူး။ duty ဝင်ချိန်တော့ ရုံးခန်းထဲမှာ ထားခဲ့မှာပါ

"ဟယ်လို"

"ဟာ! မမ, ဘယ်မှာလဲ၊ စောင့်နေပါဆိုတာကိုမစောင့်ဘူး

ဒီမှာ လူကိုပူသွားတာပဲ၊ အန်တီသင်းက မမအမြင့်ကြောက်တတ်တာ

ကို အခုပဲ Phone ဆက်ပြောလိုက်လို့"

"ရုံးခန်းထဲမှာ"

တိုတိုပြတ်ပြတ်ပြောကာ Phone ကိုပိတ်လိုက်၏။ သဖင့်ပါး

ဆေးရုံအုပ်ကြီးက သူမကိုပြုံး၍နုတ်ဆက်လိုက်ပါသည်။

"သမီးမိတတွေ နေကောင်းကြတယ်မဟုတ်လား အဖြူလေး"

"ကောင်းပါတယ် အန်ကယ်"

"အေးအေး. . . သူငယ်ချင်းနှစ်ယောက်အတွဲမပြတ်တာ အဲ

ယ်ဝမ်းသာပါတယ်"

"ဟုတ်ကဲ့"

လက်မှတ်ထိုးပြီးပြန်ထွက်ခဲ့စဥ် သဖင်က သူမလက်ကိုကိုင်၍

ပြောလေ၏။

"နှင့်ကိုပြောစရာရှိတယ်"

"ပြောလေ"

"ပါပါက သဖင့်ကို ခွဲစိတ်အထူးကုဆရာဝန်နဲ့စေ့စပ်ပေးတော့

တဲ့, ဖြူရဲ့"

"ဒီဆေးရုံကပဲလား"

"မဟုတ်ဘူး. . . သူက လောလောဆယ် နိုင်ငံခြားမှာလေ၊

ကိုသိပ်မကြာခင်ရောက်လိမ့်မယ်"

"နှင်မြင်ဖူးလို့လား"

"ဓာတ်ပုံတော့ မြင်ဖူးတယ်၊ အရမ်းခန့်တာပဲသိလား။ ရောက်

တော့မှ နှင်နဲ့မိတ်ဆက်ပေးမယ်နော်"

"အင်းပါ, Duty Roster ကြည့်ရအောင်"

ဆရာဝန်များနားနေခန်းက အတော်ကျယ်ပါ၏။ ဆေးရုံအုပ်

ကြီးက ရုံးခန်းတစ်ခန်း၊ အထူးကုတွေ၊ ပါရဂူတွေက တစ်ခန်း 'ဆေး







www.burmeseclassic.com

www.burmeseclassic.com



တို့လိုသာမန်ဆရာဝန်တွေက တစ်ခန်းမှ လှသိပ်မရှုပ်လှပါချေ။ Nurse မလေးတွေပါ ဝင်ထွက်ခြင်းရှိဝဟမို့ စည်ကားလှပါ၏။

ရုံးခန်းတံခါးဖျတ်ခနဲပွင့်လာတော့ အားလုံးအကြည့်က အခန်းဝဆီ ရောက်သွားလေသည်။ သူက မှုန်ကုပ်ကုပ်မျက်နှာဖြင့် သစ်သီးအိတ်ကိုကိုင်လျက် ရုံးခန်းထဲဝင်လာလေ၏။

"မနှင်းသူငယ်ချင်းကို ကြည့်ပြောပေးဦး"

"ဟဲ့! ဘာကိုပြောရမှာလဲ"

"ကျွန်တော့်စကားကို နည်းနည်းမှနားမထောင်ဘူးလေ"

"ဟောတော်၊ အဲဒါ ကျုပ်က ဘယ်လိုပြောပေးလို့ရမှာလဲ ကိုရွှေခွန်ချိုသာရဲ"

သဇင်ခေါ်လိုက်သည့်နာမည်ကြောင့် Nurse မလေးတွေထံမှ ရယ်သံထွက်လာလေ၏။ သူက အအေးပုလင်းအဖုံးကိုဖွင့်ကာ ပိုက်ကို လက်မဖိပိတ်နှစ်ပြီး ဖောက်ထိုးပြန်ထောင်၍ ပိုက်ထဲကို အချိုရည်ဖြင့် ဆေးသလိုပြုလုပ်လိုက်ပါသည်။ ပြီးမှ သူမရှေ့စားပွဲပေါ်မှာ တင်ပေးလေ၏။

"အဲဒါကုန်အောင်သောက်"

"ဘာလို့သောက်ရမှာလဲ"





"ဒီအချိုရည်က ges ပါတယ်လေ၊ ဒါမှလေတက်ပြီး မမအမူးသက်သာမှာပေါ့။ ဆရာဝန်ကို ဆေးပြန်ကုရတာ အတော်လက်ပေါက်ကပ်တဲ့အလုပ်ပဲ"

ရယ်သံက ဝေါခနဲ၊ သူ့ကိုဘယ်သူမှန်းသိနေကြတာမို့ပဲ ရဲတင်းနေတာလား။ သဇင်က 'လေး'ကိုမျက်စပစ်ကာ စလေ၏။

"အားကျလိုက်တာနော်"

"သောက်လေ, ပါးစပ်ထဲထိ လိုက်ထည့်ပေးရရင် မကောင်းတော့ဘူး"

သူမ, သူ့ကိုမျက်စောင်းခဲလိုက်မိ၏။ ဒင်းပိုင်တဲ့ဆေးရုံဆိုပြီး Power တွေ အာဏာတွေ လာပြနေတာကို။ သူက သစ်သီးထုပ်ကို သဇင့်လက်ထဲသို့ ထည့်ပေးလိုက်လေသည်။ ပြီးနောက် 'လေး'နှုတ်ခမ်းသို့ အအေးပုလင်းထဲရှိပိုက်ကို လာတပ်ပေးတော့ သူ့လက်ကိုဆတ်ခနဲကိုင်ကာ တားလိုက်ရပါ၏။ သင့်တော်၏ မသင့်တော်၏ ဒီကောင်လေး စဉ်းစားဘူးတဲ့လား. . .

"ခွန်ချိုသာ"

"ဗျာ!"

"မင်းကျောင်းသွားဖို့သင့်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပြောတယ်လေ၊ ကျောင်းက မမလောက်အရေးမကြီးပါဘူးလို့ဆို"

"ကဲ့, သွားပါတော့ ကိုရွှေသာလိကာရယ်၊ တောင်းပန်တယ်နော်"

"OK, OK...မမစိတ်တိုလာပြီမို့ ကျွန်တော်သွားပါဦးမယ်။ ညနေလာကြိုမှာနော်၊ စောင့်နေဦး။ ပြီးတော့ Phone ကိုလည်း ပိတ်မထားနဲ့"

အခန်းဝထိ နောက်ပြန်လှည့်ကာ ပြောမကုန်သေးသည့်ကောင်လေးကြောင့် အခန်းထဲရှိဆရာဝန်တွေမျက်နှာမှာ ပြုံးစိစိဖြစ်ကုန်လေပြီ၊ အမြင်ကပ်လိုက်တာနော်. . . ဘယ်လိုရေစက်နဲ့များ လာကြုံရသည်မသိ။ 'လေး' နှင့်အနီးဆုံးကို လှမ်းလာနေသည့်သူ့ခြေလှမ်းတွေကို ဘယ်လိုများရပ်တန့်ရပါ့မလဲ။ အခုဆို 'လေး'က သူပိုင်သည့်ဆေးရုံမှာပင် အလုပ်လုပ်နေရချေပြီ။

တဖြည်းဖြည်းနဲ့ သူ့ပိုင်နက်ထဲကိုများ 'လေး'ရောက်နေပြီလား ရင်မောတယ် ခွန်ချိုသာ၊ 'လေး'ရင်ထဲမှာ ကွက်လပ်မရှိတော့မှန်း မင်း သိသိကြီးနဲ့ ရှေ့ဆက်တိုးနေဦးမှာလား. . .



## အခန်း (၁၅)

"သားချို စာမေးပွဲပြီးရင် စေ့စပ်ပွဲလုပ်ပေးမယ်။ ဘွဲ့ယူပြီးရင်[illegible]က်ထပ်ပွဲလုပ်မှာ"

"အဟွတ်. . အဟွတ်"

ညနေစာစားရင်း ထမင်းသီးရချေပြီ။ အန်တီလေးက သူမ[illegible]ကျောကုန်းကိုအသာပွတ်ပေးပါ၏။ သောက်ရေကို အမြန်ဆုံးမျိုချလိုက်[illegible]ပြန်တာမို့ ရင်ဝမှာ အောင့်သွားရပြန်သည်။

ဒုက္ခပဲ. . . ဒီစကားကြားရုံနဲ့ 'လေး'ဒီလောက်အထိ အမူအရာ[illegible]ျက်ရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ. 'လေး'. . ."

"ဆင်ခြေဆင်လက်တွေ မပေးစမ်းနဲ့သမီး အသက်က မ

တော့ဘူး။ ဒါ. ဟိုးအစောကြီးကတည်းက ကြိုတင်ပြောထားတဲ့က

ဟာ"

" 'လေး' မယူလို့မဖြစ်ဘူးလား"

"မဖြစ်ဘူး"

"အန်တီလေးတောင် ဒီတိုင်းနေနေသေးတဲ့ဟာပဲကို"

"နီနီက အသက်ကြီးသွားလို့ အိမ်ထောင်မပြုချင်တော့

သမီးနဲ့ဘာဆိုင်လို့လဲ"

" 'လေး'မှ မေမေနဲ့မခွဲနိုင်တာဖေဖေရဲ့"

မေမေက ထမင်းစားရင်း မျက်လုံးလှန်ကြည့်လိုက်လေ

ကူရမရတော့ မသိနိုင်ပေမယ့် နည်းနည်းပါးပါးကူပြောပေးရုံနဲ့ 'လေ

ကျေနပ်ပါတယ်လေ။

"မေမေတို့က သမီးကို ဒီတိုင်းကြည့်ပြီး ထိုင်စောင့်နေကြ

မဟုတ်ဘူး။ အချိန်တန် သေကုန်မှာ"

"မေမေ"

"သဘာဝကို သဘာဝလို့ပဲတွေးစမ်းသမီးရယ်။ မိန်းကလေ





ဆိုတာ တစ်သက်လုံး တစ်ယောက်တည်းနေသွားလို့ရတာမဟုတ်ဘူး။ သမီးက ဒီလောက်ပညာတွေသင်ထားတာ၊ ဒီကိစ္စကိုတော့ နားလည်သင့်တာပေါ့"

"ရှည်ရှည်ဝေးဝေးတွေ ပြောမနေပါနဲ့သင်းရယ်၊ မင်း.သမီးက ခေါင်းက ခပ်မာမာရယ်"

"လောကမှာ တံခွန်မရှိတဲ့ဘုရား၊ အလံမရှိတဲ့ရထား၊ လင်မရှိတဲ့မိန်းမဆိုတာ မတင့်တယ်မှန်း သမီးလည်းသင်ဖူးတယ်မဟုတ်လား"

"တော်ပါပြီမေမေရယ်"

"တော်လို့မရဘူး၊ ငယ်ရွယ်တုန်း ရူးရူးမိုက်မိုက်နဲ့ စိတ်ကစားခဲ့တာတွေကိုမေ့ပစ်လိုက်။ အခု သားချိုကိုပဲ ခေါင်းထဲထည့်ထားစမ်း"

မေ့ပစ်လိုက်တဲ့. . . စိတ်ကစားခဲ့တာတဲ့. . . ပြောတော့ဖြင့်လွယ်လိုက်တာ။ 'လေး' နှလုံးသားက တကယ်လှုပ်ခတ်ပြီး ကိုကို့ကိုချစ်ခဲ့တာ ဘယ်သူမှမယုံပေးကြပါလား။ ဒီလိုစကားများရတိုင်း ဒင်းကိုသာ စိစိညက်ညက်ကျေအောင် အမှုန့်ချေပစ်လိုက်ချင်တာလေ။

"သူက 'လေး'ထက် သုံးနှစ်စောင်ငယ်တာ၊ ပြီးတော့ ကလေးဆန်တဲ့စိတ်ကလည်း ပျောက်သေးတာမဟုတ်ဘူး"

"အဲဒါအပြစ်မဟုတ်ဘူး၊ သမီးကိုတစ်ယောက်ကိုတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သတ်သတ်မှတ်မှတ်လက်ထပ်ယူရင် ပြီးတယ်၊ ကြိုးဘာတွေ ငယ်တာ
တွေ စာရင်းမရှုပ်နဲ့စမ်း''

" 'လေး'က ဘယ်လိုအားကိုးပြီး ယူရမှာလဲဖေဖေရဲ့"

''ဖြူဖြူလေး''

''ပြီးတော့ အလုပ်ကိုလိုက်ပြီး ကြိုပို့လုပ်ပေးတာကိစ္စမရှိဘူး
ဆေးရုံပေါ်အထိတက်ပြီး လူကိုပိုင်စိုးပိုင်နင်းပြောတတ်လုပ်တတ်တာ
အကြောင်း. . . အပေါင်းအသင်းတွေကြားထဲမှာ 'လေး'အရှက်ရတယ်''

''အံမာ! ဒါပြဿနာမှမဟုတ်တာ၊ ခွန်ပန်မှိုင်းနဲ့ထိပ်ထား
တို့ရဲ့တစ်ဦးတည်းသောသားနဲ့ သမီးပတ်သက်နေတာကို အားလုံးသိထား
ပြီးသား။ သူဘယ်လိုလုပ်လုပ်, ဘာပဲပြောပြော၊ ရှက်စရာမှမဟုတ်ဘဲ''

''ဖေဖေက 'လေး'ဘာပြောပြော 'လေး'ဘက်မှာမရှိဘူး။ အ
တမ်း သူ့ဘက်ကချည်းပဲ''

''ဩော! ဟိုက သမီးကိုတကယ်ချစ်လွန်းလို့ စောင်းနေ
သူလေ။ ကြားဖူးတယ်မဟုတ်လား၊ ပစ္စည်းတောင်မှ ဈေးကောင်းရတ
ပဲ ရောင်းရတာ။ အခု သမီးက အရွယ်ကောင်းမို့ ဖေဖေတို့စိစဉ်ပေးတာ
ကို ငြင်းချင်ရလား''

''ဖေဖေတို့စီစဉ်ပေးတာ အပေးအယူဆန်နေတာကို။ အား





ရဲ့မျက်စိထဲမှာ အဲဒီဆေးရုံကြီးပဲ မြင်နေကြတာ၊ 'လေး'ကတော့ 'လေး'
ကို အဲဒီဆေးရုံကြီးနဲ့လဲလိုက်တယ်လို့ပဲမြင်တယ်။ တကယ့်သက်မဲ့ပစ္စည်း
လို ထိုးပေးလိုက်သလိုကြီး''

အန်တီလေးက ထမင်းစားပြီးပြီမို့ သိမ်းနေရင်း 'လေး'ပြော
တာကို ရယ်ချင်လိုက်လေခြင်း၊ တွေ့လား. . . 'လေး'ဘက်က ရှေ့နေလိုက်
ပေးမယ့်သူ တစ်ယောက်မှမရှိပါလားနော်၊

''အန်တီလေးက ဘာရယ်တာလဲ''

"ကြည့်, ကုလားမနိုင် ရခိုင်မဲပြန်ပြီ''

"ဩော်, အန်တီလေးတူမ အတော့်ကို တန်ဖိုးကြီးတာပဲလို့
တွေးပြီး ရယ်လိုက်မိတာပါ''

"ဘာကိုပြောတာလဲ''

''သမီးပဲ သမီးကို ဆေးရုံကြီးနဲ့လဲလိုက်တာဆို။ အဲဒီ Tower
ကြီးဆောက်တာ သိန်းထောင်နဲ့ချီပြီး ကုန်တာမဟုတ်လား''

"အာ. . . အန်တီလေးကလည်း 'လေး'က သဘောပြောတဲ့
ဟာကို''

"အေး, မျက်စိမှိတ် ခြေစုံကန်ငြင်းနေလည်း အပိုပဲ၊ နောက်
ဆုံး လက်နက်ချရမှာပဲဟာကို၊ အမောခံပြီးငြင်းနေတယ်၊ ကိုကို့သမီးက



www.burmeseclassic.com

www.burmeseclassic.com



အတော်လေးကို ခေါင်းမာတယ်"

ပန်းကန်တွေ ဆေးဖို့ထပ်တော့ မိစန်းက 'လေး' လက်ထဲမှ လာယူသွားပါ၏။ သွားတိုက် ပလုပ်ကျင်းပြီး အပေါ်တက်ခဲ့စဉ် Hand Phone မှ အသံမြည်နေလေသည်။ ဘယ်အချိန်က ခေါ်နေလဲမသိ၊ နံပါတ်ကိုကြည့်လိုက်ရင်း သက်ပြင်းကိုဆောင့်အောင့်ချလိုက်ရသည်။ ဒင်းကတော့ အချိန်ပြည့်ကိုနှောက်ယှက်နေတော့တာပဲကိုး။

"ဘာလဲ၊ ပြော"

"အား. . . မမကလည်းဗျာ၊ နည်းနည်းပါးပါး Hello လေးဘာလေးပြောမှပေါ့။ ဒီမှာ Phone ခေါ်နေတာကြာနေတဲ့လူက စိတ်မတိုရဘူး"

"ဘာပြောမှာလဲ၊ ပြောစရာရှိတာ မြန်မြန်ပြော။ ဒီမှာအလုပ်တွေရှိတယ်"

"ဘာအလုပ်တွေလဲ"

"ဘာဖြစ်ဖြစ် မင်းအပူလား"

"မမကွာ. . . မင်း,မင်းနဲ့ ကျွန်တော့်ကိုမပြောပါနဲ့"

"အဲဒီလိုမခေါ်လို့ ဘယ်လိုခေါ်ရမှာတုန်း၊ မင်းက သုံးနှစ်တောင်ငယ်တဲ့ဟာကို"





"သုံးနှစ်ငယ်ပေမယ့် မမကိုချစ်တဲ့နေရာမှာ သုံးကမ္ဘာစာလောက် ရှိတယ်ဗျ"

"ဘာ! "

ကြည့်စမ်း! Phone ထဲကနေ ပြောချင်သလိုပြောနေပါရောလား. . . ဒင်းတော့ နောက်နေ့ကျတွေ့ပြီသာမှတ်။ နေဦး၊ နောက်နေ့ဆိုလို့ 'လေး'က နေ့တိုင်း သူ့ကိုမျှော်နေတတ်ပြီလား။ မဟုတ်သေးဘူးထင်တယ်၊ 'လေး'နဲ့သူက ဘာဆိုင်လို့ မျှော်ရမှာတဲ့လဲ။

"ဘာလဲ. . . မမရဲ့ Heart Beat တွေ မြန်ကုန်ပြီလား"

"ဒီမှာ ခွန်ချိုသာ, ဖြူဖြူလေးရဲ့နှလုံးသားကို တစ်ယောက်သောသူ့လက်ထဲထည့်ပေးပြီးကတည်းက ငါ့မှာအချစ်ဆိုတာ မရှိတော့ဘူး။ အဲဒါဆိုသဘောပေါက်"

"အားပါးပါး. . . ပြောချက်တွေက ပြင်းလှချည်လားမမရယ်။ သေချာစဉ်းစားပါဦး။ မမလူကြီးက အခုလောက်ဆို မိန်းမရလို့ ကလေးတောင်မှ သုံးလေးယောက်ရနေလောက်ပြီ၊ မမက အခုချိန်ထိ လွမ်းနေတာတော့ သိပ်မ good ဘူးဗျာ"

"နင်နော်"

"အဟုတ်ပြောနေတာမမရဲ့၊ မမရဲ့ Once upon a time



www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်ကို ခေါက်ထားလိုက်ပါတော့။ ဒီမှာ မမအတွက် ဘာမဆိုလုပ်ပေး ဖို့ ကျွန်တော်အသင့်ရှိနေတယ်လေဗျာ။ မမရေ့ ဒူးထောက်ဆိုလည်း ထောက်ပြဖို့ပါတယ်။ မမကလွဲပြီး ဘယ်သူ့ကိုမှ ဂရုစိုက်တာမဟုတ်ဘူး မမသိပါတယ်နော်"

"အရူး! နင်တော့ အတော့်ကိုရူးနေပြီ"

"မမ ကုပေးလေ"

တစ်ဖက်မှတီးတိုးရယ်နေပြန်တာမို့ သူမနှုတ်ခမ်းကိုသွားပြ ကိုက်ထားလိုက်ပါ၏။ သူကများ ရာရာစစ 'လေး'ရဲ့ကိုကိုကို မိန်းမ ကလေးသုံးလေးယောက်လောက် ရှိနေပြီလေးဘာလေးနဲ့၊ 'လေး'ကို သူ ပိုင်ဆိုင်ချင်တာနဲ့ သူတစ်ပါးကို မှိုချိုးမျှစ်ချိုးပြောတာ ကောင်းသလား ဒင်းကိုတော့ အရေခွံစုတ်ပစ်ချင်လာပြီနော်။

"ရယ်မနေနဲ့၊ Phone အားကုန်တယ်၊ မြန်မြန်ပြော"

"OK...မမ ညစာစားပြီးပြီလား"

"ပြီးပြီ"

"ဘာဟင်းနဲ့စားတာလဲ"

"ဟယ်. စပ်စုလိုက်တာ"

"သိချင်လို့ပါမမရဲ့၊ ပြောပါ"





"ငါးကြင်းကိုကြော်ပြီး နှပ်ထားတာရယ်၊ ဖလံတောင်ဓေးကို ပုဇွန်ခြောက်နဲ့ကြော်ထားတာရယ်၊ မုန်လာဥကို အချောင်းလေးတွေလှီး ပြီး ကြက်ဥနဲ့ရောကြော်ထားတာရယ်၊ ငါးဆုပ်ဆီပြန်ဟင်းရယ်၊ ပြီးတော့ မျှစ်နဲ့ချဉ်ပေါင်ရောချက်ထားတဲ့ချဉ်ရည်ဟင်းရယ်"

"ဟာ! သွားရည်တောင်ယိုလာပြီ၊ စားချင်လိုက်တာမမရယ်"

"ဘာမှမကျန်တော့ဘူး ကုန်ပြီ"

"မမကလည်း ငယ်ငယ်တုန်းက ကလေးတွေပြောသလို ပြော နေပြန်ပြီ"

"ဘာလဲ"

"ကလေးတွေက သူတို့မုန့်စားနေတာကို တောင်းစားလိုက်ရင် မုန့်ကိုလက်နောက်ပစ်ဝှက်ထားပြီးရင် လက်ခါပြပြီး 'ကုန်'လို့ပြောကြ တာလေ"

"အမယ်"

သူမပြုံးလိုက်မိ၏။ ဒီလိုတော့လည်း ပြေပြေလည်လည်ပြော တတ်သားပါလား. . .

"ဘယ်သူချက်တာလဲ"

"မေမေနဲ့အတူ ဝိုင်းချက်ပေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော့်ကိုရော ချက်မကျွေးချင်ဘူးလား”

“အံမာ! ဘာကိုစွချက်ကျွေးရမှာလဲ”

“မမလက်ရာကို မြည်းဖူးချင်လို့ပါ”

“မကျွေးနိုင်ဘူး”

“အပြတ်ပါပဲလား”

“မအားတဲ့လူကို ချက်ခိုင်းနေတာလား”

“ဒါပေမဲ့ တစ်နေ့နေ့တော့ မမ, ကျွန်တော့်ကိုချက်ကျွေးရမှာပဲ”

“ဘာတစ်နေ့နေ့လဲ”

“မောင်တို့လက်ထပ်ပြီးကြရင်ပေါ့”

သူ့မျက်နှာ ရဲခနဲဖြစ်သွားရပါ၏။ လက်ထပ်ပြီးရင်တဲ့ ‘လေး’ တွေးမထားမိသလို ဘာဖြစ်လို့အစလာဖော်ရတာလဲ။ မရောက်ချင်ဘူး။ ကိုကို့မဟုတ်တဲ့လူတစ်ယောက်ကိုလက်ထပ်ဖို့ တစ်ခါမှ ‘လေး’မစဉ်းစားခဲ့ဖူးပါ။ ‘လေး’အာရုံမှာ အမြဲမြင်နေတတ်တာက ကိုကို့လက်ကိုချိတ်ပြီး မင်္ဂလာခန်းမမှာ ခပ်ဖြည်းဖြည်းလျှောက်နေတဲ့မြင်ကွင်းလေ။

လည်တိုင်ကျော့ကျော့ကိုမော့ကြည့်စဉ်မှာ ချစ်ရည်ရွှန်းလဲ့နေသည့်မျက်ဝန်းတို့နှင့် ငုံ့ကြည့်နေခဲ့တဲ့ကိုကို့မျက်ဝန်းတွေကိုပါပဲ။ ‘လေး’ ကိုသိပ်ချစ်ခဲ့တာပါဆို။ မထင်မှတ်တဲ့အဖြစ်အပျက်တစ်ခုက ‘လေး’တို့





ကို အဝေးဆုံးရောက်အောင် တွန်းပို့ဆွဲခွာလိုက်တာအမှန်ပါ။

ဒါပေမဲ့ ကိုကိုရင်ဆိုင်လိုက်ပါလား။ သတ္တိတွေရှိပါတော့လား။ ကိုကိုသာ ‘လေး’ကို ‘မခွဲနိုင်ဘူး . . . လိုက်ခဲ့တော့’ လို့သာပြောလာရင် ကမ္ဘာ့ဝင်ရိုးစွန်းထိတိုင် ‘လေး’လိုက်ခဲ့မှာပါလေ။ ‘လေး’က မိန်းမသားပါ၊ ဒီလိုပြောချင်ပေမယ့် ပြောခွင့်မှမရှိတာလေ။

ကိုကိုဆုံးဖြတ်ခဲ့တဲ့အတိုင်း ကျန်ရစ်ခဲ့ရတာပါ။ ကိုကိုချန်ခဲ့တဲ့ အတိုင်းလေးပဲ ဒီနေ့အထိရှိနေဆဲဆိုတာကို ကိုကိုသိပါရဲ့လား။ အခုတော့ ‘လေး’ရဲ့အနီးမှာ ‘လေး’ကိုလက်ထပ်မယ့်သူက အဆင့်သင့်ရှိနေ၊ စောင့်နေပြီလေ။

‘လေး’ဘာလုပ်ရမလဲ။ ‘လေး’မှာ ရွေးချယ်ခွင့်၊ ဆုံးဖြတ်ခွင့်၊ သက်ခံခွင့်၊ ငြင်းဆန်ခွင့်ဆိုတာတွေ ဘာတစ်ခုမှမရှိပါဘူး။ ဖေဖေတို့ စိတ်တိုင်းကျ သက်မဲ့အရုပ်လေးတစ်ရုပ်လို ခေါင်းညိတ်နာခံဖို့ပဲရှိတော့ တာပါ။ ခြောက်နှစ်တိုင်တိုင် အဆက်အသွယ်မရှိဘဲ ‘လေး’ရဲ့မျက်စိရှေ့က ပျောက်ကွယ်သွားခဲ့တဲ့ကိုကို့ကို သစ္စာရှိရှိနဲ့စောင့်ဆိုင်းနေမိတာဟာ ဖြူလေးရဲ့ရူးသွပ်ခြင်းတွေလားကွယ်။

“မမ”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



"မောင်လို့တစ်ချက်လောက် ခေါ်ကြည့်ပါလား"

"လုံးဝပဲ"

"မမကလည်းကွာ၊ တစ်ခါလေးပဲဟာ, တစ်ခေါက်ပဲ"

"မရဘူး. . . ဒီမှာ ခွန်ချိုသာ"

"လာပြန်ပြီ ဒီနာမည်ကြီးခေါ်တာ၊ ဆရာမကာ တပည့်ကိုခေါ်တဲ့လေသံမာကြီးနဲ့"

"မင်းမသိဘူးလား ဖြူဖြူလေးက အစကတည်းက ဒီလိုလေသံမာနဲ့ပဲပြောတတ်တယ်။ မိန်းကလေးဆိုပြီး ပလီစိချောက်ချက်နဲ့ ပျစ်ပျစ်ချွဲချွဲမပြောတတ်ဘူး။ မင်းကြားချင်ရင် တခြားကောင်မလေးတွေနဲ့ သွားပြော။ ဒါပဲ"

"ဟင်းဟင်းဟင်း. . . ကျွန်တော်ကလည်း အဲဒီလိုမာဆတ်ဆတ်လေးပြောတတ်တာကိုပဲ ကြိုက်တာဆိုတော့ ခက်တာပဲမမရဲ့။ မမကိုစတွေ့ကတည်းက မမမာကျောတာကိုသိပြီးသားပါ။ ခြေထောက်ခွဲရုံတင်မကဘူး, ကျွန်တော့်ရင်ကို အဲဒီခွဲစိတ်ဓားနဲ့ခွဲမယ်ဆိုရင်တောင် ရဲရဲကြီးခံဝံ့ပါတယ်။ သိရဲ့လား"

သူမ ရယ်လိုက်ပါ၏။ ခြေထောက်မှာ အနာလေးဖြစ်တာကိုတောင် ကလေးလိုအော်ငိုနေတဲ့ကောင်လေးက လျှာအရိုးမရှိတိုင်း ပြော





နေတာကို။

"မရယ်ပါနဲ့မမရဲ့၊ တကယ်ပြောနေတာပါ"

"အရူးထမနေစမ်းပါနဲ့ ခွန်ချိုသာရယ်။ ခြေထောက်နာတာလေးတောင် မျက်ရည်ကျတတ်တာ. . . မင်းပြောသမျှ ယုံရမှာလား။ အဓိပ္ပာယ်မရှိ"

"အဓိပ္ပာယ်ရှိတာပေါ့ မမရဲ့၊ ခွန်ချိုသာရဲ့နှလုံးသားထဲမှာ အမြဲရှိနေတာ တစ်ယောက်တည်းပဲ။ အဲဒါ မမပါ"

"ဝမ်းနည်းပါတယ်ခွန်ချိုသာ။ တို့ရင်ထဲမှာ မင်းအတွက် နေရာလပ်မရှိတော့လို့ ခွင့်လွှတ်ပါ"

"ကျွန်တော်သိပါတယ်၊ ဒါက မမရဲ့ခံစားချက်လေ။ ကျွန်တော့်ကိုချစ်ပါလို့ မမကိုအတင်းဖွတ်မစေခိုင်းပါဘူး။ အချစ်ဆိုတာ ကိုယ်ထင်သလို အမြဲဖြစ်တတ်တာမှမဟုတ်ဘဲ"

ဒါတော့ ဒီကောင်လေးသိသားပဲ၊ ညှိပါရစေ, 'လေး'တို့နှစ်ယောက်ရဲ့ ရှေ့ဆက်ရမယ့်အနာဂတ်ကိုပေါ့။ ဘယ်လိုမှမဖြစ်နိုင်လို့ပါ ခွန်ချိုသာ။ မင်းကို တို့မချစ်ဘူး။ ဒါဟာ ဘယ်တော့မှပြောင်းလဲခြင်းမရှိတဲ့ 'လေး'ရဲ့ခံယူချက်ပါပဲ။ တို့ဘဝရဲ့လက်တွဲဖော်အဖြစ် လျာထားနေရာမှာ ကိုကိုကလွဲပြီး ဘယ်သူ့စိမ်းကိုမှ အစားထိုးခွင့်မရှိတော့ မင်း



www.burmeseclassic.com

www.burmeseclassic.com



နားလည်သင့်ပါတယ်လေ။

"ကျွန်တော်ကတော့ ကျွန်တော့်ချစ်ခြင်းတွေကို အမြဲယုံကြည်ထားပါတယ်။ မမကို ကျွန်တော်ပဲ တစ်နေ့ပိုင်ဆိုင်ရမှာပါ"

"မင်းကို ဘယ်တော့မှလက်မတပ်ဘူး"

"အဲဒီစကားကို ဘယ်အချိန်ထိ မမပြောနေမှာလဲ"

"လှောင်တာလား ခွန်ချိုသာ၊ လူကြီးတွေရဲ့ဆန္ဒအတိုင်း အချိန်တန် ဒီအရုပ်လေးကို မင်းရမယ်လို့ထင်ထားသလား။ တို့က သက်မဲ့မဟုတ်ဘဲ။ ခံစားတတ်တဲ့နှလုံးသားရဲ့အဆုံးအဖြတ်နဲ့ ထွက်ပေါက်တစ်ခုတော့ မဖြစ်မနေရှိနေမှာပါလေ. . .

အဲဒီတစ်သက်လုံးအတွက်ပဲ ခွန်ချိုသာ၊ ဘယ်တော့မှမပြောင်းလဲမယ့် ဖြူဖြူလေးရဲ့တစ်ခွန်းတည်းသောစကားပဲ။ တို့ရင်ထဲမှာ ကိုကို တစ်ယောက်တည်းပဲရှိတယ်။ ကိုကို့ကိုပဲ တို့ချစ်တယ်။ ဒါကြောင့် ကိုကို့ကိုပဲ လက်ထပ်မှာပါ"

Phone သံပိတ်သွားပါ၏။ စိတ်ဆိုးသွားတာလား မရည်ရွယ်ပါဘူး ခွန်ချိုသာ၊ ရှေ့ကိုဆက်တိုးဖို့ အရှိန်ယူနေတဲ့ မင်းရဲ့ခြေလှမ်းတွေကို ရပ်တန့်စေရုံသက်သက်ပါပဲ။

အချစ်ဆိုတာ ဘဝအတွက် အရေးပါဆုံး 'ဆေး' တစ်ခွက်ဆိုရင်





အဲဒီဆေးကို 'လေး' သောက်ခွင့်ရပါရစေ။ အဲဒီဆေးနဲ့ အသက်ဆက်ရှင်ပါရစေ။

မချစ်မနှစ်သက်တဲ့လူနဲ့အတူနေပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ အသက်ဆုံးရှုံးသွားရတာမျိုး မကြုံပါရစေနဲ့။ ရည်စူးထားခဲ့တဲ့အတိုင်း ချစ်ဦးသူရဲ့ရင်ခွင်ဦးမှာ တစ်သက်တာခိုနားခွင့်ရပါစေတော့လို့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"ဒီမနက် သူ Pratical ရှိလို့ လာမကြိုဘူးလို့ Phone ဆက်တယ်"

Breakfast ဝိုင်းမှာ ဝင်ထိုင်လိုက်စဉ် မေမေကပြောလေ၏။ အန်တီလေးက အစောကြီးထွက်သွားပြီမို့ 'လေး'တို့သားအဖသုံးဦးသာ ရှိတာလေ။

"ရပါတယ်၊ 'လေး' Taxi နဲ့ပဲသွားမယ်မေမေ၊ ဘာမှမဖြစ်ပါဘူး"

"သမီးတို့ စကားများထားကြလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်!"

ဖေဖေဝင်ပြောလိုက်တာမို့ ပေါက်မုန့်ကြော်စားလက်စက တို့ လို့တန်းလန်းဖြစ်သွားပါ၏။ စကားများထားလားတဲ့၊ ညက သူစိတ်ဆိုး ပြီး နှုတ်မဆက်ဘဲ Phone ချသွားတာကို။ ဘယ်လိုဖြေရှင်းရပါ့။

"ဟင့်အင်း, ဖေဖေ၊ ညက Phone ပြောဖြစ်သေးတာပဲ"

"အဲဒါ သူမလာအားတာကို ညကတည်းက သမီးဆီ Phone နဲ့မပြောဘဲ ဘာလို့ သင်းကိုပြောရတာလဲ"

" 'လေး' မသိဘူးလေ"

"မဟုတ်သေးဘူး၊ ညက တစ်ခုခုဖြစ်ထားတာမဟုတ်လား။ ဒါကြောင့် လူကြီးတွေဆီပဲ သူပြောတာပေါ့"

တွေ့လား. . . တစ်ခုခုဆို လူကြီးတွေသိအောင် ဒင်းသိပ်လုပ် တာပဲ။ 'လေး'ကိုပြောတော့ ဘာဖြစ်မှာမို့လဲ။ အိမ် Phone ကိုဆက်လို့ ဖေမေတို့မသကာသလိုဖြစ်ရတာ။ မင်း အတော်ပြဿနာရှာပါလား ခွန် ချိုသာ. . .

"ဘာမှမဖြစ်ပါဘူး ဖေဖေရဲ့"

"သမီးစကားအကောင်းမပြောလို့ပဲဖြစ်မှာပေါ့။ စေ့စပ်ပွဲနီးမှ ပြဿနာမရှာချင်နဲ့နော် ဖြူလေး။ ဖေဖေ ဘာဘာညာညာတွေ လုံး၀





ကြားချင်ဘူး"

" 'လေး'ဘာမှမလုပ်ပါဘူးဖေဖေရယ်။ မယုံရင် သူ့ကိုမေး ကြည့်ပေါ့"

"ကောင်းမလား. . . ကိုယ့်သမီးကိုမှ ကိုယ်မယုံရင် မြတ်သုခ ရော ခွာဖြူသင်းပါ လဲသေရုံပဲရှိတော့တယ်"

"ဖေဖေကလည်း"

"ဖေဖေ မလည်းနဲ့, အခု Phone ခေါ်ပြီးပြောစမ်း! အစန်း သူ့ duty coat ထဲက Phone ယူလာပေး. . ."

"သူမှမအားတာကို"

"မရဘူး, နင်တို့တစ်ခုခုဖြစ်ထားတာပဲနေမှာ၊ ငါမယုံဘူး။ ငါ့ ရှေ့မှာ Phone ခေါ်ပြီးပြော. . ."

မိစန်းယူလာပေးနေပြီမို့ ကော်ဖီခွက်ကိုချကာ Phone ကိုယူ လိုက်ရ၏။ နံပါတ်စဉ်တန်းစီပြီးပေါ်လာသည့်အထဲမှ နောက်ဆုံးနံပါတ် ကိုနှိပ်လိုက်ပါ၏။

"လူကြီးခေါ်ဆိုသော Phone မှာ ဆက်သွယ်မှုဧရိယာပြင်ပ သို့ရောက်ရှိနေပါ၍. . ."

"Phone ပိတ်ထားတယ်ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား၊ ပြောတော့မဟုတ်ဘူးဆို၊ နင့် Phone နံပါတ် ပေါ်လာရင် ဟိုကမကိုင်ဘဲနေမှာမဟုတ်ဘူး။ နင်အတော်ခေါင်းမာတဲ့ ကလေးမပါလား"

"'လေး' ဘာမှမလုပ်တဲ့ဟာကို"

"မညာနဲ့နော် ဖြူဖြူလေး၊ ညာတာကို ဖေဖေမကြိုက်တာ သမီးသိရဲ့သားနဲ့"

"သူ့ဟာသူ Phone ပိတ်ထားတာနဲ့ 'လေး' ကိုဆူရလား ဖေဖေရဲ့။ ကလေးလည်းမဟုတ်တော့ဘဲနဲ့ အခုထိအဆူခံရတုန်းပဲ"

"ဆူမှာပဲ၊ ကလေးဆိုရင် တုတ်ပြရုံနဲ့ကြောက်ဦးမှာ။ နင်က ပြောမရဆိုမရ"

"အဲဒါကြောင့် မယူဘူးလို့ပြောလိုက်တာပေါ့။ ကောင်းတယ် တစ်သက်လုံးမယူလည်းအေးရော. . ."

"ဘာ! ဘာ! နင်ဘာပြောလိုက်တယ်"

လွှတ်ခနဲထွက်သွားတာမို့ Break မအုပ်နိုင်တော့ပါ။ အဲဒါ 'လေး' က မိဘတွေမသိအောင် ဘာမှလုပ်လို့မရတာလေ။ တစ်ခုခု တာလုပ်မိရင် နာရီမဆိုင်းအကုန်ပေါ်တာ ငယ်စဉ်ကတည်းကမဟုတ်လား အခုလည်း မပြောဘူးလို့စဉ်းစားထားပါလျက် ထွက်သွားပြန်ချေပြီ။





"'လေး' သူ့ကိုမယူနိုင်ဘူးလို့ပြောလိုက်တာ"

"အဲဒီလို ပြီးစလွယ်ပြောလိုက်တယ်? ဟုတ်လား"

"အင်း"

"ဘယ်တုန်းကလဲ၊ ညကပဲလား"

ခေါင်းကိုဆတ်ခနဲညိတ်လိုက်ပါ၏။ ဖေဖေက ကော်ဖီခွက်ကို ဒုန်းခနဲဆောင့်ချလိုက်ပြီး အော်ရန်ပြင်လိုက်စဉ် အမြန်ပြောလိုက်ရလေ၏။

"အဲဒါကို စိတ်ကောက်သွားတာ"

"ဖြူဖြူလေး!"

"ခဏလေးဖေဖေ၊ Phone ဝင်လာလို့"

"ဒီမှာပဲပြော"

မျက်နှာကိုရှုံ့တွလိုက်မိ၏။ ဒင်း Phone ပါဆိုနေမှ ဖေဖေ့ရှေ့ ...နဲ့သန်ဘယ်ပြောလို့ရပါတော့မလဲ။ Phone ကိုဖွင့်ကာ ကိုယ်ကိုတစ် ခြမ်းစောင်းလိုက်ရပါ၏။

ဖေဖေက မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်နေချေပြီ။

ကဲ၊ 'လေး' မှမပါးနပ်ရင် ဘယ်လိုလုပ်မလဲ။

"ဟယ်လို၊ သားချိုလား၊ မမ ခုဏ Phone ခေါ်သေးတယ်"

"ဟာ! နားထဲချိုလိုက်တာမမရာ၊ ကျွန်တော် ကျောင်းခြေ...



www.burmeseclassic.com

www.burmeseclassic.com



နေတာ ပြန်လှည့်လာခဲ့ရမလား''

''မလုပ်နဲ့လေ၊ ဒီနေ့ Pratical ရှိလို့ မလာဘူးဆို။ မေမေ ပြောတယ်''

''ဟုတ်တယ်၊ ကျွန်တော် မမကို Phone ခေါ်သေးတယ် ပိတ်ထားလို့''

''အင်း၊ မမ bathroom ထဲရောက်နေတုန်း ထင်တာပဲ''

''ကျွန်တော် ညနေလာကြိုမှာနော်။ မမ Taxi နဲ့လစ်မသွားနဲ့''

''အင်းအင်း''

''မောင်လို့ ခေါ်ကြည့်ပါလား''

''နောက်မှလေ၊ ဒါပဲနော်. ညနေစောင့်နေမယ်''

မေမေ့မျက်နှာကြော တော်တော်လျော့သွားပါ၏။ ကော်ဖီခွက်ကို တစ်ကျိုက်တည်းအကုန်မော့ချလိုက်ပြီး ခုံမှထရပ်လိုက်ပါသည်၊ အမြဲ ဆုံးသစ်နိုင်မှ တော်ကာကျမှာလေ။ နို့မို့ မေမေဆုံးမတာကို နားမှအောင် ခံရဦးမှာမဟုတ်လား။

'''လေး'သွားတော့မယ်မေမေ၊ ညနေ သားချိန်နဲ့ချိန်းထားလို့ မိုးချုပ်ချင်,ချုပ်လိမ့်မယ်။ မေမေစိတ်ပူနေမှာစိုးလို့''

'ငါသိပါတယ်'ဟုအစိပ္ပာယ်ရသည့် မေမေ့အကြည့်တို့ကိုမမြင်





ချင်ယောင်ဆောင်၍ အိမ်ထဲမှခပ်သုတ်သုတ်ထွက်လာခဲ့ပါ၏။ လမ်းမ ဆက်ရောက်မှ သက်ပြင်းကိုချလိုက်မိသည်။

အဲဒါမှပြဿနာပဲ. . . ဒင်းကို ချိုချိုသာသာလေး ခေါ်ပြော လိုက်မိတာ မှားပြီထင်ပါရဲ့။ တော်ကြာ ညနေကျ လူရှေ့သူရှေ့ ပိုင်စိုး ပိုင်နင်းမလုပ်ဘူးလို့ပြောလို့ရတာမှမဟုတ်ဘဲ။

ခက်တယ် ဖြူဖြူလေးရယ်၊ တစ်နေ့တစ်နေ့ ဒီကောင်လေးနဲ့ ကြုံရမှာကိုစိုးရိမ်ရတဲ့စိတ်က နှလုံးရောဂါစဖြစ်ဖို့ ဖန်တီးသလိုဖြစ်နေပြီ ထင်ပါရဲ့။

ဆေးရုံရောက်တော့ ဆေးရုံအုပ်ကြီးအခန်းထဲမှာ လက်မှတ် ထိုးပြီး သူမတို့ရုံးခန်းထဲဝင်လာခဲ့ပါ၏။ မနေ့က လူနာ List ကို မှတ်တမ်းဖြည့်နေစဉ် သဇင်နှင့်အတူ တခြားဆရာဝန်တွေ၊ Nurse တွေ ဝင်လာကြလေသည်။

''ဒီနေ့တယ်စောပါလားဟေ့၊ ဖယ်ရီလေးရော. လိုက်မပို့ဘူး လား''

''ညနေမှလာမယ် မမို့ရေ ဒီနေ့ သူ Pratical ရှိလို့တဲ့''

''လွမ်းစရာလေးပါလားဟယ်၊ ညနေအထိ ဖြူလေးလည်ပင်း တော့ ညောင်ရေအိုးဖြစ်ပါပြီ''



www.burmeseclassic.com

www.burmeseclassic.com



ရယ်သံတွေ ထွက်လာ၏။ သူ့မနှာခေါင်းလေး ရှုံ့ပြတာကို သဇင်က ကျိတ်ရယ်လိုက်ပြီး ဘေးခုံမှာ ဝင်ထိုင်လိုက်လေသည်။

"တော်တော်မှစိတ်ချမ်းသာရဲ့လား၊ မျက်နှာက သကာရည် လောင်းထားသလို ချိုမြလို့"

"အခုပဲ ဖေဖေနဲ့စကားများလာတာ သဇင်ရဲ့။ 'လေး'မှာ အသက်အစိတ်ပြည့်ခါနီးအထိ အဆူအငေါက်ခံနေရတုန်း"

"ဘာလို့ဆူရတာလဲ"

"ထုံးစံအတိုင်းပဲပေါ့၊ အဲဒီချာတိတ်ကို ကောင်းကောင်းမပြော လို့တဲ့"

"အမယ်လေးဟဲ့. . . ပြစ်ချက်က အတော်ကြီးရှာတာကိုး"

"ဖြူလေးကတော့ စားရဖို့နီးပြီ၊ ဖင်လေးက ဘယ်တော့လဲ"

"မကြာတော့ဘူးမမို့ရေ သူ့ဘဲဘဲကြီး မကြာခင်ပြန်လာတော့ မှာ"

"ဟယ်! ဟုတ်လား"

"ဖြူနော်. နင်လိုက်မထောင်နဲ့"

"တကယ်ပြောတာ မမို့တို့ရေ 'လေး'ထက် သူက အရင်ဦး ချင်ဦးသွားဦးမှာ"





ရယ်သံတွေ ဝေါခနဲထွက်ကျလာကြ၏။ သဇင်က သူ့မလက် မောင်းကို လှမ်းထုလိုက်စဉ် ရုတ်တရက် မုခ်နန်းတံခါးပွင့်သွားလေသည်။ အားလုံး၏အကြည့်က အခန်းဝကိုရောက်သွားကြပါ၏။

"ဒေါက်တာဖြူဖြူလေး ရှိပါသလားခင်ဗျား"

"ရှိပါတယ်၊ ဒီမှာပါ"

"ဒီမှာလက်မှတ်လေး ထိုးပေးပါခင်ဗျ"

သူ့မျက်လုံးပြူးလျက် ပါးစပ်ပါ ဟသွားရပါ၏။ နှင်းဆီနီတွေ အပြည့်အသိပ်ထည့်ထားသည့်ပန်းခြင်းက မွှေးလို့ပါလေ။ ရွှေအိုရောင် ဖဲပွင့်ကလည်း တောက်ပလို့။ ဘယ်သူများ 'လေး'ဖို့ ပေးပို့လိုက်တာ ပါလိမ့်။

"ဟဲ့! ငိုင်မနေနဲ့လေ၊ လက်မှတ်ထိုးလိုက်ဦး"

သဇင်က ပခုံးကိုလာတို့ပြီး သတိပေးလိုက်လေ၏။ ကမ်းပေး နေသည့်အတွက် စာရွက်ပေါ်မှာ မြန်မြန်လက်မှတ်ထိုးပေးလိုက်ပြီး ပန်း ခြင်းကိုလက်ခံလိုက်ရပါသည်။

"ကတ်ပါတယ်လေ"

တခြားသူတွေပါ ဝိုင်းအုံလာကြလေ၏။ ဖဲကြိုးမှာချိတ်ထား သည့်ကတ်လေးကို ယူကြည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



My beloved Ma Ma,

Please, don't change your tune.

Marriage me!

(Maung)

ချစ်လှစွာသော မမ,

ကျေးဇူးပြု၍ သဘောထားမပြောင်းလိုက်ပါနဲ့

ကျွန်တော့်ကိုလက်ထပ်ပါနော်. . .

(မောင်)

''ဟယ်! Boss သားကတော့ ဖြူလေးကို တရားဝင်ခွင့်တောင်းပြီဟေ့''

''လိုက်တယ်လိုက်တယ်. . . ဒေါက်တာဖြူဖြူလေးနဲ့ ခွန်ချိုသာက သိပ်အတွဲညီတာ''





တစ်ယောက်တစ်ပေါက် စနောက်နေကြတာမို့ မျက်နှာတွေပူလိုက်တာ မပြောပါနဲ့။ ဒါ ဘယ်တုန်းကတည်းက စီစဉ်ထားတဲ့ခြင်းပါလိမ့်နော်။ ပန်းခြင်းလေးက လိုချင်စဖွယ်လေးဖြစ်ပေမယ့် 'လေး'လက်ခံဖို့မဖြစ်ပါလေ။ ခြင်းကို ဖျတ်ခနဲမ,လိုက်စဉ် အားလုံးက အထိတ်တလန့်အော်လိုက်ကြလေ၏။

''ဘယ်ယူသွားမလို့လဲ''

''ဆေးရုံအုပ်ကြီးရဲ့ရုံးခန်းထဲကိုလေ။ ဘာဖြစ်လို့လဲ''

''လွှင့်များပစ်တော့မလားလို့ ရင်ထိတ်သွားတာပဲ''

''အဲဒီခြင်းသာ ပစ်ရင်ပစ်လိမ့်မယ်၊ ဒါလေးကိုတော့ သူပစ်မှာမဟုတ်ဘူး မမို့ရေ''

သဇင်က ခြင်းမှကတ်ကို ဖြုတ်ထားလိုက်လေ၏။ ပန်းခြင်းကိုအန်ကယ်ဦးနေမျိုး၏စားပွဲပေါ်မှာ သွားတင်ပြီး ပြန်ထွက်ခဲ့စဉ် Phone သံ မြည်လာလေ၏။

''ဟယ်လို''

''မမ, မောင်ပါ၊ ပန်းခြင်းရောက်ပြီလား''

''ရောက်ပြီ''

''ပျော်သွားလား''

www.burmeseclassic.com



"ဒီလိုပါပဲ၊ ဘာဖြစ်လို့လျှောက်ဝယ်ရတာလဲ၊ ဈေးကြီးကကြီးနဲ့"

"အဲဒီပန်းခြင်းဈေးက မမနဲ့တန်ဖိုးမတူညီဘူးမရယ်။ မောင်က မမကို ဒီ့ထက်မက ပိုပြီးတန်ဖိုးထားတာကိုယုံပါ"

"Duty ဝင်ရတော့မယ်၊ ဒါပဲနော်"

"ညနေ ဆက်ဆက်စောင့်နေနော်"

Phone ကိုပိတ်လိုက်ပါ၏။ ဒီလိုပန်းခြင်းကြီးပေးလို့ 'လေး'ရဲ့ချစ်ခြင်းတွေကို ရလာမယ်ထင်နေလား ခွန်ချိုသာ၊ မှားသွားမှာပေါ့။ မင်းရဲ့နှင်းဆီနီတွေက 'လေး'ရဲ့နှလုံးသားကို လှုပ်ခါနိုင်စွမ်းမရှိတာအမှန်ပါပဲ။

အာရုံက အတိတ်ကို ဖျတ်ခနဲသတိရမိသွားရပါ၏။ ကိုကိုယူလာပေးသည့် တစ်ပွင့်တည်းသောနှင်းဆီဖြူ၊ ရနံ့သင်းသင်းလေးနှင့် အပွင့်က အာ့ခါစသဏ္ဍာန်လေးသာ ရှိသေးတာလေ။

"ကလေးအတွက်ပါ၊ ဒီပန်းပွင့်လေးလိုပဲ ကလေးရဲ့အပြုံးလေးတွေက ဖြူစင်သန့်ရှင်းလွန်းတယ်လေ။ ကိုယ်မြတ်နိုးရတဲ့ကောင်မလေးကို ဒီလိုတင်စားရင် စိတ်ဆိုးမှာလား"

ရှက်ပြုံးသာ ပြုံးနေခဲ့မိ၏။ လက်ထဲအသင့်ထည့်ပေးသည့် နှင်း





ဆီဖြူလေးကို ငုံ့မွှေးလိုက်စဉ် သူမနှုတ်ဖူးသက် နွေးခနဲဖြစ်သွားရလေသည်။ ကိုကို့ 'လေး'အပေါ် အဘယ်မျှတန်ဖိုးထားပြီး ချစ်ခဲ့မှန်း 'လေး'သိခဲ့တာပါ။

လွမ်းနေဆဲပါကွယ်၊ ပျော်ရွှင်စရာတွေထက် ကြေကွဲစရာတွေသာ အများကြီးဖြစ်ခဲ့တဲ့ အဲဒီအတိတ်ကို ပယ်ဖျက်လို့မရသလို အဲဒီအတိတ်က လွမ်းမောဖွယ်ရာအကြောင်းတွေကိုပဲ 'လေး'တွေးတော တမ်းတနေဆဲပါ။

ဒါတွေကို ကိုကိုတစ်ယောက် သိပါရဲ့လားလေ။ ဪ 'လေး'ရဲ့နှလုံးသားချစ်ဦး ကိုကိုရယ်. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

လူနာတွေကိုစစ်ဆေးပြီး ရုံးခန်းသို့ပြန်ခဲ့စဉ် သူမစားပွဲရှေ့ရှိ ... ရောက်နေသည့်သူ့ကိုမြင်လိုက်ရပါ၏။ ကျောခိုင်းထိုင်နေရာမှ ဖျတ် ...ညှို့အကြည့်နှင့် ဆုံသွားလေသည်။

"အား. . . သိပ်ကိုကျက်သရေရှိတာပါလား၊ မမကို duty ...at နဲ့ မောင် တစ်ခါမှမတွေ့ဖူးသေးဘူး"

"စကားကိုဆင်ခြင်ပြော၊ ခွန်ချိုသာ၊ ဒါ. ဆေးရုံနော်"

"သိတယ်လေ၊ မမဖို့ရည်ရွယ်ပြီး ဆောက်ထားတဲ့မောင့်ဆေးရုံ"

"ကျွတ်!"



www.burmeseclassic.com

www.burmeseclassic.com



စုတ်သပ်ကာ ခုံကိုဆွဲထုတ်လိုက်ပါ၏။ လက်မှာကိုင်လာသည့် Stethoscope (နားကျပ်) ကို ဘူးထဲသို့ နေရာတကျထည့်သိမ်းလိုက်ပြီး duty coat ကိုချွတ်ရန်ပြင်ပြီးမှ သတိထားလိုက်ရလေ၏။ သူ့ရှေ့မှာ အင်္ကျီချွတ်လို့မဖြစ်သေးပါဘူး. . .

"ဘယ်ကိုလဲ"

"လက်သွားဆေးမလို့"

"မောင်ပို့ပေးလိုက်တဲ့ပန်းခြင်းရော"

"အန်ကယ်က လှတယ်ဆိုလို့ စားပွဲပေါ်တင်ပေးခဲ့တယ်"

"မမကလည်းကွာ"

သူပြောတာကိုလှည့်မကြည့်ဘဲ သန့်စင်ခန်းဘက် ထွက်သွားတာမို့ ခုံမှာပင် ထိုင်နေခဲ့ရပါ၏။ ကျောင်းကအပြန် ရေမိုးချိုးပြီးမှ လေးလေးရဲ့စိန်တိုက်ကို ဝင်ခဲ့တာလေ။ လက်စွပ်ကောင်တာမှာ ဟိုဒီလျှောက်ပြီး ရွေးမရဖြစ်နေတာကို မန်နေဂျာက မြင်သွားတာမဟုတ်လား။

"ဘာများအလိုရှိပါသလဲရှင်"

"ဟိုလေ. လက်စွပ်လှလှလေး တစ်ကွင်းလောက်ပါ"

"Engage အတွက်လား။ Marrige အတွက်လား"

"Engage ပါ"





"နှစ်ကွင်းဆင်တူ ယူလိုက်လေ၊ စိန်သေးသေးလေးတွေနဲ့ လှလှလေးတွေ ရှိပါတယ်။ ဘိုဆန်ဆန်လေးထဲက ရွေးပေးပါစန္ဒီ"

"ဟုတ်ကဲ့ပါ မမ"

မှန်ဖုံးပေါ်တင်ပေးလိုက်သည့် လက်စွပ်ဘူးလေးတွေက အစီအရီ၊ တစ်ပွင့်၊ နှစ်ပွင့်၊ သုံးပွင့် လှတာတွေချည်းပါပဲလား။ ဘယ်ဟာက မမနဲ့ပိုလိုက်မလဲ, ဝေခွဲမရဖြစ်နေချိန်မှာ သူ့ပခုံးကိုဖျတ်ခနဲလာပုတ်တာကြောင့် လန့်သွားရပါ၏။

"သားချို့, ဘာကိစ္စလဲ"

"ဟာ! အန်တီသက်၊ သွားပါပြီဗျာ"

"ဘာဖြစ်လို့လဲ"

"ဒီမှာစိတ်ကူးလေးနဲ့ ရွေးနေတာကို၊ အန်တီ့ကြောင့် အာရုံနောက်သွားရပြီ"

"ဟဲ့! ဘယ်သူ့မို့လဲ"

"ဟဲဟဲ. . . ကျွန်တော့်မမဖို့"

"ဒါဆို အန်တီသက် ရွေးပေးမယ်လေ၊ ကိုယ့်တူလေး ရှားရှားပါးပါးရှိတာကို ဝယ်စရာလား။ သူ့စိမ်းတွေကျနေတာပဲ၊ ဘယ့်နှယ်"

"ဟိုးထား ဟိုးထား. . . လေးလေးနဲ့အန်တီသက် လက်ချိုင်



www.burmeseclassic.com

www.burmeseclassic.com



Wedding ကျမှပေးပါ။ အခု ကျွန်တော့်ပိုက်ဆံနဲ့ပဲ ဝယ်ပါရစေ အန်တီ သက်ရဲ့"

"ကြည့်, လုပ်ပြီ၊ ကဲကဲ, သားသဘောပါ။ ဒီထဲက ယူလိုက် ဒါလေးတွေက ဆန်းတယ်"

စိန်လုံးနှစ်ခုလုံးစီကို ခပ်စောင်းစောင်းလေးထွင်ထားသည့်ပုံဆန် လေးကို သူသဘောကျသွားရပါ၏။ အန်တီသင်းဆီမှာ မမ၏လက်အတိုင်း တောင်းစဉ်က သူ့လက်သန်းနှင့်အတူတူမို့ လက်စွပ်အသေးလေးကို ယူ၍ ဝတ်ကြည့်လိုက်ပါသည်။

"OK…အတော်ပဲ"

"ဒီအကြီးကရော"

"ဒါလည်းတော်တယ်"

"နှစ်ဘူး ခွဲပေးလိုက်ရမလား သား"

"နေပါစေ အန်တီ၊ အတူတူရှိတာက ပိုပြီးကောင်းပါတယ်"

"ဟွန်း! ကဗျာကလည်း ဆန်ပ့ါ"

အန်တီသက် မျက်စောင်းခဲလိုက်တာကို ခပ်ပြုံးပြုံးဖြင့် ငွေ ချေပေးပြီး ထွက်လာခဲ့ပါ၏။ ကားပေါ်ရောက်တော့ Packing ထုပ်ထား သည့် CD ပြားပေါ်မှာ ဘူးလေးကိုအတူထားလိုက်လေသည်။ ဒီနေ့ပေး





တဲ့ သက်မဲ့ပစ္စည်းလေးနဲ့ မမရဲ့နှလုံးသားကို ကိုင်လှုပ်နိုင်ပါစေလေ. . .

"သွားမယ်"

"မောင်, ကိုင်ပေးမယ်လေ"

လက်မှာကိုင်လာသည့် coat ကို လှမ်းတောင်းတော့ မမထံ မှ မျက်စောင်းတစ်ပွင့်ကို လက်ဆောင်ရလိုက်လေသည်။ လှလိုက်တာ နော်။ တစ်နေ့ကုန်ပင်ပန်းရပေမယ့် မမမျက်နှာထက်မှာ နွမ်းနယ်နေပုံ လုံးဝမမြင်ရပါလား။ ဘယ်လောက်များ အေးချမ်းလိုက်ပါသလဲ။

"ကိုင်စရာလား"

"ပေးပါ မမရဲ့"

"ဟင့်အင်း, ချွေးစော်နံ့လိမ့်မယ်"

"နံ့နံ့ကွာ"

"မဟုတ်တာ ဂျီမကျစမ်းနဲ့ကွာ"

သူ့အသည်းယားစွာဖြင့် မမလက်ကိုကိုင်လိုက်တော့ ဆက်ခနဲ ရုန်းလိုက်လေသည်။

"ဘာလုပ်တာလဲ"

"ဘာမှမလုပ်ရသေးပါဘူး မမရဲ့။ လန့်မသွားပါနဲ့"

Lift ထဲဝင်တော့ ထောင့်နားရပ်နေသည့်မမအနီးသို့ သူကပ်



www.burmeseclassic.com

www.burmeseclassic.com



သွားစဉ် မမလက်တစ်ဖက်က သူ့ရင်ဘတ်ကို တွန်းလိုက်လေ၏။

"ဟောဗျာ. ဘာဖြစ်တာလဲ"

"အနားလာမကပ်နဲ့လေ၊ ဝေးဝေးနေပါဆိုနေမှပဲ"

"မမချွေးနံ့လေးက မွှေးလားလို့ပါ"

"ခွန်ချိုသာ, မင်းနော်"

"သားချိုမဟုတ်တော့ဘူးလား မမရဲ့။ လေစိမ်းတွေ မတိုက်ချင်စမ်းပါနဲ့"

"ငါပြောတာကို မင်းလက်မခံရင် မင်းချိန်းထားတာကို ငါဖျက်မှာနော်။ လိုက်လိမ့်မယ်မထင်နဲ့"

"OK...မောင်ဘာမှမလုပ်ပါဘူးမမရယ်။ ကြောက်လို့လား"

လက်နှစ်ဖက်က နံရံနှင့် Steel bar ကိုကိုင်လိုက်တာမို့ သူမမျက်လုံးလေး ပြူးဝိုင်းသွားရလေ၏။ ထောင့်မှာပိတ်ထားသလိုဖြစ်သွားတာမဟုတ်လား။

ဟင့်အင်း, မဖြစ်စေရဘူး။ 'လေး'ကိုယ်'လေး'ထိန်းမတ်နိုင်တဲ့အချိန်မှာ ဒီလိုလက်တည့်စမ်းတဲ့ရန်က ရှောင်ရှားနိုင်ပါစေလား။

"မင်းနော်"

"ဟင်းဟင်း. . . မမကြောက်နေတာလေးက ရယ်ရတယ်ကွာ





ကြည့်ပါဦး, နဖူးမှာ ချွေးလေးတွေတောင် စို့လာပြီ။ လာ, မောင်သုတ်ပေးမယ်"

"ဟင့်အင်း"

လက်မောင်းကိုဖျတ်ခနဲဆွဲလိုက်ပြီး နဖူးကို လက်ကိုင်ပဝါဖြင့် သူသုတ်ပေးတာကို ရုန်းဖယ်လိုက်မိ၏။ မတ်မတ်ရပ်နေရာမှ ယိုင်သွားဘာမို့ သူက ဖမ်းထိန်းပေးလိုက်ရာ သူ့ရင်ခွင်ထဲသို့လှဲချသလိုဖြစ်သွားရလေသည်။

"အို! အရမ်းပဲလုပ်ရလား"

"Sorry...မရည်ရွယ်ပါဘူးမမရဲ့"

သူ့လက်ထဲမှ ရုန်းထွက်လိုက်စဉ် Lift တံခါးက ပွင့်သွားပြီး Night duty ဝင်မည့်ဆရာဝန်အုပ်နှင့် တန်းတိုးလေ၏။ သူမမျက်နှာဖြန်းခနဲရဲသွားရပါသည်။ သွားပါပြီ. . . တစ်မျိုးတော့ ထင်ကုန်ကြတော့မှာပဲ။

"စားရဖို့နီးပြီထင်ပါရဲ့။ ဟုတ်လား ကိုခွန်ချိုသာ"

"မဝေးတော့ပါဘူးခင်ဗျာ၊ Engage က အရင်ပေါ့"

"ဟုတ်ပါပြီဗျာ"

ရယ်ဟဟမျက်နှာတွေကို မကြည့်ရဲတော့ဘဲ ကား garage



www.burmeseclassic.com

www.burmeseclassic.com



ရှိရာဆီ ပြေးလှမတတ် လျှောက်လာခဲ့ပါ၏။ သူက သဘောတကျရယ်မောလျက် ကားတံခါးကိုဆွဲဖွင့်ပေးလိုက်ပါသည်။

"ရင်တွေခုန်သွားလား"

"သေလိုက်"

တဟားဟားအော်ရယ်လေတော့၏။ ကားကို ဟိုတယ်ရှိရာဆီမောင်းခဲ့ပြီး ကြိုမှာထားသည့်စားပွဲမှာ ထိုင်လိုက်ကြပါသည်။

အို! စားပွဲမှာထိုးထားသည့်ပန်းအိုးထဲမှာလည်း နှင်းဆီနီတွေပါပဲလား. . .

"မောင်က မမလိုမချက်တတ်တော့ Hotel မှာလိုက်ကျွေးရတာလေ။ မောင်တို့လက်ထပ်ပြီးမှပဲ မမချက်ကျွေးတာကိုစားမှာပေါ့။ဟုတ်ပြီလား"

နှုတ်ပိတ်နေမိ၏။ မနက်ကပဲ အဆုံးခံထားရတာ ဒီညနေမှာပြဿနာထပ်ဖြစ်သွားရင် ဒီညအဖို့ အိပ်ပျော်တော့မည်မထင်ပေ။ သူကMenu ဖတ်၍ waiter ကိုမှာကာ 'လေး'ကိုထိုင်ငေးကြည့်နေလေ၏။

ရှက်ကိုးရှက်ကန်းမဖြစ်မိပါ။ သူ့ထံမှအကြည့်ကိုလွှဲ၍ ကာထားသည့်မှန်ချပ်များမှတစ်ဆင့် အပြင်ကိုငေးကြည့်နေမိပါသည်။ မိုးတွေစ,ရွာနေပါရောလား. . .





သက်ပြင်းကိုချလိုက်မိသည်။ သတိမရချင်ပေမယ့် တိုက်ဆိုင်မှုတွေက အမြဲကြုံနေရလို့ပါကိုကိုရယ်။ အရင့်အရင်ဘဝတွေက ဘယ်သတ္တဝါလေးတွေကို ခွဲခဲ့မိလို့ ဒီဘဝမှာ 'လေး'တို့နှစ်ဦး ကွဲခဲ့ကြရတာပါလိမ့်။ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် မမုန်းတီးကြပါဘဲ ချစ်လျက်နဲ့ခွဲခွာခဲ့ရတာ တကယ့်ကိုရင်နာစရာကောင်းလွန်းလှပါဘယ်လေ။

"ပန်းခြင်းကို အန်ကယ့်ဆီပေးလိုက်ပေမယ့် ကတ်လေးကိုတော့ မမသိမ်းထားတယ်မဟုတ်လား"

မြန်မြန်ပြီးသဘောမျိုးဖြင့် ထမင်းစားရင် ခေါင်းကိုဆတ်ခနဲညိတ်ပြလိုက်၏။ တကယ်က 'လေး'ရဲ့ခေါက်ပိုက်ဆံအိတ်လေးထဲကို သဇင်သည့်ပေးလိုက်တာမဟုတ်လား။ သူက ထမင်းကိုလက်စသတ်စားပြီးနောက် 'လေး'အတွက် ရေသန့်တစ်ခွက် ထည့်ပေးလိုက်လေသည်။ ရေအေးကိုသောက်ချလိုက်စဉ် 'လေး'ရှေ့မှာ Packing ထုပ်ထားသည့်ဘူးလေးနှစ်ဘူးက ရောက်လာလေ၏။ ဘာများပါလိမ့်. . .

"မောင့်ကို ဖေဖေတို့ပြောကတည်းက မမရဲ့အကြောင်းတွေကို မောင်စုံစမ်းနိုင်သလောက် စုံစမ်းခဲ့တာပါ။ အတိတ်မှာ မမ ဘယ်လောက်ပဲကြေကွဲဝမ်းနည်းစရာတွေ ကြုံခဲ့ပါစေ. . . အဲဒါတွေအားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



မေ့လိုက်စေချင်ပါတယ်။ ဒဏ်ရာဆိုတာ ဆေးထည့်ပေးနိုင်ရင် သက်သာ ပျောက်ကင်းစေနိုင်မှန်း မမသိနေမှာပါနော်။ ဒီတော့ မမရဲ့ဒဏ်ရာရနေ တဲ့နှလုံးသားလေးကို မောင့်ရဲ့ချစ်ခြင်းတွေနဲ့ ကုစားပေးပါရစေ။ လက် ထပ်ဖို့ဆိုတာကို မောင်တို့ရဲ့လူကြီးတွေ စိတ်ကြိုက်စီမံပေးချင်ကြပေမယ့် မောင်က မမနဲ့နှစ်ကိုယ်တူချစ်ကြပြီးမှ လက်ထပ်တာကိုပဲလိုချင်တာပါ"

စကားလုံးတွေက လှပါတယ် ခွန်ချိုသာ။ ဒါပေမဲ့ 'လေး'ရဲ့ နှလုံးသားကတော့ အေးစက်စက်ဖြစ်နေတာအမှန်ပါလေ။

"မမ"

"ဟင်"

"လက်ခံပေးပါ၊ မောင့်နှလုံးသားကို မမရဲ့ခြေဖဝါးရှေ့မှာ အဆင်သင့်ချထားပေးပါတယ်။ မမကောက်ယူလိုက ယူပါ၊ မယူချင်လို့ နင်းချင်တယ်ဆိုရင်လည်း မမသဘောပါပဲ။ ဒီပစ္စည်းလေးနှစ်ခုကို ယူ သွားပေးပါနော်။ မမ, မောင့်ကိုခေါင်းညိတ်မယ်ဆိုရင် ဒီအထဲက တစ်ခု ကို မောင့်ဆီပြန်ပေးရုံပါပဲ"

". . ."

"အခုလို ညစာလိုက်စားတဲ့အတွက်ရော၊ မောင်ပြောသမျှကို စိတ်ရှည်ရှည်နဲ့နားထောင်ပေးတဲ့အတွက်ပါ။ မမကို မောင်ကျေးဇူးအများ





ကြီးတင်ပါတယ်။ ပြန်ကြစို့နော်"

လက်ဖဝါးကိုဖြန့်၍ ဘူးနှစ်ဘူးကို ကိုယ်တိုင်ထည့်ပေးလိုက်ပြီး ဆုပ်စေလေသည်။ Hotel အပြင်ကိုရောက်တော့ အပေါ်မှာဝတ်လာ သည့်မီးခိုးရောင် coat ကိုချွတ်၍ 'လေး'ခေါင်းထက် မိုးကာပေးလေ၏။

"ရပါတယ်, စိုမယ့်အတူတူကို"

"အတူတူဆောင်းသွားကြမယ်လေ"

ပခုံးကို ဖျတ်ခနဲပွေ့ဖက်လိုက်ပြီး coat အောက်မှာ နှစ်ယောက် သား ရောက်သွားလေ၏။ ခပ်ဖွဲဖွဲမိုးရေတွေထဲ ပြေးဆင်းခဲ့စဉ် မျက်ရည် တို့က အလိုလိုဝဲသွားရပါသည်။ မိုးနဲ့အတူ ပျောက်ကွယ်သွားခဲ့တဲ့ကိုကို့ ပုံရိပ်တွေကို 'လေး'ဘယ်လိုလိုက်ရှာလို့ရပါ့မလဲလေ. . .

အိမ်ကိုရောက်တော့ အထဲမဝင်တော့ဘဲ သူချက်ချင်းပြန်သွား ပါ၏။ ရေချိုးခန်းထဲ ရေအရင်ဝင်ချိုးပြီး အဝတ်လဲကာ ရေစိုနေသည့် ဆံပင်တွေကို Towel ဖြင့်သုတ်ရင်း Parcel ထုပ်လေးကို ဖွင့်လိုက်ပါ သည်။

တစ်ဘူးမှာ CD ချပ်လေးပါပြီး နောက်တစ်ဘူးမှာက စိန် လက်စွပ်ဆင်တူနှစ်ကွင်းပါလေ။ လက်စွပ်ဘူးကိုကိုင်ရင်း ငိုင်သွားရပါ ၏။ ဒါ စေ့စပ်တဲ့သဘောမျိုးနဲ့ ပေးတာပဲမဟုတ်လား. . .



www.burmeseclassic.com

www.burmeseclassic.com



CD ချပ်ကို စက်ထဲထည့်လိုက်စဉ် TV မှာ သူ့ပုံပေါ်လာပါ၏။ ခုံမှာ အသာဝင်ထိုင်လိုက်ပြီး လက်ခလယ်နှင့်လက်သူကြွယ်ကိုချိုးလျက် လက်သုံးချောင်း ထောင်ပြလိုက်လေသည်။

''မမကို အသည်းနှင့်အောင် ချစ်တယ်ဆိုတာကို ယုံပေးပါ။ မမအမြဲတွေးနေတဲ့အတွေးတွေထဲမှာ မောင်ပါပါရစေ။ မမရဲ့အနာဂတ်ကို အလင်းဆောင်ပေးနိုင်တဲ့ကြယ်ကလေးအဖြစ် မောင်ရှိနေချင်သလို ညစဉ်မြင်မက်တဲ့ မမရဲ့အိပ်မက်တွေထဲက မင်းသားလေးဖြစ်ခွင့်ပေးပါနော်။ မောင့်ရင်ထဲ ရှိသမျှအချစ်တွေအားလုံးကို မမဆီ ပုံအပ်လိုက်ပါတယ်။ I love you so much, more than I can say!''

လက်နှစ်ဖက်ကိုမြှောက်ကာ ခေါင်းထက်ခပ်ဝိုက်ဝိုက်လေးပြန်စိုက်ချ၍ လက်ဖျားလေးတွေက ခေါင်းကိုထိထားလိုက်လေ၏။ ကလေးဆန်လိုက်တာဟုတွေး၍ ပြုံးလိုက်စဉ် သူ့ပုံရိပ်တွေက ငြိမ်သွားပြီး ပုံအောက်မှစာတန်းတို့နှင့်အတူ သီချင်းသံထွက်လာလေသည်။ ဒါ အဆိုတော် Alex ရဲ့အသံပါလား. . .

"ငယ်သေးတဲ့အချစ်မို့ မလေးစားတာလား ပြောပါ× × × × ကျွန်တော်သိပ်ချစ်တတ်တာ ကျွန်တော်သာ အသိပါ× × × ×

လိမ်ပြီးမပြောတတ်တာ ကလေးလေးဘဝကတည်းကပါ





× × × × မမ နားလည်ငဲ့ညှာပါ× × × ×

ဆုတောင်းကောင်းလွန်းတဲ့ 'မ'ရဲ့အလှများထဲမှာ× × × × ကျွန်တော် လဲလဲကျတာ ကျွန်တော်သာ အသိပါ× × × ×

ဘာပဲဖြစ်ဖြစ် 'မ'ကို အိပ်ပျက်စေပြီးလွမ်းမှာ× × × × မမ ကျွန်တော့်ကိုသနားပါဗျာ× × × ×

စားမရ× × × × အိပ်မရ အချိန်တွေထဲ× × × × သွေးအားနည်းလို့ ပိန်လာပြီ'မ'ရယ်× × × × 'မ'မချစ်လို့တော့ သေနိုင်တယ် × × × × အပိုတွေမဆိုဘူး ယုံတော့ကွယ်× × × × မမ မချစ်ရင် အဝေးပျက်သွားနိုင်တယ်× × × × ဟုတ်တယ်× × × × မမ မချစ်ရင် အဝေးပျက်သွားနိုင်တယ်× × × ×"

ငယ်သေးတဲ့အချစ်တဲ့လား. . . အဲဒီအရွယ်ကအချစ်ကို အချစ်စစ်လို့ ယူဆသတ်မှတ်လို့ရရင် 'လေး'ရဲ့ချစ်ခြင်းတွေကို ကိုကိုလည်း နားလည်ပေးနိုင်မယ်ထင်ပါတယ်။ ရှူးရှူးမိုက်မိုက်အရွယ်လေးမို့ စိတ်ကစားပြီး ချစ်ခဲ့တာမျိုးမဟုတ်ရပါဘူး. . .

အခုတော့ 'လေး'အဖြစ်က ပျောက်ကွယ်သွားတဲ့ကိုကို့ချစ်ခြင်းတွေကို လေထဲမှာ မရေရာဘဲ လိုက်ဖမ်းနေရသလိုဖြစ်နေပြီလေ။ အကြာကြီးခွဲသွားခဲ့တာ ကိုကိုပြတ်သားနိုင်လို့ပေါ့နော်။ 'လေး'နဲ့မဆက်သွယ်



www.burmeseclassic.com

www.burmeseclassic.com



ရတော့ဘူးဆိုတဲ့ဖေဖေ့အမိန့်ကိုကြားတာနဲ့ အိမ်ပြောင်းပြီး လုပ်ပါအဆက်အသွယ်မလုပ်တော့တာ အခုထိတိုင်ပါပဲ။

အသည်းမာတယ်ပေါ့၊ ဟုတ်ပါတယ်လေ၊ ကိုကို့လိုသိပ်တော်တဲ့၊ သိပ်ထူးချွန်တဲ့ဆရာဝန်ရဲ့အနီးမှာ 'လေး'ထက် ပိုချော၊ ပိုလှ၊ ပိုပြီး ထက်မြက်တဲ့ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေပြီမို့ ဖြူဖြူလေးဆိုတဲ့မိန်းကလေးကို အတိတ်မှာပဲ ထားခဲ့နိုင်တာပါပဲ။

ဪ့ ကိုကိုရယ်. . .



## အခန်း (၁၈)

လေယာဉ်ပေါ်မှငုံ့ကြည့်လိုက်စဉ် အစိမ်းရောင်မြင်ကွင်းတို့ကို အဖွေးသားမြင်လိုက်ရပါ၏။ စေတီအဆူဆူတို့က ရွှေရောင်တဝင်းဝင်း။ မြန်မာပြည်ဟူသည့်အသိက သူ့ရင်ကို လှုပ်ခတ်သွားစေလေသည်။

ကြာခဲ့ပြီပဲ၊ ဒီမြေကိုချန်ရစ်ပြီး သူထွက်သွားခဲ့တာ အခုဆို အတော်ကြာပြီလေ။ စိတ်နာတာမဟုတ်တဲ့ ရင်နာခြင်းတွေနဲ့ ဒီနေရာကို ကျောခိုင်းထားခဲ့ရတာပါပဲ။

လေယာဉ်က ကွင်းထဲမှာဆိုက်ပြီး သူ ဖြည်းဖြည်းဆင်းလာခဲ့၏။ ကြိုနေရာမှာ ကြိုလင့်နေသူတစ်ယောက်မှမရှိပါချေ။ ဘာထူးမည်လဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာရော လက်တွဲကြိုလင့်သူရယ်လို့ ရှိမှမရှိတာလေ။

အသားဖြူဖြူ၊ အရပ်ရှည်ရှည်နဲ့ ဆံပင်စင်းစင်းကောင်မလေး တွေမြင်တိုင်း 'ကလေး'လားဆိုပြီး မကြာခဏလှည့်လှည့်ကြည့်ခဲ့တာ ကြာပြီပဲ။ လူများစရာအကြောင်းမရှိပါဘဲ သူ့ရင်ဘတ်ထဲက ကောင်မ လေးကိုရှာနေမိတာ ဘာကြောင့်လဲ. . .

"လက်လျှော့လိုက်ပါတော့သားရယ်၊ ဒက်ဒီတို့ဘက်က ကိုယ့် သွေးသားရင်းချာတစ်ယောက်လုံး ဆုံးရှုံးသွားရတာပါ။ ကိုယ်က မတော် တဆလို့ဖြေတွေးပေမယ့် သူတို့က တော်စပ်မှုအမျိုးတော်တဲ့သူအတွက် ဒီလောက်ထိတင်းမာနေရတာယ်လို့။ သားရဲ့ရှေ့မှာ အနာဂတ်လမ်းကြီး က ဖြူးဖြူးကြီးမြင်နေရတာလေ၊ ရှေ့လျှောက် သားအနားမှာ မိန်းကလေး တွေ ဝိုင်းဝိုင်းလည်နေမှာပဲ၊ အဲဒီအထဲက သားစိတ်ကြိုက်ခေါင်းခေါက် ရွေးပါလှည့်။ လွမ်းစရာကို နာစရာနဲ့ဖြေပြီး မေ့ဖို့ကြိုးစားပါကွယ်"

အပြောက လွယ်သလောက် အလုပ်ကျ ခက်ခဲပါတယ်ဒက်ဒီ လမ်းခွဲချိန်က ဝမ်းနည်းပက်လက်ငိုချလိုက်ချင်စိတ်ကို မျိုသိပ်ထား တာလောက် ခံခက်တဲ့ဝေဒနာရယ်လို့ မရှိတော့ပါဘူး။ ကိုယ်က ကလေး မှမဟုတ်တာကိုး. . .

ယောက်ျားလေးမှာလည်း အသည်းနဲ့ပါ 'ကလေး'ရယ်။ ဝမ်း





နည်းရင်ငိုဖို့ မျက်ရည်တွေဆိုတာလည်း ရှိတာပါပဲ၊ ဒါကို 'ကလေး'ရော သိပါရဲ့လား၊ စိတ်နာသွားလောက်ပြီပေါ့နော်။

အနေဝေးသွားရင် သွေးအေးတာယ်လို့ ဆိုရိုးရှိခဲ့ပေမယ့် ကိုယ် က လက်ပြကျောခိုင်းခဲ့တဲ့သူပါ။ အသည်းမာတယ်လို့ ယူဆလိုက်မှာကို သိခဲ့ပါတယ်။ လွယ်လွယ်နဲ့ချစ်၊ လွယ်လွယ်နဲ့ဖြတ်ခဲ့ရတာမျိုးမဟုတ်ရ ပါဘူး. . .

နှလုံးသားနဲ့ရင်းပြီး ဖြတ်စကားပြောခဲ့ရတာပါ။ 'ကလေး'အပေါ် နာကျက်တဲ့စကားမျိုးမဖြစ်ရလေအောင် မနည်းကိုသတိထားခဲ့ရတာလေ။ ငယ်စဉ်တုန်းက သင်ခဲ့ဖူးတဲ့ ဆဒ္ဒန်ဆင်မင်းဇာတ်မှာလို အသွားစေခိုင်း သူ ကွေ့ရာဇ်၊ အစွယ်လိုသူ မိဖုရား၊ ကံကွက်ကြားမှဆိုးလိုနေရာမျိုးမှာ ကိုယ်က ကြားညပ်ခဲ့ရတာအမှန်ပါ။

ကိုယ်ကိုယ်တိုင် မလုပ်မိတဲ့ဖြစ်ရပ်ထဲမှာ ကိုယ့်နှလုံးသားကို အရှုံးခံလိုက်ရတာပါ။ 'ကလေး'လည်း ဘယ်လောက်ထိ အသည်းတွေ နှလုံးတွေ ကြေကျလုမတတ် ခံစားရမယ်ဆိုတာကို ကိုယ်ချင်းစာမိပါ တယ်။ ရင်နဲ့ရင်းပြီး ချစ်ခဲ့ကြတာမဟုတ်လား. . .

Taxi ကိုလှမ်းတားလိုက်ပြီး လိပ်စာညွှန်ပြလိုက်ပါ၏။ အခုရှိ နေရာမှာ ကလေးတို့နေနေပါသေးလား။ မမလဲ့နီလာရဲ့သတိရစိတ်တို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုးလာမှစိုးရှိမ်ပဲ အိမ်ပြောင်းသွားကြပြီလား။ မေးခွန်းတွေ တန်းစီထွက်လာပြီး အဖြေရယ်က သေချာမရှိတာလေ။

"ညီလေး, ရွှေတောင်ကြားလမ်းကိုပဲ မောင်းပေးပါ"

"ဗျာ!"

"အဲဒီကိုသွားပြီးမှ ကိုယ့်အိမ်ကိုဝင်တော့မယ်"

"ဟုတ်ကဲ့, ရပါတယ်အစ်ကို"

Taxi driver က သူထပ်ညွှန်လိုက်သည့်အရင်နေရာကို ဦး စွာမောင်းပို့ပေးပါ၏။ သူနေခဲ့သည့်ခြံကျယ်ကြီးက သစ်ပင်ပန်းပင်တို့ ဖြင့် စိမ်းစိုလှပနေလေသည်။ တစ်ဖက်ခြံကိုရောက်တော့ ခြံထဲမှာကလေး လေးတစ်ယောက် ဘောလုံးကန်ရင်း ဆော့နေတာမို့ စိုးထိတ်သွားရပ ၏။ ဘယ်သူ့ကလေးများပါလိမ့်။ 'ကလေး' များ အိမ်ထောင်ပြုသွား လားဟုအပူက ရင်ကိုလာဟပ်လေသည်။

သွားပြီ. . . သူတော့ ရှုံးတော့မှာပဲ။ ဒီလိုတွေးမိလိုက်ရုံလေး နဲ့တင် သူဒီလောကဖြစ်နေရင် 'ကလေး'သာ တကယ်အိမ်ထောင်ပြု သွားရင် ဘယ်လိုနေရပါ့မလဲ။

"သားလေးရေ့ ထမင်းစားကြမယ်"

အမေဖြစ်သူ ထွက်ခေါ်နေပြီမို့ လေးနှစ်အရွယ်ကလေးလေး





က အိမ်ဘက် အပြေးဝင်သွားလေသည်။ ဝဝဖိုင့်ဖိုင့်အမျိုးသမီးကိုလှမ်း မြင်လိုက်တော့မှ သူ သက်မကိုခပ်လေးလေးချလိုက်မိလေ၏။ တော်ပါ သေးရဲ့. . . ဒါ 'ကလေး'တို့ မရှိတော့တဲ့အိမ်ပဲကိုး. . .

"ညီလေး, ခုနပြောတဲ့နေရာကို ပို့ပေးလို့ရပါပြီ"

"ဟုတ်ကဲ့"

ကားက တစ်ဖက်အပေါက်မှပြန်ထွက်လာခဲ့သည်။ လမ်းတစ် လျှောက်မြင်ကွင်းတို့ကိုငေးရင်း လိုက်ပါခဲ့ရ၏။ တစ်ချိန်ကထက် အများ ကြီးပြောင်းလဲဆန်းကြယ်နေပြီပဲ။ ဒါဖြင့် 'ကလေး'ရဲ့စိတ်ကိုရော ပြောင်း လဲသွားပြီလား။ ငယ်သေးတဲ့အရွယ်မို့ နောက်ထပ်ချစ်သူအသစ်တစ် ယောက်များ ရှိနေပြီလား. . .

ဖြစ်နိုင်တာပေါ့။ အိမ်ထောင်မပြုသေးရင်တောင်မှ အချစ်သစ် နဲ့တော့ တွေ့နေရှိနေမှာပါလေ။ အချစ်ဆိုတာ ကုန်ခုံးပျောက်ကွယ်သွား တတ်တဲ့အရာမျိုးမှမဟုတ်တာ။ အမြဲတမ်း ဆန်းသစ်လှပနေတတ်တာ မို့ 'ကလေး'လည်း မွေ့ပျော်ရာရင်ခွင်တစ်ခုမှာ နွေးထွေးစွာခိုလှုံနိုင်မှာ ပါလေ။

ကိုယ်ကတော့ ရင်ခွင်ထဲ မှိတ်ယှဉ်ခဲ့ဖူးတဲ့မင်းကလွဲလို့ နောက် ထပ် ဘယ်လိုမိန်းကလေးမျိုးကိုမှ ထပ်ပြီးမချစ်ခဲ့မိပါဘူး။ ရင်ထဲရှိသမျှ



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းတွေအားလုံး မချွင်းမချန်နဲ့ မင်းအပေါ်မှာ မြတ်မြတ်နိုးနိုး ခဲ့မိတာပါလေ။

'ကလေး'ရယ်၊ မျှော်လင့်နေတဲ့ရင်ခွင်ကျယ်ကြီးထဲ ဘယ်အ မင်းပြန်လည်ခိုလှုံမလဲဆိုတဲ့ မျှော်လင့်ချက်ရက်ရှည်တွေနဲ့ အသက်ဆ ရှင်သန်နေတဲ့သူပါ။ ရက်စက်ခဲ့မိတဲ့အဖြစ်တွေကို အမှတ်မထားဘဲ လွှ လွှယ်ဖျောက်ဖျက်ပစ်ပေးပါ။ ထားရစ်ခဲ့မိတဲ့ကာရှည်တွေမှာ အလွ တွေ အသချေနဲ့ ကိုယ့်အပေါ်ချစ်စိတ်တွေ တစစနဲ့ တသသတိုးပွား ပါစေ။ မက်မက်မောမော မက်နေတတ်တဲ့အိပ်မက်တိုင်းမှာလည်း ချ ခြင်းဖွဲ့သံစဉ်တို့နဲ့ ကိုယ့်ပုံရိပ်တို့ အမြဲလွှမ်းခြုံထားနိုင်ပါစေလားကွယ်

မိုးတွေ ဖွဲဖွဲလေးရွာချလိုက်စဉ် သူ့အလွမ်းတို့က ပို၍ထိခို လာစေလေသည်။ ဒီလိုမိုးဖွဲဖွဲလေးအောက်မှာ 'ကလေး'ရဲ့ဖဲထီးသေး လေးနဲ့ နှစ်ယောက်အတူဆောင်းခဲ့ကြတာလေ။ မှတ်မိသေးပါရဲ့လာ ကွယ်. . .

"ကိုကို့လက်မောင်းကိုဆွဲပြီး လမ်းလျှောက်ရတိုင်း 'လေး' မှာ အားတွေအလိုလိုပြည့်သွားသလိုမျိုး ခံစားရတယ်၊ သိလား"

မချွဲတတ်ပါဘဲ ခပ်လေးလေးနဲ့ပြောချင်ပါဦးမလားကွယ်။ စကား ပြောတိုင်း 'လေး'ကဆိုပြီး ခပ်မှန်မှန်ပြောလေ့ရှိတာလေးကို အမြဲသ





နေလျှက်ပါ။ ကိုယ်နဲ့စကားပြောတိုင်း နှုတ်ခမ်းစူပြီး နှာခေါင်းရှုံ့ပြတတ် တာလေးကို စပြီးစွဲလန်းခဲ့မိတာအမှန်ပါလေ။

အဲဒီလိုအမူအရာလေးတွေနဲ့ ခုချိန်မှာ ဘယ်ကောင်လေးကို များ လုပ်ပြနေဦးမလဲ။ ကိုယ်ထားခဲ့ပြီဆိုမှတော့ ဘယ်သူနဲ့ပဲ 'ကလေး' ဆက်တွဲဖြစ်ဖြစ် ပူဖို့မလိုအပ်မှန်းသိသိကြီးနဲ့ ဘာဖြစ်လို့ အခုလိုဖြစ်နေ ရတာပါလိမ့်။

မနာလိုဘူးကွယ်၊ 'ကလေး'ကို ဘယ်သူစိမ်းယောက်ျားလေး မှ စက္ကန့်ပိုင်းလောက်ကြည့်တာကိုတောင် မခံနိုင်ခဲ့တာ၊ အခုနေများ 'ကလေး'ရဲ့လက်ကို သူစိမ်းတစ်ယောက် ဆုပ်ကိုင်ထားတာကို မြင်မိရင် ကိုယ်တစ်ခုခုလုပ်မိမှာထင်ပါရဲ့။

လွမ်းတယ်ဆိုတာ ကိုယ် အာကုံဆောင်ထားမိတဲ့စကားလုံးလေး တစ်ခုပါပဲ။ 'ကလေး'နဲ့မမြင်မတွေ့ရတဲ့ရက်တွေမှာ စက္ကန့်နဲ့အမျှလွမ်းနေ မိတဲ့ကိုယ်ရယ်ပါ။ အခုဆို ကိုယ့်အသက် သုံးဆယ်နားနီးနေပြီ 'ကလေး' ရယ်၊ ဒက်ဒီက ကိုယ့်ကိုအိမ်ထောင်ပြုသင့်ပြီလို့ပြောနေပြီ baby...ကိုယ် ဘာပြန်ပြောရမလဲ၊ စိတ်တွေလေလွင့်ချင်နေတာကို အလုပ်ထဲမှာပဲ စိတ် နှစ်ပြီး ထိန်းနိုင်ခဲ့တာအမှန်ပါ။

အချစ်ဆိုတာ ကုန်ဆုံးပျောက်ကွယ်သွားတယ်ရယ်လို့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တုန်းက ရှိခဲ့ဖူးလို့လဲ။ 'ကလေး' ပေါ် ချစ်ခင်စုံမက်ခဲ့တဲ့စိတ်စေတသိတ်က ဦးတည်ရာတစ်ခုတည်းပါလေ။ ဒီတစ်ယောက်တည်းကိုပဲ စွဲစွဲမြဲမြဲချစ်ခဲ့တာ၊ ဒီတစ်ယောက်တည်းကိုပဲ ရာသက်ပန်လက်တွဲသွားဖို့ဆုံးဖြတ်ထားလို့ပါ။

ဝေးခဲ့ပြီဆိုတဲ့အသိက သူ့ရင်ကိုနှစ်ခြမ်းကွဲခဲ့ရတာပါ။ နောက်ဆုံးကျောခိုင်းခဲ့ရသည့်နေ့ကို သူလုံးဝမမေ့နိုင်ခဲ့။ 'ကလေး' ရဲ့ရှိုက်သံက သူ့နှလုံးသားတစ်ခုလုံးကို စိစိညက်ညက်ကြေမွသွားရသလို အခံရခက်စေခဲ့တာလေ။ ဘယ်တော့မှမဖြစ်နိုင်တော့တဲ့အခြေအနေမှာ ဒီစကားကိုပြောဖို့ သူအတော်အားယူခဲ့ရတာမဟုတ်လား. . .

ယောက်ျားတန်မဲ့ ကိုယ်လည်းမျက်ရည်ကျခဲ့ရတာအမှန်ပါ။ အသည်းမခိုင်ဘူးလို့အပြစ်တင်ချင်ရင်လည်း တင်ကြပါစေတော့လေ။ နောက်ဆုံးအကြည့်၊ နောက်ဆုံးအသိ၊ နောက်ဆုံးသောအချစ်နဲ့ 'ကလေး' အပေါ်မှာ ချစ်မြတ်နိုးခဲ့တာအသေအချာပါပဲ။

'ကလေး' မဟုတ်တဲ့ ဘယ်သူစိမ်းမိန်းကလေးတွေကိုမှ ကိုယ်ရင်မခုန်ခဲ့မိတာအမှန်ပါ။ မင်းကလွဲလို့ ဘယ်သူ့ကိုမှမချစ်ခဲ့မိဘူးလေ။ လက်ကျန်အချစ်တွေ တစ်စက်မှမကြွင်းကျန်ရလေအောင် ရှိရှိသမျှ အချစ်တွေအားလုံးနဲ့ စုပုံပြီးချစ်ခဲ့တာကို 'ကလေး' သိခဲ့ပါတယ်လေ။





Taxi driver က မိုးစိမ့်စိမ့်နှင့်မို့ အိပ်ငိုက်နေသည်ထင့်။ ဓာတ်ဆက်ကို ဖွင့်လိုက်လေ၏။ ငြိမ့်ငြိမ့်ပြောင်းပြောင်းသံစဉ်တို့က ကားထဲမှာလွင့်ပျံ့ထွက်လာပါသည်။

"အတိတ်တွေက မှုန်ဝါးပေမယ့် ငါတို့နှစ်ဦးဖြတ်လမ်းမှာ ထပ်ချို့နေရာက အကောင်းတိုင်းရှိနေဆဲပါပဲ× × × × ဟိုတစ်ကွက် ဒီတစ်ကွက် ပိတ်သားထက် အရင်လိုကြည့်ကောင်းပေမယ့် မြင်ရတယ်× × × ×

အဓိပ္ပာယ်မရှိတာ သိပေမယ့် တစ်ခါတစ်လေ တိုက်ဆိုင်မှုတွေ ရှိလာတော့လည်း၊ အမှတ်တမဲ့ မင်းကိုလွမ်းဝါတယ်× × × × အပေါ်ယံ ရုပ်ထိသောဒဏ်ရာမဟုတ်တော့ လွယ်ကူစွာနဲ့ ငါမေ့မရဘူး ကွယ်× × × × တွေ့ရင် မှတ်မိဦးမယ်ထင်ပါတယ်× × × နှစ်တွေလတွေက အတော်ကြာပြီပဲ× × × ×

ဘယ်ဆီထို မင်းရောက်နေမလဲ× × × ×
ဘာတွေထို မင်းလုပ်နေမလဲ× × × ×
ဘယ်သူနဲ့ မင်းရှိနေမယ်× × × ×
တွေးမိပါတယ်× × × × ပြန်လွမ်းမောရင်းနဲ့× × × ×
ပြန်စဉ်းစားရင်နဲ့ သတိရပါတယ်× × × ×
ဘာတွေကို မင်းလုပ်နေမလဲ× × × ×
ဘယ်သူနဲ့ မင်းရှိနေမလဲ× × × ×
တွေးမိပါတယ်× × × × ပြန်လွမ်းမောရင်းနဲ့× × × ×



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားရင်းနဲ့ ငါသတိရပါတယ်× × × ×

အစိမ့်ဗွာယ်မရှိတာ သီလည်းပဲ တစ်ခါတစ်လေ တိုက်ဆိုင်မှုတွေ ရှိလာတော့လည်း အမှတ်တမဲ့ မင်းကိုလွမ်းပါတယ်× × × × အပေါ်ယံရှုပ်ထိသောဒဏ်ရာမဟုတ်တော့ လွယ်လွယ် ငါမေ့မရဘူးကွယ်× × × ×

ဘယ်ဆီကို မင်းရောက်နေမလဲ× × × ×

ဘာတွေကို မင်းလုပ်နေမလဲ× × × ×

ဘယ်သူနဲ့ မင်းရှိနေမယ်× × × ×

တွေးမိပါတယ်× × × × ပြန်လွမ်းမောရင်းနဲ့× × × × ပြန်စဉ်းစားရင်းနဲ့ သတိရပါတယ်× × × ×

ဘာတွေကို မင်းလုပ်နေမလဲ× × × ×

ဘယ်သူနဲ့ မင်းရှိနေမယ်× × × ×

တွေးမိပါတယ်× × × × ပြန်လွမ်းမောရင်းနဲ့× × × × ပြန်စဉ်းစားရင်းနဲ့ တစ်ခါတလေ ငါသတိရပါတယ်× × × ×

တွေ့ရင်မှတ်မိဦးမယ် ထင်ပါတယ်× × × ×

နှစ်လတွေက အတော်ကြာပြီပဲ× × × ×

ဘယ်ဆီကို မင်းရောက်နေမလဲ× × × ×

ဘာတွေကို မင်းလုပ်နေမလဲ× × × ×

ဘယ်သူနဲ့ မင်းရှိနေမယ်× × × ×

တွေးမိပါတယ်× × × × ပြန်လွမ်းမောရင်းနဲ့× × × × ပြန်စဉ်းစားရင်းနဲ့ သတိရပါတယ်× × × ×





ဘာတွေကို မင်းလုပ်နေမလဲ× × × ×

ဘယ်သူနဲ့ မင်းရှိနေမယ်× × × ×

တွေးမိပါတယ်× × × × ပြန်လွမ်းမောရင်းနဲ့× × × × ပြန်စဉ်းစားရင်းနဲ့ ငါသတိရပါတယ်× × × ×

ဟိုး× × × × သတိရနေတယ်× × × ×

သံစဉ်စာသားဆို့က ရင်ဝကိုလာစိုက်လေ၏။ သူခံစားချက်တို့ကို ဖော်ပြလိုက်လေသလား‥ မှန်လိုက်တာနော်၊ ဒီတေးရေးဆရာရဲ့စိတ်နဲ့ သူ့စိတ်က တစ်သားတည်းလိုဖြစ်နေသလို တူညီနေရတာကို။

'ကလေးရယ်'၊ ဘယ်ဆီမှာရှိနေပြီး ဘယ်သူနဲ့တွဲနေမလဲဆိုတာကို စိုးထိတ်မှုတွေနဲ့ ကိုယ်မျှော်လင့်နေတာပါ။

ဒါတွေကို မင်းသိရင်ဖြင့်‥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

ဘယ်လို! ဒက်ဒီဘယ်လိုပြောလိုက်တယ်''

''ဟုတ်တယ်၊ သားကိုစေ့စပ်ပေးဖို့ အချိန်သင့်ပြီမို့ အခုလို ခေါ်လိုက်ရတာပဲ''

''ကျွတ်! မဟုတ်သေးပါဘူး ဒက်ဒီရာ''

သူ စုတ်သပ်ငြီးငြူတော့ ဒက်ဒီက စာကြည့်မျက်မှန်ကိုချွတ်၍ စားပွဲပေါ်သို့တင်လိုက်လေ၏။ Dinner စားပြီးသည်နှင့် ပြောစရာရှိတယ်ဆိုပြီး စာကြည့်ခန်းထဲခေါ်ပြီးပြောတဲ့စကားက ဒီစကားတဲ့လား။

ကိုကိုဆုံးပြီး ခြောက်လအကြာမှာ မာမီကွယ်လွန်ခဲ့တဲ့နော



www.burmeseclassic.com

www.burmeseclassic.com



သူ နိုင်ငံခြားမှာပဲ အလုပ်တွေပိနေတာလေ။ ဒက်ဒီ့ကျန်းမာရေးကို စိတ်ပူမိပေမယ့် ဒက်ဒီက Exercise အမြဲလုပ်တတ်သူမို့ သိပ်မစိုးရိမ်ရပါ။

ညစဉ် တစ်ရက်ခြားနှစ်ရက်ခြား Phone ဆက်ပြီး စကားပြောကြတုန်းကတော့ 'သား. . .ဒက်ဒီနဲ့လာနေသင့်ပြီ' ဆိုပြီးပြောကာ 'ဒေါ်ရာကျက်လောက်ပြီမဟုတ်လား' ဆိုပြီး ခေါ်လိုက်တာပါ။

အခုတော့ သူ့ရင်ထဲက ဒဏ်ရာက အစိမ်းသက်သက်ကြီးဖြစ်နေဆဲ။ ဒီကြားထဲမှ ဒက်ဒီက သူ့ကို မိန်းကလေးတစ်ယောက်နဲ့စေ့စပ်ပေးဖို့ပြင်ဆင်နေသတဲ့လေ။ သူ့ကိုလွယ်လွယ်နဲ့မေ့တတ်တဲ့လူ မေ့ပျောက်လွယ်တဲ့လူလို့များ ထင်နေလေသလား. .

"သားအသက်က မကြာခင် သုံးဆယ်ပြည့်တော့မှာ ကြည့်လင့်ဒက်ဒီ့ဘဝမှာ သားနဲ့ဒက်ဒီပဲ ကျန်ရစ်ခဲ့တဲ့နောက် အထီးကျန်တဲ့နေ့ရက်တွေကို ဒက်ဒီရင်မဆိုင်ချင်တော့ဘူး။ သားရဲ့ဘဝကို အတည်တကျအနည်ထိုင်သင့်ပြီလို့ ဒက်ဒီယူဆထားတယ်. . . ဒက်ဒီပြောတာကို နားထောင်ပေးပါ သားရာ"

သက်ပြင်းကို တရှည်တလျားချလိုက်မိပါ၏။ မှန်သင့်သလောက်တော့ မှန်ပါတယ်ဒက်ဒီ။ ဒါပေမဲ့ ခက်နေတာက ကျွန်တော့်နှလုံးသားက 'ကလေး' ကလွဲပြီး ဘယ်မိန်းကလေးကိုမှ လက်မခံနိုင်တာကို ဒက်ဒီ





သိလေရော့သလား။ အစွဲအလမ်းကြီးတတ်တဲ့သူ့ကို နားလည်ပေးလှည့်ပါလား ဒက်ဒီ။

"ကျွန်တော့်အကြောင်းကို ဒက်ဒီအသိဆုံးပါ။ ကျွန်တော့်ရဲ့ 'ကလေး' တစ်ယောက်ကလွဲပြီး ဘယ်မိန်းကလေးကိုမှ လက်သင့်မခံချင်ဘူး ဒက်ဒီ"

"သားရေ. . သူတို့ဘက်က ဒီလောက်ခါးခါးသီးသီးဖြစ်ခဲ့တာကို ဘာလို့ခေါင်းဆက်မာချင်ရတာလဲ။ ငါ့သားလို အထွေထွေခွဲစိတ်ကုဆရာဝန်တစ်ယောက်ကို လိုချင်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေပါရက်နဲ့"

"မဆိုင်ပါဘူး ဒက်ဒီ၊ အချစ်မှာ အဲဒီအရာတွေက အသေးအမွှားပါ။ အချစ်ကို အချစ်နဲ့ပဲဖြည့်ဆည်းနိုင်တာ၊ လဲလှယ်နိုင်တာပါ။ ကျွန်တော်ချစ်တဲ့ 'ကလေး' ကလွဲပြီး ဘယ်သူ့ကိုမှ နောက်ထပ်ချစ်လို့မရဘူး ဒက်ဒီ"

"ငါ့သားကတော့ကွာ, ရထားတဲ့ဘွဲ့ထူးဂုဏ်ပုဒ်တွေနဲ့ မသက်ဆိုင်တဲ့စကားတွေပြောပြီး ကလေးဆန်လိုက်တာ"

"ကျွန်တော်ရိုင်းသွားရင် ခွင့်လွှတ်ပေးပါ ဒက်ဒီ။ ကျွန်တော့်အရွယ်က နှလုံးသားကို အလိုမလိုက်သင့်တဲ့အရွယ်မှန်း ကျွန်တော်သိပါတယ်။ ဒါပေမဲ့ ဘဝတစ်လျှောက် အတူလက်တွဲရမယ့်အဖော်မှန်သာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မြတ်နိုးတဲ့မိန်းကလေးဖြစ်သင့်တာကို ဒက်ဒီနားလည်ပေးစေချင်လို့ပါ။ လူငယ်တစ်ယောက်ရဲ့ရေရှေးကို လူကြီးတွေ လမ်းပြပေးနိုင်တာ မှန်ပေမယ့် အချစ်မရှိ မေတ္တာမပါတဲ့အိမ်ထောင်တစ်ခုဟာ မချမ်းမြေ့ မသာယာနိုင်ပါဘူး။ ဒါကို ဒက်ဒီလည်း သိမှာပါပဲ"

ဦးသက်နိုင်ထွေး သက်ပြင်းချလိုက်ရပြန်သည်။ နှစ်ယောက်တည်းမှ တစ်ယောက်တည်းသာကျန်ရစ်သည့်ဒီသားငယ်ကို မိမိ ဘယ်လိုမှလမ်းပြလို့မရတော့ဘူးလား.. သားရဲ့ချစ်သူလေးကို မိမိတို့မိသားစုအားလုံး ဝိုင်းချစ်ခဲ့ကြတာအမှန်ပါပဲ၊ သမီးလို၊ ချွေးမလေးလိုသဘောထား လက်ခံပေးခဲ့ကြတာပါ။

သို့သော် ကံကြမ္မာက ဒီကလေးနှစ်ယောက်ကို မဆုံစည်းနိုင်အောင် ဖန်တီးပေးခဲ့ပြီလေ။ ဘာအငြိုး ဘာရန်စမှမရှိဘဲ ရုတ်တရက်ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်တစ်ခုမှာ မိမိတို့ဘက်က သွေးသားရင်းခြာသြရသတစ်ယောက်လုံး ဆုံးရှုံးနစ်နာသွားခဲ့ရတာပါ။ အဲဒီအကျိုးဆက်နောက်ကွယ်မှာ သားစိတ်နဲ့တရောင်ရောင်ဖြစ်ပြီး ဆုံးပါးသွားခဲ့တဲ့ချစ်ဇနီး သူဇာနွယ်ရယ်လေ။

နားလည်မှုနဲ့ ခွင့်လွှတ်မပေးနိုင်ဘူးပေါ့။ ကလေးနှစ်ယောက်ရင်ကွဲနာကျပြီး လမ်းခွဲခဲ့ရတာမျက်မြင်မို့ ကိုယ်ချင်းစာပေးခဲ့ရတာပါပဲ။





ကိုသုခတို့ဘက်ကသာ နားလည်ခွင့်လွှတ်ပေးဖို့ တစ်ထစ်လောက် စိတ်လေးလျှော့ခဲ့ရင် ဒီမျှထိဖြစ်လာစရာမရှိတော့တာလေ။ အခုတော့ သားတော်မောင်က ခေါင်းမာတဲ့နေရာမှာ အဖေထက် ရှေ့ကပြေးနေတော့ဘာပဲကိုနိုင်။

"သားရယ်.. ဒက်ဒီပြောတဲ့ကလေးမလေးကို အရင်ပဲတွေ့ကြည့်ပါဦးလား"

"ဘာလုပ်ရမှာလဲ ဒက်ဒီ၊ ဘာမှဖြစ်လာမှာမဟုတ်တဲ့ကိစ္စကို ဆက်လုပ်လည်းအပိုပါပဲ။ ကျွန်တော်မတွေ့ချင်ဘူး"

"တွေ့ပဲတွေ့ကြည့်ပါသားရာ၊ သားသဘောမကျတော့လည်း နောက်တစ်ယောက်ပေါ့။ အဲဒီဆရာဝန်မလေးက ဆေးရုံအုပ်ကြီးဒေါက်တာနေမျိုးရဲ့ တစ်ဦးတည်းသောသမီးမို့ပါ။ လိမ္မာရေးခြားရှိပြီး အိမ်မှုကိစ္စနိုင်တဲ့မိန်းကလေးမျိုးက ဒီခေတ်မှာ အရှားသားလား"

'ဆရာဝန်တစ်ယောက်မို့ အိမ်မှုကိစ္စတွေကိုလုပ်ဖို့ အချိန်ရှိပါ့မလား' ဟု သူစောဒကမတက်ဝံ့တော့ပါလေ။ သူ့ရဲ့'ကလေး'ကိုယ်တိုင်လည်း ဆရာဝန်မဟုတ်လား။ ဒက်ဒီပြောနေတာတွေက မှတ်မှုရှိနေတာမို့ သူ့အတင်းဖွတ်ငြင်းနေဖို့မှ မသင့်တော့ဘဲ။

"ကောင်းပြီလေ, ဒက်ဒီတွေ့ဆိုရင်လည်း တွေ့လိုက်မယ်



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ့ကိုလက်ခံဖို့ကိစ္စကိုတော့ ကျွန်တော်ပဲ ဆုံးဖြတ်ပါရစေ''

''OK...ရပါတယ် သားရဲ့၊ ပြီးတော့ သားကိုလက်ကမ်းကြို လင့်နေတဲ့ အဲဒီ Globe မှာပဲ သူအလုပ်ဆင်းနေတာမို့ သားတို့ချင်း ရင်းနှီးပြီး အချိန်ယူလေ့လာနိုင်မှာပါ''

''ဒါဖြင့် ကျွန်တော်အိပ်တော့မယ် ဒက်ဒီ''

''ကောင်းပြီ သား''

သူ အိပ်ခန်းရှိရာသို့ ထလာခဲ့ပါ၏။ ကိုယ်တော့ မင်းမဟုတ် တဲ့မိန်းကလေးတစ်ယောက်နဲ့ လူတွေ့သွားဦးမယ် 'ကလေး' ရယ်။ ဒါ ကို မင်းသာသိရင် ဘာပြောဦးမှာလဲ။ 'ကိုကို့လက်ကို 'လေး'ပဲချိတ် မှာ၊ တခြားမိန်းကလေးတွေကို ပေးချိတ်ဖို့မလိုဘူး' ဆိုပြီး မျက်နှာစူပုပ် ပုပ်လေးနဲ့ ပြောဦးမလား..

ဘဝဆိုတာ တစ်ယောက်တည်းလျှောက်ရတဲ့လမ်းမဟုတ်တာ မို့ ကိုယ့်ဘေးမှာ တစ်စုံတစ်ယောက်က ယှဉ်ပြီးပါနေမှာလေ။ အဲဒီတစ် ယောက်ဟာ မင်းပဲဖြစ်သင့်တာမဟုတ်လား။ လိုက်ချင်ပုံမလား 'ကလေး' ရယ်၊ ရည်မှန်းချက်မပြည့်သေးတဲ့အရွယ်မို့ လက်ကမ်းခေါ်ချင်တဲ့လက် တွေကို ကိုယ်ရုပ်သိမ်းထားခဲ့ရတာပါ။

ခုချိန်မှာ 'ကလေး'လည်း ဖြစ်ချင်တဲ့နေရာမှာ ရှိနေလောက်





ပြီမို့ ကိုယ်လက်ကမ်းခေါ်ရင် ငြင်းချင်မှာလား.. တွေဝေနေဦးမှာလား 'ကလေး' ရယ်။

တစ်ခုခုတော့ အဖြေက ရမှာပါ။ ငယ်တော့တဲ့အရွယ်မှမဟုတ် ဘာမို့ တိကျတဲ့ဆုံးဖြတ်ချက်ကိုတော့ မင်းချပေးနိုင်မယ်လို့ ယူဆပါတယ် 'ကလေး' ရယ်။ တကယ်ဆို ကိုယ်တို့နှစ်ယောက်ကြားမှာ တစ်ခုပဲလိုတာ ပါ။ အဲဒါကတော့..

Phone ထဲမှကြည်ကြည်နူးနူးရယ်နေသည့်သဇင့်အသံကြောင့် သူမ ပြုံးလိုက်မိပါ၏။ အချစ်နဲ့တွေ့ရင် လူတွေရဲ့စိတ်က အလိုလိုပြုံး ပျော်ကြည်နူးနေတာမဟုတ်လား.. သဇင်လည်း သူ့လူကို မေတ္တာစစ် နဲ့ချစ်နေပြီမို့ ရယ်နေနိုင်တာပေါ့လေ။

''နင် သိပ်အူမြူးနေပါလား''

''ဒါပေါ့ ဖြူရဲ့၊ နင်စဉ်းစားကြည့်ပေါ့။ ကိုယ်ချစ်တဲ့လူနဲ့ တစ် မိုးတည်းအောက် အလုပ်အတူလုပ်ရမှာလောက် ကြည်နူးစရာကောင်း တာ ဘာရှိဦးမလဲ၊ လူကြီးတွေကအစ သဘောတူထားတာမို့ ပေါ် က်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်မဟုတ်လား ဖြူ့. ဟင်"

'တစ်မိုးတည်းအတူ'တဲ့။ 'လေး'လည်း ကိုကိုကို အဲဒီလိုပြောခဲ့တာလေ။ 'လေး'ဖြစ်ချင်တဲ့ဆန္ဒတွေက 'လေး'အလှည့်မှာဖြစ်မလာဘဲ သဇင့်ကျမှ ရှိရတယ်လို့။ သူငယ်ချင်းအပေါ် မနာလိုမှုမဖြစ်တာမှန်ပေမယ့် စိတ်ထဲမှာ မကောင်းဖြစ်မိတာတော့အမှန်ပါလေ။

"ကံကောင်းတာပေါ့ သဇင်၊ သူငယ်ချင်းတွေအပေါ် အနစ်နာခံ၊ စေတနာကောင်းခဲ့တဲ့အကျိုးကျေးဇူးကို နင်ခံစားရတာပဲ။ နင်နဲ့ထပ်တူ 'လေး'လည်း ပျော်တာအမှန်ပါ"

သဇင့်ရယ်သံက သူမရင်ထဲကိုပါ ကူးစက်လာလေ၏။ ပျော်ပါစေ သဇင်၊ 'လေး'ကတော့ သဇင့်လို ဟက်ဟက်ပက်ပက်မရယ်မောခဲ့တာ အတော်ကြာခဲ့ပြီပဲ။ ငယ်တုန်းအရွယ်ကလည်း တည်တံ့စွာနေဖြစ်ခဲ့တာမို့ 'လေး'ရဲ့မျက်နှာဟာ လိုတာထက်ပိုပြီး တင်းနေမှာမှန်း သိနေတာပါလေ။ ဒါပေမဲ့ ဒီမျက်နှာကို အပြုံးတွေဝေဖြာလာအောင် ပြုလုပ်ပေးနိုင်တဲ့လူဆိုလို့ ဒီလောကကြီးမှာ တစ်ဦးတည်းပဲရှိတာပါ။

"ဟိုးထား . . သိပ်မပျော်နဲ့ဦး"

"ဘာဖြစ်လို့လဲ"

"Monday မှာ သူ့အလုပ်စဆင်းမှာလေ။ အဲဒီတော့ နင့်ကို





မိတ်ဆက်ပေးမှပျော်ပေါ့။ 'ကို'ဘယ်လောက်ချောလဲ၊ ခန့်လဲဆိုတာကို နင်သိအောင် ပြချင်လို့ပါ"

'ကို'တဲ့လား. အချစ်တွေပြည့်ဝနေတဲ့ခေါ်သံလေးပါပဲ၊ 'လေး'ရဲ့ 'ကိုကို'လို့ခေါ်သံနဲ့တော့ ကွာဟနေမှာပေါ့နော်၊ 'လေး'က မချွဲတတ်ဘူး။ လေသံက မာသေးတယ်၊ မျက်နှာကလည်း တင်းနေတာပါ။ ဒါကိုတောင်မှ 'လေး'ကို 'ကိုကို'သိပ်ချစ်ခဲ့တာ 'လေး'အသိဆုံးပါလေ။

မာယာတွေ မသုံးခဲ့ပါဘူး။ မာနတွေလည်း မရှိခဲ့တာအမှန်ပါ။ ပကတိဖြူစင်တဲ့မေတ္တာနဲ့ မြတ်မြတ်နိုးနိုးချစ်ခဲ့တာပါ။ စတွေ့တဲ့နေ့က 'လေး'ကို ချစ်စနိုးစနောက်ခဲ့တဲ့ ဆေးကျောင်းသားကြီးရဲ့မျက်နှာကို ပြန်စဉ်းစားမိတိုင်း ပြုံးခဲ့မိတာတကယ်ပါ။

'လေး'ဆီက အဖြေရခဲ့တုန်းက အပျော်တွေလွှမ်းခဲ့တဲ့ ဆရာဝန်လေးရဲ့ပုံရိပ်တွေက 'လေး'ရဲ့အာရုံမှာ စက္ကန့်မလပ် စိုးမိုးနေဆဲဆိုတာကို 'ကိုကို'သိပါရဲ့လား . .

"နင် သူနဲ့စကားပြောပြီးပြီပေါ့လေ"

"Phone ထဲမှာပဲ ပြောဖြစ်သေးတယ်။ မနက်ဖြန်ညနေမှာ Date ထားတယ်လေ။ အဲဒီတော့မှ ပြောချင်တာတွေအများကြီးပြောဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

"ဘာလဲ ဖြူ၊ နင်မနာလိုဖြစ်နေပြီလား"

"ဖြစ်စရာလား သဇင်ရဲ့"

"ဟုတ်ပါတယ်၊ နင့်ဘေးက ကောင်လေးက 'ကို'ထက် အပုံကြီးသာနေတာပဲဟာ"

ဘာဆိုင်လို့လဲ၊ ကိုယ်ပိုင်အရည်အချင်းမဟုတ်ဘဲ မိဘတွေရဲ့ Back ground နဲ့ နာမည်ကြီးနေတဲ့လူငယ်လေးကို ဘာအားကိုးနဲ့ 'လေး'လက်ခံရပါ့မလဲ၊ ရှိနေစေချင်တာက တစ်ယောက်၊ တကယ်ရှိနေတာက တစ်ယောက်လေ။

"နင်စဉ်းစားပြီးပြီလား"

"ဘာကိုလဲ"

"ကောင်လေး Propose လုပ်ထားတာကိုလေ"

"ခေါင်းထဲမရှိပါဘူး သဇင်ရယ်"

"ရင်ထဲတော့ ရှိတယ်မဟုတ်လား ဖြူရဲ့"

"မိန်းမ, နင့်လိုထင်မနေနဲ့"

"ဟင်းဟင်းဟင်း . . ပြောသာပြောတာ၊ ခွန်ချိုသာက နင့်အပေါ် အသေအလဲချစ်နေတာ အသိသာကြီးဟဲ့။ နင်သိပ်ကံကောင်း





တယ်,သိလား၊ နင့်ကိုလက်ဝါးပေါ်တင်ပြီး ဖူးဖူးမှုတ်မယ့်ယောကျ်ားမျိုးနဲ့ လက်ထပ်ရမှာလေ"

"ပြောတော့မယ်၊ ဘာယ့်နှယ် အသေအလဲချစ်ရမှာလဲ။ နားရှုပ်စရာတွေ"

"ဟုတ်တယ်လေ၊ နင်တို့နှစ်ယောက် Lift ထဲမှာ ဘာညာဘာညာဖြစ်နေတာကို ဒေါက်တာသက်ချိုဦး မြင်သွားပြီး ရုံးခန်းထဲမှာ ပြန်ပြောနေကြတာ သတင်းထူးပဲ၊ နင်တော့ Wedding မလုပ်ခင် နာမည်ထွက်နေပြီ ဖြူရဲ့။ Everying is OK...လေ"

"နင်ပဲ OK ပါ သဇင်ရယ်၊ 'လေး' ရှက်လိုက်တာ။ သူတို့ထင်သလိုမျိုးမဟုတ်ပါဘူး။ 'လေး'လက်မောင်းကို သူဆွဲလိုက်လို့ ယိုင်သွားတာကို မြင်သွားတာပါ"

"ဒါဖြင့် ဘာညာဘာညာမဖြစ်ဘူးပေါ့လေ"

"ဖြစ်စရာလား"

"အေးပေါ့၊ ဖြစ်ချင်းဖြစ် Roof လေဟာပြင်မှာ ဖြစ်မှာပေါ့နော် . . "

"သေဦးမယ်"

သူမ ကြိမ်းတော့ သဇင်က ရယ်နေလိုက်ပြန်လေသည်။ မိုကို



www.burmeseclassic.com

www.burmeseclassic.com



အတင်းပဲ မင်္ဂလာဆောင်စေချင်နေတယ်ပေါ့လေ။ နင်သာ အထူးကု ဆရာဝန်နဲ့အရင်ယူပါ သဇင်ရယ်..'လေး'ကိုချစ်တဲ့ကောင်လေးက ကျောင်းမှမပြီးသေးတာလေ။

"သိပ်အူမြူးမနေနဲ့၊ မျက်ရည်ကျနေဦးမယ်"

"အံမာ! ဇင့်ဘဝမှာ မျက်ရည်ဆိုတာကို အိပ်မက်ထဲတောင်မှ ကျဖူးတာမဟုတ်ဘူးဖြူရဲ့။ သိရဲ့လား"

"ဟုတ်ပါပြီ ကဲ. ဒါပဲမဟုတ်လား။ အိပ်ရေးလည်း ဝအောင် အိပ်ဦး။ တော်ကြာ နင့်ရဲ့ကိုရှေ့မှာ မျက်ကွင်းညိုလေးဖြစ်နေဦးမယ် အိပ်မက်တွေစွတ်မက်ပြီး အိပ်ရေးပျက်မခံနဲ့"

သဇင်က ခိုးခိုးခစ်ခစ်ရယ်မောနှုတ်ဆက်ရင်း Phone ပိတ် သွားလေ၏။ Phone ကို စားပွဲထက်တင်လိုက်ပြီး ခုတင်ထက် လှဲ လိုက်ပါသည်။ မျက်နှာကြက်ဖြူဖြူကိုငေးရင်း သက်ပြင်းရှိုက်လိုက်မိ

သဇင့်ဘဝမှာ မျက်ရည်ဆိုတာကို အိပ်မက်ထဲမှာတောင် မကျ ဖူးဘူးတဲ့၊ ဒါဆို 'လေး'ကရော..'လေး'လည်း ဘဝကို ယယ်စဉ်အခါ တွေကတည်းက ပျော်ရွှင်စွာဖြတ်သန်းခဲ့ရတာပါ။

ကိုကိုနဲ့တွေ့တဲ့အချိန်ထိ 'လေး'မျက်နှာပေါ်မှာ အပြုံးတွေ သာ ပွင့်လန်းခဲ့တာပါပဲ။ နောက်မှ..နောက်ပိုင်းမှ 'လေး'ရဲ့မျက်ရည်





ဘာကျိုးချိန်တွေ ဖြစ်လာခဲ့ရတာလေ။

အဲဒါ ကိုကိုကြောင့်မဟုတ်သလို 'လေး'ကြောင့်လည်းမဟုတ် ရပါဘူး။ 'လေး'တို့ကာယကံရှင်နှစ်ယောက်ရဲ့ပယောဂ မပါပါဘဲ နှစ်ဦး လုံး ဝေးကွာခဲ့ရတာအမှန်ပါလေ။

'လေး'တို့ကြားမှာ ဘာအမုန်းတွေမှမရှိသလို ဘယ်လိုအငြိုး တရားမှမရှိကြပါဘဲ ဝေးခဲ့ကြရတာပါ။ ခုနေချိန်မှာ ကိုကိုသာ 'လေး' ကို 'ကိုကိုကို ချစ်သေးရဲ့လား'လို့မေးလာခဲ့ရင် ခေါင်းကိုဆတ်ခနဲညိတ် ပြလိုက်မိမှာအမှန်ပါပဲ။

'လေး'တို့နှစ်ယောက်ဆီမှာ တစ်ခုပဲရှိတာလေ။ အဲဒါကတော့ အချစ်ဆိုတဲ့အရာပါပဲ။

ပြော်, ကိုကိုရယ်..



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"စာမေးပွဲပြေရခါနီးပြီ"

စကားက ရိုးရိုးလေးပေမယ့် မျက်နှာမှာ ပီတိပြုံးပေါ်နေတာက အဓိပ္ပာယ်ရှိလွန်းနေတာလေ။ စာမေးပွဲပြီးတာနဲ့ Engage လုပ်ပေးတော့မယ်လို့ သတင်းဆိုတာနဲ့အတူတူပဲမဟုတ်လား။

မေမေက သူပြောနေတာကို သဘောကျလျက် ပြုံးနေလေ၏။ လူကြီးတွေနဲ့ရောတတ်တဲ့နေရာမှာတော့ သူက ချန်ပီယံပါပဲ။

Sport Shirt မီးခိုးရောင်ကို Style Pents ခဲရောင်နှင့်တွဲဝတ်လာတာမို့ ဒီနေ့မှပိုနုနေသည့်နှယ်။ ပျိုမြစ်သည့်မျက်နှာမှအပြုံးက



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်လူ၏ရင်ကို အေးငြိမ်းစေသည်လေ။

သဇင်ပြောတာ မှန်နေပြီလား။ 'လေး'ကို 'လက်ပေါ်တင်ပြီး ဖူးဖူးမှုတ်အလိုလိုက်မယ့်ကောင်လေး'တဲ့လေ။ ဟုတ်မဟုတ်မသိပေမယ့် 'လေး'ကိုဗိုလ်ကျနိုင်ဆိုးဆိုးမှာက သေချာသလောက်ပါပဲ။ တစ်ခါတစ်ခါ ဂျိကျဂျစ်တိုက်တတ်သည့်ဉာဉ်လေးက ထွက်လာတတ်တာမဟုတ်လား။

"'လေး' သွားပါဦးမယ် မေမေ"

"အေးအေး သမီး"

"သွားလိုက်ပါဦးမယ် အန်တီသင်း"

"ကောင်းပါပြီ သားရယ်"

ကားတံခါးဖွင့်ပေးနေစဉ် 'လေး'နားကိုကပ်၍ လေသံဖြင့်တိုးတိုးပြောလိုက်လေ၏။ ရုတ်တရက်မို့ လန့်သွားရပါသည်။

"မမ ဒီနေ့အရမ်းလှနေတယ်"

မပြုံးချင်ပေမယ့် ပြုံးဖြစ်သွားရပါ၏။ သူ့အမှန်အတိုင်းပြောတာပဲဖြစ်မှာပါဟု ဖြေတွေးတွေးလိုက်မိသည်။ ဒီနေ့ 'လေး'အကြိုက် အဖြူရောင်တွေသာ ဝတ်ခဲ့တာပါလေ။

အဖြူရောင် Blouse ပွပွလေးကို အဖြူခံမှာ အနက်ပွင့်လေးတွေ ကျဲထားသည့်အပျော့သားလုံချည်နှင့် တွဲဝတ်ခဲ့တာမို့ ဒီနေ့ ပေါ့ပါး





သလို ခံစားနေရတာအမှန်ပါပဲ။ ဆံပင်တွေကိုတော့ သိုးမွေးကွင်းအဖြူလေးနှင့် ခပ်မြင့်မြင့်လေးစည်းထားပြီး ဖိနပ်ကိုတော့ တစ်လက်မဒေါက်ပါသည့် ကြက်ခြေခတ်ပုံ သဲကြိုးကွင်းထိုးဖိနပ်လေးကို လိုက်ဖက်စွာဆင်မြန်းလာတာကို..

"မနာလိုဘူးကွာ"

"ဟင်! ဘာဖြစ်လို့လဲ"

"မမသိပ်လှနေရင် ဆေးရုံကဆရာဝန်တွေအားလုံး မမကို ငေးကြတော့မှာဗျ"

"ဟယ်, သားချိုကလည်း အားလုံးက မောင်နှမတွေလိုပဲ နေ့စဉ်ပြောဆိုဆက်ဆံနေကြတဲ့ဟာ။ အဲဒီလိုမျိုး မမွေးရဘူးလေ"

"မရဘူးဗျ။ ကျွန်တော်က မမကိုချစ်နေရတဲ့လူကိုး။ မမကို ဘခြားယောကျ်ားတွေ မျက်လုံးနဲ့စေ့စေ့ကြည့်တာကိုတောင်မှ ကျွန်တော် မခံနိုင်ဘူး"

သူ့မခေါင်းခါရင်း ရယ်လိုက်မိပါ၏။ မလွယ်ပါလားနော်။ တော်ကြာ စေ့စပ်ပွဲပြီးတာနဲ့ 'လေး'ကိုစိတ်မချလို့ဆိုပြီး အလုပ်ထွက်ခိုင်းရင်တော့ ပြီးပါလေရော။ ခွန်ချိုသာကိုတော့ လျှော့တွက်လို့မရပါလေ။ သံနှစ်ဆိုတဲ့အတိုင်းအတာဟာ 'လေး'နဲ့သူ့ကို ပြေလည်အောင်ညှိနိုင်မရ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့ပြဿနာတွေ ဖြစ်လာနိုင်တာမဟုတ်လား။

"မရယ်ပါနဲ့ မမရဲ့၊ ဒီမှာချစ်ရလွန်းလို့ ရင်တွေပူနေပြီ"

"မင်းက မဟုတ်တာတွေကို လိုက်ပူနေတာကိုး သားချိုရဲ့"

"မဟုတ်တာတွေမှမဟုတ်ဘဲ မမရဲ့။ အချစ်ဆိုတာ ဝန်တိုခြင်းတဲ့။ တကယ်ချစ်တဲ့လူမှန်သမျှ ကိုယ်ချစ်တဲ့လူအပေါ်မှာ ဝန်တိုစိတ်တွေ အနည်းနဲ့အများရှိကြတာပဲ"

အလို! အချစ်ဆိုတာ ဝန်တိုခြင်းတဲ့လား။ ဟုတ်တာပေါ့။ မှန်လိုက်တာ.. သူမ First Year တက်တုန်းက ကိုကိုတို့အဆောင်ကို ရောက်တုန်း မြင်ခဲ့ရတဲ့မြင်ကွင်းကို ဒီနေ့ထိမေ့မရသေးတာလေ။ အဲဒီ မမ လက်ချိတ်လိုက်တာကို ပြုံးပြုံးကြီးငုံ့ကြည့်နေတဲ့ကိုကို့မျက်ဝန်းတွေကိုမြင်နိုက် ရင်ထဲမှာ မီးတောင်ကြီးပေါက်ကွဲသလို ပူပြင်းသွားလိုက်တာ မပြောပါနဲ့တော့။ တကယ့်ကလေးစိတ်နဲ့သာဆိုရင် အဲဒီချိတ်ထားတဲ့လက်ကို သွားဆွဲဖြုတ်လိုက်ပြီး အဲဒီမမကို စိတ်ရှိလက်ရှိရိုက်ပြလိုက်မှာလေ။

ကျောင်းမှာဆိုတဲ့အသိ၊ အုပ်စုလိုက်ကြီးရှိနေတဲ့သူငယ်ချင်းတွေအလယ်မှာ ထင်းထင်းကြီးတောက်ပနေတဲ့ကိုကို့ကို လေးစားတဲ့စိတ်တစ်ခုနဲ့ 'လေး'ရဲ့စိတ်ကို ချိုးနှိမ်ခဲ့တာလေ။ အူတွေတိုလိုက်မိတာ မပြော





ပါနဲ့။ စကားနာတွေထိုးပြီး ရန်တွေ့ချင်စိတ်တွေ တိုးထွက်လာသမျှကို မျိုချပစ်ခဲ့ရတာလေ။

မျက်စောင်းထိုးပြီး ခြေဆောင့်စိတ်ကောက်ပြမိတော့ ကိုကို ဟားတိုက်ရယ်ခဲ့တာကိုလည်း မမေ့။ ကလေးတစ်ယောက်ရဲ့အပြုအမူလိုသဘောထားခဲ့လေသလားဆိုပြီး ပြန်တွေးမိတိုင်း ရှက်ခဲ့မိတာအမှန်ပါ။ ကလေးဆိုပြီး လှောင်တာလား။ ကလေးတစ်ယောက်ရဲ့ခံစားချက်ကို ကိုကိုအသိအမှတ်မပြုခဲ့တာလားဆိုပြီး ညကျတော့ ငိုခဲ့မိတာလေ။

အခုလည်း 'လေး'သာ ရယ်ချလိုက်မိရင် ဒီကောင်လေး ဒေါပွမှာအသေအချာပါလေ။ မှန်ပါတယ် ခွန်ချိုသာ၊ ဒါပေမဲ့ တို့ရဲ့ဝန်တိုခြင်းတွေက မင်းအပေါ်မှာရှိမနေဘဲ မင်းမဟုတ်တဲ့ တခြားလူတစ်ယောက်ဆီမှာသာ ရှိနေခဲ့တာပါလေ။

"မမကတော့ မောင့်အပေါ် နည်းနည်းမှအူမတိုသလိုပဲ"

"တိုစရာလား သားချိုရဲ့၊ တို့ကွယ်ရာမှာ မင်း, မိန်းကလေးဘယ်နှယောက်နဲ့ပဲတွဲတွဲ တို့ကလိုက်ကြည့်နေနိုင်တာမဟုတ်ဘူး"

"ဪ, ဒါဖြင့် မောင်က မမရဲ့ရှေ့ကိုထည့်လဲတွဲပြပြီး ခေါ်လာပြမှ အူတိုပြမယ်ပေါ့လေ။ ဒီလိုလား"

"ဒါတော့ မင်းသဘောလေ၊ အူတိုတာမတိုတာတော့မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုတော့ အထင်သေးမိမှာအမှန်ပဲ၊ ယောကျ်ားဆိုတာ သစ္စာရှိရတယ် ဆိုခဲ့စေမြဲစေနဲ့ ကိုယ့်စကားကို တာဝန်ယူနိုင်ရတယ်တဲ့"

"ဟင်းဟင်းဟင်း.. မမကို ဘယ်သူသင်ပေးထားလို့လဲ၊ ပြောပါဦး"

သူမခေါင်းခါပြလိုက်ပါ၏။ တစ်မျက်နှာပဲတွဲလားကိုကို 'လေး' ရဲ့တစ်မျက်နှာကိုသာကြည့်ပြီး ချစ်ခဲ့တာဆို။ အတွေးတွေထဲမှာရော၊ အိပ်မက်ထဲမှာပါ 'လေး'တစ်ယောက်တည်းပဲ ရှိတာပါတဲ့၊ မျက်စိမှိတ်ထားရင်တောင်မှ 'လေး'ရဲ့မျက်နှာလေးက အလိုလိုပေါ်လာတတ်တယ်လို့ ပြောခဲ့တာတွေကို အခုချိန်ထိ အမှတ်ရနေဆဲပါကွယ်။

"ဟင်, မောင်ပြောတာဖြေဦးလေ မမရဲ့"

"ဟင်, ဘာလဲ"

"ဟာ.. မမစိတ်တွေ ဘယ်လွင့်နေတာလဲ၊ ဒီလောက်ကပ်နေတာတောင်မှ မောင်ပြောတာကိုမကြားဘူးတဲ့လား"

"Sorry...လူနာတွေအကြောင်း စဉ်းစားမိသွားလို့ မကြားလိုက်မိတာပါ"

"သေချာလား"

"ဘာကိုလဲ"





"လူနာတွေအကြောင်း စဉ်းစားတယ်ဆိုတာပေါ့"

ညာလိုက်တာပါ။ မင်း ဝန်တိုစိတ်နဲ့ ထပ်ပြီးမှုလောင်မှာကို မလိုလားလို့ပါ။ ခွင့်လွှတ်ပါ ခွန်ချိုသာ၊ မရည်ရွယ်ပါဘဲ လိမ်ညာလိုက်မိလိုက်တာပါလေ။

"ဆရာဝန်ပါဆိုမှ.. လူနာတွေအကြောင်း၊ ဆေးအကြောင်း မစဉ်းစားဘဲ ဘာကိုစဉ်းစားရမှာလဲ"

"မောင့်အကြောင်း စဉ်းစားပေါ့ဗျ"

မျက်စောင်းလှည့်ထိုးလိုက်တော့ သူက ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး သူမလက်ဖမိုးကို အသာဆုပ်ကိုင်လိုက်လေ၏။ လက်ကို ရုတ်လိုက်သော်လည်း ရုန်းချိန်မရလိုက်ပေ။

"ဘာလုပ်တာလဲ"

"ဒီလက်ကလေးမှာ မောင့်လက်စွပ်လေး ဘယ်တော့ဝတ်မလဲ လို့ကြည့်တာပါ။ ကပ်စေးနဲလိုက်တာကွာ"

"နောက်မှပေါ့"

"တကယ်လား"

နှုတ်ဆိတ်သွားရပါ၏။ တကယ်ဝတ်မယ့်နေ့က ဘယ်နေ့လဲ မသေချာတာမို့ ဘာမှမပြောဖြစ်တော့ဘဲ ငြိမ်နေလိုက်ရတာပင်



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် မမ၊ ဒီလောက်လေးပြောရုံနဲ့ မောင်ကျေနပ်ပါတယ်. . Thanks..."

လက်ဖမိုးကို ရွတ်ခနဲ သူနမ်းလိုက်စဉ် သူမမျက်နှာလေး ရဲသွားရပါ၏။ ပိုင်စိုးပိုင်နင်းလုပ်တယ်လို့ထင်လိုက်ပေမယ့် ရန်မလုပ်ဖြစ်ပါချေ။ သူမှာ ဤမျှတော့ အခွင့်ရှိတယ်လို့ပဲ ယူဆထားမှာပေါ့။ 'လေး' က သူ တစ်နေ့လက်ထပ်ရမယ့်လူလို့ အမိန့်ကျထားရတဲ့သူဖြစ်နေလို့ပါပဲ။

ဆေးရုံကား Garage မှာ ကားကိုဝင်ရပ်လိုက်ပြီး ကားပေါ်မှဆင်းလိုက်စဉ် Hand Phone မှအသံမြည်လာလေ၏။

"ဘယ်သူဆက်တာလဲ"

"သဇင်"

"အပေါ်ရောက်ရင် တွေ့ရမယ့်ဟာကို"

"ဟယ်လို၊ သဇင်. ပြော"

"ဖြူ. ရောက်ပြီလား"

"အင်း"

"ဒါဆို အပေါ်ဆုံးကိုသာ တက်လာခဲ့နော်"

"ဘာလုပ်လို့မလဲ"





"သူနဲ့မိတ်ဆက်ပေးဖို့လေ၊ ရောက်နေပြီ"

"ဟုတ်လား၊ အင်းအင်း"

"ဘာတဲ့လဲ"

"နှစ်ဆယ်ထပ်ကိုလာခဲ့ဖို့မှာတာ၊ လူတစ်ယောက်နဲ့မိတ်ဆက်ပေးမလို့တဲ့"

"ဘယ်ကလူလဲ၊ ဘယ်သူလဲ"

"တွေ့မှသိမှာပေါ့ သားချိုရယ်၊ ဟိုက သူနဲ့စေ့စပ်တော့မယ့်လူကို ကြွားချင်နေပြီဆိုနေမှပဲ"

"ဒါဆို မောင်ပါလိုက်မယ်"

စိတ်ပူသွားရာမှ နည်းနည်းအေးသွားတဲ့ပုံဖြင့် သူမဘေးမှယှဉ်၍ သူလိုက်လာလေ၏။ Lift ထဲဝင်ကာ အထပ်နှစ်ဆယ်ကိုတက်ခဲ့ပါ၏။ Lift တံခါးဖွင့်သည်နှင့် အပြုံးမျက်နှာဖြင့် ကြိုလင့်နေသည့်သဇင့်ကို အဆင်သင့်တွေ့လိုက်ရလေသည်။

"လာ"

လက်ကိုဆွဲခေါ်နေတာမို့ သဇင်မည်မျှစိတ်လောနေတာမှန်း သိသာစေလေသည်။ အောက်မှမြင်ကွင်းတို့ကိုငေးနေသည့် ကျောပေးထားသည့်လူနား လျှောက်လာစဉ် သူမရင်ထဲ ထိတ်ခနဲဖြစ်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ! ဘာများဖြစ်လို့ပါလဲ..

"ကို့ ဒါ သဖင့်အချစ်ဆုံးသူငယ်ချင်းပေါ့။ နာမည်က ဖြူဖြူ လေးတဲ့"

"ဟင်! "

လှည့်ကြည့်လာသည့်လူ၏မျက်နှာကို မြင်လိုက်ရစဉ် သူမ အသက်ရှူရပ်သွားရပါ၏။ ရင်ထဲမှာ ဒိန်း!ခနဲမြည်ပြီးလျှက် တစ်ကိုယ် လုံး အေးစက်တောင့်တင်းသွားရလေသည်။

"ဘုရား! ဘုရား! သဖင်နဲ့သဘောတူထားတဲ့လူဟာ 'လေး'ရဲ့ နှလုံးသား 'လေး'ရဲ့ကိုကိုဖြစ်နေတာလေ။

"ဒါက ဖြူနဲ့ Engage လုပ်တော့မယ့် ခွန်ချိုသာလေ။ ဖြူ ဒါ ဖင့်ရဲ့ကိုလေ၊ ဒေါက်တာကြည်လင်ထူးတဲ့။ အတွေ့တွေ့ခွဲစိတ်အထူး ကုအနေနဲ့ ဒီမှာတာဝန်ကျတယ်ဆိုတာလေ"

အံ့ဩမဆိတ်နေရာမှ သူက လက်ကမ်းပေးလာလေ၏။ မျက် ဝန်းအဝိုင်းသားဖြင့် ငေးနေမိသည့်'လေး'ကို မျက်တောင်ပင်မခတ် ကြည့်နေသည့်အကြည့်တို့ကြောင့် ဝန်းကျင်ကိုမေ့လျော့သွားသည့်နယ်

သဖင်က 'လေး'လက်ကိုယူ၍ သူ့လက်ထဲသို့ထည့်ပေးလိုက် လေသည်။





"တွေ့ရတာ ဝမ်းသာပါတယ်"

စိမ်းသက်သည့်စကားကြောင့် ရင်ထဲမှာ လှိုက်ခနဲဝမ်းနည်း သွားရလေသည်။ ခုတော့လည်း သူစိမ်းတွေပေါ့နော်။ ဘေးနားမှာ ဆိုင် သူကိုယ်စီနဲ့ ခုလိုပြန်ဆုံရလိမ့်မယ်လို့ 'လေး'ထင်မထားမိခဲ့တာအမှန်ပါ လေ။

အံ့ဩနေသည့်မျက်နှာထက်မှာ နွမ်းလျှသည့်အပြုံးတစ်ခုကို မနည်းအားတင်းလျှက် ပြုံးရလေ၏။ နှစ်ရှည်လများ ကွဲကွာနေရာမှ ပြန်လည်တွေ့ဆုံခန်းက ဤမျှအထိ ရက်စက်ခြင်းတွေနဲ့ ပြည့်နှက်နေရ တယ်လို့ကွယ်။

"ဟုတ်ကဲ့"

လေသံက တိုးသဲ့သဲ့မျှသာ။ မျက်နှာမှာ သွေးဆုတ်လာသလို ဖြူဖျော့လာတာကို မြင်လိုက်ရပါ၏။ အို! လက်ကလေးတွေက အေး စက်လွန်းလှချည်လား။ ဆုပ်ကိုင်ထားသည့်လက်တို့ကိုမဖြုတ်ဘဲ နေနေ မိစဉ် တစ်စုံတစ်ယောက်က ဆတ်ခနဲဆွဲဖြုတ်လိုက်လေ၏။

"ကျွန်တော် ခွန်ချိုသာပါ"

"ဩော်. ဟုတ်ကဲ့"

"ဆေးရုံမှာ လိုအပ်တာရှိရင်.. ပြောနိုင်ပါတယ် ဒေါက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကိုခွင့်ပြုပါဦး။ လာ. မမ''

သူမလက်ကောက်ဝတ်ကို ပိုင်ပိုင်ကြီးဆွဲကိုင်၍ ထွက်သွားသည့် မြင်ကွင်းကို ငေးကြည့်ကျန်ရစ်ခဲ့ရလေ၏။ ကြည့်ပါဦး. သူ့နှလုံးသားကို ဆွဲထုတ်သွားသလိုနှယ် ခံစားလိုက်ရလေသည်။

ဘယ်လိုလဲ 'ကလေး'ရယ်၊ ကိုယ့်အပြင် မင်းမှာ နောက်လူ တစ်ယောက်တောင် ထပ်ရှိနေရတယ်လို့၊ ဒါ ကိုယ့်အပေါ် သစ္စာအပ်နှံ ထားတယ်လို့ ပြောနိုင်မှာတဲ့လား . .

ခြေက ယိုင်ခနဲဖြစ်သွားတာမို့ သူမပခုံးကို သူအသာထိန်းပေး လိုက်လေ၏။ မျက်နှာက ပြင်မရအောင် ပျက်နေရပြီမို့ သန့်စင်ခန်းထဲ ဝင်လိုက်တော့ သူပါ လိုက်ဝင်လာပါသည်။

''မမ.ရလား . . ဘာဖြစ်သွားလဲ''

ဘာမှပင်ပြန်မဖြေနိုင်ဘဲ ကြွေဘေစင်မှရေပိုက်ကိုဖွင့်ချလိုက် ပြီး မျက်နှာကိုသစ်လိုက်ပါ၏။ ငိုချချင်နေသည့်ဝမ်းနည်းမှုက ရင်ထဲမှာ တလိမ့်လိမ့်လှိုက်တက်လာလေသည်။

ဟင့်အင်း . . သူ့ရှေ့မှာ 'လေး'ငိုလိုက်လို့မဖြစ်ဘူးလေ။

''မမ''

''. . .''





''ဒီလောက်ထိ မျက်စိမျက်နှာပျက်စရာလား။ မနှင်းကိုတော့ အားနာသင့်တာပေါ့။ ဟိုတစ်ယောက်ကလည်း အားမနာတမ်း လက် ကိုင်ထားတာ လွှတ်ကိုမလွှတ်တော့ဘူး။ သိပ်ကြွေပျက်တာပဲ''

''ခွန်ချိုသာ''

''မပြောနဲ့နော်၊ ကျွန်တော်ဘာမှမကြားချင်ဘူး။ ပြီးခဲ့တာတွေ ပြီးပါစေ . . မမရဲ့အတိတ်ကို ကျွန်တော်မပိုင်တဲ့အတွက် ဝင်မစွက်ဖက် ချင်ဘူး။ ဒါပေမဲ့ ပစ္စုပ္ပန်အထိ ဆွဲခေါ်မလာချင်ပါနဲ့။ အဲဒါပဲပြောချင် တယ်''

သူမရှိုက်လိုက်မိပါ၏။ ရိပ်မိတယ်တဲ့လား။ သိနေတာပေါ့နော်။ 'လေး'တို့နှစ်ယောက်လုံး ကြွေကြေမှုထိပျက်ခဲ့ရတယ်လို့။ ရှက်စဖွယ် ပါပဲ။ သဖင့်ရှေ့မှာ နောက်ထပ်အမှားမရှိအောင် သူမအများကြီးဆင်ခြင် ဦးမှာပါလေ . .

''တို့ဘာလုပ်ရမလဲ''

''ဘာမှလုပ်ဖို့မလိုဘူး . . ဒီဆေးရုံဟာ မမတစ်နေ့ပိုင်ရမယ့် ဆေးရုံပဲ။ ဒီတော့ အလုပ်ကိုပဲအာရုံစိုက်ပြီး တခြားအရာတွေကို ခေါင်း ထဲက ထုတ်ပစ်လိုက်ပေါ့။ ဘာကိုမှ တွေးပြီး စိုးရိမ်ကြောင့်ကျမှုမဖြစ် စေနဲ့။ ဒီမှာ. မောင့်ကိုကြည့်ပါဦး''



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တို့ကို သုတ်ပေးလေ၏။ သူ့ကိုမော့ကြည့်လိုက်သည့် မျက်ဝန်းနက်လေးတွေကိုစိုက်ကြည့်ရင်း ရင်ထဲကအပူရှိန်က တစ်ကိုယ်လုံးအနှံ့သို့ ကူးစက်လာတာအမှန်ပါလော။

“မမကို မောင်ပိုင်တယ်၊ မမသာ မောင်အသက်ဆိုင်ဆုံးမိန်းကလေးပဲ၊ မောင့်ကိုပဲမြင်ပါ၊ မမအာရုံထဲ မောင်ကလွဲပြီး ဘယ်သူ့မရှိပါစေနဲ့”

စကားအဆုံးမှာ ရင်ခွင်ထဲ တင်းကျပ်စွာပွေ့ပိုက်ထားလိုက်မိ၏။ ရင်ထဲမှာ မီးတောက်နေတာကို မမသိပါလေစ။



## အခန်း (၂၁)

“ဒေါက်တာဖြူဖြူလေး၊ ဆရာက Operation ဝင်ဖို့ မှာလိုက်ပါတယ်ရှင့်”

Nurse မိုးမိုးအေးကို လှမ်းကြည့်လိုက်မိ၏။ ဒေါက်တာကြည်လင်ထူးရဲ့ ဦးဆုံး Theatre ဝင်မယ့်အကူဆရာဝန်က ‘လေး’ တဲ့လား။ အားလုံးမျက်နှာမှာ အံ့သြဟန်က အထင်းသား။

မေ့ဆေးဆရာဝန် ဒေါက်တာအံ့ထူးမော်က သူမကို မေးဆတ်ပြလိုက်လေ၏။

“သွားကြစို့ မဖြူရေ”



www.burmeseclassic.com

www.burmeseclassic.com



လေးပင်စွာ ထရပ်လိုက်စဉ် သဇင့်မျက်ဝန်းများက သူမထံ ဖျတ်ခနဲကျရောက်လာလေ၏။ လက်ခနဲဖြစ်သွားသည့်မျက်လုံးများက သံသယလေလား။ တစ်ခုခုပြောလိုက်တာကမှ တော်ပါဦးမည်။ အခုတော့ ဘာမှမပြောဘဲ ငြိမ်ငြိမ်းကြည့်နေတာက 'လေး' ကိုရင်မောစေလေ၏။

ခွဲစိတ်ခန်းဝင်ရန် ဆေးစိမ်ဝတ်စုံကို ဝတ်ဖို့ယူလိုက်စဉ် သူ နောက်မှာ လူတစ်ယောက် လာရပ်လိုက်လေသည်။ ဒေါက်တာအံ့ထူး မော်ကို မိုးမိုးအေးက ဝတ်စုံဝတ်တာကို ကူညီပေးနေပါ၏။

"ဝတ်စုံဝတ်တော့လေ"

ဆတ်ခနဲလှည့်ကြည့်လိုက်မိ၏။ Mark စည်းထားသည့်အထက် မှမျက်ဝန်းများက ကြည့်လှဲ့နေသည်။ ပြုံးလေနေမလား။ 'လေး'ကတော့ သူနှင့်အတူခွဲခန်းဝင်ရမှာကို တုန်လှုပ်နေမိတာလေ။ သူက 'လေး'လက် ထဲမှဝတ်စုံကို ဆတ်ခနဲယူ၍ ဝတ်ပေးလိုက်လေ၏။

ဘုရားရေ! ပြောင်းပြန်တွေဖြစ်ကုန်ပါရောလား. . နောက်ဘက် မှ ကျောသိုင်းကြိုးကို ချည်ပေးစဉ် ရင်ထဲမှာ ဒိတ်ခနဲမြည်သွားရလေ၏။

"အိပ်မက်တွေ ဖြစ်လာရဲ့လား"

အလို! ဘာ့ကိုဆိုလိုတာပါလဲ။ ခွဲစိတ်ခန်းထဲမရောက်မီ ရွှေ





စေးပြန်နေတာတော့ မဟုတ်တော့ဘူးထင်ပါရဲ့။

သူ့အသံက ခပ်တိုးတိုးထပ်ထွက်လာပြန်လေသည်။

"ကိုယ်နဲ့အတူ ခွဲခန်းဝင်ရပြီလေ"

"ဒေါက်တာ"

"ကိုကိုလို့မခေါ်ချင်တော့ဘူးပေါ့၊ ဟုတ်လား"

"'လေး'က. ."

"ကိုယ့်ချစ်သူလေ"

"ဟင့်အင်း၊ ဒေါက်တာ့မှာ သဇင်ရှိနေပြီလေ"

"ကိုယ်က ဒက်ဒီစီစဉ်ပေးတာကို ခေါင်းညိတ်နာခံမယ့်လူလို့ 'ကလေး'ထင်နေသလား"

'ကလေး'တဲ့။ ရင်ထဲမှာ လှပ်ခနဲဖြစ်သွားရလေ၏။ မဖြစ်ဘူး။ အချစ်ဆုံးသူငယ်ချင်းကို 'လေး'သစ္စာမဖောက်ပါရစေနဲ့။

အနှစ်နှစ်အလလက မျှော်လင့်တောင့်တခဲ့သည့်ခေါ်သံကြောင့် ဝမ်းသာမှုထက် ဝမ်းနည်းမှုက ပိုလွှမ်းနေတာလေ။

"သွားကြစို့"

သတိပေး၍ ခေါ်နေပြီမို့ လိုက်ပါလာခဲ့ရ၏။

ကိုကို. . 'လေး'ကို မပြုစားချင်ပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကြာရင် 'လေး'မှာ နလုံးရောဂါဖြစ်လာနိုင်လို့ပါလေ။

"ဘယ်လိုဖြစ်လာတာလဲ"

"ဒက်ဒီ"

ရုံးခန်းထဲဝင်လာပြီး ဘယ်ကစပြောရမည်မသိ။ ရင်ထဲမှာတအုံနွေးနွေးခံစားချက်က နည်းနည်းမှမလျော့ပါးလေခဲ့။ ဘယ်လိုများလုပ်လိုက်တာလဲ'ကို' ရယ်။ ဇင်တစ်ယောက်လုံးရှိနေပါလျက် ဖြူ့ကိုရွေးခေါ်ရတယ်လို့။

မိတ်ဆက်ပေးစဉ်ကတည်းက စိတ်ထဲထင့်စေခဲ့ရတာလေ။ အင်မတန်မှချောမောလှပလွန်းသည့်ဖြူ့ရှေ့မှာ 'ကို'ချော်လဲခဲ့လေသလား။ ဖြူ့ဘေးမှာ သက်ဆိုင်သူရှိနေပါလျက်နှင့် မိနစ်ပိုင်းမျှအငိုက်မိသွားရတယ်လို့။ အခုလည်း ဖြူ့ကိုမှ Operation ခန်းဝင်ဖို့ ရွေးရသလား။

"Duty Rostar ကို ဘယ်သူရေးသလဲ ဒက်ဒီ"

"ဘာဖြစ်လို့လဲ သမီး"

" 'ကို့' Time table ကို သိချင်လို့ပါ"





"ဒေါက်တာကြည်လင်အတွက် ဘာစာရင်းမှမရှိသေးဘူးသမီးလိုအပ်တဲ့ Operation ကို သင့်သလိုဝင်တာပဲ"

"အဲဒါ ဖြူ့ကိုမှ ကူဖို့ရွေးခေါ်ရသလား"

"ဘာဖြစ်လဲသမီးရယ်၊ အသစ်တွေကို တစ်ယောက်ချင်းအတွေ့အကြုံရှိအောင် သူတွဲခေါ်မှာပေါ့။ အဖြူလေးကိုခေါ်တာ ဘာများဆန်းလို့လဲ"

"ဒါပေမဲ့ သဇင်တစ်ယောက်လုံးရှိနေတာလေ ဒက်ဒီရဲ့။ ဇင့်ကိုခေါ်ရင် ဘာဖြစ်မှာမို့လို့လဲ"

ဒေါက်တာနေမျိုး သက်ပြင်းရှိုက်လိုက်မိပါ၏။ ဒီက ဆရာဝန် List ကိုတောင်းကြည့်ပြီး ငိုင်ကျသွားသည့်ဒေါက်တာကြည်လင်၏အမှုအရာကို မိမိတွေ့လိုက်ရသည်ပဲ။

ဒေါက်တာဖြူဖြူလေးဟူသည့်နေရာလေးကို လက်ညှိုးဖြင့်အသာလေးပွတ်သပ်ရင်း စိတ်တွေလွင့်ပါးသွားသလို ရပ်နေသည်မှာအကြာကြီးပင်မဟုတ်ပါလား. . .

သမီးရဲ့သူငယ်ချင်းလေးနှင့် ဤဆရာဝန်တို့ကြားက ဆက်နွယ်မှုကို ရိပ်မိနေပြီလေ။ ကိုသက်နိုင်နှင့်လူကြီးချင်း ဘယ်လိုပဲညှိကြစေဦးတော့ လူငယ်တွေ သဘောထားမပါဘဲနဲ့ မိမိတို့ဖြစ်ချင်တာကိုစဉ်



www.burmeseclassic.com

www.burmeseclassic.com



လို့မှမရနိုင်တာပဲ။ ခေတ်ပုံ စမြင်ကတည်းက ဤလူငယ်အပေါ်မှာ သမီး စိတ်ဝင်တစားရှိသွားတာကို သိခဲ့ရတာ။ လူချင်းတွေ့ခဲ့ကြတဲ့နေ့မှာ မှန်တင်ခုံပေါ်မှာ အချိန်ယူပြီး အလှပြင်သွားတာလည်း အကြာကြီးမဟုတ်ပါလား. . .

တစ်ယောက်အကြောင်း တစ်ယောက်သိရလေအောင် သာမန်တွေ့ဆုံမှုလေးဖြစ်ပါလျက်နှင့် သမီးအတော်လေးပျော်ရွှင်နေခဲ့တာအမှန်ပါပဲ။ အခုတော့ ဘယ်လိုများလုပ်ရပါ့မလဲ။ ဒီလူငယ်လေးရဲ့စိတ်စေရာက အဖြူလေးဆီသို့သာ တည့်တည့်ကြီးဦးတည်နေတာလေ။

“သမီးရယ်. တစ်ယောက်ကို တစ်လှည့်စီ သူတွဲခေါ်မှာပေါ့”

“ဒါဆိုလည်း ဇင်က ပထမဦးဆုံးဖြစ်သင့်တာပေါ့ ဒက်ဒီ။ ခုတော့. . .”

“ဒါ. ပုဂ္ဂလိကဆေးရုံဆိုတာ သိရဲ့လား နှင်းသဇင်၊ သမီးရဲ့ Personal ခံစားချက်ကို ဘေးဖယ်ထားစမ်း။ အလုပ်နဲ့ အဲဒါကိုမရောပါစေနဲ့။ ဒက်ဒီအလုပ်လုပ်နေတယ်သမီး၊ အနှောင့်အယှက်မပေးချင်ပါနဲ့။ သွားတော့. . .”

ခြေဆောင့်၍ ထွက်လာခဲ့ပါ၏။ ရင်ထဲမှပူလောင်မှုမျိုး တစ်ကြိမ်မှမဖြစ်ဖူးလေခဲ့။ ဖြူ အဘယ်မျှချောသလဲဆိုတာကို အားလုံးသိနေ





ကြတာပါပဲ။ သူမမိတ်ဆက်ပေးစဉ်က ဖြူနဲ့သက်ဆိုင်သူကို တွဲဖက်မိတ်ဆက်ပေးခဲ့ပါလျက် ‘ကို’ မမြင်ဘူးတဲ့လား။ ဇင်တစ်ယောက်လုံး ရှိနေတာကိုတောင် ဖြူကလွှဲပြီး အလေးမထားချင်ဘူးပေါ့လေ။

Operation ပြီးပြီမို့ သန့်စင်ခန်းထဲသို့ဝင်ခဲ့ပါ၏။ လက်အိတ်ကိုချွတ်၍ လက်ကိုစင်ကြယ်စွာဆေးနေစဉ် နောက်တစ်ယောက်ဝင်လာသံကို ကြားလိုက်ရလေသည်။ ဘေးဘေးစင်မှပိုက်ကို ရေဖွင့်ချ၍ သူပြုံးပြလေသည်။ ဒုက္ခပဲ. . . ဒီလိုသာ အတူမကြာခဏတွဲတွေ့နေရင် သဇင်ရိပ်မိတော့မှာလေ။

“စိတ်ထဲကျေနပ်ရဲ့လား”

“. . .”

“ကလေး အခု ဘယ်မှာနေတာလဲ။ Phone ရော. လဲထားလိုက်ပြီလား”

လက်သုတ်ပဝါကိုဆွဲယူလိုက်စဉ် မှန်ထဲမှတစ်ဆင့် အပေါက်ဝမှာ လာရပ်လိုက်သည့်သဇင့်ကို မြင်လိုက်ရလေသည်။ ဘုရား! ဘုရား! သဇင့်မျက်လုံးတွေက အရင်လိုကြည်မနေဘဲ အုံ့မှိုင်းနေပြီး စူးရှနေတာလေ။ ‘လေး’ကို ဒီလိုကြီးကြည့်တတ်နေပြီလား. . .

“ဖြူ. ငါစကားပြောစရာရှိတယ်”



www.burmeseclassic.com

www.burmeseclassic.com



"လာခဲ့မယ်သဇင်၊ ခဏလေး"

ဝတ်စုံကိုရော၊ ခေါင်းဆောင်းကိုပါချွတ်၍ လှည့်ထွက်လိုက်ပါ၏။ နောက်မှသတိရသွားပြီး သူ့ကိုဦးညွှတ်နှုတ်ဆက်လိုက်ရလေသည်။ သူက မျက်မှောင်ကြုတ်၍ လှည့်ကြည့်လိုက်လေ၏။

"ကိုယ်ပြောလို့မပြီးသေးဘူး နှင်းသဇင်။ ဘာလို့ ကိုယ့်တွဲဖက်ကို ဒီထိလိုက်ခေါ်ရသလဲ"

ခြေလှမ်းတွေ တုန့်ခနဲရပ်သွားရပါ၏။ သူ့ကိုကျောခိုင်းထားပေမယ့် သဇင့်နှင့်က မျက်နှာချင်းဆိုင်ဖြစ်နေပြီလေ။ သဇင့်မျက်နှာထက်မှာ အရိပ်တစ်ခုဖြတ်ပြေးသွားပါ၏။ အလို! ဘာတွေဆက်ဖြစ်တော့မှာပါလိမ့်။

"ကို့, သဇင်. . ."

"အခုပဲ ကိုယ့်ရဲ့ First operation ပြီးတာပါ နှင်းသဇင်။ Patient ရဲ့ Remarks တွေ၊ case တွေအားလုံး သေချာရေးဦးမှာ၊ သူမကူလို့ ဘယ်ဖြစ်မလဲ၊ မင်းနားလည်တယ်မဟုတ်လား"

"အဲဒါဆို အစကတည်းက ဇင့်ကိုကူဖို့ခေါ်ပါလား"

"ကျွတ်! မင်းဘယ်လိုပြောလိုက်တာလဲ နှင်းသဇင်။ ဒီဆေးရုံမှာ ဆရာဝန်ဆိုလို့ မင်းတစ်ယောက်ပဲရှိတယ်ထင်နေလား။ ကိုယ့်အလုပ်





ချိန်မှာ စိတ်အနှောက်အယှက်မဖြစ်ချင်ဘူး နှင်းသဇင်။ ကိုယ် ဒါပဲပြောမယ်။ ကိုယ်သွားနှင့်ပြီ 'ကလေး'၊ ကိုယ့်ရုံးခန်းကိုလိုက်ခဲ့ပါ"

ဘုရားရေ! 'ကလေး'တဲ့။ ဘာလို့များ သဇင့်ရှေ့မှာ ခေါ်လိုက်ရတာလဲ။ ခပ်တိုးတိုးကပ်ပြောသွားတာမို့ သဇင်မကြားလောက်ဘူးထင်ပါရဲ့လေ။

"သဇင်, ညနေကျ သဇင့်ကို 'လေး' အချိန်ပေးပါ့မယ်။ အခုတော့ အလုပ်တွေရှုပ်နေလို့"

သဇင်က မျက်နှာတည်ဖြင့် 'လေး' ကိုစိုက်ကြည့်ကာ ထွက်သွားလေသည်။ အလိုလေး. . . ပြဿနာတွေတော့ ဖြစ်ကုန်တော့မှာပဲ။ ကိုကိုရယ်, ဘာလို့များ ဒီလိုဖြစ်အောင် လုပ်ရတာတဲ့လဲ. . .

သူ့ရုံးခန်းထဲရောက်တော့ သူက စားပွဲပေါ်တင်ထားသည့် File ထဲမှာ ဖြည့်သင့်တာတွေကို ဖြည့်နေချေပြီ။ အခန်းဝမှာ ခြေစုံရပ်၍ ငေးကြည့်နေမိလေ၏။

အရင်လိုပါပဲ. . . ဘာမှသိပ်ပြောင်းလဲမသွားပါဘူး။ ဟိုတစ်ချိန်ကလို တည်ကြည်ခန့်ငြားနေတုန်းပါ။ မျက်နှာထက်မှာ အပြုံးယဲ့ယဲ့ ခိုတွဲနေပုံကအစ ဘာမှမကွာခြားသွားပါဘူး။ ဆံနွယ်တိုတွေကို ပိုင်း ရပ်စေအောင် ခပ်တိုတိုညှပ်လိုက်တာကို မြင်သာနေသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတည်းပါ. . . သူဟာ 'လေး'ရဲ့ကိုကိုမဟုတ်တော့ဘူးဆို တာလေ. . .

"ဒီလိုပဲ ရပ်နေတော့မှာလား"

"ဟင်"

သတိဝင်သွားရပါ၏။ တစ်လှမ်းချင်းလှမ်းဝင်ခဲ့စဉ် သူက စာ ရေးနေတာကိုရပ်၍ စားပွဲထက်မှာ လက်နှစ်ဖက်ဆုပ်ထောင်ကာ မော့ ကြည့်လိုက်လေသည်။

"ခွန်ချိုသာနဲ့ရင်းနှီးတာ ကြာပြီလား"

"ရှင်! "

"ကလေးရဲ့သဘောနဲ့ကလေး ရွေးချယ်လိုက်တာလား။ ဒါမှ မဟုတ် အန်တီတို့လူကြီးတွေ စိတ်ကြိုက်ရွေးပေးတာလား"

"အဲဒါက. . ."

"မြင်ရုံနဲ့ ကိုယ်သိပါတယ်၊ ကလေးဘက်က သူ့ကိုစိတ်ဝင်စား ပုံမရဘူးဆိုတာကိုပေါ့"

"မဟုတ်ဘူး"

"ဘာကိုမဟုတ်တာလဲ"

"ဒေါက်တာထင်နေသလိုမျိုး မဟုတ်ဘူးလို့ပြောတာပါ။ 'လေး'





ကိုယ်တိုင် နှစ်သက်လို့"

သူက ဟက်ခနဲရယ်ချလိုက်လေ၏။

မယုံဘူးလား. . . 'လေး'ပြောတာကို ကျေးဇူးပြုပြီး နားထောင် ပေးပါဦး ကိုကိုရယ်. . .

"ညာတတ်နေပြီပေါ့လေ"

"ဒေါက်တာ, ကျေးဇူးပြုပြီး 'လေး' ပြောတာကိုနားထောင် ပေးပါဦး။ သဇင့်ရှေ့မှာ"

"ကိုယ်က နှင်းသဇင်ကိုရှိန်နေမယ့်လူလို့ မင်းထင်နေသလား မြမြလေးရဲ့။ ကြည်လင်ထူးကိုတုန်လှုပ်စေတဲ့မိန်းကလေးဆိုလို့ ဒီကမ္ဘာ ပေါ်မှာ တစ်ဦးတည်းပဲရှိတာပါ။ မင်းသိတယ်မဟုတ်လား"

ခက်လိုက်တာနော်၊ ဒီလောက်သတိပေးနေပါလျက်နဲ့ ရှေ့ကို ဆက်တိုးပြောနေရတယ်လို့။

"အရင်လိုမှမဟုတ်တော့တာဘဲ။ 'လေး'တို့မှာ သက်ဆိုင်သူ ကိုယ်စီရှိနေပြီလေ"

"အဲဒါ ကိုယ်ကဘာလုပ်ရမှာလဲ၊ အခြေအနေအရပ်ရပ်ကြောင့် 'ကလေး'ကိုငဲ့ပြီး ရှောင်ပေးလိုက်တာကို မေ့လိုက်တာလား။ အဲဒီခွန် ချိုသာကို ဘာကြည့်ပြီး မင်းလက်ခံခဲ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမ ထရပ်လိုက်ပါ၏။ အလုပ်ကိစ္စနဲ့ရောက်လာတဲ့လူကို ဒီ ကိစ္စတွေပြောနေတာ မဟုတ်သေးပါဘူး။ 'လေး'မှာ အလုပ်တွေရှိနေ သေးတယ်လေ။

"'လေး'သွားတော့မယ်"

"နေဦး"

လက်ကောက်ဝတ်ကို ဖျတ်ခနဲဆုပ်ကိုင်ထားလိုက်လေ၏။

အို! တစ်ယောက်ယောက်မြင်သွားရင်တော့ ဒုက္ခပါပဲ။

"ဒေါက်တာ"

"ကိုကိုလို့ တစ်ခါလောက်ခေါ်ပါဦးလား"

"ဟင့်အင်း"

"မခေါ်တတ်တော့ဘူးလား။ ခြောက်နှစ်ဆိုတဲ့အတိုင်းအတာ မှာ ခြောက်ကမ္ဘာလောက်ခြားခဲ့ရတဲ့လူကို 'ကလေး'တမင်မေ့လိုက်ပြီ ပေါ့လေ"

လက်ကိုအတင်းရုန်း၍ ထွက်လာခဲ့ပါ၏။ ရင်ထဲမှာ တလှပ် လှပ်ဖြစ်နေသည့်ခံစားချက်ကို ကျိတ်မှိတ်ခံရင်း ခြေလှမ်းတွေ ယိုင်နဲ့ လှမ်းခဲ့စဉ် Corridor မှာ ရပ်စောင့်နေသည့်နှင်းသဇင်နှင့် သွားဆုံ လေသည်။





အလိုလေး! 'လေး' သူ့ရုံးခန်းထဲမှာ ရှိနေတာကို သိသိကြီးနဲ့ ဒီမှာလာစောင့်နေတာ အကြောင်းရှိလို့ပေါ့လေ။

"ညနေထိ ငါမစောင့်နိုင်ဘူး ဖြူ။ အခုပဲ ပြောချင်လို့စောင့် နေတာပါ"

သက်ပြင်းကို ခိုးရှိုက်လိုက်မိ၏။ ပြဿနာဆိုတဲ့နေရာမှာ အခွင့်အရေးဆိုတာ ပေါ်လာတတ်တယ်ဆိုရင် 'လေး'ကို အဲဒီအခွင့်အရေး လေးတော့ ပေးလှည့်ပါ လောကကြီးရယ်. . .

"ကိုနဲ့နင်က ဘာလဲ, ဖြူ"

"ဘယ်လို"

အခန်းလွတ်တစ်ခုတည်း ဆွဲခေါ်လာခဲ့တာမို့ ဝန်းကျင်ကိုလှည့် ကြည့်လိုက်မိ၏။ ဒါ Metting Room ပါလား. . .

"ငါမေးနေတယ်လေ"

"သဇင်, ဒေါက်တာက. . ."

"ငါ့ကိုပွင့်ပွင့်လင်းလင်းပဲပြောပါ ဖြူ။ နင့်မှာ ခွန်ချိုသာတစ် ယောက်လုံးရှိနေပါလျက်နဲ့ အခုလိုလုပ်စရာလား။ 'ကို့'ကို ငါ့အတွက် ချန်ထားပေးပါ ဖြူရဲ့"

အသံက ဟိန်းထွက်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အမယ်လေး! တခြားသူတွေ ကြားကုန်ရင်တော့ အရှက်တွေ လုံးလုံးကြီးကွဲကုန်တော့မှာလေ။

"သဇင်၊ နင်အထင်လွဲနေတာပါ။ 'လေး'နဲ့ဒေါက်တာတို့ နီး သွားပါတယ်။ နင်ထင်သလိုမဟုတ်ပါဘူး"

"မဟုတ်ဘူး? ဘာလို့မဟုတ်ရမှာလဲ၊ နင့်ကိုကြည့်တဲ့သူ့အကြည့်တွေကို ငါရိပ်မိနေတာလေ။ နင်မရိုးသားဘူး။ အဲဒါအသေအချာပဲ"

"မဟုတ်ပါဘူး"

"မဟုတ်ရင် နင်တို့ဘာလို့တွတ်ထိုးနေရတာလဲဖြူရဲ့။ ဟိုနားတွေ ဒီနားတွေ တစ်ကြိမ်မကတော့ဘူး။ အခု ရုံးခန်းထဲခေါ်ပြီး ပြောတာတော့ လွန်နေပြီ"

"'လေး'တို့ ဆေးကုတဲ့ကိစ္စ. . ."

"မလိမ်နဲ့၊ Medical case တွေပြောတာ ငါနားမလည်ဘူး မထင်နဲ့။ နင်တို့မျက်နှာတွေကြည့်ရုံနဲ့ ငါသတိထားမိပြီးသား. . . နင်တို့ပြောနေတာ သာမန်ကိစ္စမဟုတ်နိုင်ဘူး"

အလို! သူငယ်ချင်းအပေါ် ဖြူစင်လှပါတယ်ဆိုတဲ့သဇင်တစ်ယောက် အပြောင်းလဲကြီး ပြောင်းလဲသွားတာပါလား။ မစ္ဆရိယဆိုတာ လူတွေမှာ ရှိကြတာမှန်ပေမယ့် အရင်းခေါက်ခေါက် သူငယ်ချင်းအပေါ်





မှာတော့ မဖြစ်သင့်ဘူးလေ။

"အထင်မလွဲပါနဲ့ သဇင်၊ 'လေး'ဘက်က မှားတာရှိရင် တောင်းပန်ပါတယ်"

"ဒါနောက်ဆုံးဖြစ်ပါစေ ဖြူ၊ နင့်ကို ငါသံသယမဝင်ချင်ဘူး။ နင့်အပေါ် ခွန်ချိုသာ ဘယ်လောက်ချစ်တယ်ဆိုတာ နင်သိနေတာပဲ။ သူ့မျက်ရည်ကျအောင် မလုပ်မိပါစေနဲ့။ ဝဋ်ဆိုတာ အမြဲလည်တတ်တယ် ဖြူ။ ဒါကို နင်သိထားပါ။ ငါသွားမယ်"

'လေး'အပေါ် ခွန်ချိုသာ ဘယ်လောက်ချစ်တယ်ဆိုတာ သိသားတဲ့။ ဒါဖြင့် ကိုကိုကရော 'လေး'အပေါ် အဘယ်မျှထိ ချစ်ခဲ့သလဲဆိုတာ 'လေး'ကိုယ်တိုင်သိနေတာပါလေ။

တံခါးကိုဆွဲဖွင့်လိုက်ပြီး ထွက်မသွားသေးဘဲ သဇင်က လှည့်ကြည့်လိုက်ပါ၏။ ပြောစရာကျန်သေးတယ်ထင်ပါရဲ့။

"နင်ခြေလှမ်းမမှားပါစေနဲ့ ဖြူ၊ နင့်ဘက်က Foul တာနဲ့ ခွန်ချိုသာကို ငါအသိပေးလိုက်တော့မှာ။ နင်တို့ Engage နီးနေပြီ မဟုတ်လား"

သူမကိုယ်လေး တောင့်ခနဲဖြစ်သွားရပါ၏။ ခွန်ချိုသာကို အသိပေးမတဲ့လေ။ ခြိမ်းခြောက်လိုက်တာလားသဇင်၊ ခွန်ချိုသာသိသွား



www.burmeseclassic.com

www.burmeseclassic.com



ရှင် သူကနေတစ်ဆင့် မလိုအပ်တာတွေ ဖြစ်ကုန်တော့မှာလေ. . .

ဖေဖေနဲ့အတိုက်အခံဖြစ်ပြီး ပြဿနာတက်မှာကို ကြိုပြီးသိ နေလို့ ပြောလိုက်တာလားသဖင်။ အရင်လိုစိတ်မျိုး မထားနိုင်တော့ဘူး လား။ 'လေး'တို့နှစ်ယောက်က စိတ်ချင်းအမြဲတမ်းတူနေကြတာလေ။ အခုတော့ ဒီသဘောကောင်းမှုတွေ ဘယ်ကိုထွက်ပြေးကုန်ပြီလဲ။

သက်ပြင်းရှည်ကြီးကိုသာ ချလိုက်မိပါ၏။ ရှေ့ဆက်ဖြစ်လာ မှာတွေကို ကြိုတွေးနေလို့အပိုပါပဲ။ ဖြစ်သမျှ ရင်ဆိုင်ရုံသာ ရှိတော့တာ လေ။

ကိုကို့ 'လေး'ကိုနားလည်ပေးပါ။ 'လေး'ကို တကယ်ချစ်ခဲ့ မှန်ရင် သဖင်နဲ့ပြဿနာတက်အောင် မလုပ်ချင်ပါနဲ့လားကွယ်. . .



## အခန်း (၂၂)

"ဘာဖြစ်လဲ သမီး မျက်နှာလည်းမကောင်းပါလား"

"စိတ်မကြည်လို့ပါ ဖေဖေ။ 'လေး'နေကောင်းပါတယ်"

စကားကိုအလိုက်သင့်ပြော၍ အပေါ်ထပ်သို့တက်လာခဲ့ပါ၏။ ရင်ထက်လှဲချရင်း ငိုင်နေမိသည်။ ဘယ်လိုလုပ်ရပါ့မလဲ။

ရှေ့ကိုပြဿနာတွေဖြစ်လာမှာစိုးရင် 'လေး' ဒီဆေးရုံကထွက် လိုက်ရုံပေါ့လေ။ ဟုတ်တယ်. . . ဒါဆိုရင် 'လေး'ဘယ်သူတွေနဲ့မှဆုံဖို့ အကြောင်းမရှိတော့ဘူးပေါ့။

"ဒေါက်! ဒေါက်!"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

"အန်တီလေးပါ သမီးရဲ့"

တံခါး Lock ကို ထဖွင့်ပေးလိုက်ပါ၏။ ရေချိုးပြီးစမို့ အန်တီလေးမျက်နှာက လန်းလန်းဆန်းဆန်းရှိနေပါသည်။ 'လေး'မှာသာ စိတ်ရောကိုယ်ပါ ညှိုးနွမ်းနေရတာလေ။

"ကိုကိုပြောလိုက်လို့လာခဲ့တာ၊ သမီးမျက်နှာမကောင်းလို့တဲ့"

"အန်တီလေး"

"ပြော"

"နှင်းဆီရိပ်မှာ လူမလိုဘူးလားဟင်။ 'လေး'ပြောင်းချင်လို့"

"ဟဲ့! သမီးအလုပ်ဝင်တာ ဘာကြာသေးလို့လဲ။ အဲဒီမှာ ဘာဖြစ်လို့လဲ"

"'လေး'မပျော်လို့ပါ"

"မပျော်လို့. ကြံကြံဖန်ဖန်. . . အလုပ်မှမပျော်ရတယ်ရယ်လို့ပဲ သမီးရယ်။ ဘာလဲ၊ သားချို့နဲ့ပြဿနာဖြစ်လို့လား"

"မဟုတ်ပါဘူး"

"ဒါဆို ဘာဖြစ်လို့လဲ"

"'လေး'အဲဒီမှာ ဆက်လုပ်လို့မဖြစ်တော့ဘူး အန်တီလေးရဲ့"





ထိုင်ရာမှ ထရပ်လိုက်ရ၏။ ပြောလို့ဖြစ်ပါ့မလား။ တော်ကြာ အန်တီလေးက လေးလေးကိုသတိရဖို့ဖြစ်လာရင် ဘယ်နှယ့်လုပ်မလဲ။ 'လေး'မှာ တိုးတိုးဖော်ရယ်ဆိုလို့ အန်တီလေးတစ်ဦးသာ ရှိတာလေ။ မေမေနဲ့တိုင်ပင်ရင် ဖေဖေပါ သိကုန်မှာကိုး။

"သမီး ဘာတွေဖြစ်နေတာလဲ။ အန်တီလေးကို ပွင့်ပွင့်လင်းလင်းပြောကွယ်"

"အန်တီလေး"

"အင်း"

"သဇင့်မှာ အိမ်ကသဘောတူစေ့စပ်ပေးမယ်ဆိုတာလေ။ အဲဒါ တခြားသူနဲ့မဟုတ်ဘူး"

"ဘယ်သူနဲ့မို့လို့လဲ"

"ကိုကိုနဲ့ပါ"

"ဘယ်လို! "

"ဟုတ်တယ်၊ ဟိုတစ်နေ့ကပဲ ပြန်ရောက်ပြီး အခုအလုပ်ဝင်နေပြီ။ ဒါကြောင့် 'လေး'အလုပ်ထွက်ချင်ပြီလို့ ပြောနေတာပါ။ 'မလေး' သဇင်နဲ့ဘာပြဿနာမှမဖြစ်ချင်ဘူး။ ပြီးတော့. . ."

စကားသံ တိတ်သွားရပါ၏။ အန်တီလေး စိတ်မကောင်းဖြ



www.burmeseclassic.com

www.burmeseclassic.com



နေပြီလား။ 'လေး'ရင်ထဲမှာ ဘာတွေဖြစ်နေပြီလဲဆိုတာ အန်တီလေး သိနိုင်ပါ့မလားလေ။

"သူတို့နှစ်ယောက် စေ့စပ်ပြီးပြီလား"

"ဟင့်အင်း"

"ဒါဆို သမီးတို့အကြောင်းကို သဇင်သိသွားလို့လား"

"မသိပါဘူး"

"ဒါဖြင့် ဘာပြဿနာရှိလို့လဲ သမီးရဲ့။ သားချိုက သမီးမှာ အရင်က ချစ်သူရှိမှန်းသိခဲ့တာပဲ"

"အခုလည်း ကိုကို့ကို သူသိနေပါတယ် အန်တီလေး"

"အဲဒီတော့ ဘာပြောလဲ"

"ဘာမှမပြောပါဘူး"

"အဲဒါဆို အေးအေးဆေးဆေးပဲပေါ့ သမီးရယ်"

"မဟုတ်ဘူး အန်တီလေးရဲ့"

"နေဦး, အန်တီလေး အရင်ပြောမယ်"

အန်တီလေးဘက်သို့ မျက်နှာမူလိုက်ပါ၏။ ခုတင်ထက် အေးအေးလူလူထိုင်နေတာမို့ ဘာမှဖြစ်ပုံမရပါချေ။ အန်တီလေး စိတ်နိုင်သားပဲ။





"ကြည်လင်, သမီးကိုဘယ်လိုသဘောထားလဲသိချင်တယ်"

"ဘာကိုလဲ အန်တီလေး"

"သူ့သဘောထား ပြောင်းသွားပြီလား"

ငြိမ်သွားရပြန်၏။ မေးချေပြီကော ကိုကို။ 'လေး'နှစ်ယောက်အတွက် အနာဂတ်ဆိုတာက မသေချာ မရေရာကြီးပါ။ 'လေး'မသိချင်တော့ပါဘူးလေ။

"တကယ်ဆို အန်တီလေးတို့ကိစ္စမှာ ကြည်လင်က အပြစ်မရှိဘဲ။ ကိုကိုက အန်တီလေးအတွက် ကျိတ်မနိုင်ခဲမရဖြစ်ပြီး ဒီလောက်အထိ မီးတောက်ကြီးသွားရတာပါ။ အန်တီလေးကြောင့် သမီးတို့ချစ်သူနှစ်ယောက် ဝေးသွားရတာကို တွေးမိတိုင်း အန်တီလေး စိတ်မကောင်းဖြစ်ရပါတယ်"

"ဒါပေမဲ့ 'လေး'တို့နှစ်ယောက်စလုံးအတွက် ဆုံစည်းဖို့လမ်းက မရှိတော့ဘူးလေ။ ဒီနေ့အထိ ကိုကို့ကို 'လေး'မေ့လို့မရသေးတာ အမှန်ပါ။ မမျှော်လင့်ဘဲ ကိုကိုနဲ့ပြန်တွေ့ရတော့ 'လေး'ဝမ်းနည်းဝမ်းသာဖြစ်ခဲ့ရပါတယ်။ ကိုကိုလည်း 'လေး'လိုပါပဲ"

"အဲဒါဆို ပြီးရောပေါ့သမီးရဲ့။ ဘာများလိုသေးလို့လဲ"

"အန်တီလေး, ဖေဖေရှိနေသေးတာလေ။ ပြီးတော့ သဇင်



www.burmeseclassic.com

www.burmeseclassic.com



လေးကို. . .''

''ကိုကို့ကို အန်တီတာဝန်ယူပြီး ပြောပြလို့ရပါတယ်။ လူငယ်တွေရဲ့နှလုံးသားကို သမီးရဲ့မေမေရော အန်တီလေးပါ သိနေတာပဲ။ ကိုကိုလည်းနားလည်မှာပါ။ ပြီးတော့ သဇင့်ကို သူငယ်ချင်းဆိုတာထက် ပိုပြီးမတွေးပါနဲ့သမီး။ ဒေါက်တာနေမျိုးရဲ့သမီးဖြစ်ရတာနဲ့ သူ့မှာ ဘာ Power မှ ပိုတိုးလာစရာအကြောင်းမရှိဘူး။ တကယ်တမ်း အဲဒီဆေးရုံရဲ့အရေးပါအရာရောက်တဲ့သူက သမီးပါ။ အန်တီ့တူမလေးပါကွယ်''

သူမ အန်တီလေး၏ရင်ခွင်ထဲသို့ တိုးဝင်လိုက်မိ၏။ ဖြစ်ပုံမလား. . . အန်တီလေးပြောသလို အဆင်ပြေရင်တော့ ကောင်းတာပေါ့။ အကယ်၍များ မပြေလည်ခဲ့ရင် ဘယ်လိုများလုပ်ရပါ့မလဲလေ။

''သမီး, ကြည်လင့်ကိုချစ်နေတုန်းပဲမဟုတ်လား''

ခေါင်းကိုသာ ဆတ်ခနဲအမြန်ညိတ်ပြလိုက်မိ၏။ အန်တီလေးက သူမကို ခပ်ဖွဖွဖက်ထားရင်း ဆံပင်လေးတွေကို ပွတ်သပ်ပေးလေသည်။

''အဓိက,က အဲဒါပါပဲ။ ချစ်တဲ့သူတိုင်းကို အန်တီလေး ပေါင်းစည်းစေချင်ပါတယ်ကွယ်။ တစ်ခုတော့ ရှိတာပေါ့။ အဲဒါကတော့ ဘဝတစ်ခုထူထောင်ဖို့အတွက် သမီးမှာ သတ္တိရှိဖို့တော့ လိုတယ်လေ''





သတ္တိတဲ့လား. . .'လေး'မှာ ကိုကို့ကိုချစ်ပေမယ့် သတ္တိမရှိလို့ ရှောင်ရှားချင်ခဲ့တာပေါ့နော်။ ကလေးစိတ်နဲ့ မိုက်ရူးရဲဆန်သလိုမျိုး ဒီအရွယ်မှာလုပ်ရမှာ ရှက်စရာတော့ကောင်းပါတယ်။ ဒါပေမဲ့ ကိုကို့လက်ကို ပိုင်ပိုင်ကြီးဆွဲတ်ဖို့အတွက် 'လေး'ရဲ့လက်မှာ ခွန်အားသတ္တိတွေရှိအောင် မွေးရတော့မှာ အသေအချာပါလေ။

ဒက်ဒီ့မျက်စောင်းထိုးခုံမှာ သူ ဝင်ထိုင်လိုက်တော့ ဒက်ဒီက သတင်းစာဖတ်နေရာမှ မော့ကြည့်လိုက်လေ၏။ နှင်းသဇင်နှင့်သွားတွေ့ကတည်းက ဒက်ဒီနှင့် စကားမှမပြောဖြစ်သေးတာကို။

''ဆို''

''နှင်းသဇင်နဲ့ကိစ္စကို ကျွန်တော်ပယ်ပါတယ် ဒက်ဒီ''

''မစောလွန်းဘူးလား,သား တွေ့တာမှ ဘယ်နှရက်ရှိသေးလို့ Cancel လုပ်ရတာလဲ''

''နောက်တောင်ကျနေပါတယ် ဒက်ဒီ''

''ဘာဖြစ်လို့လဲ သား''



www.burmeseclassic.com

www.burmeseclassic.com



"အဖြေက ရှင်းရှင်းလေးပါ ဒက်ဒီ။ သူ့ကို ကျွန်တော့်သိစိတ်နဲ့မသိစိတ်ကပါ လုံးဝငြင်းဆန်နေတော့ ငြင်းဖို့နိုင်လုံသွားရတာပါပဲ။ ပြီးတော့. . ."

ဒက်ဒီက သတင်းစာကို ဆက်တီစားပွဲပေါ် တင်လိုက်လေ၏။ စာကြည့်မျက်မှန်ကိုပါချွတ်လိုက်တာမို့ သူ စကားကိုခဏရပ်ထားလိုက်ရပါ၏။

"ပြီးတော့ ဘာတဲ့လဲသား"

"ပြီးတော့ ကျွန်တော့်နှလုံးသားကို ကျွန်တော်ပြန်ရှာတွေ့ခဲ့ရလို့ပါ ဒက်ဒီ"

"ဘယ်လို"

"ဟုတ်တယ်၊ 'ကလေး'ကို ကျွန်တော်အခုလုပ်တဲ့ဆေးရုံမှာ ပြန်ဆုံရတာပါ"

"အရင်အတိုင်းပဲဆိုပါတော့၊ ဟုတ်လားသား။ ဘာမှမပြောင်းလဲဘဲနဲ့လား"

သူနှုတ်ဆိတ်သွားရပါ၏။ အရင်အတိုင်းပဲလားတဲ့ ကလေးရယ်၊ ကိုယ့်အပေါ် အရင်လို မင်းချစ်သေးပါရဲ့လား၊ ဒါမှမဟုတ် အချစ်တွေလျော့ပါးကုန်ပြီး အချစ်သစ်အပေါ်မှာပဲ အာရုံစိုက်ဖို့ ပြင်ဆင်နေပြီလား။





ကိုယ်သိချင်လိုက်တာကွယ်. . .

"နည်းနည်းတော့ ပြောင်းလဲနေတာအမှန်ပါပဲ ဒက်ဒီ"

"ဘာကိုလဲ"

"ကျွန်တော့်ကို ဒက်ဒီစီစဉ်ပေးချင်သလိုမျိုး သူ့မှာလည်း ရှိနေတာပါ"

"အလို! သူ့ကို ဘယ်သူနဲ့သဘောတူထားတာတဲ့လဲ"

"ကျွန်တော်ယှဉ်ပြိုင်ရမယ့်ပြိုင်ဘက်က အင်အားအတော်ကြီးပါတယ် ဒက်ဒီ။ အခု ကျွန်တော် လက်ရှိလုပ်နေတဲ့ Globe Tower ရဲ့ပိုင်ရှင် ခွန်ချိုသာပါပဲ"

"ဟော! ဖြစ်ပါ့မလား သားရယ်"

"ဖြစ်အောင်လုပ်ရမှာပေါ့ ဒက်ဒီ။ 'ကလေး'နဲ့ ကျွန်တော်က ဟိုးအရင်ကတည်းက ပတ်သက်ခဲ့ဖူးတဲ့သူတွေပဲဟာ"

"အိမ်ထောင်တစ်ခုကို ထူထောင်တဲ့နေရာမှာ မိန်းကလေးနဲ့ ယောကျ်ားလေးရဲ့အတွေးခေါ်ယူဆပုံချင်း ကွာခြားသွားပြီသားရဲ့။ မိန်းကလေးတွေက သချ်ာလို ပိုပြီးတွက်ချက်မှုသာလွန်တာ သားသိပါတယ်နော်"

သူ ခေါင်းညိတ်လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘဝကိုရော သချ်ာလိုတွက်ဆလို့ ရနိုင်ပါ့မလား။ ချစ်ခြင်းနဲ့ ဘဝရဲ့ဆက်နွယ်မှုကြားက လုံအပ်ချက်တွေကို 'ကလေး'လည်း နားလည်သဘောပေါက်နိုင်လိမ့်မယ်။ ကိုယ်တို့နှစ်ယောက်မှာ ရှိထားတဲ့ချစ်ခြင်းတစ်ခုကလွဲပြီး ဘာကိုမှ ကိုယ်အားကိုးလို့မရနိုင်တာကို အလိုလို သိနေပါတယ်လေ။

"ကျွန်တော်ကြိုးစားရမှာပေါ့ ဒက်ဒီ။ ကျွန်တော်တို့နှစ်ယောက်ကြားမှာရှိနေတဲ့ တစ်ခုတည်းသောမျှော်လင့်ချက်ကလွဲပြီး. . . ဘာကိုမှ လောဘတကြီးမလိုချင်ပါဘူး။ 'ကလေး'သာ ကျွန်တော့်အပေါ်မှာ မေတ္တာစစ်နဲ့အရောင်မပြောင်းလဲသေးရင် အနိုင်ရဖို့ဆိုတာ ကျွန်တော့်အတွက် မဝေးနိုင်တဲ့ပန်းတိုင်တစ်ခုပါပဲ။ ကျွန်တော်ယုံတယ် ဒက်ဒီ။ ကျွန်တော့်ဘက်က မပျက်ပြယ်တဲ့ချစ်ခြင်းတွေက 'ကလေး'အပေါ်မှာ တစ်သမတ်တည်းရှိနေလို့ပါပဲ"

ဆွေးနွေးပွဲက ပြီးချေပြီ။ ကိုယ့်ဘက်က Ready ဖြစ်နေပြီ 'ကလေး'ရယ်။ မင်းဘက်က ပြောင်းလဲခြင်းက ဘယ်လိုလဲ။ ဘဝတစ်ခု ထူထောင်ဖို့ ဦးနှောက်အစား နှလုံးသားနဲ့သာ မင်းဆုံးဖြတ်ခဲ့ရင် ကိုယ်တို့ဝေးစရာအကြောင်းမရှိတော့ဘူးလေ. . .

ပကာသနတွေ ခဏလေးဖယ်ထားကြည့်လိုက်ပါ။ ကိုယ်တို့





ကြားမှာရှိခဲ့တဲ့သံယောဇဉ်တွေကို လှည့်ကြည့်ပေးလှည့်ပါဦး။ 'ကိုကို'လို့ ခေါ်သံလေးရဲ့နောက်ကွယ်က ငြိတွယ်ခြင်းတွေကို ပြန်ပြီးရပါရစေ။

'ချစ်တယ်'ဆိုတာကို ပေါ့ပေါ့တန်တန်ပြောခဲ့တာ မဟုတ်ရပါဘူး။ အဲဒီစကားရဲ့နောက်ကွယ်က လေးနက်ခြင်းတွေကို 'ကလေး'မြင်ပါလေစေ၊ စကားတစ်ခွန်းရဲ့အတိမ်အနက်နဲ့ တည်ကြည်တဲ့ဆုံးဖြတ်ချက်ကို 'ကလေး'သိရှိနိုင်ပါစေ။

ပြီးတော့ တွဲလက်တွေခိုင်မြဲဖို့အတွက် 'သစ္စာ'ဆိုတဲ့အရာတစ်ခုတည်းကိုလည်း 'ကလေး'ရဲ့ရင်မှာ ခိုအောင်းနိုင်ပါစေလေ။

ဩော်. ကိုကို့ရဲ့ကောင်မလေးရယ်. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

ကားပေါ်မှာဆင်းလာတာကို ကြည့်နေမိ၏။ ကားကိုချက်ချင်း မထွက်သေးဘဲ မှာတမ်းချွေနေသည်က ခွန်ချိုသာပါပဲ။ သူမမျက်နှာထက် အပြုံးနုနုမှေးတင်လျက် ခေါင်းကိုအသာညိတ်လိုက်စဉ် သူ့ရင်ထဲမှာနဲ့ဖြစ်သွားရလေသည်။ ဘာတွေများပြောလို့ လက်ခံခေါင်းညိတ်နေရတာလဲ။

ဆတ်ခနဲဆွဲယူ၍ လက်ဖမိုးကို ခွန်ချိုသာ့နမ်းရှိုက်လိုက်စဉ် သူမမျက်နှာလေး ပန်းရောင်သန်းသွားလေ၏။ ငြိမ်နေရသလား. . . နည်းနည်းတောင်မရုန်းဆယ်လိုက်ဘူးလား. . . ကိုယ်အမြတ်တနိုးရှိခဲ့တဲ့ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို မျက်စိရှေ့မှာ ပိုင်စိုးပိုင်နင်းဆက်ဆံနေတာလောက် ကိုယ့်ရင်ကို အစိမ်းလိုက်ကွဲစေတာ မရှိတော့ဘူးလေ။

ဘယ်လိုလဲ 'ကလေး' ရယ်။ ငယ်ငယ်ရွယ်ရွယ်ဒီကောင်လေးရဲ့ရှေ့မှာ 'ကလေး' ရဲ့မာနတွေ အရည်ပျော်ကျကုန်ပြီလား။ အရင်လိုတည်တင်းတဲ့မျက်နှာလေးရော ဘယ်ရောက်သွားပြီလဲ။ နှင်းသဖင်နဲ့ကိုယ့်ကို အတူတွဲမြင်ရတိုင်း ဘယ်လိုမှမခံစားရတော့ဘူးပေါ့လေ။

ဟိုးတစ်ချိန်တုန်းကလို အူတိုစိတ်နဲ့ စကားနာထိုးပါဦးလား။ ကိုယ့်ကိုမျက်စောင်းထိုးပြီး နှုတ်ခမ်းလေး စူပါဦးလား။ ကိုယ့်လက်မောင်းကို လက်သီးဆုပ်နဲ့ ခပ်သာသာလေးထုနှက်ပါဦးလား။

အခုတော့ ထိုသို့မဟုတ်လေပြီ။ ဆတ်ခနဲအကြည့်ကိုလွှဲသွားတာ၊ မမြင်ချင်ယောင်ဆောင်သွားတာ၊ အပြင်ကိုငေးကြည့်သလိုနဲ့ မျက်ရည်ဝဲလာတာကို ထိန်းနေရတာတွေအားလုံးကို ကိုယ်သိနေပါတယ်လေ။

"ညနေလာကြိုမှာ၊ စောင့်နေနော်"

ခေါင်းညိတ်၍ လက်ပြနှုတ်ဆက်စဉ် ခွန်ချိုသာ၏ကားက ဝင်းထဲမှထွက်သွားလေ၏။ တစ်လှမ်းချင်းလှမ်းလာနေသည့်ခြေလှမ်းတို့ကို ငေးကြည့်နေမိသည်။ မျက်လွှာချ၍လျှောက်လာတာမို့ အပေါက်ဝမှာရပ်နေသည့်သူ့ကို သတိထားမိပုံမရပါချေ။





မင်းရဲ့အတွေးတွေ ဘယ်ကိုများ လွင့်နေပါသလဲ။

"ကိန္နရီမောင်နှံလို ခဏလေးတောင်မှ မခွဲနိုင်မခွဲရက်ဖြစ်နေပြီလား"

"ဟင်! "

မျက်ဝန်းဝိုင်းလေးတွေက အံ့ဩရိပ်ထင်လေ၏။ ပါးမို့မို့လေး ရဲသွားရပြီး မျက်ဝန်းတို့က ရီဝေသွားပါသည်။ မှန်နေပြီလား. . . ကိုယ်ပြောတာမှန်နေလို့ တစ်ခွန်းမှပြန်မပြောတာလား ဖြူဖြူလေးရယ်။

"ကိုယ်မေးနေတာကို ဖြေဦးလေ"

"မဟုတ်ပါဘူး"

အသံက တိုးသဲ့သဲ့။ စကားမပြောချင်၍များလား။ ခုနကောင်လေးကိုတော့ဖြင့် ပြောသမျှ ပုတ်သင်ညိုလေးလို ခေါင်းညိတ်နာခံနေတာကို မြင်နေခဲ့ရတာလေ။

"ကိုယ်ဖြင့် ထင်တောင်ထင်မထားဘူး။ ကျန်ခဲ့တဲ့ကာလတွေမှာ စိတ်ရောကိုယ်ပါ အလုပ်ထဲနှစ်ပြီး . . အပျော်ကိုတောင်မရှာခဲ့တာ။ 'ကလေး' ကတော့ ကိုယ့်အပြင် အစားထိုးစရာအသင့်ရှိနေပြီကိုး"

"မဟုတ်ပါဘူး"

"ကိုယ်သိပါတယ်၊ ကိုယ့်အတွက် 'ကလေး' ပြန်ပြောသ No



www.burmeseclassic.com

www.burmeseclassic.com



တွေပဲဆိုတာ"

ခြေလှမ်းက တုံ့ခနဲရပ်သွားလေ၏။ Lift ထဲဝင်တော့မှာမို့ အပေါ်တက်သွားသည့် Lift ကိုစောင့်ရင်း ယှဉ်ရပ်နေတာပင်။

"ဒေါက်တာ, ကျေးဇူးပြု၍ အလုပ်မှာ ကိုယ်ရေးကိုယ်တာကိစ္စတွေ မပြောချင်ပါနဲ့"

သူ နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်လေ၏။ စိမ်းသက်သည့်စကားတို့ သူ့ရင်ကိုတစ်ချက်ခြင်း ဆွဲခွဲနေသည့်နှယ်။ 'ကလေး'မှာ သူ့အတွက် မာကျောခြင်းတွေသာ ရှိတော့တာထင်ပါရဲ့။

"ကိုယ်တို့ကြားမှာ ဒီကိစ္စမပြောလို့ ဘာများပြောစရာရှိလို့လဲ"

"'လေး', သဇင်နဲ့ပြဿနာမဖြစ်ပါရစေနဲ့ ဒေါက်တာ"

"မင်းရဲ့သူငယ်ချင်း နှင်းသဇင်ကို ကိုယ်က ခေါင်းထဲမထည့်ဘူး ဖြူဖြူလေးရဲ့"

ရပ်သွားသည့် Lift ထဲဝင်လိုက်စဉ် အပေါက်ဝဘက် လှည့်ရပ်လိုက်တာမို့ ဆေးရုံထဲလှမ်းဝင်လာနေသည့်သဇင့်ကို မြင်လိုက်ရလေ၏။ သွားပါပြီ. . . ဒီလောက်သတိထားနေတဲ့ကြားက 'လေး'ကို နှစ်ယောက်တွဲပြီး မြင်လိုက်ရပြန်တယ်လို့။ နံပါတ် (၂)ကိုနှိပ်ရမည့်အစား နံပါတ် (၂၀)ကိုနှိပ်လိုက်သည့်သူ့ကို အံ့ဩသွားမိပါ၏။





ပြဿနာရှာပါရောလား. . .

"ဘာလုပ်တာလဲ ဒေါက်တာ၊ 'လေး'တို့ အဲဒီထိသွားဖို့မှမလို ဘာကို"

"ကိုယ်က ဆန္ဒစေရာအတိုင်းပဲ လုပ်တာတာလေ။ ဘာဖြစ်လို့လဲ"

No (4) ပြနေသည့်ခလုတ်ကို (2) ပြန်နှိပ်လိုက်တာမို့ Lift က တုန့်ခနဲဖြစ်ကာ ပြန်ဆင်းလေ၏။ သူက (20) ကို ပြန်နှိပ်ကာ ခလုတ်ရှေ့ ပိတ်ရပ်လိုက်လေသည်။

"ဒေါက်တာ"

"ကိုကိုလို့လုပ်စမ်းပါ ကလေးရဲ့၊ မင်းနဲ့ကိုယ် မရှင်းရသေးတဲ့ စာရင်းကို ဒီနေ့အပြီးရှင်းရမှာလေ"

"အို ဘာမှရှင်းစရာမလိုတော့ဘူး။ 'လေး'တို့ကိစ္စက ဟိုးအရင်ကတည်းက ပြီးခဲ့ပြီရှင့်။ ကြာပဲကြာနေပြီကို"

"တကယ်ပဲလား။ ကိုယ်တို့မပြုခဲ့တဲ့ကိစ္စကို အပြစ်ခံယူရတာတော့ မတရားသဖြင့်ကြီးဖြစ်မနေဘူးလားဟင်။ ကိုယ် 'ကလေး'ကို ပြောပြီးသားနော်။ ရည်မှန်းချက်မပြည့်ဝသေးတဲ့ကာလမို့ ကိုယ်အလိုက်သင့်နောက်ဆုတ်ပေးခဲ့တဲ့ကာလက အချိန်စေ့သွားပြီ။ ဒီတော့. . ."



www.burmeseclassic.com

www.burmeseclassic.com



သူက စကားကိုဖြတ်လိုက်ပြီး သူမရပ်နေသည့်နံရံကို လက်နှစ်ဖက်ဖြင့်ထောက်လိုက်သဖြင့် မျက်လုံးပြူးသွားရပါသည်။

အမယ်လေး! ဘာများလုပ်မလို့ပါလိမ့်။ မျက်နှာနားကပ်လာသည့်ခေါင်းကို မျက်စိမှိတ်ရှောင်လိုက်စဉ် နားနားကပ်ပြောသည့်လေသံတိုးတိုးကို ကြားလိုက်ရလေသည်။

"ကိုယ်တို့အတူတူနေကြစို့လေ"

အသက်ရှူရပ်လုမတတ်ဖြစ်သွားရပါ၏။ နားထဲမှာ ဗုံးပေါက်ကွဲသွားသည့်နှယ် လန့်ဖျပ်သွားရလေသည်။ ကိုကို့ 'လေး'ကိုဒီလိုမပြစားချင်ပါနဲ့။ နိုင်မာအောင်ကြိုးစားထားရတဲ့ နှလုံးသားကို တစ်စစနဲ့အရည်ပျော်ကျလာအောင် မလုပ်ချင်ပါနဲ့လားရှင်..

"ကလေး"

"ဟင့်အင်း"

မပီမသငြင်းလိုက်စဉ် 'လေး'ကိုတင်းတင်းကျပ်ကျပ်ပွေ့ဖက်လိုက်ခြင်း ခံလိုက်ရလေ၏။ ရင်ထဲလုပ်ခနဲဖြစ်သွားသလို ခြေနှစ်ချောင်းပါ ယိုင်ပါလေတော့.. ကိုကို့ 'လေး'အသည်းလေးက မခိုင်တာကိုသိလျက်နဲ့ကွယ်။

"ငြင်းဖို့မကြိုးစားနဲ့နော်၊ 'ကလေး'ရဲ့ရင်ထဲမှာ ခုချိန်ထိ ကိုယ်





ရှိနေသေးတယ်ဆိုတာ ကောင်းကောင်းကြီးသိနေတယ်။ ဟုတ်ပြီလား"

"ကိုကို့.. လေး.. လေး.."

ဘာမှဆက်မပြောနိုင်တော့ဘဲ မျက်ဝန်းအစုံကိုသာ မှေးမှိတ်ထားလိုက်မိတော့၏။ Lift ရပ်သွားသည့်အသံနှင့် လက်ကောက်ဝတ်မှဆွဲခေါ်သွားတာကိုသာ သိနေရလေသည်။

မလွှတ်တမ်းလားဟင်.. 'လေး'ရဲ့လက်ကို ဒီလို တစ်သက်လုံးတွဲထားဖို့ ကိုကိုဆုံးဖြတ်ထားပြီးပြီဆိုရင်တော့ 'လေး'အလိုက်တသိငြိမ်နေလိုက်ပါတော့မယ်။

လေဟာပြင်မှာ လေတွေတဟူးဟူးတိုက်ခတ်နေတာကို ကြားနေရပြီး သူ့ရင်ခွင်ထဲ တင်းကျပ်စွာပွေ့ဖက်ထားခြင်းနှင့်အတူ 'လေး'ရဲ့နဖူးထက် နွေးခနဲခံစားလိုက်ခြင်းကိုသာ..



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"နင့်ကို ငါအတန်တန်ပြောထားပါလျက်နဲ့ ဒီအထိအတင့်ရဲလွန်းတာတော့ တော်တော်လွန်နေပြီ ဖြူ"

"သဇင်. 'လေး'. . ."

"ဘာမှပြေရှင်းမယ်မကြံနဲ့ ဖြူ နင်တို့နှစ်ယောက် ဘယ်အခြေအနေထိဖြစ်ခဲ့သလဲဆိုတာ ငါ့မျက်စိနဲ့တပ်အပ်မြင်ခဲ့ရတာပါ။ နင်မညာနဲ့"

" 'လေး'မညာပါဘူး သဇင်၊ ဒေါက်တာကြည်လင်ထူးဟာ 'လေး'ရဲ့တစ်ချိန်က. ."

**ရွှေပဒေသာစာပေ**

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဘာ! နင်. . နင်. ."

လေဟာပြင်ထပ်မှာ သဇင့်အော်သံက စူးခနဲထွက်လာလေ၏။ အချစ်ဆိုတာ လူတွေရဲ့စိတ်ကို မှောက်မှားစေတာလား။ သူငယ်ချင်းကို ရန်သူအဖြစ် ပြောင်းလဲမြင်စေမယ့်တွန်းအားတွေကို သဇင် ဘယ်တုန်းကများ မွေးမြူခဲ့ပါသလဲ။

ခုချိန်မှာ မွန်ထူပြီး 'လေး'ကို ဒီအထပ်က တွန်းချလိုက်ရင် ဘယ်နှယ့်လုပ်မလဲ။ စိတ်ထဲမကောင်းခြင်းကြီးစွာဖြင့် သဇင့်ကိုငေး၍သာ ကြည့်နေမိသည်လေ။

"နင်. . နင်, ငါချစ်နေမှန်းသိသိကြီးနဲ့ သစ္စာဖောက်တာပဲ။ နင့်မှာ ခွန်ချိုသာတစ်ယောက်လုံး ရှိနေလျက်နဲ့ နင် စည်းဖောက်တာ! မိန်းမယုတ်! "

"မင်းစကားတွေလွန်ပြီ နှင်းသဇင်"

ရုတ်တရက်ရောက်လာသည့်ကိုကို့ကြောင့် အင်အားတွေပြည့်လာရသည့်နှယ်။ Duty ဆင်းချိန် ပြောစရာရှိလို့ဆိုပြီး ဆွဲခေါ်လာတာ အန္တရာယ်ရှိသည့်အထပ်သို့မဟုတ်လား။ ကိုကိုမည်သို့များသိ၍ ရောက်လာခဲ့ပါသလဲ။

"ကို! "





"ကလေးနဲ့ကိုယ်နဲ့က မချစ်တော့လို့ လမ်းခွဲခဲ့ကြတဲ့ချစ်သူမျိုး မဟုတ်ဘူး နှင်းသဇင်။ မထင်မှတ်တဲ့အခြေအနေတစ်ခုကြောင့် အချိန်ကာလတစ်ခုထိ နားလည်မှုနဲ့ ခဏလမ်းခွဲနေခဲ့ကြတာပါ။ ကိုယ်တို့နှစ်ယောက်ရဲ့ချစ်ခြင်းက ဘယ်သူ ဘယ်လိုဖြတ်ဖြတ် ခပ်လွယ်လွယ်နဲ့ပြတ်သွားမှာမဟုတ်ဘူးဆိုတာ မင်းသိထားသင့်တယ်"

"သူ့မှာ ခွန်ချိုသာရှိတယ် ကိုရဲ့"

"ဒါက လူကြီးတွေစီစဉ်ထားတဲ့ကိစ္စပါ။ 'ကလေး'ရဲ့ဆန္ဒမပါရင် ဘာမှလုပ်လို့မရပါဘူး"

"ကို"

"ကိုယ်, သူ့ကိုအသက်နဲ့ထပ်တူမြတ်မြတ်နိုးနိုးချစ်ခဲ့တယ်ဆိုတာကိုနားလည်ရင် ထပ်ပြီးမနှောင့်ယှက်ချင်ပါနဲ့။ ဒါပဲပြောချင်တယ်"

"ရှင်တို့ကိုမုန်းတယ်! သိပ်မုန်းတယ်! "

သဇင်က အော်ဟစ်ငိုယိုကာ Lift ထဲပြေးဝင်သွားလေ၏။

ပါးပြင်ထက် မျက်ရည်တို့ ပေါက်ခနဲစီးကျသွားတာကို ကိုကိုက အသာအယာသုတ်ပေးပါလေသည်။

"မငိုပါနဲ့တော့ 'ကလေး'ရယ်။ ဝေးကွာခဲ့တဲ့ကာလတွေမှာ ဘယ်လောက်ထိ ငိုခဲ့ပြီးပြီလဲ. . . အဲဒီဝမ်းနည်းမှုတွေအားလုံးအတွက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးရဲ့ပျော်ရွှင်မှုအားလုံးကို ကိုယ်အလျော်ပြန်ပေးပါ့မယ်။ ယုံပါ၊ ကလေးရဲ့အနာဂတ်မှာ ဘယ်တော့မှစိတ်ဆင်းရဲခြင်းမရှိစေရအောင် လှပတဲ့အိပ်မက်တွေကို ကိုယ်ဖန်တီးပေးမှာပါကွယ်''

ရှိုက်သံတစ်ဝက်မှာ မေးစေ့ကိုကိုင်၍ မော့စေလေ၏။ ချစ်ရည်တို့ ရွှန်းလဲ့တောက်ပနေသည့် ကိုကို့မျက်ဝန်းတို့နှင့် အကြည့်ဆုံသွားရစဉ် ကိုကို့နှုတ်ခမ်းထက်မှ နှစ်သိမ့်ပြုံးက ပေါ်လာပါသည်။

ယုံပါတယ်ကိုကို. . .'လေး'အပေါ် ကိုကိုဘယ်လောက်ထိချစ်တယ်ဆိုတာကို နှလုံးသားနှင့်ထပ်တူ နားလည်ပါတယ်ရှင်. . .

နဖူးထက် ငုံ့မွှေးလိုက်စဉ် ရုတ်တရက် အသံတစ်ချက်ထွက်လာပါ၏။

''မမ! ''

''ဟင်! ''

''ခင်ဗျား. . . ခင်ဗျား. . . ဒါဘာလုပ်တာလဲ! ''

''သားချို''

ဒေါသတကြီးလှမ်းလာသည့်ခြေလှမ်းတို့က သူမတို့အနီးသို့ အမြန်နှုန်းဖြင့်ရောက်လာပြီး လက်ကောက်ဝတ်ကို ဆုပ်ကိုင်ဆွဲခေါ်လိုက်ပါ၏။





''သားချို. . . မ. . .''

''လိုက်ခဲ့ပါ၊ မောင် ဘာဖြေရှင်းချက်မှမလိုချင်ဘူး. . ဘာမှမကြားပါရစေနဲ့''

''ခွန်ချိုသာ''

''ခင်ဗျားနဲ့ကျုပ် ဘာမှပြောစရာမရှိဘူး ဒေါက်တာကြည်လင်ထူး၊ ခင်ဗျားကို ဒီဆေးရုံမှာလုပ်ဖို့ဖိတ်ခေါ်လိုက်တာ ကျုပ်ရင်ကို အစိမ်းလိုက်ခွဲဖို့မဟုတ်ဘူးဗျ''

''ကိုယ်ရှင်းပြမယ် ခွန်ချိုသာ''

''မလိုပါဘူး. . . ခင်ဗျားကို မမနဲ့ဘယ်တော့မှသဘောမတူမှန်းသိထားလျက်နဲ့ ခင်ဗျားရှေ့ဆက်တိုးစရာလား၊ ဖယ်ပါ''

ရှေ့မှပိတ်ရပ်လိုက်သည့်ကိုကိုနှင့် ခွန်ချိုသာကို အငေးသားကြည့်နေမိ၏။ ဘာလုပ်ရပါ့မလဲ၊ အခုပဲ သဇင့်ကိုဖြေရှင်းပြီးရုံရှိသေးတာ၊ ခုတော့ ခွန်ချိုသာကိုပါ ဆက်ရှင်းရတော့မှာပါလား. . .

''ကိုယ်တို့ချစ်သူနှစ်ယောက်ကို မခွဲချင်ပါနဲ့တော့ ခွန်ချိုသာ၊ 'ကလေး'ရဲ့ရင်ထဲမှာရှိတာ ကိုယ်တစ်ယောက်ပဲမို့. . .''

''အမယ်လေး! ''

ကိုကို့စကားမဆုံးမီ ခွန်ချိုသာ၏လက်သီးက 'ခွပ်'ခနဲရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားလေ၏။ နှုတ်ခမ်းထောင့်မှ သွေးတွေပြာကျလာသဖြင့် သူမစိတ်ပူကာ ခြေတစ်လှမ်းတိုးမိစဉ် ခွန်ချိုသာက လက်မောင်းမှကိုင်၍ ဆွဲလိုက်ပါသည်။

"မထိရဘူး! မမ, သူ့ကိုမထိနဲ့"

"သားချို, 'မ'တောင်းပန်ပါတယ်"

"မကြားချင်ဘူး။ မမ, မောင့်ကိုပဲချစ်ရမယ်။ မောင်ကလွဲပြီး ဘယ်သူ့ကိုမှမချစ်ရဘူး။ ဒီလူနဲ့မမကို ဘယ်နည်းနဲ့မှသဘောမတူဘူး"

"ခွန်ချိုသာ. . . မင်း, 'ကလေး'ရဲ့လက်ကို ခုချက်ချင်းလွှတ်လိုက်ပါ"

"မလွှတ်ဘူး. . . ခင်ဗျားဘာလုပ်ချင်သလဲပြော"

"မင်းကိုလွှတ်ဖို့ ကိုယ်ပြောနေတယ်နော်"

စူးစူးရဲရဲကြည့်နေကြသည့်ယောကျ်ားနှစ်ယောက်ကြားမှာ ရပ်နေရင်း အသက်ရှူဖို့ပင် သူမမေ့လျော့နေလေ၏။ ဒုက္ခပါပဲ၊ ပြဿနာတော့ အကြီးအကျယ်တက်ကုန်ပါရောလား. . .

ကိုကိုက သူမလက်မောင်းတစ်ဖက်ကို ဆွဲလိုက်ရာ ခွန်ချိုသာထံမှ နောက်ထပ်လက်သီးတစ်ချက် ထပ်ရောက်လာ၏။ ကိုကိုက သူ့လက်ကို ဆတ်ခနဲပုတ်ထုတ်လိုက်ပြီး ဖတ်ခနဲထိုးချလိုက်လေသည်။





"မလုပ်ကြပါနဲ့ 'လေး'တောင်းပန်ပါတယ်"

"မမ မဆွဲနဲ့"

"သားချို"

"ဒီအချိန် ပြတ်သားမှုဖြစ်တော့မှာ။ မမ မဆွဲပါနဲ့"

"တောင်းပန်ပါတယ်၊ ရန်မဖြစ်ကြပါနဲ့တော့။ 'လေး'ကြောင့် ဒီလိုတွေဖြစ်နေမယ်ဆိုရင် ဒီလောကကြီးထဲမှာ 'လေး'မနေတော့ဘူး"

"ကလေး!"

"မမ!"

သူမ ခြေလှမ်းကိုနောက်ဆုတ်လိုက်ပါ၏။ ကာရံထားသည့်အုတ်ဘောင်နားရောက်သွားစဉ် ပန်းစိုက်ထားသည့်ဘောင်ပေါ် တက်ရပ်လိုက်လေသည်။

"ကလေး! မလုပ်နဲ့. . . မလုပ်နဲ့နော်"

"မမ, မောင်တောင်းပန်ပါတယ်. . . ပြန်ဆင်းခဲ့ပါ"

"'မ' ကိုကို့ကိုပဲချစ်တာပါ သားချို။ ကိုကိုကလွဲပြီး ဘယ်သူ့ကိုမှ 'မ'မချစ်နိုင်သလို လက်မထပ်နိုင်ဘူး။ အဲဒါ 'မ'ရဲ့နောက်ဆုံးစကားပါပဲ။ ဒါကို မင်းလက်မခံဘူးဆိုရင် 'မ'ဒီပေါ်ကနေ ခုန်ချဖို့ ဆုံးဖြတ်လိုက်တော့မယ်။ 'မ'ကိုမတားပါနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



''ကလေး!''

''နေပါဦး မမရယ်. . . နေပါဦး၊ မောင်အနူးအညွတ်တောင်းပန်ပါတယ်။ အဲဒီလိုတော့ ရက်ရက်စက်စက်မဆုံးဖြတ်လိုက်ပါနဲ့။ တစ်သက်လုံး မောင့်ကိုနောင်တတွေနဲ့ပွေ့ပိုက်ကျန်ရစ်ဖို့ မမ မဖန်တီးလိုက်ပါနဲ့။ ဆင်းလာခဲ့ပါ. . . ပြန်ဆင်းလာခဲ့ပါ၊ မမ. . . မမ. မချစ်နိုင်ရင် မောင်. . . မောင်. . . ရင်ကွဲခံ. . . အနစ်နာခံပြီး နောက်ဆုတ်ပေးပါ့မယ်။ ဒီလိုတော့. . . ဒီလိုတော့. . . မောင့်ကိုမထားရစ်ခဲ့ပါနဲ့''

''ပြန်ပါတော့ သားချို၊ 'မ'ဒီကနေအလုပ်ထွက်တော့မှာပါ။ ပြီးရင် မင်းမမြင်ရတဲ့တစ်နေရာကိုထွက်သွားဖို့. . .''

''မလုပ်ပါနဲ့. . . မမ. မမြင်ချင်ရင် မောင့်မျက်နှာကို ဒီမှာဘယ်တော့မှမတွေ့စေရပါဘူး။ ဒီလိုကြီးအထိ မပစ်ပယ်လိုက်ပါနဲ့။ မောင်တောင်းပန်ပါတယ်။ ဒေါက်တာ. မမကိုကြည့်ပြောပါဦး''

''ကလေး. ငြိမ်ငြိမ်နေနော်။ ကိုယ်လာခေါ်မယ်''

''မလာနဲ့''

''ကိုယ့်စကားကိုနားထောင်ပါ။ ကလေးပဲ ကိုယ့်ကိုချစ်တယ်ဆို။ ကိုယ့်ကိုချစ်ရင် ကိုယ်ပြောတာကိုနာခံပါ''

ခွန်ချိုသာ ဒူးထောက်ထိုင်ချလိုက်ပါ၏။ သူက သူမရှိရာသို့



BURMESE CLASSIC .com



ခပ်ဖြည်းဖြည်းလျှောက်သွားပြီး အမြင့်မှာရပ်နေသည့် 'လေး'ကို ခါးမှကိုင်၍ ချီချလိုက်လေသည်။

မျက်ရည်တပေါက်ပေါက်ကျနေသည့်မျက်နှာလေးကို ရင်ခွင်ထဲထည့်ကာ ပွေ့ဖက်ထားလိုက်လေ၏။

မြင်ကွင်းလေးကို အငေးသားကြည့်နေမိပါသည်။ လောကမှာ ကိုယ်က ချစ်ခြင်းတွေ ပေးနေပါလျက် လက်ခံသူမရှိရင် အဲဒီချစ်ခြင်းတွေက တန်ဖိုးမဲ့ရပြီပေါ့လေ။ မြင်မြင်ချင်း မြတ်မြတ်နိုးနိုးချစ်ခဲ့သည့်သူ့ချစ်ခြင်းတွေကို အသိအမှတ်မပြုတော့ပြီလား. . .

တကယ်ဆို သူနှင့်သူမကြားက တစ်ခုတည်းသောအရာကို လက်လွှတ်ဆုံးရှုံးလိုက်ရသည့်အသိက ရင်တစ်ခုလုံးကို လောင်မြိုက်သွားစေသည်လေ။ အချစ်တစ်ခုလိုအပ်နေတဲ့ကွက်လပ်လေးကိုမှ မောင်မရှိခဲ့တာ၊ ကံကြမ္မာကိုသာ အပြစ်တင်လိုက်ပါတော့မယ်လေ. . .။

ပြီးပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

လေးစားလျက်...

မမသဒ္ဒါမောင်

8th July 2010

AM 7:30

["အခွင့်ကဗျာ"ကိုရေးဖို့ပေးသော ရောဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်

အရကြီးကျေးရွာမှ ချစ်သမီး အမိး (ခ) အဖွေး (ခ) နမ့်ဖြူဖြူဇွေ

ကျေးဇူးအထူးတင်ပါသည်။]

BURMESE CLASSIC .com

ရွှေပဒေသာစာပေ မှ

လစဉ်ဖတ်နိုင်သော စာရေးဆရာများ

၁။ မမသဒ္ဒါမောင်

၂။ မယ်နိုင်

၃။ လေဒီဇော်

၄။ ကြည်နုခေတ်

မကြာမီ

၅။ ထိုက်သဇင်

၆။ ဖွဲ့ယွန်းနှောင်

၇။ မိုးစက်ပွင့်ခြွေ

စာမူရွေးချယ်ထားသော သျှင်သစ္စာ အမြန်ဆက်သွယ်ပါ

ဖုန်း-၀၁-၃၈၄၉၂၇

www.burmeseclassic.com